မယ်လမုဆုတောင်းပြည့်စေတီတော်၊ အဘိဓမ္မာ အသင်းအတွက်

ဝိသုဒ္ဓိမဂ္ဂ (စင်ကြယ်မှုလမ်းကြောင်း) ၏

အခြေခံကျမ်းဖြစ်သော

# ဝိမုတ္တိမဂ္ဂ

(လွတ်မြောက်ကြောင်းလမ်းပြ အနှစ်သာရ)




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)


၃

မယ်လမုဆုတောင်းပြည့်စေတီ၊ အဘိဓမ္မာအသင်းအတွက်

ဝိသုဒ္ဓိမဂ္ဂ ( စင်ကြယ်မှုလမ်း ကြောင်း ) ၏

အခြေခံကျမ်းဖြစ်သော

# ဝိမုတ္တိမဂ္ဂ

(လွတ်မြောက်ကြောင်းလမ်းပြအနှစ်သာရ)

* * * * * *

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)**

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ * ၁၀၀၀

စာအုပ်ချုပ် * "ဆုလာဘ်အိမ်"

ထုတ်ဝေသူ * ဦးကိုကိုမြင့် (မြဲ-၀၀၉၉၃)
"ဆွေသဟာ"စာပေ
အမှတ်(၅၅)၊ (၈)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ * ဒေါ်ခင်သူဇာ(၀၁၃၂၉)
"ဆုလာဘ်အိမ်"ပုံနှိပ်တိုက်
အမှတ်(၅၅)၊ (၈)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | က |
| ၁။ | ပထမော နိဒါနကဏ္ဍော | ၂ |
| ၂။ | ဒုတိယော သီလကဏ္ဍော၊ သီလဝိဘာဂေါ | ၃ |
| ၃။ | တတိယော ကဏ္ဍော ဓုတာနိ | ၂၅ |
| | = ပံသုကူလိကင်္ဂ | ၂၆ |
| | = တေစီဝရိကင်္ဂ | ၂၇ |
| | = ပိဏ္ဍပါတိကင်္ဂ | ၂၈ |
| | = သပဒါနစာရိကင်္ဂ | ၃၀ |
| | = ဧကာသနိကင်္ဂ | ၃၁ |
| | = ပတ္တပိဏ္ဍိကင်္ဂ | ၃၂ |
| | = ခလုပစ္ဆာဘတ္တိကင်္ဂ | ၃၃ |
| | = အရညိကင်္ဂ | ၃၅ |
| | = ရုက္ခမူလိကင်္ဂ | ၃၅ |
| | = အဗ္ဘောကာသိကင်္ဂ | ၃၆ |
| | = သောသာနိကင်္ဂ | ၃၇ |
| | = ယထာသန္ထတိကင်္ဂ | ၃၈ |
| | = နေသဇ္ဇိကင်္ဂ | ၄၀ |
| | = ပကိဏ္ဏက ကထာ | ၄၁ |

၄။ စတုတ္ထော သမာဓိကဏ္ဍော ၄၃
၅။ ပဉ္စမော ကဏ္ဍော ကလျာဏမိတ္တုပရိယေသနာ ၅၁
၆။ ဆဋ္ဌော ကဏ္ဍော စရိယာဝိဘာဂေါ ၅၃
၇။ သတ္တမော ကဏ္ဍော ကမ္မဋ္ဌာနာနိ ၅၇
၈။ အဋ္ဌမော ကဏ္ဍော ပဌမောဘာဂေါ - ပထဝီကသိဏံ ပဌမဈာနံ ၆၁
၉။ အဋ္ဌမော ကဏ္ဍော ဒုတိယောဘာဂေါ - ကမ္မဋ္ဌာနာနိ ဒုတိယဈာနံ ၇၂
တတိယဈာနံ ၇၃
စတုတ္ထဈာနံ ၇၅
အာကာသာနဉ္စာယတနသမာဓိ ၇၆
ဝိညာဏဉ္စာယတနသမာဓိ ၇၇
နေဝသညာနာသညာယတနသမာဓိ ၇၈

၁၀။ အဋ္ဌမော ကဏ္ဍော တတိယောဘာဂေါ ၈၁
အာပေါ, တေဇော, ဝါယောကသိဏာနိ ၈၁
ဒသအသုဘာနိ ၈၂
၁၁။ အနုဿတိ နိဒ္ဒေသော ၈၅
ဗုဒ္ဓါနုဿတိ ၈၅
ဓမ္မာနုဿတိ ၈၉
သံဃာနုဿတိ ၉၁
သီလာနုဿတိ၊ စာဂါနုဿတိ၊ ၉၄
ဒေဝတာနုဿတိ

၁၂။ အင်္ဂမော် ကမ္မဋ္ဌာန်း စတုဗ္ဗောဘာဂေါ ၉၅
အာနာပါနဿတိ ၉၅
မရဏဿတိ ၁၀၁
ဥပသမာနုဿတိ ၁၁၀
၁၃။ စတသော အပ္ပမညာယော ၁၁၁
မေတ္တာ ၁၁၁
ကရုဏာ ၁၁၇
မုဒိတာ ၁၁၈
ဥပေက္ခာ ၁၂၀
ပကိဏ္ဏက ကထာ ၁၂၂
၁၄။ စတုဓာတုဝဝတ္ထာန် ၁၂၄
၁၅။ အာဟာရေ ပဋိကူလသညာ ၁၃၄
၁၆။ အာရုပ္ပါ ၁၃၈
-အာကာသာနဉ္စာယတနသမာဓိ ၁၃၈
- ဝိညာဏဉ္စာယတနသမာဓိ ၁၄၁
-အာကိဉ္စညာယတနသမာဓိ ၁၄၂
-နေဝသညာနာသညာယတနသမာဓိ ၁၄၄
၁၇။ နဝသော ကမ္မော ပဉ္စ အဘိညာယော ကာဒ္ဒိဝိဓံ ၁၄၆
ပကိဏ္ဏက ကထာ ၁၄၈
ဒိဗ္ဗသောတံ ၁၄၈
ပရစိတ္တဝိဇာနနံ ၁၄၉
ပုဗ္ဗေနိဝါသာနုဿတ ၁၅၂

| | | |
|---|---|---|
| ၁၈။ ဒသမော ကဏ္ဍော ပညာဘာဝနာ | | ၁၅၉ |
| ၁၉။ ဧကာဒသမော ကဏ္ဍော | ပထမော ဘာဂေါ ပဉ္စ ဥပါယာ | ၁၆၅ |
| | ခန္ဓာ | ၁၆၅ |
| | အာယတနာနိ | ၁၇၆ |
| | ဓာတုယော | ၁၈၂ |
| | ဟေတုပစ္စယော (ပဋိစ္စသမုပ္ပါဒေါ) | ၁၈၃ |
| ၂၀။ ဧကာဒသမော ကဏ္ဍော ဒုတိယော ဘာဂေါ သစ္စာနိ | | ၁၉၁ |
| | ဒုက္ခံ | ၁၉၁ |
| | ဒုက္ခသမုဒယော | ၁၉၅ |
| | ဒုက္ခနိရောဓော | ၁၉၆ |
| | ဒုက္ခနိရောဓမဂ္ဂေါ | ၁၉၆ |
| ၂၁။ ဒွါဒသမော ဝိသုဒ္ဓိကဏ္ဍော | | ၂၀၂ |
| ပရိစ္ဆေဒဉာဏံ | | ၂၀၂ |
| ဥဒယဗ္ဗယဉာဏံ | | ၂၀၉ |
| ဘင်္ဂါနုပဿနာ | | ၂၁၁ |
| ၂၂။ တေရသမော နိဗ္ဗာနကဏ္ဍော သစ္စဝိဘာဂေါ | | ၂၁၃ |
| | ဘယတုပဋ္ဌာနဉာဏ် | ၂၁၃ |
| | မုစ္စိတုကမျတာဉာဏ် | ၂၁၄ |
| | အနုလောမဉာဏ် | ၂၁၅ |
| | ဂေါတြဘုဉာဏ် | ၂၁၅ |
| | ပကိဏ္ဏကဓမ္မော | ၂၂၀ |
| | ဝိပဿနာ | ၂၂၁ |
| | ဖလသမာပတ္တိကထာ | ၂၂၆ |

# အမှာစာ

စာရေးသူသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သုတ္တန္တပိဋက မဟာဌာနတွင် တွဲဘက်ပါမောက္ခအဖြစ် တာဝန်ထမ်းနေစဉ်နှင့် ဓမ္မဝိရဂျာနယ်တင် အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်နေစဉ် ပါဠိစာပေဌာနမှ တွဲဘက်ပါမောက္ခဖြစ်သော ဆရာဦးကျော်လှိုင်က " ဦးကိုကိုမြိုင်ရေ... ရှင်မဟာဝုဒ္ဓဃောသရဲ့ ဝိသုဒ္ဓိမဂ္ဂ၏ မူလဘူတဝိမုတ္တိမဂ္ဂ-ဆိုတဲ့ကျမ်းတစ်စောင်ရှိတယ်ဗျ၊ အဲဒီကျမ်းက မြန်မာပြည်မှာမရှိဘူး၊ သီဟိုဠ်မှာရှိတာ၊ အဲဒီ သီဟိုဠ်မူက ပခုက္ကူ အရှင်ကေလာသ (ဓမ္မာစရိယ၊ ဂုဏဝါစက (B.A) ဂုဏ်ထူး၊ သီရိလင်္ကာ)က သီဟိုဠ်ဘာသာကနေ ပါဠိဘာသာပြန်ပြီး မြန်မာပြည်ကို ယူလာတယ်၊ အဲဒါကို အရှင်ကေလာသက သာသနာရေးဦးစီးဌာနထုတ်ဖို့ ပေးထားတယ်၊ ဆရာတော်ပျံလွန်တော်မူသွားတော့ သာသနာရေးကလဲမထုတ်ဖြစ်တော့ဘူး၊ အဲဒါကို အရှင်ကေလာသရဲ့တပည့်,ခင်ပျားတို့-ကျွန်တော်တို့ရဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော် အရှင်ကုမာရက မူတစ်ခုရလာတယ်၊ အဲဒါကို နိဿယရေးဖို့ ဆရာတော်က စိမံနေတယ်၊ ကျွန်တော်ကလည်း အဲဒီမူကို သက္ကဋ-သီဟိုဠ်မူနှင့်ပြန်လည် စိမံပေးနေတယ်၊ အဲဒီဝိမုတ္တိမဂ္ဂရဲ့ အကြောင်းစုံနှင့်ဖြစ်စဉ် သမိုင်းနိဒါန်းကို ခင်ဗျား

ဓမ္မဝိရဂျာနယ်မှာ အခန်းဆက်သဘော ရေးချင်တယ်၊ ရနိုင်မလား၊ နေရာပေး နိုင်မလား”ဟု ပြောဆိုဆွေးနွေးလာသည်။

“ဆရာ….ဝိသုဒ္ဓိမဂ္ဂအပြင် ဝိမုတ္တိမဂ္ဂ ရှိတယ်ဆိုတာ တကယ်ရှိတာ ဟုတ်ရဲ့လား ဆရာရယ်” ဟု စာရေးသူက မကြားဘူး၍ သံသယနှင့်ပြန်မေးမိ ပါသည်။

ခင်ဗျာ..ဆရာတော်ဦးကုမာရဆီမှာ ယခုသီဟိုဠ်ဘာသာကနေ ပါဠိလို ဘာသာပြန်ထားတဲ့ မူရင်းရှိနေပါတယ်၊ ကျွန်တော်နှင့်ဆရာတော် တိုက်ဆိုင် စစ်ဆေးပြီး ဆရာတော်က နိဿယရေးမှာပါ၊ ကျွန်တော် အဲဒီအကြောင်း မိတ်ဆက်ရေးမှာပါ၊ ခင်ဗျာတို့ဂျာနယ်ထဲမှာပါသွားတော့ ရဟန်း,ရှင်,လူတွေ ပိုပြီး အသိများသွားတာပေါ့။

ဆရာ့ ဝိမုတ္တိမဂ္ဂ ဆောင်းပါးအခန်းဆက်က ဘယ်နှစ်လကြာအောင် ထည့်ရမှာလဲ၊ သုတေသနစာတမ်းသဘောရေးမှာဆိုတော့ ဂျာနယ်လေးသွား မှာစိုးလို့ပါ ဆရာ။

မကြာပါဘူး၊ ခင်ဗျာတို့ဂျာနယ်က တစ်ပါတ်တစ်ကြိမ်ဆိုတော့ ကျွန်တော့်ဆောင်းပါးထည့်ရလျှင် အများဆုံး သုံး-လေးလလောက်ပါဘဲ၊ ပညာရှင်,သုတေသီ တို့ကတော့ ကြိုက်မှာသေချာပါတယ်၊ ယခု မြန်မာပြည်မှာ ဝိသုဒ္ဓိမဂ်စာမေးပွဲကလည်း အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပပြုလုပ် ပေးနေတော့ ဒီစာအုပ် ဒီအကြောင်းအရာကို စိတ်ဝင်စားကြမှာပါ။

ဒါဆိုရင်လဲ….ဆရာရေးပြီးသားရှိရင်ပေးလိုက်လေ၊ ကျွန်တော်အဆင် ပြေသလို ကြည့်ထည့်ပေးပါမယ်ဟုပြောပြီး ဆရာဦးကျော်လှိုင်ထံမှ ဆောင်းပါး ရလာသောအခါ ကျွန်တော်သည် ဓမ္မဝိရဂျာနယ်တွင် ထည့်ပေးခဲ့ပါသည်။

ထိုဆောင်းပါးများပါလာပြီး (၂)လအကြာတွင် မမျှော်လင့်ဘဲ ဆရာတော် ဦးကုမာရ (နာယကချုပ်(နပသ-ရန်ကုန်)ထံမှ ဝိမုတ္တိမဂ္ဂ နိဿယ နှင့် ဝိသုဒ္ဓိမဂ္ဂ-ဝိမုတ္တိမဂ္ဂ နှိုင်းယှဉ်လေ့လာချက်ပါစာအုပ်ကို လက်ခံရရှိခဲ့ပါသည်။

ကျွန်တော်သည် တစ်ဘက်ကလည်း မြောက်ဥက္ကလာပမြို့နယ်ရှိ ဆုတောင်းပြည့်မယ်လမုဘုရား၌ အဘိဓမ္မာ,ဋီကာကျော်, ဝိသုဒ္ဓိမဂ်သင်တန်းများ ဖွင့်လှစ်သင်ကြားပြသနေသူဖြစ်ရာ ထိုဝိမုတ္တိမဂ္ဂကို အထူးစိတ်ဝင်စားလေ့လာမိပါတော့သည်၊ ဆရာတော်ဦးကုမာရနှင့် ဆရာကြီးဦးကျော်လှိုင်တို့၏ အဆိုရမှု အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ်မပေါ်ခင် သီဟိုဠ်ကျွန်း၌ အရှင်မဟာအရိဋ္ဌ ဥပတိဿထေရ်စီရင်သည့် ဤဝိမုတ္တိမဂ္ဂကျမ်းကို အိန္ဒိယတိုင်းရင်းသား အရဟန္တဥပတိဿ ပြုစုသည်၊ ပါမောက္ခနာဂအိ-က သီရိလင်္ကာ နိုင်ငံသားဟုဆိုသည်၊ ပါမောက္ခ နန်ဂျီယို-က သက္ကတဘာသာဖြင့် ဝိမောက္ခမဂ္ဂ-အမည်ဖြင့် ဘာသာပြန်ဆိုသည်၊ ပါမောက္ခဒေါက်တာဗပတ်-က ဝိမုတ္တိမဂ္ဂနှင့် ဝိသုဒ္ဓိမဂ္ဂနှိုင်းယှဉ်လေ့လာချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်၊ (၁၉၃၇) သံဃပါလမထေရ်က တရုတ်ဘာသာဖြင့်ပြန်ဆိုထားသည်၊ ဂျပန် ရဟန်းတော် အေမာရကာ သီဟိုဠ်ရဟန်းတော်သောမထေရ်နှင့် ခေမိန္ဒထေရ်တို့က အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည်၊ အရှင်ကေလာသ(ဓမ္မာစရိယ ၊ ဂဏဝါစက၊ B.A. ဂုဏ်ထူးသီရိလင်္ကာ)က သီဟိုဠ်ပါဠိအက္ခရာမှ မြန်မာဘာသာ ပါဠိအက္ခရာဖြင့် ပြန်ဆိုရေးသားခဲ့သည်။

ဤဝိမုတ္တိမဂ္ဂကို မြန်မာနိုင်ငံ၌သိရှိသူအလွန်နည်းပါးသည်၊ ဝိသုဒ္ဓိမဂ္ဂကျမ်းသည် သံယုတ္တနိကာယ်သဂါထာသံယုတ်လာဇဋာသုတ်ကို အခြေခံပြီး....

"သီလေပတိဋ္ဌာယနရော သပညော ၊ စိတ္တံပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု ၊ သော ဣမံ ဝိဇဋ္ဋယေ ဇဋံ။

ပညာရှိသော, ပြင်းစွာအားထုတ်သော ရင့်ကျက်သောရဟန်းသည် သီလ၌ တည်၍ စိတ်ကိုလည်းကောင်း၊ ပညာကိုလည်းကောင်း ပွားများသည်ရှိသော် ဤဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်ရာ၏-ဟု သီလ, သမာဓိ, ပညာကို အဦးမူ၍ ဆိုထားပါသည်။"

ဤဝိမုတ္တိမဂ္ဂကျမ်းကလည်း ဒီဃနိကာယ်, မဟာဝဂ္ဂကျမ်း, မဟာပရိနိဗ္ဗာနသုတ်၊ အင်္ဂုတ္တရနိကာယ်,စတုက္ကနိပါတ်,အနုဗုဒ္ဓလာတို့ကို အခြေခံပြီး....

" သီလံ သမာဓိ ပညာစ ၊ ဝိမုတ္တိစ အနုတ္တရာ။
အနုဗုဒ္ဓါ ဣမေ ဓမ္မာ ၊ ဂေါတမေန ယသဿိနော။

သီလ, သမာဓိ, ပညာ မြတ်သောလွတ်မြောက်ရာ ဤတရားတို့ကို ကျော်စောသောဂေါတမသည် အစဉ်အတိုင်းသိမြင်တော်မူ၏ " ဟု သီလ, သမာဓိ, ပညာ, ဝိမုတ္တိတို့ကို အဦးမူ၍ဆိုပါသည်။

ဤနှစ်ကျမ်းလုံးသည် သီလ,သမာဓိ,ပညာကိုအခြေခံ၍ နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း နည်းလမ်းကောင်းများကိုညွှန်ပြရာတွင် အတူတူပင် ဖြစ်သော်လည်း ဝိမုတ္တိမဂ္ဂကျမ်းက လိုရင်းတိုရှင်း ဖော်ပြ၍ကျဉ်းပါသည်၊ ဝိသုဒ္ဓိမဂ္ဂကျမ်းက ဥပမာ-ဥပမေယျအဖွင့် စုံလင်စွာဖော်ပြထားသဖြင့် ကျယ်ပါသည်။

နှစ်ကျမ်းလုံးသည် သီလ, သမာဓိ, ပညာနှင့်ပတ်သက်၍ သီလခန်း, ဓုတင်ခန်း, ကမ္မဋ္ဌာန်းခန်း အနုဿတိခန်း, ဗြဟ္မဝိဟာရခန်း, သမာဓိခန်း, အဘိညာဉ်ခန်း, ခန္ဓာခန်း, အာယတနခန်း, ဓာတ်ခန်း, သစ္စာခန်း, ဉာဏ်ခန်း- ဟူ၍ အခန်း([illegible])ခန်းနှင့်ပြထားပြီး အားလုံး မာတိကာစဉ်တူပါသည်၊ ဝိသုဒ္ဓိမဂ္ဂက ကျ[illegible]ူသောစကားဖြင့်ပြ၍ ဝိမုတ္တိမဂ္ဂက ပဌမော နိဒါနကဏ္ဍော,

ဒုတိယော သီလကဏ္ဍော-စသည်ဖြင့် ကဏ္ဍော-စကားဖြင့်သုံးနှုန်း ဖော်ပြထားပါသည်။

ဆရာကြီးဦးကျော်လှိုင်၏နိဒါန်းအမှာတွင် ပါမောက္ခဒေါက်တာဗပတ်က သူ၏ဝိမုတ္တိမဂ္ဂနှင့် ဝိသုဒ္ဓိမဂ္ဂနှိုင်းယှဉ်လေ့လာချက်ကျမ်းတွင် ဝိမုတ္တိမဂ္ဂကျမ်းကို အိန္ဒိယပြည်ဖြစ်ကျမ်းဟု ဆိုပါသည်၊ (စာ-Liv)၊ ဤသို့ဆိုရာ၌ အကြောင်းပြချက်များကိုလည်း ဖော်ပြထားပါသည်။

(က) ဝိမုတ္တိမဂ္ဂကျမ်းသည် အိန္ဒိယမှသယ်ဆောင်လာသော ကျမ်းတစ်ကျမ်းဖြစ်ဟန်ရှိပါသည်၊ ကျမ်းအတွင်း အထောက်အထားအရ သီရိလင်္ကာနှင့် ပတ်သက်သော အမည်, နာမ,အကိုးအကား မတွေ့ရ၍ ဖြစ်သည်။

(ခ) ဝိမုတ္တိမဂ္ဂကျမ်း၌ ပိုးအမျိုးမျိုးကိုဖော်ပြသည့် အိန္ဒိယဝေါဟာရများပါဝင်သည်၊ ယင်းတို့ကို ဆေးကျမ်းများထဲမှ ရှင်ဥပတိဿယူထားပါသည်။

(ဂ) စဏ္ဍာလသည် မင်းအဖြစ်ကို အလိုမရှိသကဲ့သို့-ဟူသော အသုံးအနှုန်းအရ စဏ္ဍာလ ဟူသည်အိန္ဒိယပြည် အထူးသဖြင့် အိန္ဒိယပြည်တောင်ပိုင်း၊ သို့မဟုတ် ဒမိဠတို့လောက၌ အလွန်ပြင်းထန်သော အယူအဆဖြစ်သည်၊ ထိုပြင်လည်း ဝိမုတ္တိမဂ္ဂနှင့်ဥပတိဿသည် ဝိနည်းနှင့်ပတ်သက်၍ ပြောင်ပြောင်မြောက်မြောက် ဖော်ပြထားခြင်းလည်း မရှိချေ၊ အဆုံးတွင် ဝိမုတ္တိမဂ္ဂကျမ်း၏ တတိယကဏ္ဍဖြစ်သော ဓုတကထာကို တိဗက်မှုတွင် တွေ့ရသည်ဖြစ်ရကား ဤတိဗက်မှုသည် အိန္ဒိယမူရင်း ဖြစ်သည်၊ သီရိလင်္ကာမှ အိန္ဒိယပြန်ရောက်ပြီး တိဗက်ဘာသာပြန်ချက် လုံးဝမဖြစ်နိုင်သည့် အချက်ပင်ဖြစ်သည်-ဟူ၍ ဝိမုတ္တိမဂ္ဂကျမ်းသည် အိန္ဒိယတွင် စတင်ပေါ်ခဲ့သည်၊ ဥပတိဿသည် အိန္ဒိယနိုင်ငံသားဖြစ်သည် ဟူသော ဒေါက်တာဗပတ်၏ သုံးသပ်ချက်ကို အသေးစိတ်ရေးပြထားသည်ကို တွေ့ရပါသည်။

အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ဝိသုဒ္ဓိမဂ္ဂကျမ်းမှာ မြန်မာပြည်တွင်သံဃာယနာတင်ကျမ်းဖြစ် သမိုင်းဝင်နေသည်ကို ပါဠိဘာသာ၊ မြန်မာဘာသာ [illegible]

စုံလင်စွာရှိနေသလို နိုင်ငံတော် သာသနာရေးဝန်ကြီးဌာနမှလည်း တရားဝင် စာမေးပွဲ ကျင်းပပေးနေသဖြင့် ထင်ရှားလှသိများလှပါသည်၊ ဝိသုဒ္ဓိမဂ်ကို ပထမ ကျိုက်ထိုမြို့ ဘုရားသုံးဆူဆရာတော်အရှင်နန္ဒမာလာက ပါဠိမှတိုက်ရိုက် မြန်မာပြန်ဆိုပြီး မဟာစည်ဆရာတော်က တစ်ဖန် ဝေဖန်ရှင်းလင်းချက်နှင့်အတူ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ ဟူသော အမည်ဖြင့် ပြန်လည်ထုတ်ဝေခဲ့ပါသည်၊ နိုင်ငံတော် အစိုးရ၏ စာမေးပွဲပြဋ္ဌာန်းချက်စာအုပ်ဖြစ်နေ၍ သင်တန်းဆရာတော်၊ ဆရာကြီးများကလည်း အနှစ်ချုပ်၊ အနှစ်ထုတ် ရေးသားပြီး ပို့ချနေသည်ကို လည်း ယနေ့တွေ့ မြင်နေရပါသည်။

ဤဝိမုတ္တိမဂ္ဂကျမ်းမှာမူ အရှင်ကေလာသက သီရိလင်္ကာမှာရှိသော သီဟိုဠ်ဘာသာမှပါဠိဘာသာပြုပြီး မြန်မာပြည်သို့ သယ်ယူခဲ့သည်၊ ထိုပါဠိမူကို နှစ်ပေါင်း(၄၀)ကျော်လောက်ရှိမှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ယခု ပါမောက္ခချုပ်၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က နိဿယရေးပြီး ထုတ်ဝေ ခဲ့ပါသည်၊ ယနေ့ မြန်မာပြည်သူပြည်သားတို့သည် ပါဠိလည်းမဖတ်နိုင်၊ နိဿယဖတ်ဖို့လည်း မလွယ်ကူဖြစ်နေရသည့်အတွက် ဝိသုဒ္ဓိမဂ် စာမေးပွဲ ဖြေဆိုသူများ၊ လေ့လာလိုသူသုတေသီများ လွယ်လွယ်ကူကူဖြင့် လေ့လာ ဖတ်ရှုနိုင်ရန် စာရေးသူမှ ဆရာတော်ထံ ခွင့်ပန်ပြီး ဤမြန်မာပြန် အနှစ်ချုပ်ကို ရေးသားပြုစုရပါသည်။

မူလနိဿယမြန်မာပြန်ဆရာတော်ဦးကုမာရက နိဿယရေးသည့် အခါ ပါဠိစာမူတည်းဖြတ်စဉ်က ကျန်ရှိခဲ့သောတစ်ချို့စာပိုဒ်များ၊ ပါဠိပုဒ်များကို အဘိဓမ္မာပိဋက၊ ဝိဘင်္ဂပါဠိ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ အဋ္ဌကထာများဖြင့် ပြန်လည်၍ တိုက်ဆိုင်တည်းဖြတ်ခွင့်ရခဲ့ပါသည်၊ တစ်ချို့နေရာ၌ ပါဠိပုဒ်အချို့ လိုအပ်နေ သည်ဟု သံသယရှိပါသည်၊ သို့သော်လည်း မိမိဉာဏ်ပညာကား သေးငယ်၍ လက်လှမ်းမမှီသဖြင့် ချန်လှပ်ထားခဲ့ပါသည်၊ မိမိနှင့်မရင်းနှီးသောပါဠိပုဒ်များကို

ညာဏ်မှီသမျှ မြန်မာဝေါဟာရဖြင့်ဖလှယ်ပြီး ကြိုးစား၍ ရေးသားခဲ့ပါသည်၊ စာသုတေသီများအလိုသောအခါ အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်-ဟူ၍ သုံးသပ်ဝေဖန် ဝန်ခံရေးသားခဲ့ပါသည်။

စာရေးသူအနေဖြင့် ဤမြန်မာပြန်အနှစ်ချုပ်ပြန်ဆို ရေးသားရာ၌ သရုပ်အရေအတွက် (၄)ပါးဆိုပြီး (၃)ပါးသာပါလာတာမျိုး၊ မေးခွန်းသာပါပြီး အဖြေမပါ တာမျိုး-စသည်များကို တွေ့လာရပါသည်၊ ဥပမာ-ဓုတင်အခန်းတွင် သပဒါန စာရိကင်္ဂပတ္တပိဏ္ဍိကင်္ဂ-စသည်တို့၌ ဤဓုတင်တို့ကို အဘယ်ကြောင့် ဆောက်တည်သနည်း၊ အကျိုးကားအဘယ်နည်း၊ ပျက်စီးခြင်းကား အဘယ် နည်း ဟု မေးခွန်းများသာပါသည်၊ အဖြေပါဠိကားမတွေ့ပါ၊ သို့အတွက် စာရေးသူက ဝိသုဒ္ဓိမဂ်ကယူ၍ အဖြေကို ထပ်မံဖြည့်စွက်ပေးလိုက်ရပါသည်။

ဤဝိမုတ္တိမဂ္ဂကျမ်းသည် ဝိသုဒ္ဓိမဂ္ဂကျမ်းကို သင်ယူနေကြသူများ၊ ဖြေဆိုလိုကြသူများအတွက် အထောက်အပံ့ အကူအညီရမည်-ဟုယုံကြည်မိပါသည်၊ ကျယ်ပြန့်သော အဘိဓမ္မာ(၇)ကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟ (လက်သန်းအဋ္ဌကထာ)က အနှစ်ချုပ်ပြသလို ကျယ်ပြန့်သောဝိသုဒ္ဓိမဂ္ဂကို ဤဝိမုတ္တိမဂ္ဂက အနှစ်ချုပ်ပြပါသည်။

ထို့ကြောင့် တရားကျင့်ကြံအားထုတ်လိုသူများ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲ ဖြေလိုသူများအတွက် တိုရှင်း-လိုရင်းအနှစ်သာရကို ရရှိခံစားနိုင်ကြစေရန် ဤမည်သော ဝိသုဒ္ဓိမဂ္ဂ(စင်ကြယ်မှုလမ်းကြောင်း)၏ အခြေခံကျမ်းဖြစ်သော ဝိမုတ္တိမဂ္ဂ(လွတ်မြောက်မှုလမ်းကြောင်း) မြန်မာပြန်အနှစ်သာရကို ရေးသား ထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် နိဿယစာအုပ်ချီးမြှင့်၍ မြန်မာပြန် အနှစ်ချုပ်ကို နိဿယမှထုတ်နုတ်၍ မြန်မာပြန်ကို ခွင့်ပြုတော်မူပြုသော နာယကချုပ်ဆရာတော် ဦးကုမာရ၊ ဤပါဠိစာမူကို မြန်မာပြည်သို့ ပါဠိဘာသာ ပြန်ဆို၍ယူလာသော ဆရာတော် အရှင်ကေလာသ၊ ဤဝိမုတ္တိမဂ္ဂကို တိုက်ဆိုင်စီစစ်ပေးသော ဆရာကြီးဦးကျော်လှိုင်တို့နှင့် ထုတ်ဝေသူတို့အား အထူး ကျေးဇူးတင် ဂုဏ်ပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ.အေ)

# ဝိမုတ္တိမဂ္ဂ
## ကျမ်းပြုဆရာ - အရဟန္တဥပတိဿ

ခရစ်နှစ် တစ်ရာစု - ဝဿဘမင်းလက်ထက်ဖြစ်သည်၊ ဥပတိဿနှင့် ဖုဿဒေဝ-ဟူသော ဆရာတူ တပည့်နှစ်ဦးရှိပါသည်၊ ထိုမထေရ်တို့သည် ဘေးကြီးရောက်သောအခါ ဝိနယပိဋကကို ဆောင်ထားကြသည်၊ ဥပတိဿ မထေရ်တွင် မဟာပဒုမနှင့် မဟာ သုမန-ဟူ၍ တပည့်မထေရ်(၂)ပါးရှိသည်။

မဟာသုမနထေရ်သည် တစ်နေ့ တစ်နေ့လျှင် ဝိနည်းကို (၉)ကြိမ် သင်ယူသည်၊ မဟာပဒုမထေရ်က အပေါ်နှင့်(၉)ကြိမ်၊ သုချည်းသက်သက် (၉)ကြိမ်၊ ပေါင်း(၁၈)ကြိမ်သင်ယူသည်၊ မဟာသုမနထေရ်က ဆရာနှင့်ခွဲခွါ သွားသောအခါ မဟာပဒုမထေရ်သည် ဆရာနှင့်အတူနေရစ်ခဲ့ပြီး ဝိနည်းကို လေ့လာမြဲလေ့လာနေခဲ့သည်။

တပည့်များ၏တောင်းပန်ချက်အရ ဥပတိဿသည် ပထမ ပါရာဇိက သိက္ခာပုဒ်နှင့်ပတ်သက်၍ အာပတ်သင့်ပုံအလုံးစုံကို ရှင်းပြသည်၊ သို့အတွက် ရှင်ဥပတိဿသည် ထိုသို့ဝိနည်းကိုရှင်းပြရင်း ဤမည်သော ဝိမုတ္တိမဂ္ဂကျမ်းကို ရေးသားပြုစုခဲ့သည်။

(ပါရာဇိကကဏ်အဋ္ဌကထာ - ပ - ၂၂၈)

# ဝိမုတ္တိမဂ္ဂ
# ပထမနိဒါန်းပိုင်း

လောကသုံးခွင်၌ များမြတ်သောအခြံအရံအကျော် အစောရှိတော်မူသော ဂေါတမအနွယ်တော်ဖြစ်သော ဘုရားရှင်သည်---

- အတုမရှိမြတ်သော အရိယာမဂ်ဖိုလ် သီလကိုလည်းကောင်း၊
- အတုမရှိမြတ်သော အရိယာမဂ်ဖိုလ် သမာဓိကိုလည်းကောင်း၊
- မိမိထက်မြတ်သောတရားမရှိသော ဝိပဿနာမဂ်ပညာကိုလည်းကောင်း၊
- အာသဝေါကင်းလတ် လွန်မြင့်မြတ်သော အရဟတ္တဖိုလ်ကိုလည်းကောင်း၊

ဤသို့လေးပါးကုန်သော အရိယာမဂ်ဖိုလ်၏ သီလ, သမာဓိ, ပညာ, ဝိမုတ္တိတရားတို့ကို အစဉ်အား ဖြင့်ထိုးထွင်း၍သိတော် မူအပ်ပြီ။

- ကိုယ်နှုတ်နှစ်ပါးတို့ကို ဒုစရိုက် ဒုရာစီဝတို့မှ စောင့်ရှောက်ထိန်းသိမ်းခြင်းသည် သီလ မည်ပါ၏။
- ကိလေသာကိစ္စအဝဝကြောင့် စိတ်၏မပျံ့လွင့်ခြင်းသည် သမာဓိ မည်ပါ၏။
- ကိုယ်တို့၏သစ္စာလေးပါးကိုထိုးထွင်း၍သိသော မဂ်ဉာဏ်သည် ပညာ မည်ပါ၏။
- ကိလေသာအနှောင်အဖွဲ့အားလုံးတို့မှ လွတ်မြောက်ခြင်းသည် ဝိမုတ္တိ မည်ပါ၏။

- အာသဝေါတရားမရှိခြင်း, အရဟတ္တမဂ်, အရဟတ္တဖိုလ်သည် အနုတ္တရမည်ပါ၏။

# ဒုတိယသီလပိုင်း

၁။ သီလဟူသည် အဘယ်နည်း။

- ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှစောင့်ရှောက်ကြောင်းစေတနာသည် သီလမည်ပါ၏။
- ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှမလွန်ကျူးအောင်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် သီလမည်ပါ ၏။
- ဒုစရိုက်တို့ကို ပယ်စွန့်တတ်သောသဘောကြောင့် သံဝရမည်ပါ၏။
- အလုံးစုံကုသိုလ်ဖြစ်ကုန်သောတရားတို့ပါတည်း။
- ဤသီလသည် လွတ်မြောက်အောင်ကြံစည်မှုဖြင့် ကာမစ္ဆန္ဒနီဝရဏကို ပယ်ခြင်းသည် လည်းကောင်း (ပ) ။
- အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို ပယ်ခြင်းသည် လည်းကောင်း သီလမည်ပါ၏။
- ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း။
- ဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်းဖြစ်သော စေတနာသည် လည်းကောင်း။
- ဒုစရိုက်တို့မှ စောင့်ရှောက်ခြင်းသည်လည်းကောင်း။

- ဒုစရိုက်တို့ကို မလွန်ကျူးခြင်းသည်လည်းကောင်း သီလမည်ပါသည်။

၂။ သီလ၏ သိကြောင်းအမှတ်အသားသည် အဘယ်နည်း။

- ဒုစရိုက်, ဒုရာဇီဝတို့မှ စောင့်ရှောက်ခြင်းသည်လည်းကောင်း။
- ပါတိမောက်ကျင့်စဉ်တရားတို့သည်လည်းကောင်း။
- ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး -ဟူသောပစ္စည်းလေးပါးတို့ကို ဉာဏ်ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းတို့သည် လည်းကောင်း။
- မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်တို့ကို ထိန်းသိမ်းခြင်းတို့သည်လည်းကောင်း အမှတ် အသားတည်း။

၃-၅။ သီလ၏ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့သည် အဘယ်နည်း။

- အပြစ်မရှိသောချမ်းသာသည် ရသမည်၏။
- ပူပန်မှုမရှိခြင်းသည် ပစ္စုပဋ္ဌာန်မည်၏။
- သုစရိုက်တရားသုံးပါးတို့၏အပေါင်းကို ကျင့်သုံးခြင်းသည် ပဒဋ္ဌာန်မည်၏။

တနည်းကား....

- ဝမ်းမြောက်ခြင်းသည် ရသမည်၏။
- နလုံးသားရွှင်ခြင်းသည် - ကြည်သာရွှင်လန်းစိတ်ချမ်းသာခြင်းသည် ပစ္စုပဋ္ဌာန်မည်၏။
- မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဟူသော ထိန်းသိမ်းမှု၌ ကိလေသာ မဖြစ်အောင်စောင့်ရှောက်ခြင်းသည် ပဒဋ္ဌာန်မည်၏။

၆။ သီလ၏ အကျိုးဂုဏ်သည်ကား အဘယ်နည်း။

- နှလုံးသားရွှင်ခြင်းသည်......ဤသို့သီလသည် များစွာသောအကျိုးဂုဏ်အင်ရှိပါ၏။

၇။ သီလသဒ္ဒါသည် အဘယ်အနက်ရှိပါသနည်း။

- သီလသည် ကိုယ်စိတ်နှစ်ဝ အေးမြခြင်းအနက်ရှိ၏။
- ချီးမွမ်းခြင်းအနက်ရှိ၏။
- ကာယကံ၊ဝစီကံတို့ကို စောင့်ရှောက်ခြင်းအနက်ရှိ၏။
- ပရမတ္ထအားဖြင့်ထင်ရှားရှိခြင်းအနက်ရှိ၏။
- ဆင်းရဲခံစားခြင်းမရှိခြင်း၊ ချမ်းသာခံစားခြင်းနှင့်သာယာည်ခြင်းအနက်ရှိ၏။
- မြင့်မြတ်ခြင်းအနက်ရှိ၏။
- ကုသိုလ်တရားတို့၏ တည်ရာဖြစ်ခြင်းအနက်ရှိ၏။

၈။ အကျင့်၏လည်းကောင်း၊ သီလ၏လည်းကောင်း၊ အသီးသီးကွဲပြားကြောင်း အထူးသည် အဘယ်နည်း။

- ဓုတင်ကိုဆောက်တည်ကျင့်သုံးခြင်းသည် အကျင့်အာစာရမည်၏။
- ကိုယ်နှုတ်တို့ကို စောင့်စည်ခြင်းသည် အကျင့်သီလမည်၏။

၉။ သီလသည် အဘယ်မျှအပြားရှိသနည်း။

- ကုသိုလ်ဖြစ်သောသီလသည်လည်းကောင်း။
- အကုသိုလ်ဖြစ်သောသီလသည်လည်းကောင်း။
- အဗျာကတဖြစ်သောသီလသည်လည်းကောင်း။

- ဤသို့ (၃)ပါးအပြားရှိပါသည်။
- ကိုယ်၌ဖြစ်သောသီလသည်လည်းကောင်း။
- နှုတ်၌ဖြစ်သောသီလသည်လည်းကောင်း။
- စိတ်၌ဖြစ်သောသီလသည်လည်းကောင်း။
- ဤသို့ (၃)ပါးအပြားရှိပါသည်။

၁၀။ သီလသည် အဘယ်လျှင်ဖြစ်ကြောင်းရှိပါသနည်း။

- ကုသိုလ်ဖြစ်သောသီလသည် ကုသိုလ်စိတ်လျှင်ဖြစ်ကြောင်းရှိ၏။
- အကုသိုလ်ဖြစ်သောသီလသည် အကုသိုလ်စိတ်သာလျှင်ဖြစ်ကြောင်းရှိ၏။
- အဗျာကတဖြစ်သောသီလသည် အဗျာကတစိတ်လျှင်ဖြစ်ကြောင်းရှိ၏။
- ကိုယ်၌ဖြစ်သောသီလသည် ကိုယ်အပေါ်၌ဖြစ်၏။
- နှုတ်၌ ဖြစ်သောသီလသည် မှားသောစကားလေးမျိုးမှ ရှောင်ကြဉ်ခြင်းလျှင်ဖြစ်ကြောင်းရှိ၏။
- စိတ်၌ဖြစ်သောသီလသည် အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့၏ ဆန့်ကျင်ခြင်းဟူသောစိတ်ကို စောင့်ထိန်းခြင်းလျှင် ဖြစ်ကြောင်း ရှိ၏။

၁၁။ သီလ၏ အစ, အလယ်, အဆုံး တို့သည် အဘယ်နည်း။

- သိက္ခာပုဒ်ကို ဆောက်တည်ခြင်းသည် အစတည်း။
- သိက္ခာပုဒ်တို့ကို မလွန်ကျူးခြင်းသည် အလယ်တည်း။
- ကုသိုလ်တရားတို့၌ အလွန်မွေ့လျော်ခြင်းသည် အဆုံးတည်း။

၁၂။ အဘယ်တရားတို့သည် သီလ၏အန္တရာယ်ကိုပြုတတ်ကုန်သနည်း။
၁၃။ သီလ၏အကြောင်းသည် အဘယ်နည်း။

- (၃၄)ပါးကုန်သောတရားတို့သည်မဂ်၏အန္တရာယ်ကိုပြုတတ်ကုန်၏။

၁. အမျက်ထွက်ခြင်း၊ စိတ်ဆိုးတတ်ခြင်းလည်းကောင်း။
၂. အဖွင့်မှုဆင်တူအားတူပြုခြင်း - ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်းလည်းကောင်း။
၃. သူတစ်ပါးကျေးဇူးကို ချေဖျက်ခြင်းလည်းကောင်း။
၄. အလွန်ပူပန်ခြင်းလည်းကောင်း။
၅. မိမိ၏စည်းစိမ်းကို ဝန်တိုတတ်၊လျှို့ဝှက်ခြင်းလည်းကောင်း။
၆. သူတစ်ပါးစည်းစိမ်းကို မနာလိုငြူစူတတ်ခြင်းလည်းကောင်း။
၇. မမှန်မကန်ပြောဆိုတတ်သော စဉ်းလဲကောက်ကျစ်ခြင်းလည်းကောင်း (ဝါ) ဂုဏ်မရှိဘဲလျက် ဂုဏ်ရှိယောင်ဟန်ဆောင်ခြင်းလည်းကောင်း။
၈. မိမိ၏အပြစ်ကိုဖုံးလွှမ်းတတ်သည်၏အစွမ်းဖြင့် လှည့်ပတ်ခြင်းလည်းကောင်း။
၉. ရန်ငြိုးဖွဲ့ခြင်းလည်းကောင်း။
၁၀. ထောင်လွှားခြင်းလည်းကောင်း။
၁၁. အလွန်ထောင်လွှားခြင်းလည်းကောင်း။
၁၂. အမျိုးဇာတ်-စသည်၌ ယစ်မူးခြင်းလည်းကောင်း။
၁၃. ကာမဂုဏ်တို့၌စိတ်ကို ညွတ်လျက်ကုသိုလ်ဘက်၌ မေ့လျော့ခြင်းလည်းကောင်း။
၁၄. ပျင်းရိတတ်ခြင်းလည်းကောင်း။
၁၅. လိုချင်တတ်မက်ခြင်းလည်းကောင်း။

၁၆. သမထ, ဝိပဿနာကုသိုလ်တရား၌ မမွေ့လျော် မပျော်ပိုက်ခြင်း လည်းကောင်း။

၁၇. လျှော်စွာမသိတတ်ခြင်းလည်းကောင်း၊ (လိုက်လျှော်ညီထွေ မသိ တတ်ခြင်းလည်းကောင်း)။

၁၈. များယွင်းစွာအောက်မေ့မှုလည်းကောင်း။

၁၉. ယုတ်မာသောစကားလည်းကောင်း။

၂၀. ယုတ်မာသောမိတ်ဆွေတို့လည်းကောင်း။

၂၁. ယုတ်မာစွာသိခြင်းလည်းကောင်း။

၂၂. ယုတ်မာသောများသောအယူလည်းကောင်း။

၂၃. သည်းမခံနိုင်ခြင်းလည်းကောင်း။

၂၄. ရတနာသုံးတန် ကံ-ကံ၏အကျိုးကို မယုံကြည်ခြင်းလည်းကောင်း။

၂၅. မကောင်းမှုတို့မှ မရှက်ခြင်းလည်းကောင်း။

၂၆. မကောင်းမှုတို့မှ မကြောက်လန့်ခြင်းလည်းကောင်း။

၂၇. ကိုယ်၌ဖြစ်သောအားထုတ်မှု, နှုတ်၌ဖြစ်သောအားထုတ်မှုတို့၌ သာယာခြင်းလည်းကောင်း။

၂၈. မိန်းမတို့၌ ပေါင်းသင်းဆက်ဆံခြင်းလည်းကောင်း။

၂၉. ဘုရားရှင်၏သိက္ခာသုံးပါး၌ မရိုမသေပြုခြင်းလည်းကောင်း။

၃၀. ဣန္ဒြေခြောက်ပါးတို့၌ မစောင့်စည်းခြင်းလည်းကောင်း။

၃၁. ဘောဇဉ်၌ရှာမှီးခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်း၊ စွန့်ခြင်းတို့၌ အတိုင်းအရှည် မသိခြင်း။

၃၂. ပထမယာမ်၌ နိုးကြားလုံ့လအားမထုတ်ခြင်းလည်းကောင်း။

၃၃. ပစ္ဆိမယာမ်၌ နိုးကြားလုံ့လအားမထုတ်ခြင်းလည်းကောင်း။

၃၄. စူးစိုက်ရှုမှု၊ သရဇ္ဈာယ်မှုတို့၌ မရှိခြင်းလည်းကောင်း။

ဤ (၃၄)ပါးသော ဤတရားတို့သည် မဂ်၏အန္တရာယ်ကိုပြုတတ်ကုန်၏၊ သီလကို ပယ်ရှားတတ်ကုန်၏၊ ဤကားအဖြေတည်း။

၁၄။ သီလသည် အဘယ်မျှအပြားရှိသနည်း။

- နှစ်ပါးအပြားရှိ၏။
- သုံးပါးအပြားရှိ၏။
- လေးပါးအပြားရှိ၏။
- အဘယ်သို့ နှစ်ပါးအပြားရှိသနည်း။

၁။ စာရိတ္တသီလ - ဤကျင့်ဝတ်ကိုပြုအပ်၏ဟုပညတ်ထားသော ဖြည့်ကျင့်ခြင်းသီလသိက္ခာပုဒ် (ကျင့်ဝတ်)။

၂။ဝါရိတ္တသီလ -ဤအမှုကိုမပြုကျင့်အပ်ဟုတားမြစ်ထားသော အမှုကိုမပြုခြင်၊ သီလ-အားဖြင့် (၂)ပါးအပြားရှိ၏။

၁။ ဟာနိဘာဂိယသီလ - ယုတ်ညံ့သောအဖို့ရှိသောသီလ။

၂။ ပတ္တိဘာဂိယသီလ - မြတ်သောအဖို့ရှိသောသီလ-အားဖြင့် (၂)ပါးအပြားရှိ၏။

၁။ လောကိယသီလ - အာသဝေါတရားတို့၏ကုန်ရာ အာရုံမဟုတ်သော သီလ။

၂။ လောကုတ္တရာသီလ - အာသဝေါတရားတို့၏ကုန်ရာ အာရုံဖြစ်သောသီလ-အားဖြင့် (၂)ပါး အပြားရှိ၏။

၁။ သပ္ပမာဏသီလ - အချိန်အခါ ပိုင်းခြား၍ ဆောက်တည်သောသီလ။

၂။ အပ္ပမာဏသီလ - အသက်ထက်ဆုံးဆောက်တည်၍ကျင့်သောသီလ-
အားဖြင့် (၂)ပါး အပြား ရှိ၏

၁။ သပရိယန္တသီလ - လာဘ်အခြံအရံကိုယ် အင်္ဂါကုသလတို့၏အစွမ်းဖြင့်
ဆုံးရှုံးပျက်စီးသော သီလ။

၂။ အပရိယန္တသီလ - မပျက်စီးသောသီလ-အားဖြင့် (၂)ပါးအပြားရှိ၏။

၁။ နိဿိတသီလ - နတ်စသည်ကိုတောင့်တ၍ ဆောက်တည်သော
သီလ။

၂။အနိဿိတသီလ -အကျင့်သီလအားဖြင့်သံသရာမှ စင်ကြယ်လို၍
ဆောက်တည်သောသီလအားဖြင့်(၂)ပါ;အပြားရှိ၏။

အဘယ်သို့ သုံးပါးအပြားရှိသနည်း

၁။ ဟီနသီလ - အယုတ်သီလ။

၂။ မဇ္ဈိမသီလ - အလတ်သီလ။

၃။ ပဏီတသီလ - အမြတ်သီလအားဖြင့် (၃)ပါးအပြားရှိ၏။

၁။ အာဒိဗြဟ္မစရိယသီလ = သမ္မာကမ္မန္တ-ကောင်းသောအလုပ်၊
သမ္မာဝါစာ-ကောင်းသောစကား၊
သမ္မာအာဇီဝ-ကောင်းသော အသက်မွေးမှု-
ဟူသောသီလ။

၂။မာဒိသိက္ခာဗြဟ္မစရိယသီလ=ကြွင်းကုန်သော-မလွန်ကျူးလိုသော
စိတ်နှင့်ယှဉ်ကုန်သော သေးငယ်, အလွန်
သေးငယ်သော သိက္ခာပုဒ်အပေါင်းသည်
သာဝကတို့၏မလွန်ကျူးအပ်သော သီလ။

၃။ အဝီတိက္ကမသီလ = သာဝကတို့၏မလွန်ကျူးအပ်သောသီလ
အားဖြင့်(၃)ပါးအပြားရှိ၏။
၁။ ဝိသုဒ္ဓိသီလ - ဘုရားရှင်,ပစ္စေကဗုဒ္ဓါတို့၏ စင်ကြယ်သောသီလ။
၂။ ကာလပရိယန္တသီလ - စောင့်ထိန်းရန် သတ်မှတ်အပ်သော ကာလအပိုင်း
အခြားရှိသောသီလ။
၃။ အာပါဏကောဋိကသီလ - အသက်ထက်ဆုံးစောင့်ရှောက်အပ်သော
သီလ-အားဖြင့် (၃)ပါး အပြားရှိ၏။
၁။ မဂ္ဂသီလ - မကောင်းမှုတို့ကို အမြစ်ပါမကျန်အောင် နုတ်ပယ်ပြီးခြင်း
ကြောင့် မလွန်ကျူးသော မဂ်သီလ။
၂။ ဝိရတီသီလ - သီလကိုဆောက်တည်ထားသောကြောင့် မလွန်ကျူးသော
ဝိရတီသီလ။
၃။ ဖလသီလ - မဂ်ဖြင့်အကြွင်းမဲ့ပယ်ပြီးခြင်းကြောင့် မလွန်ကျူးသောဖိုလ်
သီလ-အားဖြင့်(၃)ပါး အပြားရှိ၏။
၁။ ပရာမဋ္ဌသီလ - တဏှာ,ဒိဋ္ဌိတို့ဖြင့် မှားယွင်စွာသုံးသပ်သောသီလ။
၂။ အပရာမဋ္ဌသီလ - တဏှာ,ဒိဋ္ဌိတို့ဖြင့် မှားယွင်စွာမသုံးသပ်သောသီလ။
၃။ ပဋိပ္ပဿဒ္ဓိသီလ-ကိလေသာအပူငြိမ်းသောသီလ၊(သေက္ခ အသေက္ခပုဂ္ဂိုလ်
တို့၏ ဖိုလ်နှင့်ယှဉ်သောသီလ) အားဖြင့် (၃)ပါး အပြားရှိ၏။
၁။ လောကနိဿိတသီလ - လူအများကဲ့ရဲ့ခြင်းကိုရှောင်ရှားလိုသဖြင့်
လောကပတ်ဝန်းကျင်ကို လေးစားဆောက်တည်
သောသီလ။
၂။ အတ္တနိဿိတသီလ - မိမိနှင့်မသင့်လျော်မလျောက်ပတ်သော အကျင့်များ
ကိုပယ်စွန့်လိုသဖြင့် မိမိကိုယ်ကိုရိုသေ လေးစား
ဂရုပြုသောအားဖြင့် ဆောက်တည်သောသီလ။

၃။ ဓမ္မနိဿိတသီလ - တရားတော်၏ မြင့်မြတ်သောဂုဏ်ကို ပူဇော်လိုသဖြင့် တရားတော်ကိုအလေးဂရုပြု၍ ဆောက်တည်သောသီလ-အားဖြင့် (၃)ပါးအပြားရှိ၏။

၁။ ဝိသမသီလ -သီလသိက္ခာပုဒ်နှင့်မညီသောသီလ (ဥပမာ) ပြည်သူပိုင်ပစ္စည်းခိုးယူလျှင် အပြစ်မရှိဟု ယူဆမှု

၂။ သမသီလ -သိက္ခာပုဒ်နှင့်ညီသောသီလ(ဥပမာ) ကျား/မနစ်ဦးစလုံး ကျေနပ်လျှင် အိမ်ထောင်ရှိလည်း အပြစ်မရှိဟု ယူဆမှု

၃။ အပွဏိဟိတသီလ - မြင့်မြတ်သောသီလ

၁။ ဝိသုဒ္ဓသီလ -စင်ကြယ်သောသီလ၊ အာပတ်မသင့်အောင်စောင့်ထိန်းသောသီလ၊ အာပတ်သင့်၍ ကုစားပြီးသီလ။

၂။ အဝိသုဒ္ဓသီလ - မစင်ကြယ်သောသီလ၊ အာပတ်သင့်ပြီး မကုစားသောသီလ။

၃။ ဝေမတိကသီလ - ယုံမှားသံသယသီလ၊ လွန်ကျူးမိသော ဝတ္ထုဥ္စိဖြစ်စေ, အာပတ်၌ဖြစ်စေ, လွန်ကျူးမှု၌ဖြစ်စေ ယုံမှားသံသယရှိသောသီလ-အားဖြင့်(၃)ပါးအပြားရှိ၏။

၁။ သေက္ခသီလ - ကျင့်ဆဲသီလ၊(အရိယာမဂ်လေးပါး, အောက်ဖိုလ်သုံးပါးတို့နှင့်ယှဉ်သောသီလ)။

၂။ အသေက္ခသီလ - ကျင့်ပြီးသီလ၊ (ရဟန္တာတို့၏သီလ)။

၃။ နေဝသေက္ခာနာသေက္ခသီလ -လောကီသီလများ၊ (သေက္ခလည်းမဟုတ်, အသေက္ခလည်းမဟုတ်သောသီလ)။ အားဖြင့်(၃)ပါးအပြားရှိ၏။

၁။ ဘယသီလ - ဘေးဖြစ်သောသီလ။

၂။ ဒုက္ခသီလ - မကောင်းသောသီလ။

၃။ မောဟသီလ - တွေဝေမိုက်မဲမှုသီလ-အားဖြင့် (၃)ပါး အပြားရှိ၏။

၁။ ဟီနသီလ -ယုတ်ညံ့သောသီလ၊(ယုတ်ညံ့သော ဆန္ဒ,စိတ္တ, ဝီရိယ, ဝီမံသတို့ဖြစ်စေအပ်သော သီလ၊ အခြံအရံ အကျော်စောလိုလားတောင့်တ၍စောင့်သောသီလ)။

၂။ မဇ္ဈိမသီလ - အလယ်အလတ်သီလ၊ (အလယ်အလတ်ဖြစ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့်ဖြစ်စေအပ်သော သီလ၊ ကောင်းမှုရလို၍, သံသရာမှလွတ်မြောက်လို၍ ရည်ရွယ်ဆောက်တည်သောသီလ၊)။

၃။ ပဏီတသီလ - မြတ်သောသီလ၊(လောကုတ္တရာသီလ၊ သတ္တဝါအားလုံး ကယ်တင်လို၍ ဘုရားလောင်းတို့ကျင့်သုံးသော ပါရမီသီလ-အားဖြင့် (၃)ပါးအပြားရှိ၏။ အဘယ်သို့လျှင် သီလသည် လေးပါးအပြားရှိသနည်း

၁။ ဟာနဘာဂိယသီလ - မဂ်ကိုအန္တရာယ်ပြုတတ်ကုန်သောတရားတို့ကို မပယ်ဖျောက်၊ မဖျက်ဆီး၊ ထကြွလုံ့လရှိသော ဒုသီလအမှုတို့ကိုအားထုတ်ကုန်သောသူတို့သည် လွန်ကျူးအားထုတ်မှုပြု၏၊ စေတနာနှင့်တကွ အားထုတ်ခြင်းကြောင့် အာပတ်သို့သင့်ရောက်၏၊ အာပတ်သို့သင့်ရောက်ပြီးသော် လျှို့ဝှက်၏၊ ဖုံးလွှမ်း၏။

၂။ ဋ္ဌိတိဘာဂိယသီလ - ပြည့်စုံစေအပ်ပြီးသောသီလ၌ မမေ့ မလျော့ ဖြစ်၏၊ နိဗ္ဗာန်သိမြင်ခြင်းကိုကား မဖြစ်စေ။

၃။ ဝိသေသဘာဂိယသီလ - ဖြည့်ကျင့်ဆည်ပူးအပ်ပြီးသော သီလ သမာဓိတို့၌ မမေ့မလျော့ဖြစ်၏၊ နိဗ္ဗာန်သိမြင်မှုကိုကား မဖြစ်စေ။

၄။နိဗ္ဗေဓဘာဂိယသီလ - ဖြည့်ကျင့်ဆည်းပူးအပ်ပြီးသောသီလ,သမာဓိတို့၌ မမေ့မလျော့၊ နိဗ္ဗာန်သိမြင်ခြင်း၌ ကိလေသာအစိုင်အခဲကို ဖောက်ခွဲနိုင်ခြင်းရှိ၏။

၁။ ဘိက္ခုသီလံ - ရဟန်းတို့၏ ၂၂၇ သွယ်သောသီလ။

၂။ ဘိက္ခုနီသီလံ - ရဟန်းမတို့၏ (၃၁၁)သွယ်သောသီလ။

၃။ အနုပသမ္ပန္နသီလံ - လူတို့၏ ငါးပါးသီလ

၄။ ဩဒါတဝသနသီလံ - အဝတ်ဖြူဝတ် လူဝတ်ကြောင်တို့၏ သီလ။

၁။ ပကတိသီလံ - ဥတ္တရကုရုကျွန်းသားလူအများ၏ပကတိသီလ။

၂။ အာစာရသီလ - လူမျိုးတို့၏, အရပ်ဒေသတို့၏, ပါသဏ္ဍာအယူရှိသူတို့၏ အသီးသီးသော ကျင့်ဝတ်စည်းကမ်း အကျင့်သီလ။

၃။ ဓမ္မတာသီလ - ဘုရားအလောင်းမယ်တော်တို့၏ ဓမ္မတာသီလ။

၄။ ပုဗ္ဗဟေတုသီလ - ဘုရားလောင်းတို့၏ရှေးအကြောင်းသီလ။

၁။ ကုသလသီလ - ကုသိုလ်အကျင့်ဟူသောအကျင့်သီလ။

၂။ အကုသလသီလ - အကုသိုလ်အကျင့်ဟူသော နောင်ဖွဲ့မှုသီလ။

၃။ နိရောဓသီလ - ကုသိုလ်အကျင့်သည် ကုသိုလ်စိတ်ကြောင့်ဖြစ်၏၊ အကုသိုလ်အကျင့်သည် အကုသိုလ်စိတ်ကြောင့် ဖြစ်၏၊ ကုသိုလ်အကျင့်၏အဖန်ဖန်ဖြစ်ခြင်းကြောင့် အကုသိုလ်အကျင့် ငြိမ်းပျောက်ခြင်းဟူသော အရဟတ္တဖိုလ်သို့ ရောက်ခြင်းကြောင့် ကုသိုလ် အကျင့်၏ ငြိမ်းပျောက်ခြင်း သီလ။

၄။ နိရောဓမဂ္ဂပဋိပဒါသီလံ - အရဟတ္တဖိုလ်သို့ဆိုက်ရောက်သော သီလ။ လေးပါးကုန်သော သမ္မပ္ပဓာန် (လုံ့လအား ထုတ်မှု)တို့သည်လေးပါးသောအကျင့်သီလ တို့သည်ဖြစ်ကုန်၏။

ဣဓ ဘိက္ခု (ပ) သိက္ခာပဒေသု-ဟူသောသီလသည် ပါတိမောက္ခ သံဝရသီလမည်၏၊ ဤဘုရားသာသနာတော်၌ ရဟန်းသည် ပါတိမောက္ခသံဝရသီလကို ထိန်းသိမ်းစောင့်ရှောက်သည်ဖြစ်ရာ--

- အကျင့်ကျက်စားရာကမ္မဋ္ဌာန်းအာရုံနှင့်ပြည့်စုံသည်ဖြစ်၍၊
- အဏုမြူမျှသေးငယ်ကုန်သောအပြစ်တို့၌ ဘေးအားဖြင့် ရှုလေ့ ရှိသည် ဖြစ်၍၊
- သိက္ခာပုဒ်တို့တွင် ထိုထိုသိက္ခာပုဒ်ကို ဆောက်တည်၍ ကျင့်၏၊ ဣဓာတိ-ဣဓဟူသည်ကား အခပ်းအမဖြစ်သော ဤသာသနာ၏ တရားတော်၌၊ ဘိက္ခူတိ - ဘိက္ခုဟူသည်ကား ကလျာဏပုထုဇဉ် ဖြစ်သောရဟန်းသည်၊ တစ်နည်း - ကျင့်ဆဲ (သေက္ခ) ဖြစ်သော ရဟန်းသည်၊ မတုန်မလှုပ်သော အရဟတ္တဖိုလ်တရားရှိသောကျင့်ပြီး

(အသေက္ခ) ရဟန်းသည်၊ သီလံ - သီလသည်၊ ကုသိုလ်တရားတို့၏တည်ရာတည်၊ အစ လက်ဦးသည်၊ ကျင့်ခြင်းသည်၊ ကိုယ်နှုတ်တို့ကို စောင့်သုံးခြင်းသည်၊ ကိုယ်နှုတ်တို့ကို စောင့်ရှောက်ခြင်းသည်၊ လွတ်မြောက်ခြင်းသည်၊ နှောင်ဖွဲ့ခြင်းမရှိသည်၊ အဦးအစ.........ပါတိမောက္ခမည်ပါ၏။ သံဝရ-ဟူသည်ကား မကောင်းသောကိုယ်မှု, နှုတ်မှုတို့ကို မလွန်ကျူးခြင်းတည်း၊ သံဝုတော - ဟူသည်ကား ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ခြင်း နှင့်ပြည့်စုံသည်၊ ဝိဟရတိ - ဟူသည်ကား လေးပါးသောသီလကို စောင့်ရှောက်ခြင်းဖြင့်စောင့်ရှောက်လျက် အကျင့်ကျက်စားရာ အာရုံနှင့်ပြည့်စုံသည်၊ အကုမြူသဘွယ် သေးငယ်ကုန်သောအပြစ်တို့၌ ဘေးအားဖြင့်ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့တွင် ထိုထိုသိက္ခာပုဒ်တို့ကိုဆောက်တည်၍ကျင့်၏။ အဘယ်တို့ကို သိက္ခာပုဒ်ဟူ၍ ဆိုအပ်ကုန်သနည်း။

- ခုနစ်ပါးအပြားရှိသော ကာယဒွာရိုက်သုံးပါး၊ ဝစီဒွာရိုက်လေးပါးတို့ကို စောင့်ရှောက်ခြင်းကို သိက္ခာပုဒ်ဟူ၍ဆိုအပ်ပါကုန်၏၊
- အသက်မွေးဝမ်းကြောင်းဖြစ်သောကာယဒွာရိုက်၊ ဝစီဒွာရိုက်တို့ဖြင့် (ဝါ) ကုလဒူသနအမှု, အနေသနအမှုတို့ဖြင့် သိက္ခာပုဒ်တို့ကို မလွန်ကျူးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်ပါ၏၊

မိစ္ဆာဇီဝ ဟူသည် အဘယ်နည်း။

- အံ့ဩဖွယ်ဖြစ်စေရန် ပစ္စည်းတို့ကိုသုံးဆောင်ခြင်း၏အစွမ်းအားဖြင့်လည်းကောင်း၊

- အံ့ဩဖွယ်ဖြစ်စေလောက်သော ဣဒ္ဓိပါဋိဟာရိယာပုတ်ကို ပြုပြင်ခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း၊
- ပစ္စည်းလှူဒါန်းခြင်းလောက်အောင် ပစ္စည်း၏ အနီးအပါးနှင့်စပ်၍ ပြောဆိုခြင်း၏အစွမ်းအားဖြင့် လည်းကောင်း၊
- ပစ္စည်းပေါလွယ်,ရစိမ့်ရှယ်၍ အံ့ဘွယ်သရဲခြီးဖွဲ့ခြင်းကို ဖြစ်စေခြင်းသည် လည်းကောင်း၊
- လာဘသက္ကာရ ရစိမ့်ငှါလျှင် ဒါယကာ မိမိကိုယ်ကို အမြှောက် ပို၍ ပြောဆိုခြင်းသည် လည်းကောင်း၊
- လာဘသက္ကာရ၏ အကြောင်းရိပ်နိမိတ်ကိုပြုလုပ်ခြင်း၊ ပြောဆိုခြင်းသည်၊ (ဝါ) ပစ္စည်းနိမိတ် အကြောင်းရိပ်ကို ချိတ်ကာ စောင်းကာ အကြောင်းရှာ၍ပြောဆိုခြင်းသည် လည်းကောင်း၊
- လာဘသက္ကာရ ရစိမ့်ငှါလျှင် ဆဲကာ, အော်ကာ, သရော်ကာဖြင့် လျော်ရာနိုးနှော အတင်းပြောလျက် ဂုံးချော ကြိတ်ချေခြင်းသည် လည်းကောင်း၊
- မိမိရအပ်သောလာဘ်ဖြင့် တစ်ပါးသောပုဂ္ဂိုလ်တို့၏ လာဘ်ကို ရှာဖွေ မြှားယူခြင်းသည် လည်းကောင်း၊
- (တစ်နည်း) သားကောင် ငှက်ဖျား တိမ်ညင်မြှားသို့ ကိုယ်အားရအပ် ပစ္စည်းလာဘ်ဖြင့် သူလာဘ်များစွာ ရစိမ့်ငှါလျှင် ရှာဖွေမြှားယူခြင်းသည် လည်းကောင်း၊ မိစ္ဆာဇီဝမည်ပါ၏။

တစ်နည်း မိစ္ဆာဇီဝ-ဟူသည်ကား

ဝါးပေးခြင်းသည်လည်းကောင်း၊

- ဟင်းရွက်ပေးခြင်းသည် လည်းကောင်း၊
- ပန်းပေးခြင်း, သစ်သီးပေးခြင်း, ရေချိုးဆပ်ပြာပေးခြင်း, ဒန်ပူပေးခြင်း လည်းကောင်း၊
- အင်္ဂါကျမ်းကို ဟောပြောခြင်းလည်းကောင်း၊
- နိမိတ်ကျမ်းကို ဟောပြောခြင်းလည်းကောင်း၊
- ဥပ္ပါတကျမ်းကို ဟောပြောခြင်းလည်းကောင်း -
- ဤသို့အစရှိ သောအထူးထူးအပြားပြား ရှိသော မိစ္ဆာဇီဝပေတည်း။
- မှားယွင်းဖောက်ပြန် မမှန်ကန်သော အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်းသည် အာဇီဝပါရိ သုဒ္ဓိသီလမည်ပါ၏။

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-ပစ္စည်းလေးပါးကို အမှီပြု၍ ဖြစ်သော သီလ-ဟူသည် -------------

- ရှစ်ပါးကုန်သော အကြောင်းတို့ကို ဉာဏ်ပညာဖြင့် စူးစမ်းဆင်ခြင်၍ အလိုရှိအပ်, တောင့်တအပ်သော ကုသိုလ်တရားတို့ဖြစ်ခြင်း၏ အကြောင်းအားဖြင့်
- အိမ်တိုင်းဆွမ်းခံ၍ သပိတ်၌ကျရောက်လာသော အာဟာရအပေါင်းကို မှီဝဲ၏၊
- ရွာသူ၊ ရွာသားလူငယ်များလို ကစားပျော်မြူးခြင်းငှါ စားသောက်သုံးစွဲမှီဝဲသည်မဟုတ်ပါ၊
- နန်းသူကညာ ပြည့်တန်ဆာလို နိမ့်ရာပြည့်ဖြိုးသား ရေဝိုးအောင်ဆစ်ရိုးပြုပြင် တန်ဆာဆင်ခြင်းငှါ စားသောက်သုံးစွဲ မှီဝဲသည မဟုတ်ပါ၊

- ကချေသည်အလား ဂျွမ်းသမားလို အသားအရေကြည်လင်လေအောင် ထူးထွေပြုပြင် တန်ဆာဆင်ခြင်းငှါ စားသောက် သုံးစွဲ မှီဝဲသည်မဟုတ်ပါ။
- ဘုတ်ကြီးလေးဖြာ မှီ၍လာသောဤခန္ဓာကိုယ်၏ ကာလမြင့်ရှည် တည်တံ့သောအကျိုးငှါ စားသောက်သုံးစွဲမှီဝဲပါ၏။
- ဤကိုယ်၏ မခဲဘေးပေါင်း မတိမ်းစောင်းဘဲ တည်ကြောင်း ဖြစ်သော ဇီဝိတိန္ဒြေ၏
- အသက်တမ်းအရာ ကာလကြာအောင် တည်သောအကျိုးငှါသာလျှင် စားသောက်မှီဝဲပါ၏။
- ဆာလောင်ခြင်း, မွတ်သိပ်ခြင်းတို့၏ ကင်းပျောက်ခြင်းတိုင်အောင်သောအကျိုးငှါသာလျှင် စားသောက်မှီဝဲပါ၏။

(ဤကိုယ်၏ မငဲ့မကွက် အခံခက်အောင် နှိပ်စက်တတ်သော ဆာလောင် မွတ်သိပ်ခြင်းမှကင်းအောင် စားသောက်မှီဝဲပါ၏။)

- ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့ ကောင်းစွာကျင့်အပ်သော သာသနာတော်ကို ချီးမြှောက်နိုင်ရန်အကျိုးငှါ စားသောက်မှီဝဲပါ၏။
- ဤသို့သောဆွမ်းကိုမှီဝဲခြင်းဖြင့် အဟောင်းဖြစ်သော မွတ်သိပ် ဆာလောင်ခြင်းအကြောင်းရင်းရှိသော ဝေဒနာကိုလည်း (ဝါ) မလျှောက်ပတ် မနိုင်းချိန်အပ်သော ဘောဇဉ်ကြောင့်ဖြစ်သော ဝေဒနာကိုလည်း ကိုယ်သို့မရောက် ကင်းကွာလောက်အောင် ပယ်ဖျောက်ရပါတော့အံ့၊ ဤသို့ နှလုံးထား၍ စားသောက်မှီဝဲပါ၏။

- အသစ်ဖြစ်သော တိုင်းထွာခြင်းကင်း စားမိခြင်းကြောင့်ဖြစ်သော ဝေဒနာကိုလည်း (ဝါ) မသင့်မတင့် မချင့်မချိန်ဉာဏ်
- တိမ်ပလွှားစားမိခြင်းကြောင့်ဖြစ်သောဝေဒနာကိုလည်း မဖြစ်စေရ တော့အံ့၊ ဤသို့ နှလုံးထား၍ မှီဝဲပါ၏၊
- ငါ၏ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ၏ တည်နေနိုင်ခန့် ရှည်စွာသော အခွန့်သို့ ရောက်နိုင်ခြင်းသည်လည်း (ဝါ) ပစ္စည်းမှီရှိ ခန္ဓာကိုယ်၏ ယွင်းယိုမရှိ ပကတိနိုင်ခန့်ရှည်သောအခွန့်သို့ ရောက်နိုင်ခြင်းသည် လည်း ဖြစ်လိမ့်ပေအံ့၊ ဤသို့ နှလုံးထား၍ မှီဝဲပါ၏၊
- သင့်အောင် ရှာမှီခံယူပြီးလျှင် ဉာဏ်ကြီးပစ္စဝေက္ခဏာ ဆင်ခြင် ကာဖြင့် ကောင်းစွာရှုငဲ့ သုံးဆောင်ခဲ့၍ မကဲ့ရဲ့အပ်သည် အဖြစ် သည်လည်းဖြစ်လတ့်၊ ဤသို့ နှလုံးသွင်း၍ စားသောက် မှီဝဲပါ၏၊
- ဤသို့ ပယ်ရှောင်နေသောအကြောင်းအရာတို့ကို ဆင်ခြင်ခြင်းသည် လည်းကောင်း၊
- ဆွမ်းကို မှီဝဲရခြင်းအကြောင်းကို ဆင်ခြင်ခြင်းသည် လည်းကောင်း၊
- ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ၏ ကြာရှည်လေးမြင့် တည်တံ့ခြင်းကို ဆင်ခြင်ခြင်းသည် လည်းကောင်း၊
- အနည်းငယ်မျှသောအကျိုးအာနိသင်ကိုဆင်ခြင်ခြင်းလည်းကောင်း၊
- ကာမ-အတ္တ နှစ်ဝမချင်း ရှောင်ကွင်းခြင်းငှါ လည်းကောင်း၊
- အစွန်းနှစ်သွယ် မငြိတွယ်သည် အလယ်လမ်းမှတ် မဇ္ဈိမ ပဋိပတ်ကို မှီဝဲခြင်းလည်းကောင်း နှလုံးသို့တင်၍ ရှုဆင်ခြင်အပ်၏။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန


၂။ ငါသည် ဉာဏ်ပညာဖြင့် စူးစမ်းဆင်ခြင်၍ အလိုရှိအပ် တောင့်တအပ်သောကုသိုလ်တရားတို့၏ ဖြစ်ခြင်း၏အကြောင်းအားဖြင့် သင်္ကန်းကို ဝတ်ရုံသုံးစွဲမှီဝဲပါ၏၊

- ဥတုဖောက်ပြန် အကြောင်းခံကြောင့် သည်းထန်စွာဖြစ်သော အအေးကို ကိုယ်သို့အရောက် ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် ဝတ်ရုံသုံးစွဲမှီဝဲပါ၏၊
- အပူကို ကိုယ်သို့မရောက် ပယ်ဖျောက်ခြင်းအကျိုးငှါသာလျှင် ဝတ်ရုံသုံးစွဲမှီဝဲပါ၏၊
- မှက်,ခြင်,ယင်,လေ,နေပူ,မြွေ,ကင်း,သန်းတို့၏ ကိုက်ခဲခြင်း အတွေ့အထိတို့ကို ကိုယ်သို့မရောက် ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် ဝတ်ရုံသုံးစွဲမှီဝဲပါ၏၊
- အရှက်အကြောက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုးငှါသာလျှင် ဝတ်ရုံသုံးစွဲမှီဝဲပါ၏၊

၃။ ငါသည် ဉာဏ်ပညာဖြင့် စူးစမ်းဆင်ခြင်၍ အလိုရှိအပ် တောင့်တအပ်သောကုသိုလ်တရားတို့၏ ဖြစ်ခြင်း၏အကြောင်းအားဖြင့် ကျောင်းအိပ်ရာ နေရာအခင်းကို နေထိုင်သုံးစွဲမှီဝဲပါ၏၊

- သမာဓိကို ဖိစီးနှိပ်စက်ကန့်ကွက်တတ်သော အအေး-အပူ ဟူသော ဥတုကိုပယ်ဖျောက်ရခြင်း အာရုံများစွာဖယ်ကြဉ်ခွါ၍ သင့်ရာရည်မှန်းကမ္မဋ္ဌာန်း၌ စွဲလမ်းငြိကပ်ပဋိပတ်၌ မွေ့လျော်ရခြင်း အကျိုးငှါသာလျှင် နေထိုင် သုံးစွဲမှီဝဲပါ၏၊

၂၉၆၂၄

၄။ ငါသည် ဉာဏ်ပညာဖြင့် စူးစမ်းဆင်ခြင်၍ အလိုရှိအပ် တောင့်တအပ်သော ကုသိုလ်တရားတို့၏ ဖြစ်ခြင်း၏အကြောင်းအားဖြင့် သူနာ၏ရောဂါ ဆန့်ကျင်ဘက်ဖြစ်သော အသက်အရှံအတားဖြစ်သော ဆေးကိုစားသောက် သုံးစွဲမှီဝဲပါ၏၊

- စွဲကြပ်ထန်သီး ဖြစ်ပေါ်ကုန်ပြီးသော သွေးလေချောက်ချားအကြောင်းအားဖြင့် ဖြစ်ပွားနှိပ်စက်အနာဖျက်ကြောင့် ဒက်ချက်ကိုမှာ ဖြစ်ပေါ်လာသော ဆင်းရဲဝေဒနာတို့ကို ကိုယ်သို့မရောက် ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် စားသောက်သုံးစွဲမှီဝဲပါ၏၊
- ပြင်းစွာတိုက်ဖျက် အခံခက်အောင် နှိပ်စက်တတ်သော ဆင်းရဲကင်းခြင်း အပိုင်းအခြားရှိသော အကျိုးငှါသာလျှင် စားသောက်သုံးဆောင်မှီဝဲပါ၏၊
- ဤသို့ ဉာဏ်ပညာဖြင့် စူးစမ်းဆင်ခြင်၍ အလိုရှိအပ် တောင့်တအပ်သော ကုသိုလ်တရားတို့၏ဖြစ်ခြင်း၏ အကြောင်းအားဖြင့် သုံးစွဲမှီဝဲပါ၏။
- ပစ္စည်းလေးပါး သုံးစွဲခြင်းတို့သည်၊

၁။ ခိုးဝှက်၍ သုံးစွဲခြင်း၊

၂။ ကြွေးယူ၍ သုံးစွဲခြင်း၊

၃။ အမွေခံအဖြစ် သုံးစွဲခြင်း၊

၄။ ပိုင်ရှင်အဖြစ် သုံးစွဲခြင်း၊ ဟူ၍ လေးမျိုးတို့တည်း။

၁။ မသန့်ရှင်း မစင်ကြယ်သောအဖြစ်ဖြင့် သုံးစွဲခြင်း၊

၂။ သန့်ရှင်းစင်ကြယ်သောအဖြစ်ဖြင့် သုံးစွဲခြင်း-တို့၏အစွမ်းအားဖြင့်လည်း ဖြစ်ကုန်၏။

၁။ ဝိနည်းသိက္ခာပုဒ်ကိုစောင့်ရှောက်ခြင်းသီလ-ဟုဆိုအပ်သော ပါတိမောက္ခသံဝရသီလသည် လွန်ကဲသော သဒ္ဓါတရားဖြင့် ပြည့်စုံလုံလောက်သည်၊ (ဝါ) ပြည့်စုံလုံလောက်အောင် ဖြည့်ကျင့်နိုင်သည်ဖြစ်၏၊

၂။ အာဇီဝပါရိသုဒ္ဓိသီလသည် လွန်ကဲသောဝီရိယဖြင့် ပြည့်စုံလုံလောက်သည်ဖြစ်၏၊

၃။ ဣန္ဒြိယသံဝရသီလသည် လွန်ကဲသောသတိဖြင့် ပြည့်စုံလုံလောက်သည် ဖြစ်၏၊

၄။ ပစ္စည်းလေးပါးကိုမှီဝဲသော ပစ္စယသန္နိဿိတသီလသည် လွန်ကဲသော ပညာဖြင့် ပြည့်စုံလုံလောက်သည်ဖြစ်၏၊

- အာဇီဝပါရိသုဒ္ဓိသီလကို ပါတိမောက္ခသံဝရသီလဖြင့် ပေါင်းယူအပ်၏၊
- ဣန္ဒြိယသံဝရသီလကို ပစ္စယသန္နိဿိတသီလဖြင့် ပေါင်းယူ အပ်၏၊
- ဣန္ဒြိယသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလတို့ကို သီလဂုဏ်ကျေးဇူးဖြင့် ယူအပ်၏၊
- ဣန္ဒြိယသံဝရသီလ ပါတိမောက္ခသံဝရသီလတို့ကို သမာဓိဂုဏ်ကျေးဇူးဖြင့် ယူအပ်၏၊
- စတုပစ္စယသန္နိဿိတသီလကို ပညာဂုဏ်ကျေးဇူးဖြင့် ယူအပ်၏။

၁၅။ အဘယ်သို့ဆောက်တည်လျှင် သီလဝိသုဒ္ဓိ စင်ကြယ်ပါသနည်း။

၁၆။ သီလ၏တည်ရာတို့သည် အဘယ်သည်တို့နည်း။

၁။ သီလပျက်စီးခြင်း၏ အပြစ်ကိုရှုမြင်ရခြင်း၊

၂။ သီလစောင့်သုံးခြင်း၏ အကျိုးဂုဏ်ကို ရှုမြင်ရခြင်း၊ ဤသို့လျှင် သီလ၏ တည်ရာတို့သည် နှစ်ပါးတို့တည်း။

- ရစ်မသည် မိမိဥကို မပျက်စီးအောင် အစဉ်တစိုက် စောင့်ရှောက်သကဲ့သို့လည်းကောင်း၊
- စာမရီမည်သောသားကောင် (ဝါ) တိဗက်နွားသည် မိမိ၏ မြီးဆံကို မပျက်မစီးအောင် အစဉ်စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊
- မိခင်သည် ချစ်၍မဝသော တစ်ဦးတည်းသောသားကို မပျက်စီးအောင်အစဉ်တစိုက် စောင့်ရှောက်သကဲ့သို့လည်းကောင်း၊
- တစ်လုံးတည်းသော မျက်စိရှိသောသူသည် တစ်လုံးတည်းသော မျက်လုံးကို မပျက်စီးအောင် အစဉ်စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊
- ထိုဆိုအပ်ခဲ့ပြီးသော ဥပမာအတူသာလျှင် ပါတိမောက္ခ-ဣန္ဒြိယနှင့် ပစ္စယ-အာဇီဝ လေးလီသောသီလကို မကျိုးမပေါက် မပြောက် မကြား မနောက်ယုက်ရလေအောင် အစဉ်စောင့်ရှောက်ကုန်သည် သာလျှင် အခါခပ်သိမ်း သီလဓမ္မ၌ ရှိသေခြင်းရှိကြကုန်သည်၊ ချစ်အပ်သော သီလရှိကုန်သည်၊(ဝါ) သီလကိုချစ်မြတ်နိုးကုန်သည် ဖြစ်ကြပါကုန်လော။

ဇဇဇဇဇ

# တတိယပိုင်း
# ဓုတဓမ္မ (ဓုတင်တရား)

၁၇။ သီလအပိုင်းအခြားကိုပြဆိုပြီးနောက်၌ သီလနှင့်ပြည့်စုံခြင်း၏ အကျိုးငှါ သာလျှင် ဓုတင်တရားတို့ကို ပြည့်စုံစေအပ်ကုန်သည် ဖြစ်ကုန်၏၊ ထိုဓုတင် တရားတို့သည် (၁၃) ပါးအပြားရှိကုန်သည် ဖြစ်ကုန်၏။

ထို (၁၃) ပါးတို့တွင် ---

၁။ ပံသုကူလိကဓုတင်လည်းကောင်း၊

၂။ တေစီဝရိကဓုတင်လည်းကောင်း၊
ဤနှစ်ပါးကုန်သောဓုတင်တို့သည် သင်္ကန်းပစ္စည်းနှင့် ဆက်စပ်ကုန်၏။

၁။ ပိဏ္ဍပါတိကဓုတင်လည်းကောင်း၊

၂။ သပဒါနစာရိကဓုတင်လည်းကောင်း၊

၃။ တစ်နေရာတည်း၌သာ ခဲဘွယ်ဘောဇဉ်တို့ကို ဘုဉ်းပေးရသော ဧကာသနိက ဓုတင် လည်းကောင်း၊

၄။ ဘောဇဉ်၌ ရှာမှီခြင်း,ခံယူခြင်း, သုံးဆောင်ခြင်း,စွန့်ခြင်းတို့၌ အတိုင်း အရှည်ကို သိခြင်းဟု ဆိုအပ်သော ပတ္တပိဏ္ဍိကဓုတင်လည်းကောင်း၊

၅။ ခလုပစ္ဆာဘတ္တိကဓုတင်လည်းကောင်း- ဤငါးပါးသော ဓုတင်တို့သည် ဆွမ်းပစ္စည်းနှင့် ဆက်စပ်နေကုန်၏။

၁။ အရညကဓုတင်

၂။ ရုက္ခမူလဓုတင်

၃။ အဗ္ဗောကာသိကဓုတင်-ဤသုံးပါးကုန်သောဓုတင်တို့သည် ကျောင်းပစ္စည်းနှင့်ဆက်စပ်နေကုန် ၏။

၁။ တစ်ပါးသော နေသဇ္ဇိကဓုတင်သည် ဝီရိယနှင့်ဆက်စပ်နေပါ၏။

## ၁။ ပံသုကူလိကင်္ဂဓုတင်

အဘယ်အကြောင်းကြောင့် ပံသုကူလိကဓုတင်ကို ဆောက်တည်သနည်း။

- အိမ်ရှင်ဒါယကာတို့ လှူဒါန်းအပ်သောသင်္ကန်းကို ပယ်အပ်သည် အဖြစ်ကြောင့် ပံသုကူလိက ဓုတင်ကို၊(ဝါ) ပံသုကူလိက ဓုတင်ဆောင် သောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ (ဝါ) မြေမှုန့် ပမာ ရွံဖွယ်ရာသို့ လွန်စွာရောက်အပ်သောသင်္ကန်းကို ဆောင်သော ရဟန်း၏ အကြောင်းအင်္ဂါသမာ ဒါနစေတနာကို၊ (ဝါ) မြေမှုန်ထက် ဖျားလွှမ်းကာထားသည့် သင်္ကန်းကိုဆောင်သော ရဟန်း၏ အကြောင်းအင်္ဂါသမာဒါန စေတနာကို၊ (ဝါ) သချိုင်း, အိမ်ဈေး, လမ်းဆုံလေးနင့်, မှိုက်ချေးစွန့်ရာ-စသည်များ၌ ရှာဖွေရယူ ပံသုကူ သင်္ကန်းကိုဆောင်သောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို ဆောက်တည်ပါ၏၊ ဤသို့ဆောက်တည်ရ၏။

ပံသုကူလဓုတင်ကို ဆောက်တည်ခြင်း၌ (ဝါ) ပံသုကူဓုတင်ကို ဆောက်တည်ကျင့်သုံးခြင်း၌ အကျိုးဆက်ဂုဏ်အင်အာနိသင်သည် အဘယ် နည်း။

- ခိုးသူ (ဓားပြ) ဘေးကြောင့် ဘေးအန္တရာယ်မရှိခြင်း၊
- ဝတ်ရုံသုံးဆောင်မှု၌ဖြစ်ပေါ်တတ်သောတဏှာမရှိခြင်း၊

- မျက်မှောက်ဘဝ၌ ချမ်းသာစွာနေထိုင်နိုင်ခြင်း

ဤသည်တို့ကား ပံသုကူဓုတင်ကိုဆောက်တည်၍ ကျင့်သုံးခြင်း၏ အကျိုးဂုဏ်တည်း။

ပံသုကူသင်္ကန်းအမျိုးအစားသည် အဘယ်မျှအပြားရှိပါသနည်း။

- သုသာန်၌ဖြစ်သောပံသုကူသင်္ကန်း၊
- အမှိုက်ပုံ၌ကောက်ယူအပ်သောပံသုကူသင်္ကန်း၊
- ဈေးကြို ဈေးကြား၌ကောက်ယူအပ်သောပံသုကူသင်္ကန်း၊
- ရထားသွားရာလမ်းမှကောက်ယူအပ်သောပံသုကူသင်္ကန်း၊
- နွားကိုက်ခဲခြင်းကြောင့် စွန့်ပစ်ရာအရပ်၌ ကောက်ယူအပ်သော ပံသုကူသင်္ကန်း၊
- ကြွက်ကိုက်ခြင်းကြောင့် စွန့်ပစ်ထားသဖြင့် ကောက်ယူအပ်သော ပံသုကူသင်္ကန်း၊ ဤသို့တည်း။

အဘယ်ကြောင့်ဆောက်တည်ပါသနည်း။

- ရဟန်းသည် ဒါယကာတို့ လှူဒါန်းအပ်သော သင်္ကန်းကို အကယ်၍ ပယ်သည်ဖြစ်အံ့၊ ထိုသို့ ပယ်သဖြင့် ပံသုကူဓုတင် ဆောင်ဖြစ်ပါ၏၊

အဘယ်သို့လျှင် ပံသုကူဓုတင်ပျက်စီးခြင်းသည်ဖြစ်ပါသနည်း။

- ရဟန်းသည် ဒါယကာတို့လှူဒါန်းအပ်သောသင်္ကန်းကို အကယ်၍ ခံယူသည်ဖြစ်အံ့၊ သာယာလက်ခံသည်ဖြစ်အံ့၊ ဤသို့ခံယူသည် ရှိသော် ထိုသို့ခံယူခြင်းကြောင့် ပံသုကူဓုတင်သည် ပျက်စီးပါ၏။

## ၂။ တေစီဝရိကင်

အဘယ်သို့ တေစီဝရိကဓုတင်ကိုဆောက်တည်ပါသနည်း။

- ယနေ့ကိုအစပြု၍ အဓိဋ္ဌာန်တင်အပ်၊ ဝိကပ္ပနာပြုအပ်သော သင်္ကန်းမှအပိုအလွန်ဖြစ်သော သင်္ကန်းကိုပယ်အပ်ပြီးသည်၏အဖြစ်ကြောင့် တေစီဝရိတ်မှတင်ပုဂ္ဂိုလ်၏အဖြစ်ကို (ဝါ) တိစီဝရိတ်သင်္ကန်းကိုဆောင်သော ရဟန်း၏ဖြစ်ကြောင်းဖြစ်ရာ အကြောင်းအင်္ဂါသမာဒါနစေတနာကို ဆောက်တည်ပါ၏၊ ဤသို့ဆောက်တည်ပါ၏။

တိစီဝရိတ်သင်္ကန်း ဆောက်တည်ခြင်း၌ အကျိုးဂုဏ်အင်္ဂါသည် အဘယ်နည်း။

- ကိုယ်ဖြင့်ဆောင်အပ်သောသင်္ကန်းဖြင့် နည်းသောကိစ္စရှိခြင်း၊
- ထင်ရှားရှိသောသင်္ကန်းဖြင့်သာ ရောင့်ရဲလွယ်သည်၊ ဤသည်တို့ဖြစ်ပါ၏၊

သုံးထည်သောသင်္ကန်းတို့သည် အဘယ်နည်း။

- နှစ်လွှာနှစ်ထပ် ချင်းချင်းစပ်လျက် ချုပ်အပ်သော ဒုကုဋ် သင်္ကန်း၊
- အထက်သတ်မှတ် ပုခုံးရပ်ဝယ် ငြိကပ်တင်လွှမ်း ဆင်မြန်း ဝတ်ရုံအပ်သော ကောသီသင်္ကန်း၊
- အလယ်သတ်မှတ်ခါးအရပ်ဝယ် ဝတ်အပ်ဆင်မြန်းအပ်သော သင်ပိုင်းသင်္ကန်း၊ ဤသည်တို့ တည်း။

အဘယ်ကြောင့်ဆောက်တည်ပါသနည်း။

- ရဟန်းသည် တိစီဝရိတ်အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းမှအပိုအလွန်ဖြစ်သော သင်္ကန်းကို အကာယ်၍မဆောင်ထားအံ့၊ ထိုသို့မဆောင်ထားခြင်းကြောင့် တိစီဝရိတ်မှတင်ဆောင် ပုဂ္ဂိုလ် ဖြစ်ပါ၏။

တိစီဝရိတ်မှတင်ပျက်စီးခြင်းသည် အဘယ်သို့ဖြစ်သနည်း။

- ရဟန်းသည် လေးထည်မြောက်သောသင်္ကန်းကို အကယ်၍လက်ခံသာယာငြားအံ့၊ ဤလက်ခံသာယာသော် တိစီဝရိတ်ဓုတင် ပျက်စီးပါ၏။

၃။ ပိဏ္ဍပါတိကင်

အဘယ်ကြောင့် ပိဏ္ဍပါတိကဓုတင်ကို ဆောက်တည်ပါသနည်း။

- ယနေ့ကိုအစပြု၍ ဒါယကာတို့ပင့်ဖိတ်အပ်သော ဆွမ်းကို ပယ်ခြင်းကြောင့် သပိတ်၌ကျရောက်လာသော ဆွမ်းကိုသာဘုဉ်းပေးခြင်းရှိသော ဓုတင်အကျင့်မြတ်ကိုဆောက်တည်ပါ၏၊ ဤသို့ ဆောက်တည်ခြင်းဖြစ်ပါ၏။

ပိဏ္ဍပါတ်ဓုတင်၏ အကျိုးအာနိသင်ကား အဘယ်နည်း။

- ပျင်းရိခြင်းကို ချေဖျက်နိုင်ခြင်း၊
- မာနကို ပယ်နိုင်ခြင်း၊
- ရသတဏှာတပ်မက်မှုကို ပယ်နိုင်ခြင်း၊
- အရပ်လေးမျက်နှာ၌ လှည့်လည်နိုင်ခြင်း၊
- ဤသည်တို့တည်း။

ပင့်ဖိတ်ခြင်းတို့သည် အဘယ်မျှအပြားရှိသနည်း၊ အဘယ်ကြောင့် ဆောက်တည်ပါသနည်း။

- ပင့်ဖိတ်ခြင်းတို့သည် သုံးပါးအပြားရှိပါ၏၊
- ဒါယကာတို့ ပင့်ဖိတ်ခြင်းကို ပယ်ခြင်း၊ ဆောက်တည်ခြင်းဖြစ်၏။

အဘယ်ကြောင့် ပိဏ္ဍပါတိကဓုတင် ပျက်စီးပါသနည်း။

- ဒါယကာတို့ပင့်ဖိတ်ခြင်းကို လက်ခံလိုက်ပါက ပိဏ္ဍပါတိက ဓုတင် ပျက်စီးပါ၏။

၄။ သပဒါနစာရိကင်္ဂ

သပဒါနစာရိကဓုတင်မည်သည် အဘယ်နည်း။

- အပြတ်အခြားကင်းလျက် အိမ်စဉ်အတိုင်း လှည့်လည်သော ပုဂ္ဂိုလ်၏ အကျင့်ကို သပဒါန စာရိကဓုတင်မည်ပါသည်၊

အဘယ်သို့လျှင် သပဒါနစာရိကဓုတင်ကို ဆောက်တည်ပါသနည်း။

- ယနေ့မှအစပြု၍ အိမ်စဉ်အတိုင်းမဟုတ်သော ဆွမ်းခံလှည့်လည်ခြင်းကို ပယ်စွန့်ပါ၏၊
- အိမ်စဉ်အတိုင်းမဟုတ်သော ဆွမ်းခံလှည့်လည်ခြင်းကို ပယ်စွန့်ပါ၏၊
- အိမ်စဉ်မပြတ်လှည့်လည်အပ်သောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏၊ ဤသို့ ဆောက်တည် ခြင်းသည်ဖြစ်၏။

သပဒါနစာရိက ဓုတင်ဆောက်တည်၍ကျင့်ခြင်း၏ အကျိုးကား အဘယ်နည်း။

- အိမ်စဉ်မပြတ်ဆွမ်းခံလေ့ရှိသော ရဟန်းသည် ရွှေလမင်းသဖွယ် ငြိတွယ်မရှိ ဖြူစင်သောစိတ်ရှိ၏၊ အိမ်သွားနည်း၍ အမြဲအသစ် ဖြစ်၏၊ ဝန်တိုခြင်းကင်း၏၊ ဆင်းရဲချမ်းသာမခြား အတူသနား၏။ ကုလူပကအဖြစ်ကင်း၏။

အဘယ်ကြောင့် ဆောက်တည်ပါသနည်း။

- မြေပြင်တစ်ခုလုံးသို့ လွပ်လပ်စွာ သွားလာလိုသောကြောင့် ဆောက်တည်ပါသည်။

အဘယ်သို့လျှင် သပဒါနစာရိကဓုတင်၏ ပျက်စီးခြင်းသည် ဖြစ်သနည်း။

- လျှပ်ပေါ်လော်လီ၍ ဆွမ်းခံကျော်လွှာကာမျှ၌ ဤဓုတင် ပျက်စီးပါသည်။

## ၅။ ကောသနိကင်

အဘယ်သို့ ကောသနိက်ဓုတင်ကို ဆောက်တည်သနည်း။

- နေရာအများ၌ စားသောက်ခြင်းကိုပယ်ပါ၏၊ တထိုင်တည်း စားလေ့ရှိသောရဟန်း၏အကြောင်း အင်္ဂါသမာဒါန စေတနာကို ဆောက်တည်ပါ၏။

ကောသနိက်အကျိုးဂုဏ်အင်္ဂါသည် အဘယ်နည်း။

- အနာရောဂါနည်းပါးခြင်း၊
- ကိုယ်ဆင်းရဲမှုမရှိခြင်း၊
- ချမ်းသာစွာနေရခြင်း၊
- ပေါ့ပါးလျင်မြန်စွာသွားလာနိုင်ခြင်း၊
- ရသတဏှာကိုပယ်နိုင်ခြင်း၊
- ခွန်အားနှင့်ပြည့်စုံခြင်း၊
- အတိရိတ်ဝိနည်းကံကြောင့် အာပတ်မသင့်ခြင်း၊
- အလိုနည်းခြင်း၊ ဤသည်တို့ကား ကောသနိက်ဓုတင်၏ အကျိုးတို့တည်း။

အဘယ်ကြောင့် ကောသနိက်ဓုတင်ကို ဆောက်တည်ခြင်းသည်ဖြစ်သနည်း။

- ဘောဇဉ်ကြောင့်ဖြစ်သော တဏှာမနှိပ်စက်၊ ရသတဏှာမဖြစ်၊ မိမိ၏ရဟန်းကိစ္စ မဆုတ်ယုတ်၊ စင်ကြယ်သောအကျင့်၊ ခေါင်းပါးသော အကျင့်၌မွေ့လျော်ပြီး ချမ်းသာစွာနေလိုသောကြောင့် ဤကော သနိက်ဓုတင်ကို ကျင့်သုံးမှီဝဲပါ၏။

အဆုံးအပိုင်းအခြားတို့သည် အဘယ်တို့နည်း။

- အပိုင်းအခြားတို့သည်...နေရာအပိုင်းအခြား၊ ရေအပိုင်းအခြား၊ ဘောဇဉ်အပိုင်းအခြား၊ ဤသုံးမျိုးတို့တည်း။

အဘယ်သို့လျှင် ကောသနိက်ဓုတင် ပျက်စီးခြင်းသည်ဖြစ်သနည်း။

- နေရာအများ၌ ဆွမ်းဘောဇဉ်ကို သုံးဆောင်စားပါက ဤဓုတင် ပျက်စီးပါ၏။
- လူတို့သည် ထောပတ်ကြည်ကို အကယ်၍ ဆောင်ယူလာသော် ဆေးအကျိုးငှါ သာလျှင်အပ်၏။

၆။ ပတ္တပိဏ္ဍိကင်

အဘယ်သို့ - အဘယ်ကြောင့် ဘောဇဉ်၌ ရှာမှီခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်း၊ စွန့်ခြင်းတို့၌ အတိုင်းအရှည်ကိုသိလေသော ရဟန်း၏ အကြောင်း အင်္ဂါသမာဒါနစေတနာကို ဆောက်တည်သနည်း။

- ယနေ့ကို အစပြု၍ လွန်စွာဆွဲငင်တတ်သော တဏှာကို၊ (ဝါ) ကုသိုလ်စိတ်ကို လွန်စွာဖျက်စီးတတ်သောတဏှာကို၊(ဝါ) လျှပ်ပေါ် မက်မောသောတဏှာကို ပယ်၍ဘောဇဉ်၌ အတိုင်းအရှည်ကို

သိတတ်သောရဟန်း၏ အကြောင်းဖြစ်သော သမာဒါနစေတနာကို ဆောက်တည်ပါ၏၊ ဤသို့ဆောက်တည်ပါ၏။

သောဇဉ်၌အတိုင်းအရှည်ကို သိခြင်း၌အကျိုးကား အဘယ်နည်း။

- အထူးထူးသောရသတဏှာကို ပယ်နိုင်ခြင်း၊
- ထိုင်းမှိုင်းလေးလံမှု (ထိနမိဒ္ဓ) ကို ပယ်ဖျောက်နိုင်ခြင်း၊
- ဘုရားရှင်၏ အလိုတော်ကိုသိခြင်း၊(ဝါ) ဘုရားရှင်၏အလိုကိုသိ၍ ကျင့်ခြင်း၊
- စိတ်ပျံ့လွင့်မှုမရှိ၊ ခွက်တစ်ခုတည်း၌သာ အာရုံထားနိုင်ခြင်း၊ အကျင့်ရှိ၏

အဘယ်ကြောင့် ဆောက်တည်ခြင်းသည် ဖြစ်သနည်း။

- အထူးထူးသောရသတဏှာပယ်လိုသောကြောင့်ဆောက်တည်ခြင်း ဖြစ်ပါသည်။

အဘယ်သို့လျှင် ပျက်စီးခြင်းသည်ဖြစ်သနည်း။

- နှစ်ခုမြောက်သောခွက်ကို သာယာမိ၍ လက်ခံပါကပျက်၏။

၇။ ခလုပစ္ဆာဘတ္တိကင်

အဘယ်သို့ ခလုပစ္ဆာဘတ္တိကဓုတင်ကို ဆောက်တည်သနည်း။

- ယနေ့ကိုအစပြု၍ အတိရိတ်ဝိနည်းကံပြု၍ ဘုဉ်းပေးခြင်းကို ပယ်ပါ၏၊

- တားမြစ် (ပဝါရိတ်သင့်) ပြီးသည်မှ နောက်၌ရသောဆွမ်းကို မစားရသောရဟန်း၏ အကြောင်းအင်္ဂါသမာဒါန စေတနာကို ဆောက်တည်ပါ၏၊ ဤသို့ဆောက်တည်ပါ၏။

ခလုပစ္ဆာဘတ္တိကဓုတင်၏ အကျိုးအာနိသင်ကား အဘယ်နည်း။

- ဆွမ်းကိုတဖန်ရှာမှီခြင်း ဆင်းရဲမရှိခြင်း၊ ဝမ်းပြည့်ခြင်းကိုပယ်နိုင်၏၊ ဝမ်းပြည့်အောင်စားခြင်း အကျင့်မရှိ၊ အစာအာဟာရ သိုမှီခြင်း မရှိ၊ အလိုနည်းသောဂုဏ်ကျေးဇူးရှိ၏။

ခလုပစ္ဆာဘတ္တိကဓုတင်သည် အဘယ်မျှအပြားရှိသနည်း။

- ပိုင်းခြားခြင်းလျှင်အဆုံးရှိသော ခလုပစ္ဆာဘတ္တိကဓုတင်၊
- ပိုင်းခြားခြင်းလျှင် အဆုံးမရှိသော ခလုပစ္ဆာဘတ္တိကဓုတင်၊ ဤသို့ နှစ်ပါးအပြားရှိ၏။
- ပဝါရိတ်သင့်ပြီး၍ နောက်ထပ်တစ်ဖန် ဘောဇဉ်ကို အပ်စပ်အောင် ပြုစေပြီးမှ မဘုဉ်းပေးအပ်၊
- ဆောက်တည်ခြင်းလျှင် အဆုံးရှိသော (၂၁)ခုမြောက်သော ဆွမ်းလုပ်သည် ပြီးပြီသည်ရှိသော် ပိုလွန်သောဆွမ်းလုပ်ကို မဘုဉ်းပေးအပ်။

အဘယ်သို့လျှင် ပျက်စီးခြင်းဖြစ်သနည်း။

- ပဝါရိတ်သင့်ပြီးဖြစ်ပါလျက် နောက်ထပ် ကပ္ပိယပုတ်တစ်ပါးပါး၌ ရနေသောခဲဘွယ်ဘောဇဉ်ကို အတိရိတ်ဝိနည်းကံဖြင့် အပ်စပ်အောင်ပြု၍ သုံးဆောင်စဉ်ခဏာ၌ ဤဓုတင်ပျက်စီး၏။

၈။ အာရညိကင်

အဘယ်သို့လျှင် အာရညကဓုတင်ကို ဆောက်တည်သနည်း။

ယနေ့မှအစပြု၍ ရွာဦးကျောင်း၌ နေထိုင်ခြင်းကို ပယ်ပါ၏၊

- တော၌နေသောရဟန်း၏အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏၊ ဤသို့ ဆောက်တည်ပါ၏။

တော၏အစွန်ဆုံးအရပ်သည် အဘယ်နည်း။

- ကုပ်လုပ်လေးတာ (အပြန်ငါးရာ၊ အတောင်နှစ်ထောင်) ကွာလှမ်းသောအရပ်သည် နောက်ဆုံးဖြစ်သောတော၏အဆုံးစွန်ဖြစ်သောအရပ်တည်း။

အဘယ်ကြောင့် ဆောက်တည်ပါသနည်း။

- နွားလယ်ကျောင်း၌နေခြင်းကို ပယ်ခြင်းကြောင့် အာရညကဓုတင်ကို ဆောက်တည်ပါ၏။

အဘယ်သို့ အာရညကဓုတင်ပျက်စီးခြင်းသည် ဖြစ်သနည်း။

- ရွာ၏အလယ်၌တည်ရှိသော ကျောင်း၌နေခြင်းကြောင့် အာရညကဓုတင်ပျက်စီးပါ၏။

၉။ ရုက္ခမူလိကင်

အဘယ်သို့ ရုက္ခမူလဓုတင်ကို ဆောက်တည်သနည်း။

- ယနေ့ကိုအစပြု၍ အမိုးကို (ဝါ) အမိုးရှိသောကျောင်း၌ နေခြင်းကို ပယ်ပါ၏၊

- သစ်ပင်ရင်း,သစ်ပင်အောက်၌နေခြင်းကို ဆောက်တည်ပါ၏၊

- ဤသို့ ဆောက်တည်ပါ၏။

ရုက္ခမူလဓုတင်၏ အကျိုးကား အဘယ်နည်း။

- ကျောင်းအိမ်ရာနေရာ၌ ဝန်တိုခြင်း၊ အမှုသစ်၌မွေ့လျော်ခြင်းတို့၏ မရှိခြင်းသည် လည်းကောင်း၊
- နတ်တို့နှင့်အတူတကွနေခြင်းသည်လည်းကောင်း၊ ရုက္ခမူလဓုတင်ကို ဆောက်တည်ခြင်း၏ အကျိုးဖြစ်ပါ၏။

အဘယ်သို့သဘောရှိသောသစ်ပင်တို့ကို မှီဝဲအပ်ပါသနည်း။

- ကျဉ်မြောင်းခြင်းဟူသောအပြစ်မှ ကင်းကုန်သော, အရိပ်နှင့် ပြည့်စုံကုန်သော သစ်ပင်တို့ကို မှီဝဲအပ်ကုန်၏။

အဘယ်သစ်ပင်တို့ကို မမှီဝဲအပ်ကုန်သနည်း။

- လူတို့သတ်မှတ် သစ်ပင်မြတ်ဟု ဆည်းကပ်မြတ်နိုး ဆင့်ဆင့်တိုးလျက် ကိုးကွယ်သော သစ်ပင်တို့ကိုလည်းကောင်း၊
- အပြစ်ရှိကုန်သော ဘေးအန္တရာယ်ရှိကုန်သော သစ်ပင်တို့ကို မမှီဝဲအပ်။

အဘယ်သို့လျှင် ဆောက်တည်ခြင်းသည် ဖြစ်ပါသနည်း။

- အမိုးရှိသောကျောင်းကို ပယ်ခြင်းသည် ဆောက်တည်ခြင်း ဖြစ်ပါသည်။

အဘယ်သို့လျှင် ရုက္ခမူလဓုတင် ပျက်စီးခြင်းသည် ဖြစ်ပါသနည်း။

- အမိုးရှိသောကျောင်း၌ အရုဏ်တက်စေပါက ရုက္ခမူဓုတင် ပျက်စီးပါ၏။

၁၀။ အဗ္ဘောကာသိကင်

အဘယ်သို့လျှင် အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်ပါသနည်း။

- ယနေ့မှအစပြု၍ ကျောင်း၌နေခြင်းကို မသာယာပါ၊
- အမိုးရှိသော အဆောက်အအုံကိုလည်းကောင်း၊ သစ်ပင်ရင်း၊ သစ်ပင်အောက်၌ နေခြင်းကိုလည်းကောင်း ပယ်ပါ၏၊
- အမိုးမမိုး ဟင်းလင်းပြင် လွင်တီးခေါင်း၌နေသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏၊ ဤသို့ ဆောက်တည်ပါ၏။

အဗ္ဘောကာသိကဓုတင်၏ အကျိုးကားအဘယ်နည်း။

- လေးလံထိုင်းမှိုင်းခြင်း(ထိနမိဒ္ဓ)ကိုပယ်နိုင်ခြင်းသည် လည်းကောင်း၊
- သားသမင်တို့ကဲ့သို့ နေရာကျောင်း၌ ကပ်ငြိတွယ်တာခြင်းမရှိပဲ လှည့်လည်သွားလာနိုင်းခြင်းသည်လည်းကောင်း၊ အဗ္ဘောကာသိကဓုတင်၏အကျိုးဖြစ်ပါ၏။

အဘယ်သို့ဆောက်တည်ခြင်းသည် ဖြစ်ပါသနည်း။

- အမိုး၊ အမိုးရှိသောကျောင်းကိုလည်းကောင်း၊
- သစ်ပင်ရင်း၊ သစ်ပင်အောက်ကိုလည်းကောင်း၊ ပယ်ပါ၏၊ အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်ပါ၏၊
- ဤသို့ ဆောက်တည်ပါ၏။

အဘယ်သို့လျှင် အဗ္ဘောကာသိကဓုတင်ပျက်စီးပါသနည်း။

- အမိုး၊ အမိုးရှိသောကျောင်းသို့ဝင်ခြင်း၊ သစ်ပင်ရင်း၊ သစ်ပင်အောက်သို့ ဝင်ခြင်းရှိသော် အဗ္ဘောကာသိကဓုတင် ပျက်စီးပါ၏။

**၁၁။ သောသာနိကင်္ဂ**

အဘယ်သို့လျှင် သုသာနဓုတင်ဆောက်တည်ပါသနည်း။

- ယနေ့မှအစပြု၍ လူသေမြှုတ်နှံ သုသာန်မဟုတ်သော အရပ်ကို ပယ်ပါ၏၊ သုသာန်၌ နေလေ့ရှိသောရဟန်း၏အကြောင်း အင်္ဂါသမာဒါနစေတနာကို ဆောက်တည်ပါ၏၊ ဤသို့ဆောက်တည် ပါ၏။

သုသာန်ဓုတင်ဆောက်တည်ခြင်း၏ အကျိုးကားအဘယ်နည်း။

- မရဏသတိကိုရခြင်းသည်လည်းကောင်း၊
- ကုသိုလ်တရား၌ မမေ့မလျော့နေခြင်းလည်းကောင်း၊
- ကာမရာဂကို ပယ်နိုင်ခြင်းသည်လည်းကောင်း၊
- ဘီလူး(နတ်)တို့၏ အလေးအမြတ်ပြုခြင်း၊ စိတ်နှလုံးပွားစေခြင်း သည် လည်းကောင်း၊ ဤသို့သောအကျိုးများဖြစ်ကုန်၏။

အဘယ်ကြောင့် သုသာန်ဓုတင်ကို ဆောက်တည်ပါသနည်း။

- မရဏာနုဿတိဘာဝနာ အားကောင်းရန်အတွက် သုသာန် ဓုတင် ကို ဆောက်တည်ပါ၏။

အဘယ်အရပ်၌နေအပ်သနည်း။

- သူသေကောင်မပြတ်ဖုတ်သောနေရာ၊
- သူသေကောင်အပုပ် မပြတ်နံသောနေရာ၊
- နေ့စဉ်မပြတ် ငိုကြွေးသံရှိသောနေရာတို့၌ နေအပ်၊ ကျင့်အပ်သည်။

အဘယ်သို့ကျင့်အပ်ပါသနည်း။

- ဓုတင်ဆောက်တည်သောနေ့မှစ၍ သုသာန်သို့ နေ့စဉ်မပြတ် သွား ရမည်၊
- သုသာန်၌ သန်းကောင်ယာမ်ကုန်အောင်နေပြီး မိုးသောက်မှ ပြန်လာရမည်၊

- တဗွေ့, ဘီလူးတို့နှစ်သက်သောထမင်း,ငါး,အမဲ,နို့ရည်,တင်လဲတို့ကို စုတင်ဆောက်တည်နေစဉ် မသုံးဆောင်ရ၊
- ပြန်လာစဉ် တဗွေ့,သူရဲကပ်ပါလာတတ်၍ အိမ်ရွာမဝင်ရ၊ ကျောင်းသို့တန်ပြန်လာရမည်။

အဘယ်သို့ဆောက်တည်ခြင်းသည်ဖြစ်သနည်း။

- သုသာန်မဟုတ်သောအရပ်ကို ပယ်ပါ၏-ဟုဆောက်တည်သည်။

အဘယ်သို့လျှင် သုသာန်စုတင်၏ပျက်စီးခြင်းသည်ဖြစ်သနည်း။

- သုသာန်မဟုတ်သောအရပ်၌နေလျှင်၊ သုသာန်သို့ မသွားဘဲနေလျှင် စုတင်ပျက်၏။

**၁၂။ ယထာသန္တတိကင်္**

အဘယ်သို့ ယထာသန္တတိကစုတင်ကို ဆောက်တည်ပါသနည်း။

- ယနေ့ကိုအစပြု၍ ကျောင်းအိပ်ရာနေရာ၌ လျှပ်ပေါ်မက်မောသော တဏှာကိုပယ်ပါ၏၊
- ညွှန်ကြားချထားတိုင်းသော ကျောင်းအိပ်ရာနေရာ၌သာ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါသမာဒါနစေတနာကို ဆောက်တည်ပါ၏၊ ဤသို့ဆောက်တည်ပါ၏။

ယထာသန္တတိကစုတင်၏ အကျိုးကားအဘယ်ပါနည်း။

- ရသမျှနှင့်ရောင်ရဲလေ့ရှိသည်၊ ကောင်း, မကောင်းမကြံဆ၊ ချမ်းသာစွာနေ၏၊
- မြက်ခင်း၌သော်လည်း နှစ်ခြိုက်၏၊ နေရာကောင်းမမက်၊ နေရာညံ့၌ အမျက်မထွက်၊
- သီတင်းသုံးဖော်၏အကျိုးကို ပြည့်တတ်၏။

အဘယ်ကြောင့် ဆောက်တည်ခြင်းသည် ဖြစ်သနည်း။

- ရဟန်းသံဃာ၏ စိတ်ချမ်းသာမှုအကျိုးအတွက် ရဟန်းသံဃာက ချမှတ်ပေးသောနေရာ၌ မညည်းမညူ မငြင်းမခုန် နေခြင်းငှါ ဆောက်တည်ပါ၏။

အဘယ်သို့လျှင် ယထာသန္တတိကဓုတင်ပျက်စီးခြင်းသည် ဖြစ်သနည်း။

- ကျောင်းနေရာ၌ လျပ်ပေါ်လော်လီသောတဏှာဖြစ်ပေါ်ရာခဏ၌ ဤဓုတင်ပျက်စီး၏။

**၁၃။ နေသဇ္ဇိကင်္ဂ**

အဘယ်သို့ နေသဇ္ဇိကဓုတင်ဆောက်တည်သနည်း။

- ယနေ့ကိုအစပြု၍ လဲလျောင်းအိပ်ခြင်းကိုပယ်ပါ၏၊
- ထိုင်၍နေခြင်းရှိသော ရဟန်း၏ အင်္ဂြောင်းအင်္ဂါသမာဒါန စေတနာကို ဆောက်တည်ပါ၏၊ ဤသို့ဆောက်တည်ပါ၏။

နေသဇ္ဇိကဓုတင်၏အကျိုးကား အဘယ်နည်း။

- ဈာန်အထူးကိုရခြင်းသည် နေသဇ္ဇိကဓုတင်၏အကျိုးတည်း။

အဘယ်ကြောင့်ဆောက်တည်ခြင်းသည်ဖြစ်သနည်း။

- အိပ်ခြင်း၊ ထိုင်ခြင်း၊ မှိန်းခြင်း အာမိသချမ်းသာကို စွန့်လို၍လည်းကောင်း၊ မာရ်နတ်၏အလိုဆန္ဒကို ပျက်စေသောကြောင့် ဆောက်တည်ပါ၏။

အဘယ်သို့ပျက်စီးခြင်းသည်ဖြစ်သနည်း။

- အိပ်ခြင်းဣရိယာပုထ်ကိုပြုသောခဏ၌ ဤဓုတင်ပျက်စီး၏။

# ပကိဏ္ဏက ကထာ

အဘယ်မျှလောက်ကုန်သော ရဟန်းတို့သည် ကျင့်သုံးရာကာလ အပိုင်းအခြား ရှိကုန်သနည်း။

- ရုက္ခမူဓုတင်၊ အဗ္ဘောကာသိကဓုတင်၊ သုသာနိကဓုတင်- ဤဓုတင်သုံးမျိုးတို့သည် ဆောင်လေးလ, နွေလေးလအားဖြင့် (၈)လဟူသောကျင့်သုံးရာ ကာလအပိုင်း အခြား ရှိကုန်၏။

အဘယ်ပုဂ္ဂိုလ်သည်ကိလေသာတို့ကိုခါထွက်ဖျက်ဆီးတတ်သည်လည်းကောင်း၊ ဓုတင်တရားတို့ကို ဟောပြောတတ်သည်လည်းကောင်း ဖြစ်ပါသနည်း။

ဓုတင်အကျင့်နှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာတို့ကို ခါထွက်ဖျက်ဆီးသူ၊ ဓုတင်တရားတို့ကို ဟောပြောတတ်သူ ဖြစ်ပါ၏၊ ထိုမှ တပါး ဓုတင်အကျင့်ကိုဆောက်တည်ခြင်းနှင့် ပြည့်စုံသောရဟန္တာပုဂ္ဂိုလ်သည် ကိလေသာ တို့ကို ခါထွက်ဖျက်ဆီးပြီးသည်ဖြစ်ပါ၏၊

- ဓုတင်တရားတို့ကို ဟောပြောတတ်သည်ကား မဖြစ်၊
- ဓုတင်အကျင့်ကို ဆောက်တည်ခြင်းနှင့် ပြည့်စုံသောသေက္ခ (ကျင့်ဆဲ) ဖြစ်သော ပုဂ္ဂိုလ်သည်လည်းကောင်း၊
- ပုထုဇဉ်ဖြစ်သောပုဂ္ဂိုလ်သည်လည်းကောင်း၊ ကိလေသာတို့ကို ခါထွက် ဖျက်ဆီးတတ်သူသည်လည်း ဖြစ်၏၊ ဓုတင်တရားတို့ကို ဟောပြောတတ်သူလည်းဖြစ်၏။

- ဓုတင်တရားတို့ကို ဆောက်တည်ကျင့်သုံးခြင်းနှင့် မပြည့်စုံသော သေက္ခပုဂ္ဂိုလ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကိလေသာတို့ကို ခါထွက် ဖျက်ဆီးပြီးသည်မဖြစ်ပါ၊ ဓုတင်တရားတို့ကို ဟောပြောတတ်သည် လည်းမဖြစ်ပါ။

ဓုတင်တရားတို့သည် အဘယ်လက္ခဏာရှိကုန်သနည်း။

- အလိုနည်းခြင်းဟူသောမှတ်ကြောင်းလက္ခဏာရှိကုန်၏၊
- လျှပ်ပေါ်လော်လီသော တဏှာမရှိခြင်း-ဟူသော မှတ်ကြောင်း လက္ခဏာရှိ၏။

ဓုတင်တရားတို့သည် အဘယ်ရသရှိပါသနည်း။

- ရောင့်ရဲနိုင်ခြင်းဟူသောပြည့်စုံခြင်းရှိကုန်၏၊
- အပြစ်မရှိခြင်းဟူသောကိစ္စရှိကုန်၏။

အဘယ်ပစ္စုပဋ္ဌာန်ရှိကုန်သနည်း။

- ဤကုသိုလ်တရားဖြင့် အလိုရှိခြင်းအခြင်းအရာအားဖြင့် ယောဂီ တို့၏ဉာဏ်အား ရှေ့ရှုထင်လာကုန်၏၊
- ကုသိုလ်တရားတို့၏ မဆုတ်ယုတ်သောအခြင်းအရာအားဖြင့် ယောဂီတို့၏ ဉာဏ်အားရှေ့ရှု ထင်လာကုန်၏။

ဓုတင်၏ အစ, အလယ်, အဆုံးတို့သည် အဘယ်နည်း။

- ဆောက်တည်ခြင်းသည် အစဖြစ်ပါ၏၊
- ကျင့်သုံးမှီဝဲခြင်းသည် အလယ်ဖြစ်ပါ၏၊
  ဝမ်းမြောက်ခြင်းသည် အဆုံးဖြစ်ပါ၏၊

ဤတွင် ဓုတင်ပြီး၏၊ ပကိဏ္ဏကကထာပြီး၏၊ တတိယကစ္ဆအပြီးတည်း။

## စတုတ္ထပိုင်း
## သမာဓိကဏ္ဍ

၃၂။ သီလဓုတင်နှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် သန့်ရှင်းစင်ကြယ်သော အဖျတ္တသန္တာန်၌ သမာဓိ ဘာဝနာကို အားထုတ်အပ်၏။
သမာဓိဟူသည် အဘယ်နည်း။
- ကုသိုလ်စိတ်ရှိသောဧကဂ္ဂတာ(တည်ကြည်မှု)သည် သမာဓိမည်၏။
အဘယ်သို့ သမာဓိကိုဖြစ်စေအပ်ပါသနည်း။
- ဧကဂ္ဂတာ၏အစွမ်းအာနုဘော်ကြောင့်တစ်ခုတည်းသောအာရုံစိတ်, စေတသိက်တို့ကို ဖရိုဖရဲမဖြစ်အောင် ကောင်းစွာထားခြင်း၊ တည်ကြည်ခြင်းသည် သမာဓိကိုဖြစ်စေပါသည်။

ထိုသမာဓိ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်နည်း။
- မပျံ့လွင့်ခြင်း လက္ခဏာရှိ၏၊
- ပျံ့လွင့်ခြင်းကိုဖျက်ဆီးခြင်း အရသာကိစ္စရှိ၏၊
- မတုန်မလှုပ်သော တရားဟုရှုသူကို ဉာဏ်အားရှေ့ရှုတင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊
- ကိုယ်စိတ်ချမ်းသာသောသူ၏ စိတ်တည်ကြည်ခြင်း-ဟု ဗုဒ္ဓဟော သောကြောင့် ချမ်းသာခြင်းသည် သမာဓိ၏ နီးသောအကြောင်း ပဒဋ္ဌာန်ဖြစ်၏
အဘယ်ပုဂ္ဂိုလ်သည် အားထုတ်သနည်း။

- ဓုတင်အပိစ္ဆတာဂုဏ်တို့ဖြင့် သီလစင်ကြယ်ခြင်း၌တည်သော ရဟန်း ယောဂီသည် သမာဓိကိုအား ထုတ်အပ်၏။

ဈာန်, ဝိမောက္ခ,သမာဓိ,သမာပတ္တိတို့၏ အသီးသီး ကွဲပြားကြောင်းဖြစ်သော အထူးသည် အဘယ်နည်း။

- ပဌမဈာန်အစရှိသော လေးပါးသောဈာန်တို့သည် ဈာန်မည်၏၊
- အဇ္ဈတ္တရူပသညီ ဗဟိဒ္ဓါရူပါနိ ပဿတိ-အစရှိကုန်သော ရှစ်ပါး ကုန်သော ဝိမောက္ခတို့သည် ဝိမောက္ခမည်၏၊
- သဝိတက္က, သဝိစာရသမာဓိအစရှိကုန်သော သုံးပါးကုန်သော သမာဓိတို့သည် သမာဓိမည်၏၊
- ကိုးပါးကုန်သော အစဉ်အတိုင်းဝင်စားအပ်ကုန်သော ဝိဟာရ သမာတ်တို့သည် သမာပတ္တိမည်ကုန်၏။

ကျိုးဆက်ဂုဏ်အင်အာနိသင်တို့သည် အဘယ်မျှရှိသနည်း။

- ဒိဋ္ဌဓမ္မသုခဝိဟာရိက-အစရှိကုန်သော သမာဓိဘာဝနာ၊
- ဝိပဿနာ၏ချမ်းသာတို့ကို ပြုတတ်ကုန်သော လေးပါးသော သမာဓိဘာဝနာ၊
- ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ကုန်သောလေးပါးသော သမာဓိဘာဝနာ၊
- သုဂတိဘာဝနှင့်ပြည့်စုံခြင်း၊ ဤသည်တို့တည်း။

အဘယ်တရားတို့သည် သမာဓိ၏အန္တရာယ်ကို ပြုတတ်ကုန်သနည်း။

- ၁။ ကာမစ္ဆန္ဒနီဝရဏ
- ၂။ ဗျာပါဒနီဝရဏ

- ၃။ ထိနမိဒ္ဓနီဝရဏ
- ၄။ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ
- ၅။ ဝိစိကိစ္ဆာနီဝရဏ
- ၆။ အဝိဇ္ဇာနီဝရဏ
- ၇။ ပီတိသုခမှ ကင်းခြင်း
- ၈။ အလုံးစုံကုန်သောယုတ်ညံ့ကုန်သောအကုသိုလ်တရား
- ဤသို့ (၈)ပါးကုန်သော တရားတို့သည် သမာဓိ၏ အန္တရာယ်မည်ကုန်၏။

အဘယ်တရားတို့သည် သမာဓိ၏အကြောင်းတို့ ဖြစ်ကုန်သနည်း။ သမာဓိ၏အကြောင်းဖြစ်ကုန်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

- ၁။ ဈာန်မဂ်ဖိုလ်ရကြောင်းအားကြီးသောကောင်းမှုရှိခြင်း
- ၂။ ရှင်ရဟန်းအဖြစ်
- ၃။ နီဝရဏတရားတို့ကိုပယ်နိုင်ခြင်း
- ၄။ အဒေါသ, အနဘိဇ္ဈာ (ဒေါသ အဘိဇ္ဈာ မပြစ်မရှိခြင်း)
- ၅။ အဝိက္ခေပ
- ၆။ စိတ်ကို လွန်စွာဝမ်းမြောက်စေတတ်ကုန်သော ခပ်သိမ်းသော ကုသိုလ် တရား
- ၇။ မေ္ဘဉာဏ်ကို ဖြစ်စေတတ်ကုန်သော ခပ်သိမ်းသော ကုသိုလ်တရား
- ဤ(၈)ပါးသောတရားတို့ ဖြစ်ပါ၏။

သမာဓိ၏ အဆောက်အဦးဖြစ်ကုန်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

၁။ များသောအပြားရှိသောသီလ၊

၂။ ထင်ရှားသောပစ္စည်းဝတ္ထုဖြင့်သာ ရောင့်ရဲလွယ်ခြင်း၊

၃။ မျက်စိ စသောဣန္ဒြေတို့၌ လုံခြုံစေအပ်၊ စောင့်ရှောက်အပ်သော တံခါးရှိခြင်း၊

၄။ ဘောဇဉ်၌ ရှာမှီခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်း၊ စွန့်ခြင်းတို့၌ အတိုင်းအရှည်ကိုသိလေ့ရှိခြင်း၊

၅။ ညဥ့်တွင် ပဌမယာမ်,မဇ္ဈိမယာမ်တို့၌ ငိုက်မျည်းခြင်းမရှိခြင်း၊

၆။ အမြဲသတိသမ္ပဇဉ်ရှိခြင်း၊

၇။ ဝိဝေကသုံးပါးတို့ဖြင့် ကိလေသာမှ ကင်းဆိတ်စွာနေခြင်း၊

ဤသို့ (၇)ပါးအပြားရှိကုန်၏။

သမာဓိသည် အဘယ်မျှအပြားရှိသနည်း။

- အရိယာဖိုလ်ကြောင့် ကောင်းစွာရအပ်သော လောကုတ္တရာသမာဓိ၊
- လောကုတ္တရာသမာဓိမှကြွင်းသော လောကီသမာဓိ၊ ဤသို့ (၂)ပါး အပြားရှိ၏။

လောကီဖြစ်သောဤသမာဓိသည် ---

- အာသဝေါတရားတို့၏ အာရုံဖြစ်၏၊
- သံယောဇဉ်တရားတို့၏ အာရုံဖြစ်၏၊
- ဂန္ထတရားတို့၏ အာရုံဖြစ်၏၊
- ကိလေသာတရားတို့၏ အာရုံဖြစ်၏။

- လောကုတ္တရာသမာဓိသည် ဆိုအပ်ပြီးသောလောကီသမာဓိမှ အပြန်ဖြစ်၏။

၁။အကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာသည်လည်းကောင်း၊ ပယ်အပ်, ပယ်သင့်, ပယ်ထိုက်သော သမာဓိသည်လည်းကောင်း မိစ္ဆာသမာဓိ မည်၏။

၂။ ကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာသည်လည်းကောင်း၊ ပွားများအပ်, ပွားများသင့်, ပွားများ ထိုက်သော သမာဓိသည်လည်းကောင်း သမ္မာသမာဓိမည်၏။

၁။ ရှေ့အဖို့၌ဖြစ်သောသမာဓိသည် ဥပစာရသမာဓိမည်၏။

၂။ ဂေါတြဘု၏ အခြားမဲ့၌ဖြစ်သော သမာဓိသည် အပ္ပနာသမာဓိ မည်၏။ ဤသို့ (၂)ပါးစီအပြားရှိ၏။

အဘယ်သို့ သုံးပါးအပြားရှိသည်ဖြစ်သနည်း။

- ပထမဈာန်သမာဓိသည် သဝိတက္ကသဝိစာရ သမာဓိမည်၏၊
- ဒုတိယဈာန်သမာဓိသည် အဝိတက္ကပဝိတ္တဝိစာရသမာဓိမည်၏၊
- ပထမဈာန် ဒုတိယဈာန်တို့မှ ကြွင်းကျန်သော ဈာန်သမာဓိတို့သည် အဝိတက္ကအဝိစာရ သမာဓိတို့မည်၏၊
- ပထမဈာန်သမာဓိသည်လည်းကောင်း၊ ဒုတိယဈာန်သမာဓိသည်လည်းကောင်း ပီတိသဟုဂ္ဂုတ္တ သမာဓိ မည်၏၊
- တတိယဈာန်သမာဓိသည် သုခသဟုဂ္ဂုတ္တသမာဓိမည်၏၊
- စတုတ္ထဈာန်သမာဓိသည် ဥပေက္ခာသဟုဂ္ဂုတ္တသမာဓိမည်၏၊

၁။ သေက္ခပုဂ္ဂိုလ်သည်လည်းကောင်း၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဖြစ်စေအပ်၊ ပွားများအပ်ကုန်သော၊ ကုသိုလ်အရိယာမဂ်ဖြစ်ကုန်သော ရူပါဝစရ အရူပါဝစရသမာဓိလည်းကောင်း၊

၂။ သေက္ခပုဂ္ဂိုလ်သည်လည်းကောင်း၊ ပုထုဇဉ်သည်လည်းကောင်း၊ ဖြစ်စေအပ်ကုန်သော ရူပဓာတ်-အရူပဓာတ်၌ဖြစ်သော သမာဓိဝိပါက် လည်းကောင်း အရိယာဖိုလ်လည်းကောင်း၊

၃။ ရဟန္တာပုဂ္ဂိုလ်သည်ဝင်စားအပ်သောကိရိယာဖြစ်သော ရူပါဝစရသမာဓိအရူပါဝစရသမာဓိလည်းကောင်း၊ ဤသို့ သုံးပါးအပြားရှိ၏။

၁။ ထိုထိုကုသိုလ်စိတ်ဖြင့် လေ့ကျက်အပ်သော ကောင်းစွာရောက်အပ်သော အကျင့်ဟုဆိုအပ်သော ကာမာဝစရသမာဓိသည်လည်းကောင်း၊

၂။ လေးပါးကုန်သော ဈာန်စိတ်ဖြစ်ကုန်သော ရူပါဝစရသမာဓိလည်းကောင်း ၊ လေးပါးကုန်သော အရူပါဝစရ သမာဓိသည်လည်းကောင်း၊ ကုသိုလ်ကံ၏အကျိုးနှင့်ယှဉ်သော သမာဓိတို့လည်း ကောင်း၊

၃။ ဝဋ္ဋဆင်းရဲ၌ အကျုံးမဝင်သော လေးပါးသောမဂ်နှင့်ယှဉ်သော သမာဓိလည်းကောင်း၊ လေးပါးသော မဂ်နှင့်ယှဉ်သော သမာဓိလည်းကောင်း၊

၄။ ချမ်းသာလွယ်ကူသော အကျင့်ရှိသောဒန္ဓာဘိညာ သမာဓိလည်းကောင်း၊ ချမ်းသာလွယ်ကူသော အကျင့်ရှိသော ခိပ္ပါဘိညာသမာဓိလည်းကောင်း၊ ဤသို့လေးပါးအပြားရှိ၏။

၁။ ပရိတ္တတရားလျှင်အာရုံရှိသော ပရိတ္တသမာဓိလည်းကောင်း၊

၂။ အပ္ပမာဏတရားလျှင်အာရုံရှိသော ပရိတ္တသမာဓိလည်းကောင်း၊

၃။ ပရိတ္တတရားလျှင်အာရုံရှိသော အပ္ပမာဏသမာဓိလည်းကောင်း၊

၄။ အပ္ပမာဏတရားလျှင်အာရုံရှိသော အပ္ပမာဏသမာဓိလည်းကောင်း၊ ဤသို့ ဆန္ဒသမာဓိ,ဝီရိယ သမာဓိ, စိတ္တသမာဓိ, ဝီမံသသမာဓိတို့၏ အပြားအား ဖြင့် လေးပါးအပြားရှိ၏။

၃၅။ ဘုရားရှင်တို့သည်သာ ကောင်းစွာရအပ်သော၊ သာဝကတို့သည် မရနိုင်သော မဟာကရုဏာ သမာဓိသည်လည်းကောင်း၊ ယမကပါဋိဟာရိယ သမာဓိလည်းကောင်း၊ ဤသို့သဘောရှိသော သမာဓိသည်ရှိ၏။ သာဝကတို့သည်သာ ရအပ်သော၊ ဘုရားရှင်တို့မရအပ်သော သေခဖလသမာဓိသည်ရှိ၏။ သာဝကနှင့်ဘုရားရှင်တို့ရအပ်သော၊ ကိုးပါးသောအစဉ်အတိုင်း ဝင်စားအပ်သော အနုပုဗ္ဗဝိဟာရ သမာပါတ် သမာဓိလည်းကောင်း၊ အသေခသမာဓိလည်းကောင်း၊ ဤသို့သော သမာဓိသည်လည်းရှိ၏။ ဘုရားရှင်နှင့် သာဝကတို့ရအပ်သော အသညီသမာဓိသည်ရှိ၏။ ဖြစ်ခြင်းငှါ၊ မချုပ်ခြင်းငှါ ကာမာဝစရ ဘုံ၌ ကုသိုလ်ဖြစ်သော သမာဓိ သည်လည်းရှိ၏။ချုပ်ခြင်းငှါ၊ မဖြစ်စေခြင်းငှါ စတုအရိယာမဂ္ဂသမာဓိဟူသော သမာဓိသည်ရှိ၏။ ဖြစ်စေခြင်းငှါလည်းကောင်း၊ ချုပ်စေခြင်းငှါလည်းကောင်း သေခပုထုဇဉ်တို့၏ ရူပါဝစရကုသိုလ် သမာဓိ၊ အရူပါဝစရကုသိုလ် သမာဓိသည်ရှိ၏၊ မဖြစ်စေခြင်းငှါ လည်းကောင်း၊ မချုပ်စေခြင်းငှါလည်းကောင်း၊ ကိရိယာ သမာဓိသည်လည်းကောင်း၊ ဤသို့သော သမာဓိသည်ရှိ၏။ ပထမဈာန်သမာဓိ၊ ဒုတိယဈာန်သမာဓိ၊ တတိယဈာန် သမာဓိ၊ စတုတ္ထဈာန်သမာဓိ၊ ဤသို့လေးပါးအပြားရှိ၏။

၃၆။ ပထမဈာန်၏အစွမ်းအားဖြင့် အင်္ဂါငါးပါးရှိသောသမာဓိသည် ငါးပါး အပြားရှိ၏။

၁။ ပဥ္စင်္ဂိကသမ္မာသမာဓိသည် ပထမဈာန်၌လည်းကောင်း၊ ဒုတိယဈာန်၌ လည်းကောင်း၊ ပီတိပျံ့နှံ့ခြင်းကြောင့်ဖြစ်သော သမာဓိလည်းကောင်း၊

၂။ ပထမဈာန်၊ ဒုတိယဈာန်မှတစ်ပါး သုံးပါးကုန်သော တတိယဈာန်၊ စတုတ္ထဈာန်၊ပဥ္စမဈာန်တို့၌ သုခ၏ပျံ့နှံ့ခြင်းကြောင့် ဖြစ်သောသမာဓိ လည်းကောင်း၊

၃။ ပရစိတ္တဝိဇာနနအဘိညာဉ်၌ စိတ်၏ပျံ့နှံ့ခြင်းဖြစ်သော သမာဓိ လည်းကောင်း၊

၄။ ဒိဗ္ဗစက္ခုအဘိညာဉ်၌ အရောင်အလင်း ပျံ့နှံ့ခြင်းကြောင့်ဖြစ်သော သမာဓိ လည်းကောင်း၊

၅။ ထိုထိုသမာဓိမှထသော ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဉာဏ်ဟု ဆိုအပ်သော ပစ္စဝေက္ခဏသညာနှင့်တကွဖြစ်သော သမာဓိလည်းကောင်း၊

ဤသို့ငါးပါး အပြားရှိ၏။

ဤသမာဓိသည် ပစ္စုပ္ပန်ဘဝ၌ချမ်းသာသောအကျိုးရှိ၏၊ နောင်အခါ၌ လည်းချမ်းသာသော အကျိုးရှိသည် ဖြစ်၏၊ ဤသို့အသီးအခြားသာလျှင် သိတတ်သော ဉာဏ်သည်ဖြစ်၏၊ ဤသမာဓိသည် မြတ်၏၊ ကိလေသာ ဟူသော အာမိသမရှိ၊ ဤသို့ ဉာဏ်သည်ဖြစ်၏။

ဤသမာဓိကို တိဟိတ်ပဋိသန်ဉာဏ်ပညာရှိကုန်သော ယောကျာ်းမြတ်တို့သည် မှီဝဲအပ်၏၊ အဖန်ဖန်မှီဝဲအပ်၏၊ ဤသို့ ဉာဏ်သည် ဖြစ်၏၊ ဤသမာဓိသည် ငြိမ်သက်၏၊ မွန်မြတ်၏၊ ကိလေသာ ဟူသော အပူမလိမ်း၊ ငြိမ်းအေး၏၊ ရအပ်၏၊ မြတ်သည်ဖြစ်၍ ဖြစ်သောသမာဓိကြောင့် ရအပ်၏၊ ဤသို့ဉာဏ်သည် ဖြစ်၏။ ဤသမာဓိကို အောက်မေ့နိုင်ဘိ သတိ ရှိသည်သာလျှင်ဖြစ်၍ ဝင်စား၏၊ ဤသို့ ဉာဏ်သည်ဖြစ်၏၊ ဤသမာဓိမှ သတိရှိလျက်သာလျှင် ဖြစ်၍ထတတ်၏၊ ဤသို့မျက်မှောက်၌သာလျှင် ဉာဏ် သည်ဖြစ်၏၊ ဤသို့လျှင် အင်္ဂါငါးပါးရှိသောသမာဓိ သည်ဖြစ်၏။

# ပဥ္စမပိုင်း
# ကလျာဏမိတ္တပရိယေသန

၃၇။ သမာဓိကိုပွားခြင်းငှါအလိုရှိသော အစလက်ဦးပွားများခြင်း အမှုရှိသောပုဂ္ဂိုလ်သည် ထိုဆိုလတံ့သော ကလျာဏမိတ္တဖြစ်သော ဆရာကို ရှာမှီးအပ်၏။

မြင့်မြတ်သောကလျာဏမိတ္တဆရာသည် အဘယ်ပုဂ္ဂိုလ်နည်း။

- ဓမ္မဝိနယဥ္စလိမ္မာ၏၊ ကောင်းမှုကုသိုလ် ဈာန်အဘိညာဉ်တို့၌လည်းကောင်း၊ အရိယာသစ္စာ တို့၌လည်းကောင်း၊ ကျွမ်းကျင်လိမ္မာ၏၊ အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံ၏၊
- ကမ္မဋ္ဌာန်ကိုပေးတတ်သော မိတ်ဆွေကောင်းဖြစ်သော ဆရာသည် သီလလေးအင် ဖြူစင်သည်ဖြစ်၍ ချစ်ခင်အပ်သည်လည်းကောင်း၊ ကျောက်ထီးတန္လျှ အလေးပြုအပ်သည် လည်းကောင်း၊ ဘာဝနိယ ဂုဏ်ကျေးဇူးကြောင့် ချီးကျူးအပ်သည်လည်းကောင်း၊(ဝါ) မေတ္တာစိတ်ဓာတ်ပွားစေအပ်သည်လည်းကောင်း၊ အပြစ်ဖော်ပြ သူတစ်ပါးကိုဆုံးမတတ်သည်လည်းကောင်း၊ မဟုတ်တရား သူတစ်ပါး ဆိုလာသည်ကို သည်းခံနိုင်သည်လည်းကောင်း၊ သစ္စာလေးပါးပဋိစ္စသမုပ္ပါဒ်စသည် နက်နဲခက်ခဲသောစကားကို ဟောပြောသမှု ပြုတတ်သည်.

လည်းကောင်း၊ မလျော်မလျောက်သောအရာ၌ (ဝါ) မလျော် မလျောက်ပတ်သော အမှုကိစ္စလုပ်ငန်း၌ မတိုက်တွန်းသည် လည်းကောင်း ဖြစ်၏။

အဘယ်သို့ရှာမှီးအပ်သနည်း။

- ထကြွလုံ့လဝီရိယရှိခြင်း၊ ဆည်းကပ်ခစားခြင်း၊ ဆုံးမစကားကို လေးလေးစားစားနားထောင်ခြင်း၊ ပြုစုလုပ်ကျွေးခြင်း အစရှိသော ကျင့်ဝတ်တို့ဖြင့် ရှာမှီးသင့်၊ ရှာမှီးထိုက်၊ ရှာမှီးအပ်၏။
-

ပဌမကဏ္ဍပြီး၏

# ဆဋ္ဌမပိုင်း
# စရိယဝိဘာဂေါ

၃၈။ ထိုကလျာဏမိတ္တပရိယေသနဥ်ဆိုအပ်ပြီးသော ကလျာဏမိတ္တအင်္ဂါတို့နှင့် ပြည့်စုံလုံလောက်သော၊ ကမ္မဋ္ဌာန်းအားထုတ်နည်းကို ပေးတတ်သော၊ ကျနပ်ပြင်သွန်သင်ပေးတတ်သော ဆရာမြတ်သည် အနီးနေတပည့်တို့အား စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကိုသင်ယူစေရမည်၊ ဤသို့မိန့်ဆိုအပ်သည် အဖြစ်ကြောင့် ဤဆဋ္ဌမပိုင်း၌ စရိုက်ရှိသူတို့ကို ထင်စွာပြခြင်းကို ပြအပ်၊ ပြသင့်၊ ပြထိုက်၏။

စရိုက်ရှိသူတို့သည် -----------

၁။ ရာဂစရိုက်ရှိသူ

၂။ ဒေါသစရိုက်ရှိသူ

၃။ မောဟစရိုက်ရှိသူ

၄။ သဒ္ဓါစရိုက်ရှိသူ

၅။ ဗုဒ္ဓိ (ပညာ)စရိုက်ရှိသူ

၆။ ဝိတက်စရိုက်ရှိသူ

၇။ ရာဂစရိုက်-ဒေါသစရိုက်ရှိသူ

၈။ ရာဂစရိုက်-မောဟစရိုက်ရှိသူ

၉။ ဒေါသစရိုက်-မောဟစရိုက်ရှိသူ

၁၀။ ရာဂ-ဒေါသ-မောဟ ညီမျှသောအဖို့အစုရှိသောစရိုက်ရှိသူ

၁၁။ သဒ္ဓါစရိုက်-ဗုဒ္ဓိစရိုက်ရှိသူ

၁၂။ သဒ္ဓါစရိုက်-ဝိတက်စရိုက်ရှိသူ
၁၃။ ဗုဒ္ဓိစရိုက်-ဝိတက်စရိုက်ရှိသူ
၁၄။ သဒ္ဓါ-ဗုဒ္ဓိ-ဝိတက် ညီမျှသောအဖို့အစုရှိသောစရိုက်ရှိသူ -
ဤသို့ခွဲခြားသရုပ်အားဖြင့် (၁၄)မျိုးတို့ ရှိကုန်၏။
၃၉။ တစ်နည်းကား = ဆိုအပ်ပြီးသောစရိုက်ရှိသူတို့မှတစ်ပါးလည်း ဖြစ်ကုန်သော တဏှာဒိဋ္ဌိ မာန-အစရှိကုန်သော သုံးပါးကုန်သော စရိုက်ရှိသူ တို့သည်လည်းရှိကုန်သေးသည်သာ။

- ရာဂစရိုက်ရှိသူ၊ ဒေါသစရိုက်ရှိသူ၊ မောဟစရိုက်ရှိသူတို့သည် ဤသို့ မူလကိလေသာ၏ အစွမ်းအားဖြင့် (၃)ပါးသော စရိုက်ရှိသူ တို့သည် ဖြစ်ကုန်၏၊

သုံးပါးသော ဤမူလကိလေသာစရိုက်ရှိသူတို့သည် အဘယ်တရားလျှင် အကြောင်းရင်းရှိကုန်သနည်း။

- ရှေးဘဝ၌ပြုအပ်သောအလေ့အကျင့်ရှိခြင်း-ဟူသော အကြောင်း ရင်းရှိကုန်၏၊ အမိပွါယ်ကိုကျယ်စွာပြဦးအံ့ -------- ရှေးဘဝ၌ ဣဋ္ဌာရုံကို အားထုတ်မှု၊ တင့်တယ်လျောက်ပတ်သောအမှုကို ပြုလုပ်မှုများသောသူသည် ရာဂစရိုက်ရှိသူ ဖြစ်၏၊
- ပထဝီအစရှိသော ဓာတ်တို့လွန်ကဲခြင်းလျှင် အကြောင်းရှိကုန် သည်၊ သည်းခြေအစရှိကုန်သော အပြစ်တို့လွန်ကဲခြင်းလျှင် အကြောင်းရှိကုန်သည်ဖြစ်ကုန်၏၊ ဤကား အဖြေတည်း။
- သလိပ်ဓာတ်လွန်ကဲသော ပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိ၏၊
- သည်းခြေဓာတ်လွန်ကဲသော ပုဂ္ဂိုလ်သည် ဒေါသစရိုက်ရှိ၏၊

- လေဓာတ်လွန်ကဲသောပုဂ္ဂိုလ်သည် မောဟစရိုက်ရှိ၏၊ တစ်နည်းကား - သလိပ်ဓာတ် လွန်ကဲသော ပုဂ္ဂိုလ်သည် မောဟစရိုက်ရှိ၏၊ လေဓာတ်လွန်ကဲသောပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိ၏၊ ဤသို့မှတ်အပ်၏။

၄၀။ အဘယ်ပုံ - အဘယ်သို့သောအခြင်းအရာအားဖြင့် ဤပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိသူပေတည်း၊ ဤပုဂ္ဂိုလ်သည် ဒေါသစရိုက်ရှိသူပေတည်း၊ ဤပုဂ္ဂိုလ်သည် မောဟစရိုက်ရှိသူပေတည်း၊ ဤသို့သိအပ်၊ သိသင့်၊ သိထိုက်သနည်း-ဤကားအမေးတည်း။

- ရူပါရုံကိုကြည့်ရှုခြင်း-အစရှိသောအားဖြင့်လည်းကောင်း၊
- မာယာ-သာဌေယျ-စသည် များလှစွာတို့၏ ဖြစ်ခြင်းဟူသော ကိလေသာအားဖြင့်လည်းကောင်း၊
- သွားခြင်းအားဖြင့်လည်းကောင်း၊
- သက်ိန်းရုံပုံအားဖြင့်လည်းကောင်း၊
- အမှတ်မထင် အစားအစာဘောဇဉ်အားဖြင့်လည်းကောင်း၊
- တံမြက်လှည်းခြင်းအစရှိသောအမှုလုပ်ငန်းအားဖြင့်လည်းကောင်း၊
- အိပ်၊လျောင်းခြင်းအစရှိသော ဣရိယာပုတ်အားဖြင့်လည်းကောင်း၊ ဤသို့ ခွဲခြားသရုပ်အားဖြင့် (၇)ပါး အခြင်းအရာ အားဖြင့်သိအပ်၏၊ ဤကားအဖြေတည်း။ အဘယ်ပုံ-အဘယ်သို့သော အခြင်းအရာအားဖြင့် သင်္ကန်းကို ရုံသနည်း၊ ဘောဇဉ်ကို စားသနည်း၊ အဘယ်သို့ ထိုယောဂီရဟန်း၏ ကျောင်းအိပ်ရာ၊နေရာသည်၊ ဆွမ်းခံရွာသို့ဝင်ခြင်းသည်၊ ဣရိယာပုတ်သည်၊ သင်္ကန်း ကိုင်ယူခြင်း

သည်၊ သက်န်းဝတ်ခြင်း၊ ကောသီရုံခြင်းသည်၊ ရုပ်ပါရုံကိုကြည့်ရှုခြင်းသည်၊ ယာဂုဆွမ်း ခဲဘွယ်-အစရှိကုန်သော အစားအစာဘောဇဉ်တို့သည် ဖြစ်ကုန်သနည်း။

- ဆွမ်းခံရာလမ်း ဆွမ်းခံရွာသည် ဂေါစရမည်၏၊ ရာဂစရိုက်ရှိသူသည် ရှေး၌ဖြစ်သော အရပ်မျက်နှာသို့၊ တစ်နည်း-ရှေ့တည့်တည့် ဖြစ်သောဆွမ်းခံရွာသို့ သွားတတ်၏၊
- ဒေါသစရိုက်ရှိသူသည် နောက်ဖက်ဖြစ်သော အရပ်သို့၊ တစ်နည်း-နောက်ဖက်ရှိသော ဆွမ်းခံရွာ သို့သွားတတ်၏၊
- မောဟစရိုက်ရှိသူသည် မျက်နှာမူရာအရပ်၌ရှိသော ရွာသို့ သွားတတ်၏
- ဣရိယာပထဟူသည်ကား ရာဂစရိုက်ရှိသူသည် ကျေးကျွန်ကဲ့သို့ဖြစ်၏၊ ဒေါသစရိုက်ရှိသူသည် အကြီးအကဲကဲ့သို့ဖြစ်၏၊ မောဟစရိုက်ရှိသူသည် အဆိပ်ကဲ့သို့ (ဝါ) အဆိပ်ရှိသော သတ္တဝါကဲ့သို့ဖြစ်၏။

-

စရိယဝိဘာဂပြီး၏။

# သတ္တမပိုင်း
## ကမ္မဋ္ဌာန်း (၃၈)မျိုး

၄၁။ ဝိပဿနာရှုနည်းနိဿယည်း၌ သိပ်သည်းကျန သင်ပြတတ်သော ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်သည် စရိုက်အနေအထားကို သိအပ်ပြီးသော မိမိ၏ အနီးနေတပည့်ကို (၃၈)ပါးသော အာရုံဖြစ်ကုန်သော ကမ္မဋ္ဌာန်းတို့ကို အဝါး ဝစွာ လေ့လာအပ်သည်တို့ကို ပြုစေအပ်ကုန်၏၊ ထိုအနီးနေတပည့်၏ စရိုက် အားလျော်သည်၏၊ အစွမ်းအားဖြင့် နှလုံးသွင်းမှုနှင့်ဆက်စပ်နေသော နှစ်ပါး အပြားရှိသော ဝိညာဏကမ္မဋ္ဌာန်းတို့ကိုလည်း သင်ယူစေအပ်ကုန်၏။

(၃၈)ပါးသောကမ္မဋ္ဌာန်းတို့ဟူကုန်သည် အဘယ်သည်တို့နည်း။

ကသိုဏ်းတို့သည် ----

၁။ ပထဝီကသိုဏ်း

၂။ အာပေါကသိုဏ်း

၃။ တေဇောကသိုဏ်း

၄။ ဝါယောကသိုဏ်း

၅။ နီလကသိုဏ်း

၆။ ပီတကသိုဏ်း

၇။ လောဟိတကသိုဏ်း

၈။ ဩဒါတကသိုဏ်း

၉။ အာကာသမာဓာနကသိုဏ်း

၁၀။ ဝိညာဏာယတနကသိုဏ်း - ဤဆယ်ပါးတို့သည်ဖြစ်ကုန်၏။

၄၂။ အသုဘကမ္မဋ္ဌာန်းတို့သည် -----
၁။ ဥဒ္ဓုမာတကအသုဘ
၂။ ဝိနီလတအသုဘ
၃။ ဝိပုဗ္ဗကအသုဘ
၄။ ဝိစ္ဆိဒ္ဒကအသုဘ
၅။ ဝိက္ခာယိတကအသုဘ
၆။ ဝိက္ခိတ္တကအသုဘ
၇။ ဟတဝိက္ခိတ္တကအသုဘ
၈။ လောဟိတကအသုဘ
၉။ ပုဠုဝကအသုဘ
၁၀။ အဋ္ဌိကအသုဘ - ဤသို့ဆယ်ပါးအပြားရှိ၏။
၄၃။ အနုဿတိတို့သည် ------
၁။ ဗုဒ္ဓါနုဿတိ
၂။ ဓမ္မာနုဿတိ
၃။ သံဃာနုဿတိ
၄။ သီလာနုဿတိ
၅။ စာဂါနုဿတိ
၆။ ဒေဝတာနုဿတိ
၇။ ကာယဂတာသတိ
၈။ မရဏာဿတိ
၉။ အာနာပါနဿတိ

၁၀။ ဥပသမာနုဿတိ - ဤသို့ဆယ်ပါးအပြားရှိ၏။
အပ္ပမညာစိတ်တို့သည် ------
၁။ မေတ္တာ
၂။ ကရုဏာ
၃။ မုဒိတာ
၄။ ဥပေက္ခာ - ဤသို့လေးပါးအပြားရှိ၏။
- ပထဝီ အာပေါ တေဇော ဝါယော-ဟူသော ဓာတ်လေးပါးတို့ကို ပိုင်းခြားမှတ်သားခြင်းသည်ဖြစ်၏၊
- စားမျိုအပ်သော အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ်သည်ဖြစ်၏၊
- အာကိဉ္စာယတန၊ နေဝသညာနာသညာယတနတို့တည်း။

၄၄။ ကမ္မဋ္ဌာန်းကို သိပြီးသော၊ အစဦး ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် အလုံးစုံအားထုတ်မှုတို့မှ ရှေးဦးစွာ (၃၈)ပါး အပြားရှိကုန်သော ဤအာရုံတို့၌၊ လေးဆယ်အပြားရှိကုန်သော ဤကမ္မဋ္ဌာန်းတို့၌၊ (၉)ပါးသော အခြင်းအရာတို့ဖြင့် အဝါးဝစွာကျွမ်းကျင် လိမ္မာစွာလေ့လာအပ်သည်ကိုပြုအပ်သင့်သည်။

အဘယ် (၉)ပါးသောအခြင်းအရာတို့ဖြင့် ကျွမ်းကျင်လိမ္မာစွာပြုအပ်ပါသနည်း။
- ၃၈-ပါးသချာအားဖြင့် အကျဉ်းပြုအပ်သော ကမ္မဋ္ဌာန်းတို့၏ အကျယ်အားဖြင့်လည်းကောင်း၊
- ဥပစာရဈာန်၊ အပ္ပနာ ဈာန်သို့ဆောင်ခြင်းအားဖြင့်လည်းကောင်း၊

- ရနိုင်သောရျာန်အပြားအားဖြင့်လည်းကောင်း၊(စတုက္ကရျာန်၊ပဉ္စက ရျာန်အားဖြင့်လည်းကောင်း) ၊
- လွန်မြောက်ခြင်း အင်္ဂသမတိက္ကမ၊ အာရမ္မဏသမတိက္ကမ အားဖြင့် လည်းကောင်း၊

(ရူပသမတိက္ကမ၊ အာရမ္မဏသမတိက္ကမ၊ သညာဝေဒနာသမတိက္ကမ အားဖြင့်လည်းကောင်း၊)

- တိုးပွားစေအပ်သော ကမ္မဋ္ဌာန်း၊ မတိုးပွားစေအပ်သော ကမ္မဋ္ဌာန်း အားဖြင့်လည်းကောင်း၊
- ကမ္မဋ္ဌာန်းတို့၏ အကြောင်းအားဖြင့်လည်းကောင်း၊
- ပဋိဘာဂနိမိတ်အစရှိသောအာရုံအားဖြင့်လည်းကောင်း၊(ပဋိဘာဂ နိမိတ်ဟူသောအာရုံရှိကုန်၏ဟူ၍လည်းကောင်း)၊
- သဘာဝဓမ္မဟူသောအာရုံရှိကုန်သည်ဟူ၍လည်းကောင်း၊ (တိတိကျကျမဆိုအပ်သောအာရုံ ရှိကုန်၏)၊
- အထူးအားဖြင့် အတ္တ,ဇီဝမှကင်းဆိတ်သောအားဖြင့်လည်းကောင်း၊
- ဖြစ်ရာဘုံအားဖြင့်လည်းကောင်း၊
- ဒိဋ္ဌ-မုဋ္ဌ-သုတဟူသော ယူခြင်းအားဖြင့်လည်းကောင်း၊ ဤသို့ (၉)ပါးသောအခြင်းအရာတို့ဖြင့် ကျမ်းကျင်စွာပြုအပ်သည်ကို ပြုအပ်၏။
-

ဤတွင်သတ္တမကဏ္ဍပြီး။

# အဋ္ဌမပိုင်း
# ပထမဘာဂ-ပထဝီကသိဏ

ပဌမဈာန
၄၅။ ထိုပထဝီကသိုဏ်းစီးဖြန်းပွားများပုံကို ဤသို့သိအပ်၏။
ထိုပထဝီကသိုဏ်း၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့သည် အဘယ်နည်း။

- ပထဝီသည် တစ်စုံတစ်ခုသောဝတ္ထုဖြင့် ပြုပြင်ထားခြင်းမရှိသော အကတပထဝီလည်းကောင်း၊
- တစ်စုံတစ်ခုသောဝတ္ထုဖြင့်ပြုပြင်အပ်သော ကတပထဝီလည်းကောင်း၊ ဤနှစ်ပါးတို့သည် ဖြစ်ကုန်၏။
- ထိုနှစ်ပါးသောပထဝီတို့တွင် အကတပထဝီကို မယူအပ်၊ မယူသင့်၊ မယူထိုက်၊ အဘယ်ကြောင်းမယူသင့် သနည်း။
- ထိုအကတပထဝီရှုယောဂီပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ကို မရနိုင် သောကြောင့်မယူထိုက်။

ကတပထဝီသည် အဆင်းအရောင်အစွမ်းအားဖြင့် -----

- ဖြူသောအဆင်းရှိသော ကတပထဝီလည်းကောင်း၊
- မည်းနက်သောအဆင်းရှိသော ကတပထဝီလည်းကောင်း၊
- နီမြန်းသောအဆင်းရှိသော ကတပထဝီလည်းကောင်း၊
- အရုဏ်အဆင်းရှိသော ကတပထဝီလည်းကောင်း၊
- ဤသို့ လေးမျိုးအပြားရှိ၏။

ထိုလေးမျိုးသော ကတပထဝီတို့တွင် အရုဏ်အဆင်းရှိသော ကတပထဝီကိုသာလျှင် ယူအပ်,ယူသင့်,ယူထိုက်၏၊ အဘယ်ကြောင့် ယူအပ်သနည်း။

ထိုအရုဏ်အဆင်းရှိသော ကတပထဝီ၌ပြုအပ်ပြီးသော အလေ့အကျင့်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် လျင်မြန်စွာ ပဋိဘာဂနိမိတ်ကိုရနိုင်၏၊ ထို့ကြောင့် ကတပထဝီကိုသာယူအပ်၏။

ထိုမှ နောက်ပြုအပ်ပြီးသော အလေ့အကျင့်မရှိသော အစလက်ဦး ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုရှိသော ယောဂီပုဂ္ဂိုလ်သည် -----

- သုံးထောင့် သုံးမြှောင်းရှိသောကသိုဏ်းဝန်းကိုလည်းကောင်း၊
- လေးထောင့် လေးမြှောင်းရှိသောကသိုဏ်းဝန်းကိုလည်းကောင်း၊
- ဝန်းဝိုင်းသော အခြင်းအရာရှိသော ကသိုဏ်းဝန်းကိုလည်းကောင်း၊ ပြုအပ်၊ ပြုသင့်၊ ပြုထိုက်၏၊ (ဝါ) ပြုရမည်။

ပုံသဏ္ဌာန်မှတစ်ပါးသောပမာဏကိုဆိုဦးအံ့။

- ဗန်းငယ်(စကောငယ်) ပမာဏရှိသော ထိုကသိုဏ်းဝန်းကိုသော်လည်းကောင်း၊
- ခွက်ငယ်ပမာဏရှိသော ထိုကသိုဏ်းဝန်းကိုသော်လည်းကောင်း၊
- အဝတ်ပိုင်း၌သော်လည်းကောင်း၊ ပျဉ်ချပ်၌သော်လည်းကောင်း၊ တံတိုင်းနံရံ၌သော်လည်းကောင်း၊ မလင်းလွန်-မမှောင်လွန်းသော လူတို့မနေရာဖြစ်သောအရပ်၌ ထားသင့်၊ ထားထိုက်၊ ထားရ၏။

၄၆။ အဘယ်သို့လျှင် ပထဝီကသိုဏ်းကို ပွားများအပ်၊ ပွားများသင့်၊ ပွားများထိုက်ပါသနည်း။

- ငါးဖြာအာရုံကာမဂုဏ်တို့သည် သာယာဖွယ်နည်းပါးကုန်၏ --- ဤသို့အစရှိသောနည်းဖြင့် ငါးဖြာအာရုံကာမဂုဏ်၌ လွန်စွာဆိုးညစ်အပြစ်ရှိပုံကို ရှေးဦးစွာ နှလုံးသွင်းအပ်၊ နှလုံးသွင်းသင့်၊ နှလုံးသွင်းထိုက်၏၊
- ဤပထမဈာန်သည် ငြိမ်သက်၏ --- ဤသို့သောနည်းဖြင့် ကာမမှ ထွက်မြောက်ရာဖြစ်သော ပထမဈာန်၌ အကျိုးအာနိသင်ကို မှတ်သားအပ်၏၊
- ဗုဒ္ဓဂုဏ်၊ဓမ္မဂုဏ်၊သံဃဂုဏ်တော်တို့ကို နှလုံးသို့တင် ရှုဆင်ခြင်၍ တံပိုးတစ်ပြန် (လေးတောင်မျှ) အတိုင်းအရှည်ရှိသောအရပ်၌ ကသိုဏ်းဝန်းကိုထား၍ ကြည့်ရှုရလွယ်ကူသော ကသိုဏ်းဝန်း၌ ကသိုဏ်းဝန်းမှအခွဲနှင့်တကွ သုံးတောင်(နှစ်တောင်ထွာ) ရှိသော အရပ်၌ အထက်ပိုင်းဖြစ်သောကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် (၁၈)မျိုး ကျောက်ဆစ်ရိုးတို့ကို အစွန်းချင်းထိအောင်ထား၍ ပတ်လည်ဝန်းကျင်ပေါင်းချင်းယှဉ်လျက်ဖွဲ့တင်အပ်သော တင်ပလ္လင် ဖြင့်ထိုင်နေ၍ (တင်ပလ္လင်ခွေထိုင်နေ၍) ပထဝီ ပထဝီ-ဟူ၍ နှလုံးသွင်းသဖြင့် ပွားများအပ်၊ ပွားများသင့်၊ ပွားများထိုက်၏၊
- အညီအမျှဖြစ်သော ပွင့်သောမျက်စိဖြင့်လည်းကောင်း၊
- မှိတ်သောမျက်စိဖြင့်လည်းကောင်း၊ (မဖွင့်လွန်း မမှိတ်လွန်းသော မျက်စိဖြင့်သော်လည်းကောင်း ကသိုဏ်းဝန်းကို ကြည့်ရှုပွားများ အပ်၏၊)
- လေးပါးကုန်သော နည်းလမ်းတို့ဖြင့် မှတ်သားအပ်၏၊

- ပျံလွင့်ခြင်းကို ပယ်ခြင်းဖြင့်၊ ပျံလွင့်ခြင်းမရှိသောအားဖြင့် ပွားများသည်ရှိသော် ကသိုဏ်းဝန်း၏ ထက်ဝန်းကျင် ပတ်ဝန်းကျင် အရပ်၌ အရောင်းအလင်းကိုပျံ့နှံ့စေ၍ဖြန့်၍ ဥဂ္ဂဟနိမိတ်သည်လည်းကောင်း၊ ထိုဥဂ္ဂဟနိမိတ်ထက် အလွန်ကြီးသော သညာအတုဖြစ်သောပဋိဘာဂနိမိတ်သည်လည်းကောင်းထင်ရှားဖြစ်ပေါ်လာ၏။
- ယောဂီပုဂ္ဂိုလ်သည် အကုသိုလ်တရားတို့ကို ပယ်ခြင်းဖြင့်လည်းကောင်း၊ ကုသိုလ်တရားတို့ကို ပွားများခြင်းဖြင့်လည်းကောင်း၊ အမြဲမပြတ် မှီဝဲခြင်းဖြင့်လည်းကောင်း၊
- ဤသို့သော အခြင်းအရာအားဖြင့် ပဋိဘာဂနိမိတ်ကို စောင့်ရှောက်အပ်၏။

၄၇။ စနုပစာရဟူသည် အဘယ်နည်း၊ အပ္ပနာဟူသည် အဘယ်နည်း၊ ထိုစနုပစာရ, အပ္ပနာတို့၏ အထူးသည် အဘယ်နည်း။

- နပျိုသောသူငယ်ကဲ့သို့ သညာအတုသဘောရှိသောအပ္ပနာစျာန်၏ ရှေ့အဖို့သည် စနုပစာရ မည်၏၊
- ရအပ်သော ဥပစာရစျာန်ရှိသောယောဂီပုဂ္ဂိုလ်သည် ဆယ်ပါးကုန်သော အခြင်းအရာတို့ဖြင့် အပ္ပနာစျာန်ကိုဖြစ်စေအပ်၏၊
- ကုသိုလ်တရားတို့၌ သာယာခြင်းသဘောမရှိခြင်းမှ စိတ်ကို နှိပ်ကွပ်၏၊
- တည်ကြည်ငြိမ်သက်ခြင်းသဘော (သမာဓိ) မရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းကြောင့် တည်ကြည်ငြိမ်သက် (သမာဓိ)ရှိသော

ပုဂ္ဂိုလ်ကို မှီဝဲခြင်းကြောင့် သာယာအပ်သောတရားကိုရ၏၊ ဖြစ်စေ၏၊

- ထိုယောဂီပုဂ္ဂိုလ်သည် ဝတ္ထုကာမ၊ ကိလေသာကာမတို့မှ ကင်းဆိတ်၍သာလျှင် ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏတရားတို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း (ပီတိ)ချမ်းသာခြင်း၊ (သုခ)ရှိသော ပထမစျာန်ကိုရ၍နေ၏၊

- ဤပထမစျာန်သည် ပထဝီကသိုဏ်းကိုပွားခြင်း၏ အကျိုးတည်း။

၄၈။ ကာမဂုဏ်တို့မှဆိတ်ခြင်းဟူသည်ကား ငါးပါးအပြားရှိသော ကင်းဆိတ်ခြင်းတို့တွင် ကိုယ်၏ကင်းဆိတ်ခြင်း၊ စိတ်၏ကင်းဆိတ်ခြင်းတို့ဖြင့် ကင်းဆိတ်သည်ဖြစ်၍၊ကာမေဟိဟူသည်ကား---နှစ်ပါးကုန်သော ဝတ္ထုကာမ၊ ကိလေသာကာမတို့မှငါးပါးအာရုံကာမဂုဏ်တို့ မှီဝဲခြင်းကိုရှောင်ကြဉ်၍၊ ဤသည်ကား ကာမဂုဏ်မှ ကင်းဆိတ်ခြင်း၏ အနက်တည်း။

အကုသိုလ်ဟူသည်ကား --------

- လောဘ၊ဒေါသ၊မောဟတို့မှ အလောဘ၏ပြည့်စုံခြင်းကြောင့် ဝတ္ထု-ကိလေနှစ်ထွေသောကာမ တို့မှ ကင်းဆိတ်ခြင်းသည် ဖြစ်၏၊

- အဒေါသ၏ ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ အမောဟ၏ ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ဒေါသ၊ မောဟတရားတို့မှ ကင်းဆိတ်ခြင်းသည်ဖြစ်၏၊

- စိတ်၏အာရုံသို့တက်ရောက်ခြင်းသဘောသည် ဝိတက် (ကြံစည်ခြင်း) မည်၏၊
- အာရုံ၌စိတ်၏ဖြစ်ခြင်းသည် ဝိစာရ (သုံးသပ်ခြင်း) မည်၏၊
- ရှေးဦးစွာထိုးအပ်သော ခေါင်းလောင်းသံကဲ့သို့ ဝိတက်ကို မှတ်အပ်၏၊
- ခေါင်းလောင်းညီးသံကဲ့သို့ ဝိစာရကိုမှတ်အပ်၏၊
- ငှက်၏အတောင်ကို ဖြန့်လျက်ပျံတက်နေခြင်းကဲ့သို့ ဝိတက်ကို မှတ်အပ်၏၊
- ငှက်၏လေဟုန်စီး၍ပျံဝဲနေခြင်းကဲ့သို့ ဝိစာရကိုမှတ်အပ်၏၊
- ဝေးသောအရပ်၌မြင်အပ်သောအာရုံကဲ့သို့ ဝိတက်ကိုမှတ်အပ်၏၊
- အနီးအနား၌မြင်အပ်သောအာရုံကဲ့သို့ ဝိစာရကိုမှတ်အပ်၏၊
- နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါကဲ့သို့ ဝိတက်ကိုမှတ်အပ်၏၊
- အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါကဲ့သို့ ဝိစာရကိုမှတ်အပ်၏၊ ဤသို့သိအပ်ပါ၏။

၄၉။ (၁) ငါးဖြာအာရုံကာမဂုဏ်ကြောင့်ဖြစ်သော ပီတိ

(၂) သဒ္ဓါကြောင့်ဖြစ်သော ပီတိ

(၃) ယုံမှားသံသယ (ကုက္ကုစ္စ) မရှိသော ပီတိ

(၄) ဆိတ်ငြိမ်းမှုကြောင့်ဖြစ်သော ပီတိ

(၅) သမာဓိကြောင့်ဖြစ်သော ပီတိ

(၆) ဗောဇ္ဈင်ကြောင့်ဖြစ်သော ပီတိ -

ဤသို့ခြောက်ပါးအပြားရှိသော စိတ်၏နှစ်သက်ခြင်းသဘောသည် ပီတိမည်၏။

၁။ ဟေတုသုခ

၂။ သမ္ဘာရသုခ

၃။ ဝိဝေကသုခ

၄။ နိရုပက္ကိလေသသုခ

၅။ ဝေဒနာသုခ - ဤသို့ငါးပါးအပြားရှိသောသုခသည် သုခမည်၏။

ဤသို့သောယောဂီပုဂ္ဂိုလ်သည် နီဝရဏငါးပါးတို့ကို ပယ်ခြင်းရှိသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော အစ,အလယ်,အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော (၂၅)ပါးသောဂုဏ်ကျေးဇူးတို့နှင့်ယှဉ်သော အရာသို့ရောက်ရ၏။

၅၀။ ပဥ္စင်္ဂဝိပ္ပဟီနံ-ဟူသည်ကား ငါးပါးကုန်သော နီဝရဏတို့မှ လွတ်မြောက်သော နီဝရဏတို့သည် --

၁။ ကာမစ္ဆန္ဒနီဝရဏ

၂။ ဗျာပါဒနီဝရဏ

၃။ ထိနမိဒ္ဓနီဝရဏ

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ

၅။ ဝိစိကိစ္ဆာနီဝရဏ - ဤငါးပါးတို့တည်း။

မိဒ္ဓသုံးမျိုး = မိဒ္ဓဟူသည် ------

၁။ အာဟာရကြောင့်ဖြစ်သောမိဒ္ဓ

၂။ ဥတုကြောင့်ဖြစ်သောမိဒ္ဓ

၃။ စိတ္တဇကြောင့်ဖြစ်သောမိဒ္ဓ - ဤသို့သုံးပါးအပြားရှိ၏။

အထူးကိုဆိုဦးအံ့။ ။ ဥတုကြောင့်ဖြစ်သောမိဒ္ဓသည် ရဟန္တာပုဂ္ဂိုလ်တို့အား သော်လည်း ဖြစ်တတ်၏၊ မိဒ္ဓသည်ရုပ်တရားဖြစ်ပေ၏၊ ထိုသို့ပင် ရုပ်တရား ဖြစ်သော်လည်း စိတ်ကိုပူပန်စေတတ်၊ နှိပ်စက်တတ်သည်ဖြစ်၏၊ စင်စစ်သော် ကား မိဒ္ဓသည် ကိုယ်ခန္ဓာ၌ဖြစ်သောတရားတည်း၊ ထိုမှတစ်ပါး ထိနသည် စေတသိက်တရားတည်း၊ အကြင်ကြောင့် တူသောအာရုံ၊ တူသော လက္ခဏာ ရှိသည်၏အဖြစ်ကြောင့် နတ်ရွာလမ်းကြောင်းကို တားမြစ်တတ်၏၊ ထိုကြောင့် နီဝရဏသည် ဖြစ်၏။

၅၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူကုန်သောငါးပါးကုန်သော အစိတ်အပိုင်း ဖြစ်ကုန်သောတရားတို့သည် ငါးပါးသာဖြစ်ကုန်သော ဈာန်တို့ သည် ငါးပါးကုန်သောနီဝရဏတို့၏ ဆန့်ကျင်ဘက်၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏၊

- ဧကဂ္ဂတာဈာနင်သည် ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏၊
- ပီတိဈာနင်သည် ဗျာပါဒနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏၊
- ဝိတက်ဈာနင်သည် ထိနမိဒ္ဓနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏၊
- သုခဈာနင်သည် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏၊
- ဝိစာရဈာနင်သည် ဝိစိကိစ္ဆာနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ဤသို့သိအပ်၏။
- အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း တို့သည် တိဝိဓ ကလျာဏ မည်၏၊

- ပဋိပတ္တိ သာသနာဝန်ကိုဆောင်သော၊ အာဝဇ္ဇာန်းတူဥပစာရှိသော ဈာန်ရကြောင်းအကျင့်၏ စင်ကြယ်ကြောင်းသုံးပါးသည် အစ၏ ကောင်းခြင်းပင်တည်း၊
- အပ္ပနာဈာန်ခဏ၌ တတြမဇ္ဈတ္တုပေက္ခာ၏ကိစ္စကို တိုးပွားခြင်း သုံးပါးသည် အလယ်ဖြစ်သော ကောင်းခြင်းပေတည်း၊
- နလုံးသို့တင်ခြင်းကြောင့် ပဌမဈာန်၏ ရှင်လန်းကြည်လင်စေခြင်း လေးပါးသည် အဆုံး၏ကောင်းခြင်းပေတည်း။

၅၂။ ဒသလက္ခဏာသမ္ပန္န-ဟူသည်ကား

- အကြွင်းမရှိသော ဆိတ်ငြိမ်မှု(ဝိဝေက)လမ်းစဉ်ကို ကျင့်နေသည်၊ သမထလမ်းစဉ်ကို ကျင့်နေသည်၊ (၂၅)ပါးသောဂုဏ်နှင့် ယှဉ်နေသည် ဖြစ်၏၊
- ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ,သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ, ပညာဟူသောအစအလယ်အဆုံး၌ပေါင်းထည့်ခြင်းပေါင်းယူခြင်း ဘာဝနာတည်း၊
- ဆိတ်ငြိမ်မှုကိုမှီသောပေါင်းယူခြင်း၊ လျှော်စွာသိမြင်တတ်သော ဝိပဿနာကိုမှီဝဲခြင်းအားအစွမ်းကြောင့် ကိလေသာတို့မှ လွတ်မြောက်ခြင်းအထူးအားဖြင့် သန့်ရှင်းစင်ကြယ်ခြင်း၊ အလွန် အထူး သဖြင့် သန့်ရှင်စင်ကြယ်ခြင်းနှင့်ယှဉ်သော ပြီးစီးသောနေခြင်းအစ ရှိသည်တို့တည်း၊
- ရဟန်းတို့ ..... မျက်မှောက်မြင်ရသဘာဝဖြင့် ချိန်ဆသိရာ ဥပမာ မည်သည် ကျွမ်းကျင်လိမ္မာသော ဆတ္တာသည်ဆရာကြီးသည်

လည်းကောင်း၊ ဆတ္တာသည်ဆရာကြီး၏ အနီးနေတပည့်သည် လည်းကောင်း၊ နိဝရဏတို့၏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း၊ ချမ်းသာခြင်းဖြင့် ပျံ့နှံ့နေသည်ဖြစ်၏၊

- ဤပထမဈာန်သည် ......... ပရိတ္တဈာန်လည်းကောင်း၊ မဇ္ဈိမဈာန် လည်းကောင်း၊ ပဏီတဈာန်လည်းကောင်း၊ ဤသို့သုံးပါး အပြား ရှိသည်ဖြစ်သတတ်၊ ပထမဈာန်ကို နည်းသော၊ ယုတ်ညံ့သော ဆန္ဒ,စိတ္တ,ဝီရိယ, ဝီမံသဖြင့် ပွားများခြင်းကြောင့် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ရောက်ရ၏၊
- အသင်္ချေယျကပ်၏ သုံးပုံတစ်ပုံဖြစ်သော အသက်အတိုင်း အရှည် သည်ဖြစ်၏၊
- ပထမဈာန်ကို အလယ်အလတ်ဖြစ်သော ဆန္ဒ,စိတ္တ,ဝီရိယ, ဝီမံသ တို့ဖြင့်ပွားများခြင်းကြောင့် ဗြဟ္မပုရောဟိတဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊
- အသင်္ချေယျကပ်၏ တစ်ဝက်သည် အသက်အတိုင်းအရှည်ဖြစ်၏၊
- ပထမဈာန်ကို မြတ်သောဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့် ပွားများ ခြင်းကြောင့် မဟာဗြဟ္မာဘုံ၌ဖြစ် ကုန်သောဗြဟ္မာတို့၏ အပေါင်း အဖော်အဖြစ်သို့ရောက်ရ၏၊

အသက်အတိုင်းအရှည်သည် အသင်္ချေယျကပ်တစ်ကပ် ဖြစ်၏။

၅၃။ ယုတ်လျော့သောအဖို့ရှိသော ဈာန်ချမ်းသာကို အဖန်ဖန် အားထုတ် ခြင်းသို့ရောက်သော နူးညံ့မထက်မြတ်သော သဒ္ဓါ-အစရှိသော ဣန္ဒြေရှိသော ပုဂ္ဂိုလ်သည် ဈာန်ချမ်းသာမှ ယုတ်လျော့ရ၏၊

- တည်တံ့သောအဖိုးရှိသော ဈာန်ချမ်းသာကို တိုးပွားစေခြင်းငှါ အဖန်ဖန်အားထုတ်သော ပုဂ္ဂိုလ်သည် ရအပ်ပြီးသော ဈာန်ချမ်းသာကို စောင့်ရှောက်နိုင်၏၊
- ထူးသောအဖိုးအစုရှိသောထက်မြက်သောသဒ္ဓါ-အစရှိသောဣန္ဒြေရှိသောပုဂ္ဂိုလ်သည်အထက်ထက်၌ဖြစ်သော ဈာန်အထူးကို ရနိုင်၏၊
- လောဘခဲ၊ ဒေါသခဲ၊ မောဟခဲတို့ကို ဖောက်ခွဲနိုင်သော အဖိုးရှိသော ထက်မြက်သောသဒ္ဓါ-အစရှိ သောဣန္ဒြေရှိသောပုဂ္ဂိုလ်သည် သမထလျှင်အခြေခံရှိသော ဝိပဿနာဉာဏ်ကို ပွားစေခြင်းကြောင့် လောဘခဲ၊ ဒေါသခဲ၊ မောဟခဲတို့ကို ဖောက်ခွဲနိုင်သောမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကပ်ရောက်လေ၏၊ ကျွန်ုပ်အနေရှင့်ဒါမည်သော ငါထေရ်သည် အကြင်ကြောင့် ငါးဆယ်ငါးနှစ်တို့ပတ်လုံး နေသဖွယ်က မှတင်ဆောက်တည်သူသည် ဖြစ်ခဲ့ပြီး၊ အကြင်ကြောင့် (၂၅) နှစ် ပတ်လုံး ငိုက်မြည်းခြင်း ကိုနှုတ်ပယ်အပ်ပြီး။

# အဋ္ဌမပိုင်း
# ဒုတိယဘာဂ-ဒုတိယဈာန

ပဌမဈာန်ကိုရပြီးသော ဒုတိယဈာန်ကို ဖြစ်စေခြင်းငှါ အလိုရှိသော ကျွမ်းကျင်စွာလေ့လာအပ်ပြီးသော ပဌမဈာန်၌အပြစ်ကိုမြင်၍ ဒုတိယဈာန်ကို ဖြစ်စေခြင်းငှါ အလိုရှိသောယောဂီပုဂ္ဂိုလ်သည် ပဌမဈာန်မရမီ ရှေးအခါ၌ ဘာဝနာကို အားထုတ်အပ်သကဲ့သို့ အလားတူအားထုတ်အပ်၊ အားထုတ်သင့်၊ အားထုတ်ထိုက်၏။

ကျွမ်းကျင်စွာ မလေ့လာအပ်သေးသော ပဌမဈာန်ကို ကျွမ်းကျင်စွာ မလေ့လာအပ်သေးမီ ဒုတိကဈာန်ကို အားမထုတ်အပ်၊ အကယ်၍ အားထုတ်ငြားအံ့၊ ဤသို့အားထုတ်သည်ရှိသော် ဒုတိယဈာန်သည် မပြီးစီး၊ မပြည့်စုံ။ ဥပမာအဘယ်သို့နည်းဟူမူကား တောင်စောင်း၌ သွားလာနေသော တောင်ပေါ်ခရီးသွားသောနည်း၌ မကျွမ်းကျင် မလိမ္မာသောနွားမသည် ဆုတ်ယုတ်ပျက်စီးသကဲ့သို့ အလားတူ ပဌမဈာန်မှလည်း ဆုတ်ယုတ်ပျက်စီးရာ၏၊ ထို့ကြောင့် ပဌမဈာန်ကို လွန်စွာပြည့်စုံစွာ ဆောင်၍ ဝိတက်၊ ဝိစာရတို့၏အပြစ်ကို မှတ်သားအပ်၏။ ဒုတိယဈာန်၏ အကျိုးဆက်အင်ကို နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား ဝိတက်၊ ဝိစာရတို့၏ ငြိမ်းအေးခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကောင်းစွာကြည် လင်စေတတ်သော သဒ္ဓါရှိသောစိတ် မြတ်သည်ဖြစ်၍ ဖြစ်သောသမာဓိကို ပွားစေတတ်သော (ဝါ) ဝိတက်၊ ဝိစာရ ဟူသော အဖော်မပါသည်ဖြစ်၍ဖြစ်သော သမာဓိကိုပွားစေတတ်သော

ဝိတက်၊ ဝိစာရမရှိသော ပထမဈာန်သမာဓိကြောင့်ဖြစ်သော ပီတိ သုခရှိသော ဒုတိယဈာန် ကိုကပ်ရောက်၏။

ဆက်ဦးအံ့ ------ ထိုဒုတိယဈာန်သည် ဝိတက်၊ ဝိစာရ ဟူသော ဈာန်အင်္ဂါနှစ်ပါးကို ပယ်ခြင်းရှိသည်၊ ပီတိ၊ သုခဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည်၊ သုံးပါးအပြားရှိသော ကောင်းခြင်းဂုဏ်ရှိသည်၊ ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံသည်၊ (၂၃)ပါးသော ဂုဏ်နှင့်ယှဉ်သည်ဖြစ်၏။

၅၅။ ရဟန်းတို့ ...... ဥပမာမည်သည် အစောက်နက်သော၊ လျှံတက်နေသော ရေရှိသော ရေကန်၊ ရေအိုင်သည် ဤဒုတိယဈာန်သမာဓိသည်လည်း ပရိတ္တဈာန်သမာဓိ၊ မဇ္ဈိမဈာန်သမာဓိ၊ ပဏီတ ဈာန်သမာဓိတို့အပြားအားဖြင့် သုံးပါးအပြားရှိ၏၊ ပရိတ္တာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရဘုံတို့၌ မဟာကပ်နှစ်ကပ်၊ လေးကပ်၊ ရှစ်ကပ်ဟူသော အသက်အပိုင်းအခြား ရှိသည် ဖြစ်၏။

၅၆။ တတိယဈာန

- ပီတိကိုစက်ဆုပ်ရွံရှာခြင်းကြောင့်လည်းကောင်း
- ဝိတက်၊ဝိစာရတို့၏ ငြိမ်းအေးခြင်းကြောင့်လည်းကောင်း
- လျစ်လျူရှုတတ်သော တတြမဇ္ဈတ္တုပေက္ခာ ရှိသည်ဖြစ်၍ လည်းကောင်း
- အောက်မေ့နိုင်ဘိ သတိရှိသည်ဖြစ်၍လည်းကောင်း
- ကောင်းစွာအပြားအားဖြင့်သိတတ်သောဉာဏ်ပညာရှိသည်ဖြစ်၍ လည်းကောင်းနေ၏

- သုခဝေဒနာကိုလည်း (ဝါ) တတိယဈာန်ချမ်းသာကိုလည်း နာမကာယ၊ ရူပကာယဖြင့်ခံစား၏
- အကြင်တတိယဈာန်ဟူသော အကြောင်းကြောင့် ထိုတတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့သည် ဤတတိယဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် လျစ်လျူရှုတတ်သော တတြမဇ္ဈတ္တုပေက္ခာနှင့်ပြည့်စုံပါပေ၏၊ အောက်မေ့နိုင်ဘိ သတိရှိပါပေ၏၊ ချမ်းသာစွာနေလေ့ရှိပါပေ၏၊ ဤသို့ ချီးမွမ်းစကား ပြောကြားကြကုန်၏၊ ဤသို့ တတိယဈာန်ကို ပြည့်စုံစေ၍နေ၏။
- ဥပေက္ခာသည် သင်္ခါရုပေက္ခာလည်းကောင်း၊ တတြမဇ္ဈတ္တုပေက္ခာလည်းကောင်း၊ ဤသို့ (၈)ပါး အပြားရှိ၏။
- မိခင်နွားမသို့ကပ်ရောက်သော နွားငယ်ကဲ့သို့ ထိုတတိယဈာန်သည် ပီတိဟူသောဈာန်အင်္ဂါ တစ်ပါးကိုပယ်ခြင်းရှိသည်။
- ဥပေက္ခာ, သတိ, သမ္ပဇည, သုခ, စိတ္တေကဂ္ဂတာ ဟူသော အင်္ဂါ (၅)ပါးနှင့်ပြည့်စုံသည်။
- ကောင်းခြင်းဂုဏ်အင်္ဂါ (၃)ပါးအပြား ရှိသည်။
- ဆယ်ပါးသောလက္ခဏာနှင့် ပြည့်စုံသည်။
- (၂၂)ပါးသောဂုဏ်နှင့်ယှဉ်သည်ဖြစ်၏။

ရဟန်းတို့...ဥပမာသော်ကား ကြာနီ, ကြာဖြူ, ကြာညိုတော၌သော်လည်းကောင်း၊ ပဒုမ္မာကြာတော၌သော်လည်းကောင်း၊ ပျံ့နှံ့နေသည် ဖြစ်၏၊ ဤတတိယဈာန်သည်လည်း ပရိတ္တဈာန်, မဇ္ဈိမဈာန်, ပဏီတဈာန်-အပြား

အားဖြင့် သုံးပါးရှိပါသည်၊ ပရိတ္တာသုဘဘုံသည် မဟာကပ်(၁၆)ကပ်၊ အပ္ပမာဏာ သုဘဘုံသည် မဟာကပ်(၃၂)ကပ်၊ သုဘကိဏှာဘုံသည် မဟာကပ်(၆၄) ကပ်တို့ပတ်လုံး အသက်အတိုင်းအရှည် ရှိပါသည်။

၅၈။ စတုတ္ထဈာန

- ကာယိကသုခဝေဒနာကိုပယ်ခြင်းကြောင့်လည်းကောင်း၊
- ကာယိကဒုက္ခဝေဒနာကိုပယ်ခြင်းကြောင့်လည်းကောင်း၊
- စတုတ္ထဈာန်မရမီလေးပါးသောဈာန်တို့၏ ရှေးဥပစာရခဏ၌သာလျှင် သောမနဿဝေဒနာ, ဒေါမနဿ ဝေဒနာတို့၏ ကွယ်ပြောက်ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကြောင့် ဒုက္ခ-သုခ မရှိသော
- တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကိုရ၍နေ၏၊
- ထိုစတုတ္ထဈာန်သည် သောမနဿဟူသော တစ်ခုသော ဈာန်အင်္ဂါကို ပယ်ခြင်းရှိသည်၊
- ဥပေက္ခာ, သတိ, စိတ္တေကဂ္ဂတာအားဖြင့် ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသည်၊
- သုံးပါးသောကောင်းခြင်းနှင့်ပြည့်စုံသည်၊
- ဆယ်ပါးသောလက္ခဏာနှင့်ပြည့်စုံသည်၊
- (၂၂)ပါးသောဂုဏ်နှင့်ယှဉ်သည်ဖြစ်၏။

ရဟန်းတို့...ဥပမာသော်ကား - ယောက်ျားသည် ဖြူစင်သောအဝတ်ဖြင့် ဦးခေါင်းနှင့်တကွခြုံလျက် (ခေါင်းမြီးခြုံလျက်) ထိုင်နေသည် ဖြစ်ရာ၏၊

ထိုယောက်ျား၏ အလုံးစုံအစိတ်အပိုင်းနှင့်တကွဖြစ်သော ကိုယ်ခန္ဓာ၏ တစ်စုံတစ်ခုသောအရပ်သည် ဖြူစင်သောအဝတ်ဖြင့် မပျံ့နှံ့သောအရပ်သည် မရှိတော့ရာသကဲ့သို့ ပမာမှီယူ၍ဤနည်းတူသာလျှင် စတုတ္ထဈာန်ကိုပွားခြင်းကြောင့် ဝေဟပ္ဖိုလ်ဘုံ၌သော်လည်းကောင်း၊ စိတ်၌တပ်မက်ခြင်းကင်းသော ပုဂ္ဂိုလ်သည် အသညသတ်ဘုံ၌သော်လည်းကောင်း၊ မဟာကပ် (၅၀) အသက်အပိုင်းအခြားရှိ၍၊ အနာဂါမ်အရိယာပုဂ္ဂိုလ်သည် အကယ်၍ ဖြစ်ငြားအံ့ သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ရ၏။

၅၈။ အာကာသာနဉ္စာယတနသမာဓိ

မာရူပသမာဓိကို ပွားများခြင်းငှါအလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ရူပဈာန်၌ အပြစ်ကိုမှတ်သား၍၊ ရူပဈာန်၌အပြစ်ကို နလုံးသွင်း၍ အာကာသာနဉ္စာယတနဈာန်သို့ရောက်ခြင်းငှါ အကျိုးဂုဏ်ကို ငြိမ်သက်သောအားဖြင့် ရူပဈာန်မှလွတ်မြောက်ခြင်း၏အစွမ်းအားဖြင့် ရှု၏။

ပထဝီကသိုဏ်းကိုပွားများ၍ စတုတ္ထဈာန်ကို ကျွမ်းကျင်စွာ လေ့လာအပ်သည်ဖြစ်၍ ဖြစ်သည်ကိုပြု၍ မြင်အပ်ပြီးသော အပြစ်ရှိသော ပထဝီကသိုဏ်းနိမိတ်ကိုဖျက်ဆီး၍ အာကာသသည်ကြဉ်အပ်သော ကသိုဏ်း(၉)ပါးတို့တွင် တစ်ပါးပါးကိုခွါသဖြင့် ရအပ်သော ကောင်းကင်ပညတ်လျှင် အာရုံရှိသော အာကာသနဉ္စာယတန သမာဓိကိုဖြစ်စေ၍၊ ပွားများ၏။

ထိုပုဂ္ဂိုလ်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရူပသညာကို ကောင်းစွာလွန်မြောက်၍ ပဋိဃသညာ-ပဋိဃာရုံတို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာတို့၏ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကြောင့် ဒွေးပဉ္စဝိညာဏ သညာမှတစ်ပါးသော အထူးထူးသောအာရုံ၌ဖြစ်သော (၄၄)ပါးသော ကာမ

သညာတို့ကို နလုံးမသွင်းတော့ခြင်းကြောင့် ကောင်းကင်သည် အဆုံးအပိုင်း အခြားမရှိ၊ ဤသို့ပွားများခြင်းကြောင့် အာကာသာနဉ္စာယတနစျာန်ကို ရ၍ နေ၏။ ဤအာကာသာ နဉ္စာယတနစျာန် သမာဓိသည် ----

- အင်္ဂါသုံးပါးနှင့်ပြည့်စုံသည်၊
- သုံးပါးအစကောင်းခြင်းနှင့်ပြည့်စုံသည်၊
- ဆယ်ပါးသောလက္ခဏာနှင့်ပြည့်စုံသည်၊
- (၂၂)ပါးသောဂုဏ်နှင့်ယှဉ်သည်ဖြစ်၏။

အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်ရာဖြစ်ကုန်သော ဗြဟ္မာတို့သည် မဟာကပ်နှစ်ထောင် အသက် ရှည်ကုန်၏၊ (အဘိ.ဝိ.၄၄၀-၌ ဝီသတိ ကပ္ပသဟဿာနိ - မဟာကပ်နှစ်သောင်းဟုလာရှိ၏)။

၆၀။ ဝိညာဏဉ္စာယတနသမာဓိ

ပထမာရုပ္ပသမာဓိနှင့် ပြည့်စုံပြီးသော ယောဂီပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနစျာန်၌ အပြစ်ကိုသိမြင်ခြင်းကြောင့်လည်းကောင်း၊ ဝိညာဏဉ္စာယတနစျာန်၏အကျိုးဂုဏ်ကိုသိမြင်ခြင်းကြောင့် လည်းကောင်း၊ ထိုဝိညာဏဉ္စာယတနစျာန်ကိုဖြစ်စေခြင်းငှါ အလိုရှိသည်ဖြစ်၍ ပွားများ၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို ကောင်းစွာလွန်မြောက်၍ ပထမာရုပ္ပဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ၊ ဤသို့ ပွားများခြင်းကြောင့် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေ၏၊ ဝိညာဏဉ္စာယတနဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ်လေးထောင်သက်တမ်းရှိ၏၊ (အဘိဓမ္မာ၌ မဟာကပ်လေးသောင်းဟု ဆိုပါ၏၊)။

၆၁။ အာကိဉ္စညာယတနသမာဓိ

ဒုတိယရူပ္ပစျာန်၌ မြင်အပ်ပြီးသော အပြစ်ရှိသော ယောဂီပုဂ္ဂိုလ်သည် အာကိဉ္စညာယတန သမာဓိကို တင့်တယ်သောအားဖြင့် သိမြင်၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတန ဈာန်ကို ကောင်းစွာလွန်မြောက်၍ စိုးစဉ်အနည်းမျှသော ပထမာရူပ္ပဝိညာဉ် သည်မရှိ၊ ဤသို့ပွားများခြင်းကြောင့် အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေ၏။

ဤအာကိဉ္စညာယတနသမာဓိသည် -

- အင်္ဂါသုံးပါးနှင့်ပြည့်စုံ၏၊
- သုံးပါးအစုံကောင်းခြင်းနှင့်ပြည့်စုံ၏၊
- ဆယ်ပါးသောလက္ခဏာနှင့်ပြည့်စုံ၏၊
- (၂၂)ပါးသောဂုဏ်နှင့်ယှဉ်သည်ဖြစ်၏။

ထိုအာကိဉ္စညာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့၏ သက်တမ်းသည် မဟာကပ် ခြောက်ထောင်သက်တမ်းရှိ၏။ (အဘိဓမ္မာ၌ မဟာကပ် ခြောက်သောင်းရှိ၏ဟု ဆို၏။)

၆၂။ နေဝသညာနာသညာယတနသမာဓိ

ယောဂီပုဂ္ဂိုလ်သည် တတိယရူပ္ပဈာန်၌ အပြစ်ကိုမြင်သောကြောင့် နေဝ သညာနာသညာယတန သမာဓိကိုဖြစ်ခြင်းငှါ အလိုရှိသည်ဖြစ်ရာ သညာ သည် ကျင်နာခံခက်နိုပ်စက်တတ်သော တရားပေတည်း၊ သညာသည် အိုင်း အမာနှင့်တူသော တရားပေတည်း၊ ဤသို့အစရှိသောနည်းဖြင့် သုံးသပ် ဆင်ခြင်းငှါ ကြွင်းမဲ့ဥသုံအလုံးစုံ အာကိဉ္စညာယတနဈာန်ကို လွန်မြောက်

ခြင်းကြောင့် နေဝသညာနာသညာယတနစျာန်ကို ရ၍ဝင်စားနေ၏၊ ဤ နေဝသညာနာသညာယတနသမာဓိသည် -

- အင်္ဂါသုံးပါးနှင့်ပြည့်စုံ၏၊
- သုံးပါးအစုံကောင်းခြင်းနှင့်ပြည့်စုံ၏၊
- ဆယ်ပါးသောလက္ခဏာနှင့်ပြည့်စုံ၏၊
- (၂၂)ပါးသောဂုဏ်နှင့်ယှဉ်သည်ဖြစ်၏။

  ထိုနေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့၏သက်တမ်းသည် မဟာကပ် ရှစ်သောင်းလေးထောင် သက်တမ်း ရှိ၏။

- ပကိဏ္ဏကကထာသဒ္ဒနိရောဓ အသံချုပ်ပျောက်ခြင်းကို ဤသို့ သိအပ်၏၊ မြတ်စွာဘုရားသည် ပထမစျာန်ကိုဝင်စားသော ပုဂ္ဂိုလ်အား အသံတို့ကို ဆူးငြောင့်ပမာ နှောက်ယှက်တတ်သော အနှောက်အယှက်ဟူ၍ ဟောတော်မူအပ်ပါ၏၊ ထိုကြောင့် အသံကို လည်းကောင်း၊ အနံ့ကို လည်းကောင်း ဝေးစွာရှောင်ကြဉ်ရာ၏။

ဝိပလ္လာသသညာကို ဤသို့သိအပ်၏၊ ထိုပထမစျာန်ကိုရသော ပုဂ္ဂိုလ်သည် ပထဝီသညာကို နှလုံးသွင်း၏၊ ထိုပထဝီသညာကို နှလုံးသွင်းခြင်းကြောင့် ဝိပလ္လာသသညာကိုပယ်အပ်၏။

ဝုဋ္ဌာနကို ဤသို့သိအပ်၏၊ သမာဓိဟုဆိုအပ်သောအရူပါဝစရ မတုန်မလှုပ်သောနေခြင်းဖြစ်၏၊ နိရောဓသမာပတ္တိကိုဝင်စား၏၊ ထို နိရောဓသမာပတ်ကြောင့် ဖလသမာပတ္တိ အားထုတ်မှုကို မယုတ်လျော့နိုင်ချေ။

သမတိက္ကမကို ဤသို့သိအပ်၏၊ ရူပါဝစရဈာန်မှ အာရုပ္ပဈာန်ကို ရခြင်းသည် အင်္ဂသမတိက္ကမမည်၏၊ ရူပါဝစရသမာဓိမှ အရူပါဝစရသမာဓိကို ရခြင်းသည်လည်းကောင်း၊ ရှေးရှေးသော အရူပါဝစရသမာဓိမှ နောက်နောက်သော အရူပါဝစရသမာဓိကို ရခြင်းသည်လည်းကောင်း၊ ဥပစာ၌ ဝိတက်ရှိသော ဒုတိယဈာန် အစရှိသည်တို့၏ ဂေါတြဘူအခြားမဲ့၌ဖြစ်သော ဝိတက်မရှိသော ဝိစာရမရှိသောဈာန်သည် အာရမ္မဏသမတိက္ကမဈာန်မည်၏၊ စတုတ္ထဈာန်အစရှိသော ဂေါတြဘူ၏အခြားမဲ့၌ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ၏ ဖြစ်ခြင်းသည် ဝေဒနာမည်၏၊ သမာဓိ၏ဖြစ်ခြင်းငှါ မဖြစ်ထိုက်ခြင်းသည် ဝိစိကိစ္ဆာမည်၏၊ လေးယောက်ကုန်သောပုဂ္ဂိုလ်တို့သည် သမာဓိ၏ဖြစ်ခြင်းငှါ မထိုက်ကုန်။

ပထဝီကသိဏပြီး၏။

# အဋ္ဌမပိုင်း
# တတိယဘာဂ

၆၄။ အာပေါ၊ တေဇော၊ ဝါယောကသိဏ

အာပေါကသိုဏ်းကိုပွားများလိုသောယောဂီပုဂ္ဂိုလ်သည် --------

- ရေခွက်၌တည်သောရေကိုသော်လည်းကောင်း၊
- အိုးခွက်၌တည်သော ရေကိုသော်လည်းကောင်း၊ ယူအပ်၊ ယူသင့်၊ ယူထိုက်၏၊(ဝါ) ယူ၍ပွားများ အပ်၊ ပွားများသင့်၊ ပွားများထိုက်၏၊
- ရေတွင်း၊ တစ်ဘက်ဆည်ကန်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ သမုဒ္ဒရာ-စသည်တို့၌တည်သော ပကတိတည်ရှိသော ရေသည် အာရုံအဖြစ်အားဖြင့်ယူခြင်းငှါ မသင့်မြတ်၊
- တေဇောကသိုဏ်း၊ ဝါယောကသိုဏ်းတို့၌လည်း မြင်အပ်သော ဝတ္ထု၏ အစွမ်းအားဖြင့်သော် လည်းကောင်း၊
- တွေ့ထိအပ်သောဝတ္ထု၏ အစွမ်းအားဖြင့်သော်လည်းကောင်း အာရုံနိမိတ်ကို ယူအပ်၊ ယူသင့်၊ ယူထိုက်၏။

၆၅။ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း-အစရှိကုန်သော ဝဏ္ဏ ကသိုဏ်းတို့၌လည်း လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို မှတ်သားအပ်၊ မှတ်သားသင့်၊ မှတ်သားထိုက်ကုန်၏၊

- အပွင့်, အရွက်, အဝတ်ပိုင်းအစရှိသည်တို့တွင် တစ်စုံတစ်ခုသော အလိုရှိအပ်သောအဆင်းကို အာရုံနိမိတ်၏အစွမ်းဖြင့် ယူအပ်၊ ယူသင့်၊ ယူထိုက်၏၊
- အာလောကကသိုဏ်းကို ဆီမီးရောင်၊ နေရောင်-အစရှိသည်တို့တွင် တစ်မျိုးမျိုးသော အလင်း ရောင်ကို အာရုံနိမိတ်ကို ပြုအပ်၊ ပြုသင့်၊ ပြုထိုက်၏၊
- အာကာသကသိုဏ်းသည် - (၁) ရုပ်သဘောမဟုတ်သော (ဝါ) ဖောက်ပြန်ခြင်းသဘောမရှိသော ပကတိမျက်စိဖြင့် မမြင်အပ်သော အာကာသလည်းကောင်း၊
- (၂)ပိုင်ခြားအပ်သော အာကာသလည်းကောင်း၊ ဤသို့ (၂)ပါး အပြားရှိ၏။
ဤအာကာသတို့သည် ဝိညာဏကသိုဏ်းတို့သည်သာလျှင် ဖြစ်ကုန်၏။

၆၆။ ဒသအသုဘာနိ

ဥဒ္ဓုမာတကအသုဘ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်-အစရှိသည်တို့ကို ကောင်းစွာမှတ် သားအပ်ကုန်၏၊ ဥဒ္ဓုမာတကသညာကို ပွားများအပ်သည်ရှိသော် မိမိသန္တာန်၌ ------

၁။ ကာယဂတာသတိကိုရခြင်းလည်းကောင်း၊

၂။ အနိစ္စသညာကိုရခြင်းလည်းကောင်း၊

၃။ မရဏသညာကိုရခြင်းလည်းကောင်း၊

၄။ များစွာသောငြိမ်းငွေ့မှုဖြစ်ခြင်းလည်းကောင်း၊

၅။ ကာမစ္ဆန္ဒနီဝရဏကို ပယ်ခွါနိုင်းခြင်းလည်းကောင်း၊
၆။ ရူပါရုံ၌ ယစ်မူးခြင်းကို ပယ်နိုင်ခြင်းလည်းကောင်း၊
၇။ အနာကင်းကွာကျန်းမာခြင်း၌ ယစ်မူးခြင်းကို ပယ်နိုင်ခြင်းလည်းကောင်း၊
၈။ သုဂတိဘဝလျှင် အဆုံးအပိုင်းအခြားရှိခြင်းလည်းကောင်း၊
၉။ မသေရာသမိုက် အမြိုက်နိဗ္ဗာန်လျှင် အဆုံးအပိုင်းအခြားရှိခြင်း လည်းကောင်း၊ ဤသို့(၉)ပါးသော အကျိုးဂုဏ်တို့သည် ဖြစ်ကုန်၏။

အဘယ်သို့လျှင် ထိုဥဒ္ဓုမာတကအသုဘ၏ နိမိတ်အာရုံကို ယူသနည်း။

- အဋ္ဌကထာတို့၌ ဆိုအပ်ပြီးသောအစီအစဉ်ဖြင့် အသွင်အားဖြင့် လည်းကောင်း၊ ထက်ဝန်းကျင်မှ ကျောက်ခဲအစရှိသော အမှတ်နိမိတ်အားဖြင့်လည်းကောင်း၊ တစ်ဆယ့်တစ်ပါးသော အပြားအားဖြင့် အာရုံနိမိတ်ကို ယူခြင်းသည်ဖြစ်၏ ယောကျ်ားအား မိန်းမတို့၏ ကိုယ်ခန္ဓာအသုဘသည် သဘောမတူသော အသုဘတည်း။
- ဝိနီလက - အဖြူ-အနီစသည်ရောလျက်များသောအားဖြင့် ညိုသောအဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အသုဘ လည်းကောင်း၊
- ဝိပုဗ္ဗက - ပန်းစီးထွက်ကျသောပြည်ရှိသည်ဖြစ်၏၊ စက်ဆုပ်ဘွယ် ရှိသော အသုဘ လည်းကောင်း၊
- ဝိစ္ဆိဒ္ဒက - အလယ်၌နှစ်ပိုင်းပြတ်လျက် စက်ဆုပ်ဘွယ်ရှိသော အသုဘလည်းကောင်း၊

- ဝိက္ခာယိတက - အိမ်ခွေး၊တောခွေး-အစရှိတို့သည် အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် ခဲစားအပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသောအသုဘလည်းကောင်း၊
- ဝိက္ခိတ္တက - အိမ်ခွေး၊တောခွေးတို့သည် ခဲစားအပ်သည်ဖြစ်၍ ထိုထိုအရပ်မျက်နှာတို့၌ ပစ်ချထားအပ်သော စက်ဆုပ်ရွံရှာဘွယ် ရှိသောအသုဘလည်းကောင်း၊
- ဟတဝိက္ခိတ္တက - အထူးထူးသောအခြင်းအရာအားဖြင့် ကျီးခြေ သဏ္ဍာန်အစရှိသော ဓားဖြင့်သတ်အပ်သည်ဖြစ်၍ အထူးထူးသော အရပ်တို့၌ လွှင့်ပစ်ထားအပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အသုဘ လည်းကောင်း၊
- လောဟိတက - ယိုစီးထွက်ကျနေသောသွေးရှိသည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်ရှိသော အသုဘ လည်းကောင်း၊
- ပုဠဝက - ပိုးလောက်တို့ထွက်ကျနေသဖြင့် စက်ဆုပ်ဘွယ်ရှိသော အသုဘလည်းကောင်း၊
- အဋ္ဌိက- ထိုထိုအရပ်မျက်နှာတို့၌ စွန့်ပစ်အပ်သောအရိုးစုမျှသာ ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အသုဘလည်းကောင်း၊
- ဤသို့ခွဲခြားသရုပ်အားဖြင့် ဤ(၉)ပါးသောအသုဘတို့ကို ပွားများ အပ်ကုန်၏။

# အနုဿတိနိဒ္ဒေသ

၆၇။ ဗုဒ္ဓါနုဿတိ

ဗုဒ္ဓါနုဿတိ-ဟူသော ဤပုဒ်၌ပွားများပုံနည်းကို ဤသို့မှတ်အပ်ပါ၏၊ အကြင်မြတ်စွာဘုရားသည် ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တ-ဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေ၏၊ ဘယ်သူတစ်ယောက် ကူမထောက်ဘဲ အလိုလိုသာဘုရားစင်စစ် ဖြစ်တော်မူပါပေ၏၊ ကျုန ပဲ့ပြင် သွန်းသင်ပြသသောဆရာမရှိဘဲ သိ-ပယ်-ဆိုက်-ပွား သစ္စာလေးပါး အမှန်တရားတို့ကို ပိုင်ခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီ၊ ထိုသို့ သစ္စာလေးပါးကိုသိမြင်ပြီး ဝေနေယျတို့အား သိစေတော်မူသည် အဖြစ်ကြောင့် ဗုဒ္ဓမည်ပါ၏၊ ဤသို့ အဖန်ဖန် အထပ်ထပ် အောက်မေ့အပ်၊ အောက်မေ့သင့်၊ အောက်မေ့ထိုက်ပါ၏။ တစ်နည်း အကျိုးဂုဏ်ထူးကို ဆိုဦးအံ့၊ ဤသို့ ဘုရားရှင်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့သောသတိဖြင့် စွဲမြဲစွာတည်သော ထိုပုဂ္ဂိုလ်၏ကိုယ်ခန္ဓာသည်လည်း စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းငှါထိုက်ပါ၏။

မြတ်စွာဘုရားသည် ------------

အရဟံ - ပူဇော်အထူးကိုခံယူထိုက်၏၊ ကိလေသာအညစ်အကြေး ရစ်မြှေးညစ်ပတ်ခြင်းမှကင်းတော်မူ၏၊

သမ္မာသမ္ဗုဒ္ဓေါ -လေးထွေသစ္စာ သိသင့်ရာကို မှန်စွာမယွင်း ထိုးထွင်း ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် သိစွမ်း နိုင်ပါ၏၊

ဝိဇ္ဇာစရဏသမ္ပန္နော - ဝိဇ္ဇာဉာဏ်ဖြင့် ကျင့်စဉ့်တရား တစ်ပါးပါးတို့၌ ဖြစ်ပွား ကုံလုံပြည့်စုံတော်မူပါ၏၊ ပု-ဒိ-အာ ဟူသောသုံးပါးသော ဝိဇ္ဇာ၊ ဝိ-မ-ဝေ-ဒိ, အာ-ပု-ဣနှင့်, ဒိ-ပု-ထပ်ပွား, ရှစ်ပါး

သောဝိဇ္ဇာ,၊ သိ-ဣန်-ဘော-ဇာ, သဒ္ဓါ- သတိ-ဟိရိ-ဩတ္တပ္ပ,ဝီရိယနှင့် သုတပညာ ရူပါဝစရ ဈာနလေးပါးဟု ဆိုအပ်သော တစ်ဆယ့်ငါးပါးသော စရဏတို့နှင့် မယုတ် ကုန်လုံ ပြည့်စုံတော်မူပါပေ၏၊

သုဂတော - အကျိုးရှိမူ မှန်သည်ဟူက နာယူနှစ်ချိုက် မနှစ်ချိုက်လည်း ဆိုထိုက်သောခါ ဆိုသင့်ပါလျှင် ကောင်းစွာဆိုပြော ဟော တော်မူတတ်ပါပေ၏၊

လောကဝိဒူ - တစ်လောကလုံး ဒုက္ခတုံးကို ရှုံမှုန်းဘွယ်ရာ ရှုံစရာဟု ကောင်းစွာသိတော်မူတတ်ပါပေ၏၊

အနုတ္တရောပုရိသဒမ္မသာရထိ - မယဉ်ကျေးသူ ရိုင်းပြသူကို ပုံတူမရ စံမမျှ အောင် ဆုံးမနိုပ်ကွပ်တော်မူ တတ်ပါပေ၏၊

သတ္ထာဒေဝမနုဿာနံ -တစ်စတစ်ပိုင်း မရိုင်းပြသူ နတ်နှင့်လူကို နိဗ္ဗူ တိုင်ရောက် အဆုံးရောက်အောင် ချီးမြှောက်မ-စ သင်ပြတော်မူနိုင်ပါပေ၏၊ ဤသို့ အဖန်ဖန်အထပ် ထပ် အမြဲမပြတ် အောက်မေ့အပ်၏။

အလောင်းတော်မြတ်၏ ဘုရားဖြစ်ခြင်းအကျိုးငှါ ဆယ်ပါးသော ပါရမီတော်တို့ကိုလည်းကောင်း၊ မြတ်စွာဘုရား၏ သူတော်ကောင်းဖြစ်သော ဂုဏ်ကျေးဇူးတရားထူးတို့ကိုလည်းကောင်း၊ ဘုရားရှင်၏ဆယ်ပါးသောကာယ၊ ဉာဏအားတော်တို့ကိုလည်းကောင်း၊ တစ်ဆယ်လေးပါးသော ဘုရားရှင်၏ ဉာဏ်တော်တို့ကို လည်းကောင်း၊ အရဟတ္တမဂ်ပညာ၊ သဗ္ဗညုတဉာဏ်ကို လည်းကောင်း၊ (၆)ပါးသောဘုန်းတော် ရှိသောမြတ်စွာဘုရား၏ ------

၁။ အတိတ်အဖို့စု၌ အပိတ်အပင် အဆီးအတား အကန့်အကွက် အနှောက်အယှက်မရှိသော သဗ္ဗညုတ ဉာဏ်တော်လည်းကောင်း၊ အနာဂတ်အဖို့အစု၌ အပိတ်အပင် အဆီးအတား အကန့်အကွက် အနှောက်အယှက်မရှိသော သဗ္ဗညုတဉာဏ်တော်လည်းကောင်း၊

၃။ ပစ္စုပ္ပန်အဖို့အစု၌ အပိတ်အပင် အဆီးအတား အကန့်အကွက် အနှောက်အယှက်မရှိသော သဗ္ဗညုတဉာဏ် တော်လည်းကောင်း၊

၄။ ဉာဏ်တော်ရှေ့သွားရှိသော ဉာဏ်တော်သို့အစဉ်လိုက်သော အလုံးစုံသော ကိုယ်ဖြင့်ပြုအပ်သောအမှု လည်းကောင်း၊

၅။ နှုတ်ဖြင့်ပြုအပ်သောအမှုလည်းကောင်း၊

၆။ စိတ်ဖြင့်ကြံစည်အပ်သောအမှုလည်းကောင်း၊

၇။ ဆန္ဒတော်၏ ယုတ်လျော့ခြင်းမည်သည်မရှိ၊

၈။ ဝီရိယ၏ ယုတ်လျော့ခြင်းမည်သည်မရှိ၊

၉။ သတိ၏ ယုတ်လျော့ ခြင်းမည်သည်မရှိ၊

၁၀။ သမာဓိ၏ ယုတ်လျော့ခြင်းမည်သည်မရှိ၊

၁၁။ ပညာ၏ ယုတ်လျော့ခြင်းမည်သည်မရှိ၊

၁၂။ အရဟတ္တဖိုလ်၏ ယုတ်လျော့ခြင်းမည်သည်မရှိ၊

၁၃။ စိတ်၏ နှစ်လုံးနှစ်ခွဖြစ်ခြင်းသည်မရှိ၊

၁၄။ အဆောတလျင် မှားယွင်းစွာပြုခြင်းမည်သည်မရှိ၊

၁၅။ သဗ္ဗညုတဉာဏ်တော်ဖြင့် မပျံ့နှံ့သော တစ်စုံတစ်ခုသောအရာသည်မရှိ၊

၁၆။ ရယ်မြူးသဖြင့် မှားယွင်းစွာပြုခြင်းမရှိ၊

၁၇။ အကျိုးမရှိရာ၌ အားထုတ်လိုသောစိတ်သည်မရှိ၊

၁၈။ မဆင်မခြင်ပြုလုပ် ပြောဆိုခြင်းသည်မရှိ၊ ဤသို့ (၁၈)ပါးသော ဗုဒ္ဓဓမ္မတို့ကို အဖန်ဖန်အထပ်ထပ် အမြဲမပြတ်အောက်မေ့အပ်၏။

- လေးပါးကုန်သောဝေသာရဇ္ဇဉာဏ်တော်တို့ကိုလည်းကောင်း၊
- လေးပါးကုန်သောသတိပဋ္ဌာန်တို့ကိုလည်းကောင်း၊
- လေးပါးကုန်သောသမ္မပ္ပဓာန်တို့ကိုလည်းကောင်း၊
- လေးပါးကုန်သောဣဒ္ဓိပါဒ်တို့ကိုလည်းကောင်း၊
- ငါးပါးကုန်သောဣန္ဒြေတို့ကိုလည်းကောင်း၊
- ငါးပါးကုန်သောဗိုလ်တို့ကိုလည်းကောင်း၊
- ခြောက်ပါးကုန်သောအဘိညာဉ်တို့ကိုလည်းကောင်း၊
- ခုနစ်ပါးကုန်သောသမ္ဗောဇ္ဈင်တို့ကိုလည်းကောင်း၊
- ရှစ်ပါးကုန်သောမဂ်တို့ကိုလည်းကောင်း၊
- ရှစ်ပါးကုန်သောအဘိဘာယတနတို့ကိုလည်းကောင်း၊
- ရှစ်ပါးကုန်သောဝိမောက္ခတို့ကိုလည်းကောင်း၊
- ကိုးပါးကုန်သောအစဉ်အတိုင်းဝင်စားအပ်သောသမာပတ်တို့ကို လည်းကောင်း၊
- ဆယ်ပါးကုန်သောအရိယာဝါသတရားတို့ကိုလည်းကောင်း၊
- ဆယ်ပါးကုန်သောအာသဝက္ခယဖလတို့ကိုလည်းကောင်း၊
- ဆိုအပ်ခဲ့ပြီးသောဂုဏ်တို့မှ ကြွင်းကုန်သော များစွာသောကုသိုလ် ဖြစ်ကုန်သော (အပြစ်မရှိကုန်သော) ဂုဏ်ကျေးဇူးတရားတို့ကို လည်းကောင်း၊

အဖန်ဖန်အထပ်ထပ် အမြဲမပြတ် ပွားများအပ်ကုန်၏၊ ထိုဘုရားရှင်၏ ဂုဏ်တော်ကို ပွားများနေသောပုဂ္ဂိုလ်သည် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်အပ်၏၊ သုံးပါးသောတန်ခိုးပြဋ္ဌိဟာနှင့်ပြည့်စုံသော သာမညအရိယာဖိုလ်သို့ ရောက်ခြင်း၊ ရခြင်းသည်ဖြစ်၏။

၆၈။ ဓမ္မာနုဿတိ

နိဗ္ဗာန်သည်လည်းကောင်း၊နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အကျင့်သည် လည်းကောင်း ဓမ္မ မည်ပါ၏။

နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောအကျင့်ဟူသည် အဘယ်နည်း။

- လေးပါးကုန်သော သတိပဋ္ဌာန်
- လေးပါးကုန်သော သမ္မပ္ပဓာန်
- လေးပါးကုန်သော ဣဒ္ဓိပါဒ်
- ငါးပါးကုန်သော ဣန္ဒြေ
- ငါးပါးကုန်သော ဗိုလ်
- ခုနစ်ပါးကုန်သော ဗောဇ္ဈင်
- ရှစ်ပါးကုန်သော မဂ္ဂင် - တို့သည်ရှိကုန်၏၊ ဤဗောဓိပက္ခိယတရား (၃၇)ပါးသည် နိဗ္ဗာန် ရောက်ကြောင်းအကျင့် မည်ပါသည်။

၆၉။ နိဗ္ဗာန်သည် အဘယ်နည်း။

- အလုံးစုံသောဖြစ်ပျက်(သင်္ခါရ) ဆင်းရဲချုပ်ငြိမ်းရာဖြစ်သောတရားသည်၊
- အလုံးစုံသောဥပဓိတို့ကို စွန့်လွှတ်ရာဖြစ်သောတရားသည်၊

- တဏှာ၏ကုန်ရာဖြစ်သောတရားသည်၊
- တပ်မက်မှု (ရာဂ) ၏ကင်းပျောက်ရာဖြစ်သောတရားသည်၊
- တဏှာချုပ်ရာဖြစ်သောတရားသည်၊
- တဏှာမရှိရာဖြစ်သောတရားသည် - နိဗ္ဗာန်မည်၏။

ဗုဒ္ဓသည် ဒေသနာဉာဏ် ဝေဖန်ပညတ်ဟောကြားအပ်သော တရားသည် ----

သွာက္ခာတော -အပိုအလို ဆိုဖွယ်ပြစ်ကင်း လွန်သန့်ရှင်း၍ ကောင်းခြင်းသုံးဖြာလက္ခဏာဖြင့် ကောင်းစွာ ဟောကြားတော်မူအပ်သော တရားတော်ပါတည်း၊

သန္ဒိဋ္ဌိကော -တဆင့်နာကြား သူတစ်ပါးနှင့်မဆိုင် ကိုယ်တိုင်ဆင်ခြင်ကိုယ်တိုင်သိမြင်အပ်သော မဂ်-ဖိုလ်-နိဗ္ဗာန်တရားတော်ပါပေတည်း၊

အကာလိကော-ဆိုင်းငံ့မျှော်လင့် ကြာမြင့်ဖင်နွဲ့အချိန်ဆွဲနေသည် မဟုတ်တမဟုတ်ချင်း လက်ငင်းမနေး အကျိုးပေးသော တရားတော်ပါပေတည်း၊

ဧဟိပဿိကော - ထင်ရှားရှိပုံ စင်ကြယ်ပုံကို မယုံလာစမ်း ကြည့်လှည့်စမ်းဟု လှမ်း၍ဖိတ်မန် အစမ်းခံနိုင်သော လောကုတ္တရာ တရားပါပေတည်း၊ (ဝါ) ထင်ရှားရှိမှန် စင်ကြယ်ဟန်ကြောင့် အမြန်လာပါ ရှုစမ်းပါဟု သူငါနှိုးဆော် ဖိတ်ခေါ်ထိုက်သော လွန်ထူးခြားလတ် တရားတော်မြတ်ပါပေတည်း၊

ဩပါနေယျိကော - ပုဆိုးဦးသျှောင် မီးစွဲလောင်လည်း လောင်ပစေဟု
လျစ်လျူရှု၍ ရှုမြဲစိုက်စိုက် စိတ်မှာပိုက်၍ ဆောင်
ထိုက်ရှုထိုက် သောတရားတော်ပါပေတည်း၊
ပစ္စတ္တံဝေဒိတဗ္ဗော - ပညာရှိကြီး အသီးသီးတို့ ခိုမှီးမပြတ် စိတ်ရှိကပ်၍
သိအပ်၊ ခံစားအပ်သော တရားတော်ပါပေတည်း၊

ဤသို့လျှင် အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်အပ်ပါပေ၏။ သန္ဒိဋ္ဌိကော ဟူသည် မဂ်ဉာဏ်လေးပါးကိုလည်းကောင်း၊ ဖိုလ်ဉာဏ်လေးပါးကိုလည်းကောင်း၊ အစဉ်အတိုင်းရအပ်သည် အဖြစ်ကြောင့်လည်းကောင်း၊ နိဗ္ဗာန်၏လည်း မဂ်ဖိုလ်တို့၏ ကိုယ်ထိလက်ရောက် မျက်မှောက်ပြုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း သန္ဒိဋ္ဌိက မည်ပါ၏၊

ဤသို့ တရားတော်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့အပ်သော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ကြည်လင်၏၊ နီဝရဏတို့သည် ကင်းပျောက်ကုန်၏၊ သဒ္ဓါတရားသည် တိုးပွားလာ၏၊ ကုသိုလ်စိတ်ကို အားနည်းအောင်ပြုတတ်သော ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ် ကုန်သောတရားတို့သည် ကင်းပျောက်ကုန်၏၊ နှစ်သက်သောစိတ်ရှိသူအား ဈာန်တရားတို့သည် ဖြစ်ပေါ်ကုန်၏၊ ဥပစာရ သမာဓိသည် ဖြစ်၏၊ သမာဓိအခြေခံရှိသောဝိပဿနာကို ပွားများခြင်းကြောင့် အရဟတ္တဖိုလ်ကို ကိုယ်ထိလက်ရောက်မျက်မှောက်ပြု၏။

ဓမ္မာနုဿတိပြီး၏။

၇၀။ သံဃာနုဿတိ

အထူးသီလ-ဟုဆိုအပ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် နှစ်သက်အပ်သောဂုဏ်ကျေးဇူးတို့ဖြင့် ပေါင်းအပ်သော အရိယာပုဂ္ဂိုလ်အပေါင်းသည်

လည်းကောင်း၊ ပါတိမောက္ခသံဝရ သီလတည်းဟူသော အဓိသီလသိက္ခာ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်အပေါင်းဟုဆိုအပ်သော သာဇီဝသို့ ကောင်းစွာရောက်သော ဘုရားရှင်၏တပည့်အပေါင်းသည်လည်းကောင်း သံဃာမည်၏၊ သံဃာဂုဏ်တော်တို့ကို အဖန်ဖန်မပြတ် အောက်မေ့ခြင်း၏ အစွမ်းဖြင့်ဖြစ်သောသတိသည် သံဃာနုဿတိ မည်၏။

အဘယ်ပုံ-အဘယ်သို့သောအခြင်းအရာအားဖြင့် ပွားများအပ်၊ ပွားများသင့်၊ ပွားများထိုက်သနည်း။

မြတ်စွာဘုရား၏တပည့်သားသံဃာတော်အပေါင်းသည် ----

သုပ္ပဋိပန္နော- ကောင်းသောမဇ္ဈိမပဋိပတ်အကျင့်မြတ်ကို ကျင့်တော်မူသောကြောင့် သုပ္ပဋိပန္န မည်တော်မူ၏၊

ဥဇုပ္ပဋိပန္နော - မကွေ့မထောင့် ဖြောင့်ဖြောင့်စင်းစင်း မျဉ်းကြောင်နှင့်တူသော အကျင့်မြတ်ကို ကျင့်တော်မူသည်၏အဖြစ်ကြောင့် ဥဇုပ္ပဋိပန္န မည်၏၊

ဉာယပ္ပဋိပန္နော- နိဗ္ဗာန်မျက်မှောက် သွားရောက်ကြောင်းဖြစ်သော အကျင့်ကို ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့် ဉာယပ္ပဋိပန္န မည်၏၊

သာမိစိပ္ပဋိပန္နော - ဝဋ်ဆင်းရဲမှထွက်မြောက်ခြင်းအားလျော်သော အကျင့်ကို ကျင့်တော်မူသည်၏ အဖြစ်ကြောင့် သာမိစိပ္ပဋိပန္နမည်၏၊

- မြတ်စွာဘုရား၏တပည့်သား သံဃာတော်အပေါင်းသည်အစုံ၏ အစွမ်းအားဖြင့်လေးပါးကုန်သော ယောကျ်ားမြတ်အစုံတို့သည် ဖြစ်၏၊

- အသီးအသီးတစ်ယောက်စီ၏အစွမ်းအားဖြင့်ရှစ်ယောက်ကုန်သော ယောက်ျားမြတ်ပုဂ္ဂိုလ်ကျော်တို့သည်ဖြစ်ကုန်၏၊
- မြတ်စွာဘုရား၏ မဂ်ဖိုလ်ရှစ်ယောက်တပည့်သားကျော် ဤအရိယာ သံဃာတော်သည် ----

အာဟုနေယျော-အဝေးမှသော်လည်းရှေ့ရှုဆောင်၍ ပေးလှူပူဇော်အပ်သော ပစ္စည်းဝတ္ထုကို ခံယူတော်မူထိုက်သည်၏ အဖြစ်ကြောင့် အာဟုနေယျမည်၏၊

ပါဟုနေယျော -ချစ်ခင်အပ်သော မိတ်ဆွေဖို့အလို့ငှါ စီရင်အပ်သောဝတ္ထုကို ခံယူထိုက်သည်၏အဖြစ် ကြောင့် ပါဟုနေယျ မည်၏၊

ဒက္ခိဏေယျော- ကံ-ကံ၏အကျိုးကိုယုံကြည်၍ ပေးလှူအပ်သောဝတ္ထုကို ခံယူတော်မူထိုက်သည်၏ အဖြစ်ကြောင့် ဒက္ခိဏေယျ မည် တော်မူ၏၊

အဉ္ဇလိကရဏီယော - လက်အုပ်ချီးမိုးရှိခိုးခြင်းကို ပြုတော်မူထိုက်သည် အဖြစ်ကြောင့် အဉ္ဇလိကရဏီယ မည်တော်မူ၏၊

ပုညခေတ္တ အနုတ္တရလောကဿ - လူအပေါင်း၏ ဂုဏ်ဖြင့်ထူးချွန်လွန်ကဲသူ တစ်စုံတစ်ယောက်မရှိသော ကောင်းမှု တည်းဟူသောမျိုးစေ့ကို ပစ်ချစိုက်ပျိုးရာ ဖြစ်သော လယ်ယာမြေကောင်းနှင့် တူသည်အဖြစ်ကြောင့် ပုညခေတ္တ အန ုတ္တရလောကဿ မည်တော်မူ၏၊

၇၁။ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ

- ကာယ,ဝစီ,မနော သုံးပါးအပေါင်းကို အကုသိုလ်မဖြစ်အောင် စောင့်ရှောက်ပိတ်ဆို့ခြင်း သည် သီလ မည်တော်မူ၏၊
- လျှပ်ပေါ်လော်လီတပ်မက်မှုကို ပယ်နိုင်ခြင်းသည် စာဂမည်တော်မူ၏၊
- စည်းစိမ်တန်ခိုးအမျိုးမျိုးတို့ဖြင့် တောက်ပတတ်ကုန်သောကြောင့် ဒေဝမည်တော်မူ၏၊

သီလာနုဿတိ -မိမိ၏သီလဂုဏ်ကျေးဇူးကို အဖန်ဖန်အောက်မေ့ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော အဖန်ဖန် အောက်မေ့တတ်သော သတိသည် သီလာနုဿတိမည်တော်မူ၏၊

စာဂါနုဿတိ- စွန့်ကြဲပေးကမ်းခြင်းဂုဏ်၊ ဒါန၏အကျိုးကို အဖန်ဖန်အောက်မေ့ခြင်း၏ အစွမ်းဖြင့်ဖြစ်သော အောက်မေ့မှုသတိသည် စာဂါနုဿတိမည်၏၊

ဒေဝတာနုဿတိ-မြေအပြင်၌မှီတွယ်နေကုန်သော ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်, ကောင်းကင်၌နေသော အာကာသဋ္ဌနတ် - အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ကာမာဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံသို့ကပ်ရောက်ကုန်သော နတ်ပြဟ္မာတို့၏ နတ်ပြဟ္မာ၏အဖြစ်ကို ပြီးစေတတ်သောရှေးဘဝ၌ ပြုအပ်ဖူးသော ကုသိုလ်ကံကို အဖန်ဖန်အောက်မေ့ခြင်းသည် ဒေဝတာနုဿတိမည်တော်မူ၏။

# အဋ္ဌမပိုင်း
# စတုတ္ထဘာဂ

၇၂။ အာနာပါနဿတိ

ရဟန်းတို့... ထွက်သက်ဝင်သက်ကို သိမ်းဆီးတတ်သောသတိနှင့် အတူတကွယှဉ် သောသမာဓိကို (ဝါ) ထွက်သက်-ဝင်သက်ကို သိမ်းဆီးတတ် သောသတိဩဖြစ်သော သမာဓိကိုပွားများအပ်သည်၊ ကြိမ်ဖန်များစွာ အလေ့ အလာ ပြုအပ်သည် ဖြစ်သည်ရှိသော် ကြီးကျယ်များမြတ်သော အကျိုးရှိ သည်၊ ကြီးကျယ်များမြတ်သောကျိုးဆက်ဂုဏ်အင် အကျိုးရှိသည်ဖြစ်၏။

ရဟန်းတို့ .......... ထွက်သက်ဝင်သက်ကို သိမ်းဆီးတတ်သော သတိနှင့် အတူတကွယှဉ်သောသမာဓိကို ပွားများအပ်သည်၊ ကြိမ်ဖန်များစွာ အလေ့အလာပွားများအပ်သည် ဖြစ်သည်ရှိသော် လေးပါးကုန်သော သတိ ပဋ္ဌာန်တို့ကိုဖြည့်စေ၏၊ လေးပါးကုန်သောသတိပဋ္ဌာန်တို့ကို ပွားများအပ်သည်၊ ကြိမ်ဖန်များစွာ အလေ့အလာပွားများအပ်သည် ဖြစ်သည်ရှိသော် ခုနစ်ပါး ကုန်သောဗောဇ္ဈင်တို့ကိုပြည့်စေကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွားများအပ် သည်၊ ကြိမ်ဖန်များစွာ အလေ့အလာ ပွားများအပ်သည် - ဖြစ်သည်ရှိသော် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြည့်စေကုန်၏။

ရဟန်းတို့ .......... အဘယ်သို့ အဘယ်ပုံသို့သော အခြင်းအရာ အားဖြင့် ပွားများအပ်သည်၊ ကြိမ်ဖန်များစွာအလေ့အလာ ပွားများအပ်သော ဝင်လေ၊ ထွက်လေ(အာနာပါနဿတိ)သည် ကြီးကျယ်များမြတ်သော အကျိုး ရှိသည်၊ ကြီးကျယ်များမြတ်သော အကျိုးအာနိသင်ရှိသည်ဖြစ်သနည်း။

ရဟန်းတို့ .......... ဤငါဘုရားသာသနာတော်၌ အာနာပါနသတိကမ္မဋ္ဌာန်းအလုပ်ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နေသော သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းရွက်ကာပျော် ရဟန်းတော်သည် ကုပ်လုပ်လေးတာ အပြန်ငါးရာ (ကုလားတို့ပြုလုပ်အပ်သော လေးတာ၊ ကုပ်လုပ်လေးတာ၏ အတိုင်းအရှည်မှာ ၆-ပေရှိသည်၊ ၆*၅၀၀ = ပေ- ၃၀၀၀ ရှိသည်)။

- ကွလုမ်းတံလတ် တောအရပ်သို့ ရောက်သည်ဖြစ်သော လည်းကောင်း၊
- အရိပ်လုံလောက်သောသစ်ပင်ရင်း၊ သစ်ပင်အောက်သို့ရောက်သော်လည်းကောင်း၊
- လူရှင်းကင်းဆိတ် သစ်ရိပ်ခြုံကောင်း တောရပ်ကျောင်းသို့ ရောက်သော်လည်းကောင်း၊
- အထက်ပိုင်းဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် (၁၈)မျိုး ကျောက်ဆစ်ရိုးတို့ကို အစွန်းချင်းထိအောင်ထားရာ အာနာပါနကမ္မဋ္ဌာန်းကိုရှေ့ရှု တွေ့ဝေမှုမှလွတ်မြောက်၍ တည်သောသတိကို ဖြစ်စေပြီး၍(ထား၍)ထက်ဝန်းကျင်ပေါင်းချင်ယှဉ်၍ ဖွဲ့တင်အပ်သော တင်ပလ္လင်ကို ဖွဲ့ခွေ၍ထိုင်နေ၏။

ထိုရဟန်းသည် အောက်မေ့နိုင်ဘိ သတိရှိသည်သာလျှင်ဖြစ်၍ ဝင်သက်ကိုဖြစ်စေ၏၊ (ဝါ) ဝင်သက်ကိုရှိုက်သွင်း၏၊ သတိရှိလျှက်သာလျှင် ထွက်သက်ကို ဖြစ်စေ၏၊ (ဝါ)ထွက်သက်ကိုရှုနေ၏၊ ရှည်ရှည်လည်း ဝင်သက်ကိုဖြစ်စေသည်ရှိသော် (ဝါ) ဝင်သက်ကို ရှိုက်သွင်းသည်ရှိသော်

ရှည်ရှည် ဝင်သက်ကိုရှိုက်သွင်းနေ၏၊ ဤသို့ ကွဲကွဲပြားပြားသိ၏၊ ရှည်ရှည်လည်း ထွက်သက်ကိုရှူနေသည်ရှိသော် ရှည်ရှည်ထွက်သက်ကိုရှူနေ၏၊ ဤသို့ ကွဲကွဲပြားပြားသိ၏၊ တိုတိုလည်း ဝင်သက်ကို ရှိုက်သွင်းနေသည်ရှိသော် ဝင်သက်ကို တိုတိုရှိုက်သွင်းနေ၏၊ ဤသို့ကွဲကွဲပြားပြားသိ၏၊ တိုတိုထွက်သက်ကို ရှူနေသည်ရှိသော် ထွက်သက်ကိုတိုတိုရှူနေ၏၊

ဤသို့ ကွဲကွဲပြားပြားသိ၏၊ အလုံးစုံသော ဝင်သက်အပေါင်း၏ အစ, အလယ်, အဆုံးသုံးပါးလုံးကို အသီးသီးကောင်းစွာထင်ရှားစေလျက် (ဝါ) ထင်ရှားအောင်ပြုလျက် ရှုမှတ်နေ၏၊ ဤသို့ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်၏၊ အလုံးစုံသော ထွက်သက်အပေါင်း၏ အစအလယ်အဆုံးသုံးပါးလုံးကို အသီးသီးကောင်းစွာထင်ရှားစေလျက် (ဝါ) ထင်ရှားအောင်ပြုလျက် ရှုမှတ်နေ၏၊ ဤသို့ကျင့်ကြံ ကြိုးကုတ်ပွားများအားထုတ်၏၊ ကရဇကာယသည် ပြုပြင်စီရင်အပ်သော ရုံ့ရင်းသော ဝင်သက်အပေါင်းကို (ဝါ) အရှိုက်ပြင်း၍ရုံ့ရင်းသော ဝင်သက်အပေါင်းကို သာယာဖြေညှင်း ရှိုက်ရှူနေခြင်းဖြင့်ငြိမ်းစေလျက် (ဝါ) ကွယ်ပျောက် ချုပ်ငြိမ်းရုပ်သိမ်း စေလျက်ရှူနေ၏၊

ဤသို့ ကျင့်ကြံကြိုးကုတ်အားထုတ်၍ နေ၏၊ ကရဇကာယသည် ပြုပြင်စီရင်အပ်သော ရုံ့ရင်းသော ထွက်သက်အပေါင်းကို (ဝါ) အရှိုက်ပြင်း၍ ရုံ့ရင်းသော ထွက်သက်အပေါင်းကို သာယာဖြေညှင်း ရှိုက်ရှူနေခြင်းဖြင့် ငြိမ်းစေလျက် (ဝါ) ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းစေလျက်ရှူနေ၏၊ ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်၍နေ၏၊ နှစ်သက်ခြင်း (ပီတိ) ကိုထင်ရှားအောင်ပြုလျက် (ဝါ) ပညာဖြင့် ရှုဆင်ခြင်လျက် ဝင်လေထွက်လေကို ရှုရှိုက်၍နေ၏၊ ချမ်းသာခြင်း (သုခ) ကိုထင်ရှားအောင်ပြုလျက် (ဝါ) ပညာဖြင့် ရှုဆင်ခြင်လျက် ဝင်လေထွက်လေကို ရှုရှိုက်နေ၏၊ ဝေဒနာ၊ သညာဟူသော စိတ္တသင်္ခါရ

ကိုထင်ရှားအောင်ပြုလျက် (ဝါ) ပညာဖြင့် ရှုဆင်ခြင်လျက် ဝင်လေထွက်လေကို ရှုရှိုက်နေ၏၊ စိတ္တသံဝေဒီရကိုထင်ရှားအောင်ပြုလျက် (ဝါ) ပညာဖြင့်ရှုဆင်ခြင်လျက် ဝင်လေထွက်လေကို ရှုရှိုက်နေ၏၊ ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများ၏။

ရှာန်စိတ်ကိုထင်ရှားစေလျက်- ပညာဖြင့်ဆင်ခြင်လျက်- ရှာန်နှင့်ယှဉ်သောသမထဝိပဿနာတို့ဖြင့် အလွန်ဝမ်းမြောက်စေလျက် - စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် - စိတ်ကိုနီဝရဏတို့မှ လွတ်စေလျက် - ဝင်လေထွက်လေကို ရှုမှတ်နေ၏၊ ဤသို့ ကျင့်ကြံကြိုးကုတ်အားထုတ်ပွားများနေ၏၊ အနိစ္စ- ဟု အဖန်ဖန်ရှုလျက် - ရာဂ ကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် - ကိလေသာ စွန့်ရာနိဗ္ဗာန်၊ စွန့်တတ်သောမဂ်ကို အဖန်ဖန်ရှုလျက် ဝင်လေထွက်လေကို ရှုမှတ်နေ၏၊ ဤသို့ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများနေ၏။

ဤသို့လေးပါးသောစတုက္က တစ်ဆယ်ခြောက်ပါးသော ဝတ္ထုတို့၏ အစွမ်းအားဖြင့် ပွားများအပ်သည်သာလျှင်ဖြစ်သော အကြိမ်ဖန်များစွာ အလေ့ အလာပြုအပ်သည်သာလျှင်ဖြစ်သော အာနာပါနဿတိသည် များသော အကျိုးရှိသည် များသောအာနိသင်ရှိသည်ဖြစ်၏၊ ဤသို့ရဟန်းတို့ကို မိန့်ကြား တော်မူ၏။

၇၃။ ဤသို့ဆိုအပ်ပြီးသောအခြင်းအရာအားဖြင့် နှလုံးသွင်းသော ယောဂီ ပုဂ္ဂိုလ်သည် နှာသီးဖျားကိုသော်လည်းကောင်း၊ အထက်နှုတ်ခမ်းသားကိုသော် လည်းကောင်း ထိခိုက်နေသောလေကို ကောင်းစွာမှတ်သား၍ ထွက်သက် ဝင်သက်၌ ထွက်သက်ဝင်သက်တို့၏ ထွက်-ဝင်နေပုံအခြင်းအရာကို အမှတ်ပြု ၍သိနေ၏။ သစ်တုံးကိုရွေးဖြတ်နေသော လက်သမားသည် လွှသွား၏ သွားနေပုံ၊ ပြန်လာပုံကို သိသကဲ့သို့လည်းကောင်း၊ အဝေး-အနီး၊ တုံးခြင်း၊

ထက်ခြင်းအစရှိသည်တို့ကို သိသကဲ့သို့လည်းကောင်း၊ ထိုအတူ ယောဂီပုဂ္ဂိုလ်သည် ငယ်သောပလိဗောဓတို့ကို ပယ်ဖြတ်ပြီး၍ သမာဓိစိတ်သည် နီဝရဏတို့မှ ကြည်လင်လာသည်ရှိသော် ပဋိဘာဂနိမိတ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

အကျဉ်းငုတ်ကွယ်အနက်အဓိပ္ပါယ်ကိုကျယ်စွာချဲ့ပြပါဦးအံ့ --------

ဤပဋိဘာဂနိမိတ်သည် လဲဝါဂွမ်းလွှာကဲ့သို့လည်းကောင်း၊ လေ အလျင်ကဲ့သို့လည်းကောင်း ထင်လာ၏၊ တနည်းကား - မီးခိုးကဲ့သို့ လည်းကောင်း၊ တိမ်တိုက်တိမ်လွှာတို့ကဲ့သို့လည်းကောင်း ထင်လာ၏၊ တနည်းကား-ခါး၊ကြိုးကဲ့သို့လည်းကောင်း၊ သစ်သားနှစ်စို့ကဲ့သို့လည်းကောင်း ထင်လာသည်သာ၊ ဥပစာရနိမိတ်သည် ထင်ရှားလာသည်ရှိသော် နီဝရဏတို့ကို ပယ်အပ်ပြီးသည်ရှိသော် ဈာနင်တို့သည် ထင်ရှားစွာဖြစ်ပေါ် လာကုန်၏။

၇၄။ တစ်ပါးကုန်သောလေးပါးကုန်သောအခြင်းအရာတို့ဖြင့်လည်း ရှေးဆရာတော်တို့သည် အာနာပါနဿတိကို ဖြစ်စေကြကုန်၏၊ (ဝါ) ပွားများကြကုန်၏။ လေးပါးကုန်သော အခြင်းအရာတို့ဖြင့် အဘယ်သို့ ပွားများကြကုန်သနည်း ? တစ်ခုမှ အကြင်မျှလောက် ဆယ်ခုတိုင်အောင်လည်းကောင်း၊ တစ်နည်း - တစ်ခုမှ ငါးခုတိုင်အောင်လည်းကောင်း၊ အဿာသ၊ပဿာသတို့ကို ရေတွက်ခြင်းသည် ဂဏနာနည်းမည်၏၊ ဆယ်ခုမှအထက်၌ အဿာသပဿာသတို့ကို ရေတွက်သောယောဂီပုဂ္ဂိုလ်သည် ရေတွက်ခြင်း၏အစွမ်းအားဖြင့် အဿာသ ပဿာသတို့ကို ဉာဏ်ဖြင့်မယူနိုင်။ အဿာသပဿာသ ရေတွက်ခြင်းနည်းကို ရုပ်သိမ်း၍ သတိဖြင့်အမြဲမပြတ် ထွက်သက်-ဝင်သက်တို့ကို အစဉ်မပြတ် သိနေခြင်းသည် နှစ်ခုမြောက်သော အနုဗန္ဓနာနည်းမည်၏။

အထက်နှုက်ခမ်း၌သော်လည်းကောင်း၊ နှာသီးဖျား၌သော်လည်းကောင်း၊ ထွက်သက်-ဝင်သက်လေကို ထားခြင်း၊ တည်နေခြင်းသည် အဿာသ ပဿာသ၏တည်ရာဌာနကို ကောင်းစွာမှတ်သားခြင်းသည် သုံးခုမြောက်သော ဌာပနာမည်၏။

အဿာသပဿာသ အာရုံနိမိတ်ကို နှလုံးသွင်းနေသောယောဂီ ပုဂ္ဂိုလ်သည် ပီတိသုခနှင့်တကွ ဖြစ်ကုန်သောဈာန်တရားတို့ကို ဖြစ်စေခြင်း သည် စတုတ္ထဖြစ်သော သလ္လက္ခဏနည်းမည်၏။

သိက္ခတိ-ဟူသည်ကား -----------

အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာတို့၏ အစွမ်း အားဖြင့်သုံးပါးကုန်သော သိက္ခာတို့၌ကျင့်၏၊ တနည်းကား-ထိုသို့ အာနာပါန သတိကို ပွားများသောအားဖြင့် ဖြစ်သောရဟာန်း၏ အကြင်သတိ၊ ဝီရိယဖြင့် စောင့်ရှောက်ခြင်းသည်ရှိ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏၊ တနည်းကား-ထိုသို့ ဝင်လေ-ထွက်လေအပေါင်း၏ အစ၊ အလယ်၊ အဆုံးကို သိအောင် ရှုနေခြင်းသဘောရှိသော ရဟာန်း၏ အကြင်သတိသံဝရ၊ ဝီရိယသံဝရသည် ရှိ၏၊ ဤသတိ သံဝရ၊ ဝီရိယသံဝရသည် ဤသုံးပါးသော သိက္ခာတို့တွင် အဓိသီလ သိက္ခာပေတည်း၊ ထိုသို့သဘောရှိသောရဟာန်း၏ အကြင်သမာဓိ သည်ရှိ၏၊ ဤသမာဓိသည် အဓိစိတ္တသိက္ခာပေတည်း၊ ထိုသို့သဘောရှိသော ရဟာန်း၏ အကြင်ပညာသည်ရှိ၏၊ ဤပညာသည် အဓိပညာ သိက္ခာပေတည်း၊ ဤသို့ သုံးပါးကုန်သောဤသိက္ခာပုဒ်တို့ကို ထိုထွက်လေ - ဝင်လေအာရုံ၌ ထိုသတိဖြင့်၊ ထိုနှလုံးသွင်းခြင်းဖြင့် လေ့ကျင့်၏၊ မှီဝဲ၏၊ ဖြစ်စေ၏၊ ပွားများ၏၊

အကြိမ်များစွာ အလေ့အလာပြု၏၊ ဤသို့ ဤသိက္ခတိ - ဟူသော ပုဒ်၌ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို ဉာဏ်မျက်စိဖြင့် ရှုအပ်၊ မှတ်အပ်၏။
ပဿမ္ဘယံ ကာယသင်္ခါရ - ဟူသောဤပါဠိ၌ ကိုယ်ကာယမှ တစ်ပါးကုန်သော အဿာသ-ပဿာသတို့သည်သာလျှင် ကာယသင်္ခါရတို့ မည်ကုန်၏။
ပီတိ ပဋိသံဝေဒိ -ဟူသည်ကား အာရုံအားဖြင့်လည်းကောင်း၊ မတွေဝေသော အားဖြင့်လည်းကောင်း၊

ဤသို့နှစ်ပါးကုန်သော အခြင်းအရာတို့ဖြင့် ပီတိ၏ထင်ရှားခြင်း၏ အဖြစ်သည်ဖြစ်၏။

၇၅။ မရဏာဿတိ

တစ်ခုသောဘဝ၌ အကျုံးဝင်သော ရုပ်-နာမ်နှစ်တွေ ဇီဝိတိန္ဒြေဟု ဆိုအပ်သော တသက်သမုတ် နာမ်နှင့်ရုပ်၏ ပြတ်စဲခြင်းသည် သေခြင်းမည်၏၊ မိမိ၏ သေခြင်းကိုသော်လည်းကောင်း၊ သူတစ်ပါး၏ သေခြင်းကိုသော် လည်းကောင်း၊ အဖန်ဖန်အောက်မေ့ခြင်းသည် မရဏာနဿတိမည်၏။ မရဏာနဿတိကို ပွားများခြင်းငှါ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ချစ်၍မဝ သားလှရတနာ ပျက်စီးရာ၌ မိခင်ပမာသောက ဗျာပါဒဖြစ်ရခြင်း၏ အစွမ်းအား ဖြင့်လည်းကောင်း၊ သံယောဇဉ်မကင်း ရင်နီးခင်မင်ကြသောပုဂ္ဂိုလ်တို့၏ ရုတ်တရက်သေလွန်ခြင်းကိုမြင်လိုက်ရသဖြင့် အံ့ဩဖွယ်ဖြစ်ခြင်း၏ အခြင်းအရာ အားဖြင့်လည်းကောင်း၊ သံယောဇဉ်မကင်း မရင်နီးသူ သူသေကောင်ကို ဖုတ်ကြမ်းသင်္ဂြိုဟ်သူကဲ့သို့ ကြောင့်ကြမပြု၊ လျစ်လျူရှုသော အခြင်းအရာ အားဖြင့် လည်းကောင်း၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့ ဖြစ်ကပျက်မြဲ မလွဲမှန်လှ သဘာဝကို ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်သိရ ဓမ္မသံဝေဂဉာဏ် အမြင်မှန်ရ

သောအားဖြင့်လည်းကောင်း၊ ဤသို့လေးပါးကုန်သောအခြင်းအရာတို့ဖြင့် သေခြင်းတရားကို ဖန်ခါမပြတ် အောက်မေ့ဆင်ခြင်အပ်၏။

ရဟန္တာအရှင်သခင်မြတ်တို့၏ ရုပ်နာမ်နှစ်ရပ် အဖြစ်ရပ်သဖြင့် ဝဋ္ဋဒုက္ခအပြီးပြတ်သော သမုစ္ဆေဒမရဏလည်းကောင်း၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာ၏ ဖြစ်လာတိုင်းပင် လွယ်ချုပ်ဝင်သည့် ဤသင်္ခါရသဘာဝဖြစ်သော ခဏိက မရဏလည်းကောင်း၊ အသက်၊ကံကြွင်း ရှိတုံလျှင်းလည်း တစ်ခဏချင်း ဇီဝိန်ခွင်းသည့် ဥပစ္ဆေဒကံကြောင့်ဖြစ်သော ကွယ်လွန်ရခြင်းလည်းကောင်း၊ အသက်၊ ကံဟုန် နှစ်ပါးစုံဟု တစ်မျိုးမျိုးကုန်ခြင်းကြောင့်ဖြစ်သော ကွယ်လွန်ရခြင်းလည်းကောင်း၊ ဤသို့ လေးမျိုးလေးပါးအပြားရှိသည်သာလျှင် ဖြစ်သော ရုပ်နာမ်ရှိသူ ခပ်သိမ်းသူတို့နှင့်ဆက်ဆံသော သေခြင်းဟုဆိုအပ်သော သေခြင်းတရားကို ဖန်ခါမပြတ်အောက်မေ့ရာ၏။

တစ်နည်းကား - လူသတ်သမားလာသောလားသို့ သေခြင်းတရား၏ နီးကပ်နေသည်အဖြစ်လည်းကောင်း၊ ကာလ၊ ဒေသ၊ ဌာနအစရှိသော အကြောင်းမဲ့ သေခြင်းအားဖြင့်လည်းကောင်း၊ (ဝါ) ချိန်ခါဒေသ ဌာနမရွေး သေနိုင်ခြင်းအားဖြင့်လည်းကောင်း၊ သူတစ်ပါးတို့နှင့်တကွ မိမိ၏သေခြင်းတရားကို အနီးအနားသို့ ဆောင်ခြင်းအားဖြင့်လည်းကောင်း၊ မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ သေခြင်းကို အဖန်ဖန်အောက်မေ့သောအားဖြင့်လည်းကောင်း၊ တန်ခိုး ဣဒ္ဓိပါဒ်ကြီးမားသော ပုဂ္ဂိုလ်တို့၏သေလွန်ခြင်း၊ အရှိန်အစော် အခြံအရံများသောပုဂ္ဂိုလ်တို့၏ သေလွန်ခြင်းကို အဖန်ဖန်အောက်မေ့အားဖြင့်လည်းကောင်း၊ မဟာသာဝက၊ အဂ္ဂသာဝကအရှင်မြတ်တို့၏ ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်းကို အဖန်ဖန်အောက်မေ့ခြင်းအားဖြင့် လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ

တို့၏ပရိနိဗ္ဗာန်စံဝင်ခြင်းကို အဖန်ဖန် အောက်မေ့ခြင်းအားဖြင့်လည်းကောင်း၊ ဘုရားရှင်တို့၏ စံဝင်တော်မူခြင်းကို အဖန်ဖန်အောက်မေ့သောအားဖြင့် လည်းကောင်း၊ ဤသို့ရှစ်ပါးကုန်သော အကြောင်းအခြင်းအရာတို့၏ စုတိပြတ်ကြွေ သေလွန်ခြင်းတရားကို ဖန်ခါမပြတ် အထပ်ထပ် အောက်မေ့ဆင်ခြင် အပ်၏။

မရဏာဿတိကို ကိုယ်ခန္ဓာ၏များးစွာသောပိုး (၈၀)တို့နှင့် ဆက်ဆံနေခြင်းအားဖြင့်လည်းကောင်း၊ အသက်သမုတ် နာမ်ရုပ်တို့၏ အားနည်းလှပုံ အားဖြင့် လည်းကောင်း၊ အသက်ရှည်ရခြင်း၏ တိုတောင်းသော ကာလရှိပုံ အပိုင်းအခြားအားဖြင့်လည်းကောင်း၊ အပိုင်းအခြား အမှတ်အသား၏ မရှိသော အားဖြင့် လည်းကောင်း၊ အသက်ရှင်ရာ ခဏ၏တိုတောင်းနည်းပါးသော အားဖြင့်လည်းကောင်း၊ အဖန်ဖန် အောက်မေ့ပွားများသော ယောဂီပုဂ္ဂိုလ်အား အနိစ္စသညာသည် (ဝါ) ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ၏ မမြဲဟူ၍ဖြစ်သော အမှတ်သညာသည် ထင်လာ၏၊ အနိစ္စသညာကို ပွားများအပ်သည်ရှိသော် အတ္တ (အသက်-လိပ်ပြာ-ဝိညာဉ်) မဟုတ်ဟူ၍ဖြစ်သော သညာသည် လည်းကောင်း၊ ဖြစ်ခြင်း၊ပျက်ခြင်းတို့ဖြင့် ဆင်းရဲနှိပ်စက်ခြင်းသဘောဟူသော ဒုက္ခသညာလည်းကောင်း ထင်လာ၏၊ အစိုင်းအခဲထုထဲ အားကောင်းနေသောအတ္တ (အသက်-လိပ်ပြာ-ဝိညာဉ်) ဟူသော အယူအဆကိုပယ်အပ်နိုင်၏၊ ကုသိုလ်စိတ်သည် ဝိပဿနာလမ်း ကြောင်းသို့သက်ဝင်တော့၏။

၇၆။ ကာယဂတာသတိ စက်ဆုပ်အပ်ကုန်သော အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော ကံ-ကိလေသာတို့၏ဖြစ်ရာတည်း၊ ထိုရင်း အာသဝေါ တရားတို့၏အာရုံဖြစ်ကုန်သော ကံ-ကိလေသာတို့၏ ဖြစ်ရာဖြစ်သောကြောင့်

ကာယမည်၏၊ စက်ဆုပ်အပ်ကုန်သော အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သောကံ- ကိလေသာတို့၏ဖြစ်ရာ ဖြစ်သောကိုယ်၌ဖြစ်သော သတိတည်း၊ စက်ဆုပ်အပ်ကုန်သော အာသဝေါတရားတို့၌ အာရုံဖြစ်ကုန်သော ကံ- ကိလေသာတို့ဖြစ်ရာ ကိုယ်၌ဖြစ်သောသတိတည်း၊ လိုရင်း အချက်အလက်အနက်အားဖြင့် (၃၂)ပါးသော ကာယအဖို့အစုတို့၏ ပင်ကိုယ်သဘာဝဖြစ်ပုံကို အဖန်ဖန် အောက်မေ့ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော၊ မမြဲဟူ၍ဖြစ်သော သညာလည်းကောင်း၊ အတ္တ(အသက်၊ လိပ်ပြာ၊ ဝိညာဉ်) မဟုတ်ဟူ၍ဖြစ်သော သညာလည်းကောင်း၊ ရွံရှာဖွယ်,စက်ဆုပ်ဖွယ်, မတင့်တယ်ဟူ၍ ဖြစ်သောသညာလည်းကောင်း၊ လွန်စွာဆိုးညစ်အပြစ်ဟူ၍ ဖြစ်သောသညာ လည်းကောင်း၊ (၃၂)ပါးသောကိုယ်ခန္ဓာအဖို့အစု (အစိတ်အပိုင်း)တို့ကို အဖန်ဖန် အောက်မေ့ခြင်းသည် လည်းကောင်း ဖြစ်၏။

အလျာတလံ၊ အနံတစ်ထွာ ပမာဏတိုင်းတာရသည့် လေးပါး ဓာတ်ခိုဤခန္ဓာကိုယ နှစ်ကုဋေငါးသန်းသော ဆံပင်တို့သည်၊ ကိုးသိန်းကိုးသောင်း အရေအတွက်ရှိသော အမွေးတို့သည်၊ ငါးကြိမ်းကြေသဖွယ် နှစ်ဆယ်သော လက်သည်း၊ ခြေသည်းတို့သည်၊ (၃၂)ချောင်း အရေအတွက်ရှိသော သွားတို့သည်၊ တစ်ကိုယ်လုံးကိုခွါ၍ လုံးလိုက်သည်ရှိသော် ဇီးသီးကင်းမျှ ပမာဏရှိသော အထူးထူးသော အဆင်းရှိသောအရေပါး၊ ဖြူသောအဆင်းရှိသော အရေထူသည်၊ တိုက်နံရံ ကလိမ်းကျံထားသော မြေဆိုင်ပမာ အရိုးကို လိမ်းကျံ၍နေသော ကိုးရာသောအသားသည်၊ နံရံကိုဖွဲ့သော ကြိမ်နွယ်ပမာ အရိုးကိုဖွဲ့သော ကိုးရာသောအကြော၊ အရသာကိုဆောင်နိုင်သေ ခုနစ်ထောင်သောအကြောသည် စိုက်,စောက်, တည်, မြင့်-သုံးရာသောအရိုးသည်၊ ညက်စွာ

ထောင်း၍ ဝါကျည်တောက်၌ ထည့်ထားအပ်သော ကြိမ်ညွန့်ပုံဟန် သဏ္ဌာန် တူသော၊ ဖြူသောအဆင်းရှိသော ရိုးတွင်းခြင်ဆီးသည် အညို့ု့သည်၊(ဝါ) ရေမျိုမှဆက်သော အကြောဏ်အဆုံး၊ နလုံးသားကိုခြုံရုံ၍တည်လျက် သရက် သီးပွင့်နှင့်တူသော စဉ်ငယ်နီသော အဆင်းရှိသော အသားဆိုင်နှစ်ခုဟု ဆိုအပ်သော အညို့ု့သည်။

နလုံးသားသည်(ဝါ) သားမြွတ်နှစ်ခု၏ အလယ်ကိုယ်အတွင်း ဝယ်ရင် ချိုင့်,အညို့ု့နှစ်ခုအကြား တွဲရွဲဆွဲလျက် ဦးဆောက်တည်သော မနောဓာတ်၊ မနောဝိညာဏဓာတ်၊ စိတ်၊ စေတသိတ်တို့၏မှီရာ ဟဒယဝတ္ထုရုပ်တည်း ဟူသော တစ်လက်ဆွမ်းမျှ လောက်သော နလုံးသွေးရှိသောနလုံးသားသည်။

အသည်းသည်(ဝါ)သားမြွတ်နှစ်ခုတို့၏ အတွင်းလက်ျာနံပါးကို မှီလျက် ကသစ်ရွက်တမူ သဏ္ဌာန်တူသော ဖျော့တော့နီမြန်းသော အဆင်း ရှိသော ပညာရှိအားငယ်၍၊ ပညာမဲ့အားကြီးသော တစ်ခုတည်းသော အသည်း သည်။

အမြှေးသည်(ဝါ)ဖြူသောအဆင်းရှိသောအသားတစ်ကို ရစ်ပတ်ထား သောအဝတ်ကဲ့သို့ အညို့ု့နှစ်လုံးကိုဖုံး၍တည်သောအမြှေး၊ ခန္ဓာကိုယ်တစ်ခု လုံးအရေ၏အောက်၌တည်သော အမြှေးအားဖြင့် နှစ်မျိုးသော အမြှေးသည်။

အဖျင်းသည်(ဝါ) သရက်ရွက်၊ နလုံးသားတို့၏ဝဲဖက် နံပါး၌မှီလျက် လက်ခုနှစ်သစ်ပမာဏ၊ နွားလျှာဖျားသဏ္ဌာန်၊ အဆင်းညိုသောဝမ်းလျှာ သရက်ရွက်ဟု ဆိုအပ်သောအဖျင်းသည်။

အဆုပ်သည်(ဝါ) အညို့နှစ်လုံးကိုဖုံး၍ တည်လျက်မုံ့ယုက်ပြတ် သဏ္ဍာန်၊ နီသောအဆင်းရှိ သော(၃၂)ခုသောအသား လွှာဟူသော အဆုတ် သည်။

အူမသည်(ဝါ) သွေးဖြင့်ပြည့်သောကျင်း၌ အရေကိုဆုတ်ခွါ၍ ထည့် အပ်သော မြေခွေးကဲ့သို့ လည်ပင်းမှ ဝစ္စမဂ်တိုင်အောင် ကိုယ်အတွင်း၌ တည်သောယောကျ်ားအား (၃၂)တောင်၊ မိန်းမအား (၂၈)တောင်ရှိသော (၂၁)ပတ်ခွေ၍တည်သောအူမသည်။

အူသိမ်သည်(ဝါ) ခြေသုတ်ကြိုးဝန်းကိုဖွဲ့သော ကြိုးသေးပမာ (၂၁) ပတ်ခွေရာ၌အူမကိုဖွဲ့သော မော်မြစ်အတူဖြူသော အူသိမ်သည်။

အစာသစ်သည် (ဝါ)နှစ်ဘက်စွန်း၌ ကိုင်၍ညှစ်အပ်သော ပုဆိုး၏ အလယ်ဖုကဲ့သို့ (၂၁)ပတ် ခွေသောအူမ၏ အလယ်ဖုဟုဆိုအပ်သော ပိုးမျိုး (၃၂)မျိုးတို့၏တည်ရာ အစာသစ်အိမ်၌တည်သော ခွေးအံဖတ်ပမာ မျိုအပ် သော အစာသစ်သည်။

အစာဟောင်းသည် (ဝါ) ကျည်တောက်၌ ထည့်အပ်သော မြေညက် ကဲ့သို့ အူမ၏အဆုံး၊ အစောက်လက်(၈)သစ်ခန့်ရှိသော အစာဟောင်းအိမ်၌ တည်သော အစာသစ်မှကျွတ်ကျသော အစာဟောင်းတည်းဟူသော ကျင်ကြီး သည်။

ဦးနှောက်သည် ပူးအုံ၌ထည့်အပ်သော မုံညက်ဆိုင်သဏ္ဍာန် ခေါင်းခွံ အတွင်း၌ ချုပ်ကြောင်းလေးခုကိုမှီ၍တည်သော မုန့်ညက်ဆိုင် အတူဖြူသော ဦးနှောက်သည်။

အာပေါတည်းဟူသော စာအိမ်ဖြင့်ဖွဲ့အပ်သော ဗဒ္ဓသည်းခြေ၊ အအိမ်ဖြင့်မဖွဲ့အပ်သော အဗဒ္ဓသည်းခြေသည်(ဝါ) နှလုံး, အဆုတ်တို့၏ အလယ်အကြား၌ အသည်းကိုမှီ၍တည်သော သပွတ်ကြီးသီးအိမ်နှင့်တူသော ပြစ်ချွဲသော သစ်မည်းစည်းသီး၏အဆင်းနှင့်တူသော ဗဒ္ဓသည်းခြေ၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊သွား၊ ခြောက်သောအသားအစွန်းတို့မှကြွင်းသောတစ်ကိုယ်လုံးပျံ့နှံ့လျက်တည်သော ညိုသောတောင်ကျည်းပန်းအဆင်းရှိသောအဗဒ္ဓသည်းခြေသည်။

အာပေါဓာတ်တည်းဟူသော သလိပ်သည်(ဝါ)အစာသစ်အိမ်၏အနံ့ကို အထက်သို့ မတက်အောင် အစာသစ်အိမ်ကို ပိတ်လျက်တည်သော တစ်ကွမ်းစား၊ စလယ်သသားအတိုင်းအရှည်ရှိသော ဝက်ချေးပန်းရွက်ရည်စာအဆင်းရှိသော သလိပ်သည်။

အာပေါဓာတ်တည်းဟူသောပြည်သည် (ဝါ) ခလုပ်ထိနာ၊ဆူးငြိနာ၊ မီးလောင်နာ-အစရှိသည်တို့ကြောင့် သွေးစုဝေးရာအရပ်၊ အိုင်းအမာ စသည်တို့ကြောင့် သွေးပုတ်ဖြစ်သော၊ ဖျော့တော့သောအဆင်း၊ ထမင်းရည်ပုတ်အဆင်းရှိသောပြည်သည်။

အာပေါဓာတ်တည်းဟူသော သွေးသည်(ဝါ)ဆံပင်၊အမွေး၊ ခြေသည်းဖျား၊ လက်သည်းဖျား၊ ဖနောင့်စွန်းအစရှိသော ခြောက်သွေ့သောအရပ်တို့မှ တစ်ပါးအဓမနီမည်သော သွေးကြောတို့ဖြင့် အစဉ်လျှောက်လျက် တစ်ကိုယ်လုံးပျံ့နှံ့တည်နေသော သွေးသည်။

ချွေးသည် (ဝါ) မွေးညှင်းပေါက်အစရှိသည်တို့မှ ယိုစီးထွက်ကျသော ကြည်လင်သောနှမ်းဆီအဆင်းရှိသောအာပေါဓာတ်တည်းဟူသော ချွေးသည်။

အဆီစဲသည် နနွင်းဆိုးထားသောအဝတ်ကဲ့သို့ ဝသောသူအား တစ်ကိုယ်လုံး၊ ပိန်သောသူအား ခြေသလုံးသား၊ ပေါင်သား၊ ကျောက်ကုန်းသား၊ ဝမ်းပြင်းသားတို့၌တည်သော အာပေါဓာတ် ဟူသော ဆီစဲသည်။

မျက်ရည်သည် (ဝါ) ဝမ်းမြောက်ခြင်း၊ဝမ်းနည်းခြင်း၊ မသင့်လျော်သော အစားအစာ၊ ဥတု၊ မီးခိုး၊ မြူမှုံ-အစရှိသည်တို့ကြောင့် မျက်တွင်းတို့၌ ဖြစ်ပေါ်လာသော နမ်းဆီအဆင်းရှိသော အာပေါဓာတ်တည်းဟူသော မျက်ရည်သည်။

တံထွေးသည် လက်ယက်တွင်း၌ ဖြစ်သောအပူ-အစပ်အစရှိသော အာဟာရကြောင့်ဖြစ်စေ၊ နလုံးနာခြင်းကြောင့်ဖြစ်စေ ပါးစောင်နစ်ဖက်မှ ဖြစ်ပေါ်လာသော လျှာရင်း၌ပြစ်ချွဲ၍ လျှာဖျား၌ကျဲသော ဖြူသောရေမြုပ်နှင့် တူသော အဆင်းရှိသော အာပေါဓာတ်တည်းဟူသော တံထွေးသည်။

နပ်သည် ငိုယိုရာအခါ၊ ထူးခြားဖောက်ပြန်သော အစားအစာကို စားသောက်ရာအခါ၊ ဓာတ်ခြောက်ခြားခြင်း၊ ဥတုဖောက်ပြန်ခြင်း အစရှိသည်တို့ကြောင့် ဦးနှောက်မှယိုစီးထွက်ကျလာသော ထန်းသီးနုနှင့်တူသောအဆင်းရှိသော နာခေါင်းဖု၌တည်သော အာပေါဓာတ်တည်းဟူသော နပ်သည်။ အစေးသည် (၁၈၀)သော ကိုယ်ခန္ဓာအရိုးဆက်တို့၌ နယ်ဆီကိစ္စကိုပြီးစေလျက်တည်သော မဟာလှေကား သင်၏အစေးနှင့်တူသော အာပေါဓာတ်တည်းဟူသောအစေးသည်။

ကျင်ငယ်သည် တန်စီးတွင်း၌ထည့်ထားအပ်သော ရေဝင်ပေါက်မရှိသောရေစစ်အိုး၌ ရေတည်သကဲ့သို့ ဝင်ရာလမ်းပေါက်မရှိသော ပဲကြီးပြာရည်အဆင်းရှိသော ဆီးအိမ်၌တည်သော ကျင်ငယ်ရည်သည်ရှိ၏၊ ဤသို့ အဖန်ဖန်အောက်မေ့ခြင်းပေတည်း။

၇၇။ ဤသို့ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ကာယဂတာသတိကို ပွားများသောယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာကိုယ်၏အဆင်းကိုလည်းကောင်း၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ၏ပျက်စီးပုံကိုလည်းကောင်း၊ ဗုဒ္ဓိစရိုက်ရှိသောပုဂ္ဂိုလ်သည် မူလဓာတ်တို့ကိုလည်းကောင်း၊ အစဉ်အားဖြင့် အာရုံနိမိတ်ကိုယူအပ်၊ ယူသင့်၊ ယူထိုက်၏။ ကိုယ်ခန္ဓာ၏ ပင်ကိုယ်သဘောကို နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည် (၁၃)ပါးကုန်သော အခြင်းအရာတို့ဖြင့် နှလုံးသွင်းအပ်၏၊ မျိုးရိုးဗီဇအားဖြင့်လည်းကောင်း၊ တည်ရာအရပ်အားဖြင့် လည်းကောင်း၊ အကြောင်းအားဖြင့်လည်းကောင်း၊ အကျိုးဆက်အားဖြင့် လည်းကောင်း၊ အခိုက်အတန့်မျှသာတည်၍ ပျက်စီးသောအားဖြင့် လည်းကောင်း၊ ပိုးမျိုး(၈၀)တို့၏ တည်နေရာအားဖြင့်လည်းကောင်း၊ စတင်၍ ဖြစ်ရာအားဖြင့်လည်းကောင်း၊ အပေါင်းအစည်းအားဖြင့် လည်းကောင်း၊ စက်ဆုပ်ရွံရှာဖွယ်အားဖြင့်လည်းကောင်း၊ မတင့်တယ်သောအားဖြင့် လည်းကောင်း၊ ဖြစ်တတ်သောအားဖြင့်လည်းကောင်း၊ များစွာသောအပြစ်ရှိပုံအားဖြင့်လည်းကောင်း၊ ကျေးဇူးတရားကို မသိတတ်သောအားဖြင့်လည်းကောင်း၊ အပိုင်းအခြားနှင့်တကွဖြစ်သောအားဖြင့်လည်းကောင်း၊ (၁၃)ပါးကုန်သော ဤအခြင်းအရာတို့ဖြင့် (၃၂)မျိုးရှိကုန်သော ကိုယ်ခန္ဓာ၌ဖြစ်သော ရွံရှာဖွယ်-စက်ဆုပ်ဖွယ် - မတင့်တယ်သော သဘာဝဓမ္မတို့ကိုနှလုံးသို့ တင်ရှု ဆင်ခြင်သောယောဂီပုဂ္ဂိုလ်သည် ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာအားဖြင့် ငါးပါးကုန်သောကုသိုလ်တရား၊ ဈာန်မင်္ဂများကိုတားမြစ်တတ်သော တရားတို့ကိုပယ်အပ်ကုန်၏။

စိတ်သည်ကြည်လင်လာ၏၊ ဝိတက်၊ ဝိစာရ - အစရှိကုန်သော ဈာနင်တို့သည် ထင်ရှားစွာဖြစ်ပေါ်လာကုန်၏၊ ဝိတက်သည် နီဝရဏဟူသော အပိတ်အပင် ကင်းရှင်းသည်ရှိသော်၊ ကြည်လင်သည်ရှိသော် အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်၏၊ ထိုမှတပါး ဝိပဿနာ ရှုသည်ရှိသော် (ဝါ)ဝိပဿနာရှုသောယောဂီပုဂ္ဂိုလ်သည် လောကုတ္တရာမဂ်ကို ဖြစ်စေနိုင်၏။

၇၈။ ဥပသမာနဿတိ

ကိုယ်စိတ်တို့၏ ကိလေသာတို့ကြောင့် တုန်လှုပ်ခြင်းအမျိုးမျိုး အဖုံဖုံ တုန်လှုပ်ခြင်းတို့၏ချုပ်ငြိမ်းခြင်းသည်၊(ဝါ)ကိလေသာတို့ကြောင့် တုန်လှုပ်ခြင်း အမျိုးမျိုးအဖုံဖုံ တုန်လှုပ်ခြင်းတို့၏ ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည် ဥပသမ မည်၏၊ တုန်လှုပ်တတ်သောတဏှာတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အဖန်ဖန် ရှုတတ်၏၊ ထိုသို့နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို အဖန်ဖန်ရှုတတ်သောကြောင့် ဥပသမာနဿနာ မည်၏။

အဘယ်ပုဂ္ဂိုလ်သည် အဘယ်သို့သောအခြင်းအရာအားဖြင့် အဖန်ဖန် အောက်မေ့သနည်း။

သီလနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် လည်းကောင်း၊ သမာဓိနှင့်ပြည့်စုံ သောပုဂ္ဂိုလ်သည်လည်းကောင်း၊ ပညာနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် လည်း ကောင်း၊ အရဟတ္တဖိုလ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် လည်းကောင်း၊ အရဟတ္တ ဖိုလ်ကိုသိမြင်သော ပစ္စဝေက္ခဏာဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် လည်း ကောင်း အဖန်ဖန်အောက်မေ့၏။

ပထမဈာန်၌ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာအားဖြင့် ငါးပါးကုန်သော နီဝရဏတရားတို့သည် ပယ်အပ်သော အင်္ဂါတို့မည်ကုန်၏၊ ဒုတိယဈာန်၌ ဝိတက်-ဝိစာရတို့သည် ပယ်သောအင်္ဂါတို့ မည်ကုန်၏၊ အစဉ်အားဖြင့် သညာ၊ ဝေဒနာ၊ ဝေဒနာတို့ချုပ်ငြိမ်းရာ နိရောဓ သမာပတ်ကို ကိုယ်ထိလက်ရောက် မျက်မှောက်ပြု၏၊ ထိုမှတပါး သောတာ ပတ္တိဖိုလ်သို့ရောက်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည် မဂ်ဖြင့်ပယ်အပ်ကုန်ပြီး သော ကိလေသာတို့ကို ကြံဆင်ခြင်း၏၊ ထိုမှတပါး သကဒါဂါမိဖိုလ်သို့ ရောက်ပြီးသော သကဒါဂါမ်ပုဂ္ဂိုလ်သည် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂကို လည်းကောင်း၊ ဗျာပါဒကို လည်းကောင်း ပယ်စွန့်၏။

တတိယဖိုလ်ဟုဆိုအပ်သော အနာဂါမိဖိုလ်သို့ ရောက်ပြီးသော အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂကိုလည်းကောင်း၊ ဗျာပါဒကိုလည်းကောင်း အကြွင်းအကျန်မရှိအောင်ပယ်စွန့်၏၊ အရဟတ္တဖိုလ်သို့ရောက်ပြီးသောရဟန္တာ ပုဂ္ဂိုလ်သည် ပယ်အပ်ကုန်ပြီးသောကိလေသာတို့ကို အကုန်အစင်သိမြင် တော်မူ၏၊ အကြင်အခါ၌ နိဗ္ဗာန်ကို ကိုယ်ထိလက်ရောက် မျက်မှောက်ပြု၏၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရာ ထိုအခါ၌ ကိလေသာငြိမ်းသတ်နိဗ္ဗာနဓာတ်ကို အဖန်ဖန်အထပ်ထပ်ရှု၏။

၈၉။ အပ္ပမညာ (၄) ပါး

မေတ္တာ ။ ။ ချစ်ခင်ခြင်းသည်မေတ္တာမည်၏။

အမိအဖတို့သည် တစ်ဦးတည်းသောသားကို ချစ်ခင်စုံမက် နှစ်သက် တွယ်တာ သာယာမြတ်နိုးကြကုန်ကဲ့သို့လည်းကောင်း၊ အလွန်အကဲကြီးပွား တိုးတက်ခြင်းကိုသာလျှင် တောင့်တလင့်ဆို အလိုရှိကြကုန်သကဲ့သို

လည်းကောင်း၊ ထိုအတူ ယောဂီပုဂ္ဂိုလ်သည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာပွားခြင်း၊ ချစ်ခင်ခြင်း၊ ကြီးပွားတိုးတက်ခြင်းကိုအလိုရှိခြင်း၊ ဤဆိုအပ်ပြီး သောသဘောရှိသော အကျိုးစီးပွားကိုအလိုရှိခြင်းသဘောသည် မေတ္တာ မည်၏။ မေတ္တာဘာဝနာသည် (မေတ္တာပွားခြင်းသည်) (၁၁)သောအကျိုး အာနိသင် ရှိပါ၏။

မေတ္တာဘာဝနာကိုပွားခြင်းငှါအလိုရှိသောယောဂီပုဂ္ဂိုလ်သည် မေတ္တာ ဘာဝနာကို မပွားများမီရှေးဦးစွာ ---

- ဒေါသ၏ လွန်စွာဆိုညစ်အပြစ်ရှိပုံတို့ကို နှလုံးသွင်းအပ်ကုန်၏၊
- ဒေါသ၏အပြစ်ရှိပုံကို နှလုံးသို့တင်ရှုဆင်ခြင်ပြီးသည်မှ အခြားမဲ့၌ သည်းခံခြင်း၏ အကျိုး အာနိသင်ကို နှလုံးသို့တင်ရှု ဆင်ခြင်အပ်၏၊
- ဒေါသ၏အပြစ်ကို နှလုံးသို့တင်ရှုဆင်ခြင်သောယောဂီပုဂ္ဂိုလ်သည် လှံသွားဖြင့်လှီးဖြတ်သကဲ့သို့ လည်းကောင်း၊ (ဝါ) လှံသွားဖြင့်ဖြတ် လှီးခြင်းကြောင့် ပျက်စီးသွားသောဝတ္ထုကဲ့သို့လည်းကောင်း၊
- မစင်မကြယ်ရွှံ့ဖွယ်အပေါင်း ပုတ်နံ့ညီဟောင်မကောင်းသော အနံ့ ရှိသောရေဖြင့်ချိုးရသကဲ့သို့ လည်းကောင်း၊
- အနာရောဂါနှိပ်စက်နေသောသူ၏ကျင်နာခံခက်နှိပ်စက်နေသော ရောဂါကဲ့သို့လည်းကောင်း၊
- မစင်မကြယ်ရွံ့စဖွယ်တို့ဖြင့် ဒင်းကြမ်းပြည့်နေသော အပိတ်အဖုံမရှိ လှုပဆန်းကြယ်သော အိုးခွက်ကဲ့သို့လည်းကောင်း၊

- ကြမ်းတမ်းသော အဆိပ်ခပ်ထားအပ်သော ချိုမြိန်ကောင်းမြတ် သာယာအပ်သော အရသာရှိသော အစာအာဟာရကို စားရသကဲ့သို့ လည်းကောင်း၊
- ကိုက်အပ်သည့်လည်းဖြစ်သော လက်ဖြင့်ဖမ်းမိသော မြွေပွေး၊ မြွေဟောက်ကို မလွှတ်နိုင်သကဲ့ သို့လည်းကောင်း၊
- ဤသို့အစရှိသောနည်းဖြင့် ဒေါသ၏အပြစ်ကို နှလုံးသို့တင်ရှုဆင်ခြင်အပ်၏၊ ထိုမှတစ်ပါး များစွာသောအကြောင်းဖြင့် သည်းခံခြင်းအကျိုးဂုဏ်၏ ကြီးမားပုံကိုလည်းကောင်း နှလုံးသို့တင်ရှုမှတ်ဆင်ခြင်အပ်၏။

၁၀။ ထိုမှတပါးလည်း မေတ္တာကိုပွားများသော ယောဂီပုဂ္ဂိုလ်သည် ရန်သူဖြစ်သော ပုဂ္ဂိုလ်၌သော်လည်းကောင်း၊ မုန်းချစ်မပြု လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်၌သော်လည်းကောင်း၊ အလွန်ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်သော ပုဂ္ဂိုလ်၌သော်လည်းကောင်း၊ အလုံးစုံသောသူတို့၏ ရှေးဦးစွာမေတ္တာ မပွားများအပ် (ဝါ) မေတ္တာမပို့အပ်၊ အလုံးစုံသောသူတို့၏ ရှေးဦးစွာ မိမိကိုယ်၌သာလျှင် မေတ္တာပွားများအပ်၏၊ မိမိကိုယ်ကို မေတ္တာပွားများပြီးသည်မှအခြားမဲ့၌ ချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်၌သော်လည်းကောင်း၊ မုန်းချစ်မပြု လျစ်လျူရှုအပ်သောပုဂ္ဂိုလ်၌သော်လည်းကောင်း၊ မိမိ၏အကျိုးစီးပွားကိုမလိုလားကြသော ရန်သူတို့၌သော်လည်းကောင်း၊ ဤသို့အစဉ်အတိုင်း မေတ္တာစိတ်ကို ပျံ့နှံ့စေအပ်၏၊ (ဝါ) မေတ္တာပွားအပ်၏။

သတ္တဝါအားလုံးတို့သည် မဖျိုမဒေသ၌ ဖြစ်ကြကုန်သည်ဖြစ်ကြပါစေ၊ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ကြကုန်သည် ဖြစ်ကြပါကုန်သတည်း၊

အနာရောဂါကင်းရှင်းကွာ၍ ကျန်းမာကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း၊ အမြဲမပြတ်ချမ်းသာစွာနေနိုင်ခြင်း ရှိကြကုန်သည်ဖြစ်ကြကုန်၍ အသက် တစ်ရာကြာမြင့်စွာ အသက်ရှည်ကြစေကုန်သတည်း။

ဤနည်းတူ ပျက်စီးရန်လိုလား ရန်သူများအပေါ်၌လည်းကောင်း၊ မုန်းချစ်မပြု လျစ်လျူရှုအပ်သော သူတို့အပေါ်၌လည်းကောင်း၊ မိမိ၊ မိမိ၏ မိတ်ဆွေတို့နှင့် အညီအမျှအကျိုးစီးပွားလိုလားသည့် မေတ္တာစိတ်ထားကို ပျံ့နှံ့စေခြင်းငှါ၊ ဖြန့်ကြက်ခြင်းငှါ၊ အကယ်၍ မစွမ်းနိုင်ငြားအံ့ .... ဤသို့ မေတ္တာ ပို့ခြင်းငှါ မစွမ်းနိုင်သည်ရှိသော် အလိုလို ကိုယ့်ဟာကိုယ်သာလျှင် ရက်နီးရာ၏၊ (ဝါ) အရက်နေအောင် နှလုံးသွင်းဆင်ခြင်ရာ၏၊ ငါတို့၏ ဆုံးမပဲ့ပြင် သွန်သင် ညွှန်ကြား ဆရာဘုရား ဖြစ်တော်မူသော မြတ်စွာဘုရားသည် သတ်ဖြတ်ခြင်းငှါ ကိုယ်တော်အနီးသို့ ရောက်လာကြကုန်သော လေးသမားအစရှိကုန်သော ရန်သူတို့၏အပေါ်၌သော်လည်း အကျိုးစီးပွားကို လိုလားတော်မူသော စိတ်ကို ပွားစေတော်မူနိုင်၏။

ငါ၏မုန်းချစ်မပြု လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်များအပေါ်၌လည်း မိမိနှင့် အညီအမျှ မေတ္တာပွားများခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်သည် ငါအား အဘယ် အကျိုးရှိပါအံ့နည်း-ဤသို့ကြံစည်အပ်၏၊

ထိုသို့ပင်ကြံစည်ပါသော်လည်း မေတ္တာပွားများခြင်းငှါ အကယ်၍ မစွမ်းနိုင်ငြားအံ့ ... ဤသို့မစွမ်းနိုင်သည်ရှိသော် ထိုမဖျတ္တပုဂ္ဂိုလ်၏ ဂုဏ် ကျေးဇူးကိုကောင်းစွာမှတ်သားအပ်ကုန်၏၊ မသန့်ရှင်းမစင်ကြယ်သောဝတ္ထုကို ရေဖြင့်သန့်ရှင်းစင်ကြယ်အောင် ဆေးကြောသုတ်သင်သကဲ့သို့ ထိုအတူ

ကောင်းမြတ်သော ဂုဏ်ကျေးဇူးများကို ရှုငဲ့သောသူ၏ မိမိကိုယ်နှင့်ညီမျှသော မေတ္တာဘာဝနာသည် ရှေ့ရှုထင်လာ၏။

ရန်သူဖြစ်သောသူတို့၌လည်း ကံတရားလျှင် ကိုယ်ပိုင်ဥစ္စာရှိသည် အဖြစ်ကိုလည်းကောင်း၊ အလှူပေးခြင်း၊ ခွဲခြမ်းဝေဖန် ပေးကမ်းခြင်းကို လည်းကောင်း ရှာမှီးအပ်၏၊ မိမိ၏အရပ်မျက်နှာအစရှိသော အပိုင်းအခြား၏ ပျက်စီးခြင်းကိုစောင့်ရှောက်လျက် အထက်အရပ်၌လည်းကောင်း၊ အောက် အရပ်၌လည်းကောင်း၊ အထောင့် (ဖီလာကန့်လန့်)အရပ်၌လည်းကောင်း၊ အရပ်မျက်နှာအားလုံး၌ အစိတ်အပိုင်း နှင့်တကွ အလုံးစုံသောလောကကို (ဝါ) လောကရှိသတ္တဝါအားလုံးကို မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် (ဝါ) မေတ္တာ ပွားများသော စိတ်ဖြင့် ပျံ့နှံ့စေလျက်နေ၏။

သေသောပုဂ္ဂိုလ်ဟူသော အာရုံ၌စိတ်ဖြင့် မေတ္တာဘာဝနာသည်မဖြစ်၊ မေတ္တာရှိသော စေတောဝိမုတ္တိ၏ (မေတ္တာစေတောဝိမုတ္တိ)၏ မူလအကြောင်း ရင်းသည် အဘယ်နည်း၊ ရှေ့ရှုထင်လာသော အခြင်းအရာသည် အဘယ် နည်း၊ ပြည့်စုံခြင်းသည် အဘယ်နည်း၊ ပျက်စီးခြင်းသည် အဘယ်နည်း၊ အာရုံသည် အဘယ်နည်း၊ မေတ္တာသည် အလောဘ၊ အဒေါသ၊ အမောဟ မှန်ကန်စွာနှလုံးသွင်းခြင်းလျှင်အကြောင်းရှိ၏၊ မေတ္တာသည် သတ္တဝါပညတ်ကို အာရုံပြု၏၊ (ဝါ) သတ္တဝါပညတ်ကိုအာရုံပြု၏၊ ပရမတ္ထအားဖြင့် သတ္တဝါမည် သည်မရှိ၊ မရအပ်၊ ထိုသို့ပင် မရအပ်သော်လည်း သတ္တလောကသည် အာရုံ သည်ဖြစ်သည်သာ၊ ငါတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အလောင်းတော်ဖြစ်ရာအခါ၌ ဒါန၊သီလ၊နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ-ဟူသောဆယ်ပါးသော ပါရမီတို့ကို (ဝါ) ဘုရား

ဖြစ်ကြောင်း မြင့်မြတ်သောကောင်းမှုတို့ကို ဖြည့်ကျင့်တော်မူသည်ရှိသော် သတ္တဝါအားလုံးအပေါ်၌ အစီးအပွားကိုဖြန့်ခြင်း၏အစွမ်းအားဖြင့် မေတ္တာဘာဝနာကို ကျွမ်းကျင်စွာလေ့လာအပ်သည်ကို ပြုတော်မူခဲ့ပြီး။

စာဂ၊ ဥပသမ၊ ပညာ၊ သစ္စာအားဖြင့် လေးပါးအပြားရှိကုန်သော အဓိဋ္ဌာန်တို့ဖြင့်ပြည့်စုံသည်ဖြစ်၍ ပါရမီတို့ကို ဖြည့်ကျင့်တော်မူပြီ၊ အဓိဋ္ဌာန်ပြည့်စုံခြင်းကြောင့် သမထ၊ ဝိပဿနာတို့ကို ဖြည့်ကျင့်တော်မူပြီ၊

သမထ၏ပြည့်စုံခြင်းကြောင့် ထိုဘုရားလောင်းသည် ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်၊ အစုံစုံသော တန်ခိုးပြာဋိဟာကိုဖြစ်စေသော သမာဓိကိုလည်းကောင်း၊ မဟာကရုဏာသမာဓိကိုလည်းကောင်း ပြည့်စုံစေတော်မူပြီ၊ ဝိပဿနာဉာဏ်၏ ပြည့်စုံခြင်းကြောင့် အဘိညာဉ် (၇)ပါး၊ ပဋိသမ္ဘိဒါဉာဏ် (၄)ပါး၊ ဒသဗလ ဉာဏ်၊ ဝေသာရဇ္ဇဉာဏ်(၄)ပါး၊ သဗ္ဗညုတဉာဏ်တော် အစရှိသော ဉာဏ်တော်တို့ကို ပြည့်စုံတော်မူ၏၊ ဤသို့သိအပ်၏။

ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ဘုရားလောင်းသည် မေတ္တာကိုပွားများခြင်းကြောင့် အစဉ်အတိုင်းဗောဓိဉာဏ်တော်ကို ရင့်ကျက်စေတော်မူပြီ၊ ဤသို့ကောင်းစွာမှတ်သားလျက် ယောဂီသူမြတ်သည် အပိုင်းအခြားထားသောအားဖြင့်လည်းကောင်း၊ အပိုင်းအခြားမရှိသောအားဖြင့်လည်းကောင်း ပျံ့နှံ့စေလျက် မေတ္တာကို ပွားများအပ်၏။

မေတ္တာအပွမည်သာပြီး၏။

ကရုဏာ

ဆင်းရဲရောက်နေသော သူတစ်ပါးကို ဆင်းရဲမှ လွတ်မြောက်စေခြင်းသည် ကရုဏာမည်၏။

ကရုဏာဘာဝနာကို ပွားများလိုသောယောဂီပုဂ္ဂိုလ်သည် သနားခြင်းမရှိသူ၏အဖြစ်၌ လွန်စွာဆိုးညစ်အပြစ်ရှိပုံကို ဘာဝနာမပွားမီ ရှေးဦးမဆွ အစလက်မွန်ကောင်းစွာမှတ်သားအပ်၏၊ ကရုဏာမရှိသူ၏အဖြစ်ကို ကောင်းစွာမှတ်သားပြီးသည်၏အခြားမဲ့၌ ကရုဏာပွားခြင်း၏ အကျိုးဂုဏ်ကို နှလုံးသို့တင်ရှုဆင်ခြင်ပြီးရာ ကရုဏာပွား ခြင်းကိုအားထုတ်အပ်၏။

ကရုဏာဘာဝနာကို ပွားများအားထုတ်သောအစဦး ကရုဏာဘာဝနာကို စီးဖြန်းပွားများခြင်းအမှုရှိသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ချစ်ခင်အပ်သောပုဂ္ဂိုလ်၊ အလွန်ချစ်အပ်သောပုဂ္ဂိုလ်၊ ရန်သူဖြစ်သောပုဂ္ဂိုလ်၊ သေပြီးသောပုဂ္ဂိုလ်တို့၌ ကရုဏာဘာဝနာပွားများခြင်းကို အားမထုတ်အပ်၊ လိင်မတူသောပုဂ္ဂိုလ်၏အဖြစ်သည်လည်း ကရုဏာကို ရှေးဦးစွာ မပွားများရသောခေတ် ဖြစ်သည်သာတည်း။

ဥပမာသော်ကား ဆင်းရဲနွမ်းပါးနေသော တစ်ယောက်သောပုဂ္ဂိုလ်ကို တွေ့မြင်သည်ရှိသော် ကရုဏာပွားရသကဲ့သို့ ဤနည်းအတူသာလျှင် သတ္တဝါအားလုံးတို့ကို ကရုဏာဘာဝနာဖြင့်ပျံ့နှံ့စေ၏၊ ဖြန့်ကျက်နေ၏၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကိုသာလျှင် ကရုဏာပွားအပ်၏၊ အလွန်ဆင်းရဲရောက်နေသော ဥစ္စာပစ္စည်း ဆင်းရဲနွမ်းပါးနေသော၊ လက်ခြေပြတ်နေသော၊ အိုးခွက်လက်ဆွဲလျက် ကယ်ပါ,ယူပါ တစာစာနှင့် ကြင်နာသောအသံရှိသော၊ တောင်းရမ်းစားသောက်နေသောယောက်ျားကို မျက်ဝါးထင်ထင် တွေ့မြင်

သည် ရှိသော် ....... " ဤယောက်ျားသည် ကြီးစွာသောဆင်းရဲသို့ ရောက်နေပါပေတကား၊ ဤယောက်ျားသည် ဤကဲ့သို့သော ဆင်းရဲမှ လွတ်မြောက်ပါမူကား အော်ကောင်းလေစွ" ဟု သနားခြင်း ကရုဏာကို ဖြစ်စေအပ်၊ ဖြစ်စေထိုက်၏။ ချမ်းသာခြင်းနှင့် ပြည့်စုံသော၊ ယုတ်မာညစ်ညူး မကောင်းမှုကိုပြုနေသောပုဂ္ဂိုလ်ကို နှိုင်းယှဉ်သော်လည်း ကရုဏာကို ပွားသင့်၊ ပွားထိုက်၊ ပွားအပ်၏၊ ဥပမာသော်ကား မိဘတို့သည် ဆင်းရဲသို့ရောက်နေ သောသားကို တွေ့မြင်ကြကုန်သည်ရှိသော် ကရုဏာပွားများရသကဲ့သို့ ဤအတူ ရဟန်းတော်သည် ဖြစ်သောချမ်းသာခြင်းရှိသော ပုဂ္ဂိုလ်၌သော် လည်းကောင်း၊ ဆင်းရဲခြင်းသို့ ရောက်နေသောပုဂ္ဂိုလ်၌သော်လည်းကောင်း ကရုဏာဘာဝနာကို ပွားများအပ်၊ ပွားများသင့်၊ ပွားများထိုက်၏၊ မေတ္တာ ဘာဝနာ၌ ဆိုအပ်ပြီးသောနည်းဖြင့် မိမိကိုယ်၌လည်းကောင်း၊ ချစ်အပ်သော ပုဂ္ဂိုလ်၌လည်းကောင်း၊ မုန်းချစ်မပြု လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်၌လည်း ကောင်း၊ ရန်သူ၌လည်းကောင်း-ဤလေးပါးကုန်သောသတ္တဝါတို့၌ ကရုဏာ ဈာန်ကို ရှေးဦးစွာ မပွားများသေးဘဲ တတိယဈာန်၊ စတုတ္ထဈာန်တို့၏ အစွမ်း အားဖြင့် အပ္ပနာဈာန်ကို ပွားများအပ်၏၊ ပွားများသင့်၏၊ ပွားများထိုက်၏၊ မေတ္တာဘာဝနာ၌ ဆိုအပ်ပြီးသော အကျိုးတို့ကို မုချမသွေ ရနိုင်ပေ၏။

မုဒိတာ

ချမ်းသာနှင့်ပြည့်စုံခြင်းရှိသော ဝမ်းမြောက်နေသော ပုဂ္ဂိုလ်ကိုတွေ့မြင်ရ ခြင်းကြောင့် ကောင်းပါပေစွ..ဟူ၍ အဖန်ဖန်အောက်မေ့ခြင်း အခြင်းအရာ အားဖြင့်ဖြစ်သော ဝမ်းမြောက်ခြင်းသည် မုဒိတာမည်၏။ မုဒိတာဘာဝနာကို ပွားများခြင်း၌ အလိုရှိသောယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ချစ်အပ်သော

ပုဂ္ဂိုလ်တို့၌ ပွားများသမှု အားထုတ်မှုကို မပြုအပ်ပေ။ လိင်မတူသောပုဂ္ဂိုလ်၊ ကွယ်လွန်ပြီးသောပုဂ္ဂိုလ်တို့၌လည်း ပွားများအပ်သောခေတ် မဟုတ်ကုန်ပေ။

ဥပမာသော် မိဘတို့သည် ချမ်းသာခြင်းနှင့်ပြည့်စုံနေသော ဝတ်စား တန်ဆာတို့ဖြင့် ကောင်းစွာပြင်ဆင်ဝတ်ရုံထားသော ဝမ်းမြောက်ဖွယ်ကောင်း သော သားသမီးတို့ကို -

- တွေ့မြင်ကြရကုန်သော်လည်းကောင်း၊
- ကြားသိကြရကုန်သော်လည်းကောင်း၊

``ဩော်...ကောင်းပါပေစွ´´ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြကုန် သကဲ့သို့...

ထို့အတူ သတ္တဝါအားလုံးတို့၌ ဝမ်းမြောက်မှု (မုဒိတာ)ကို ပွားများအပ်၊ ပွားများ သင့်၊ ပွားများထိုက်၏။ ကရုဏာပိုင်းခြားမှုမှတစ်ပါး မုဒိတာပိုင်းခြားမှုကို ပြဦးအံ့။

ယောဂီပုဂ္ဂိုလ်သည် အဘယ်သို့လျှင် မုဒိတာဘာဝနာ ပွားများနေ သောစိတ်ဖြင့် အရပ်ဆယ်မျက်နှာရှိ သတ္တဝါအပေါင်းကို ဖြန့်၍နေပါသနည်း?

ဥပမာသော် ချစ်အပ်၊ နှစ်သက်မြတ်နိုးအပ်သော ပုဂ္ဂိုလ်ကိုတွေ့မြင် သည်ရှိသော် ဝမ်းသာသည်ဖြစ်သကဲ့သို့၊ ဤအတူ ခပ်သိမ်းကုန်သော သတ္တဝါ တို့ကို မုဒိတာဘာဝနာဖြင့် ဖြန့်ကြက်နေ၏၊ ပျံ့နှံ့စေ၏။ ဆင်းရဲသောသဘောရှိ၊ မကောင်းသောသဘောရှိကုန်သော ပုဂ္ဂိုလ်တို့ကိုလည်း ရှေးအတိတ်အခါ၌ ဝမ်းမြောက်ဖွယ်ရှိကုန်သူတို့သည်ဖြစ်ကုန်ပြီး နောင်အခါ၌ ဝမ်းမြောက်အပ် သောသဘောရှိကုန်သူတို့သည် ဖြစ်ကုန်လတ့်။ ဤသို့ မုဒိတာဘာဝနာကို ဖြစ်စေအပ်၊ ဖြစ်စေသင့်၊ ဖြစ်စေထိုက်၏။

ဤသို့ ချစ်အပ်သောပုဂ္ဂိုလ်၌လည်းကောင်း၊ မုန်းချစ်မပြု လျစ်လျူရှုတတ်သောပုဂ္ဂိုလ်၌ လည်းကောင်း၊ ရန်သူဖြစ်သောပုဂ္ဂိုလ်၌ လည်းကောင်း အစဉ်အားဖြင့် မုဒိတာဘာဝနာကိုဖြစ်စေအပ်၊ ဖြစ်စေသင့်၊ ဖြစ်စေထိုက်၏။ အပ္ပနာသမာဓိကို ပွားများအပ်၊ ပွားများသင့်၊ ပွားများထိုက်၏။ ရန်သူဖြစ်သောပုဂ္ဂိုလ်၌ မုဒိတာစိတ်သည် အကယ်၍ ချွတ်ချော်နေအံ့။ အမှတ်(ဒေါသ) သည်လည်း အကယ်၍ ဖြစ်နေအံ့။

ဤသို့ မုဒိတာစိတ်မဖြစ်နိုင်၊ ဒေါသစိတ်ဖြစ်နေသည်ရှိသော် မေတ္တာဘာဝနာ၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ပယ်ဖျောက်အပ်၊ ပယ်ဖျောက်သင့်၊ ပယ်ဖျောက်ထိုက်၏။

မိမိကိုယ်၌လည်းကောင်း၊ ချစ်အပ်သောပုဂ္ဂိုလ်၌လည်းကောင်း၊ လျစ်လျူရှုအပ်သောပုဂ္ဂိုလ်၌ လည်းကောင်း၊ ရန်သူ၌လည်းကောင်း လေးမျိုးသောပုဂ္ဂိုလ်တို့၌ တူမျှသောစိတ်ရှိသူ၏အဖြစ်သို့ ရောက်အပ်၏။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် အပိုင်းအခြား၏ ပျက်စီးခြင်းကိုပြု၍ နိမိတ်အာရုံကို အဖန်ဖန်မှီဝဲလျက် ပွားများ၍ တိကစျာန်၊ စတုက္ကစျာန်တို့၏ အစွမ်းဖြင့် အပ္ပနာသမာဓိကို တိုးပွားစေအပ်၏။

ထို အပ္ပနာသမာဓိကို တိုးပွားစေပြီးရာအခါမှ နောက်၌ အရပ်မျက်နှာတို့၌ ပျံ့နှံ့စေခြင်း အကျိုး ဂုဏ်တို့ကိုလည်း သိအပ်ကုန်၏။

ဤတွင် မုဒိတာပွားများပုံတည်း။

## ဥပေက္ခာ

သတ္တဝါတို့၌လည်းကောင်း၊ သင်္ခါရတို့၌လည်းကောင်း၊ မုန်းချစ်မပြု လျစ်လျူရှုခြင်းသည် ဥပေက္ခာမည်၏။

ဥပေက္ခာဘာဝနာကို ပွားများလိုသော၊ မေတ္တာအစရှိကုန်သော၊ သုံးပါးသောဘာဝနာတို့၌ ရအပ်ပြီးသော တိကစျာန်၊ စတုက္ကစျာန်ရှိသော ယောဂီ

ပုဂ္ဂိုလ်သည် ကျွမ်းကျင်စွာလေ့လာအပ်ပြီးသော တတိယဈာန်မှထ၍ ရေး၌ ဖြစ်ကုန်သော မေတ္တာအစရှိသော သုံးပါးသော ဘာဝနာတို့၌ မုန်းခြင်း၊ ချစ်ခြင်းအနီး၌ ဖြစ်ခြင်းဟူသော သဘောရှိသောအပြစ်ကိုသိမြင်၍ ဥပေက္ခာ ဘာဝနာ၏ ငြိမ်းအေးသောသဘောရှိသော အကျိုးဂုဏ်ကို နှလုံးသွင်း၍ ပင်ကိုယ်သဘောအားဖြင့် လျစ်လျူရှုတ်တတ်သော အကြင်ပုဂ္ဂိုလ်သည် တိုသတ္တဝါသခါရ ဟူသမျှကို ကြောင်းကြမပြု၊ ဥပေက္ခာပြု၍ ဥပေက္ခာ ဘာဝနာကို ဖြစ်စေအပ်၊ ဖြစ်စေသင့်၊ ဖြစ်စေထိုက် သည် ဖြစ်ရာ၏။

ထိုမှ နောက်၌ ချစ်အပ်သောပုဂ္ဂိုလ်အစရှိသည်တို့၌ ဥပေက္ခာကို ဖြစ်စေ အပ်သည် ဖြစ်ရာ၏။ အဘယ်သို့လျှင် ယောဂီပုဂ္ဂိုလ်သည် ဥပေက္ခာနှင့်တကွ ဖြစ်သောစိတ်ဖြင့် အရပ်မျက်နှာ၌တည်ရှိသော သတ္တဝါအပေါင်းကို ဖြန့်၍ နေသနည်း?

ဥပမာမည်သည်ကား- မရက်မစက်၊ နှစ်သက်မြတ်နိုးဖွယ်လည်း မဟုတ် သော အချစ်လုံးလုံး မုန်းစရာလည်းမဟုတ်သော တစ်ယောက်သောပုဂ္ဂိုလ်ကို တွေ့မြင်ခြင်းကြောင့် မုန်းချစ်မပြု၊ လျစ်လျူရှုသည်ဖြစ်ရာသကဲ့သို့၊ ဤအတူ တစ်ယောက်မကြွင်း ခပင်းဉဿုံ အလုံးစုံကုန်သော သတ္တဝါတို့ကို ဥပေက္ခာ ဘာဝနာ ဖြင့် ဖြန့်၍နေ၏။

ဤသို့လျှင် လျစ်လျူရှုအပ်သောပုဂ္ဂိုလ်၌ ဥပေက္ခာဘာဝနာကို ဖြစ်စေ အပ်၏။ ထိုအစွမ္မတ္တပုဂ္ဂိုလ်ကို ဥပေက္ခာဘာဝနာပွားများပြီးသည်မှနောက်၌ -

- ချစ်အပ်သော အဆွေခင်ပွန်း၌လည်းကောင်း၊
- ထိုမှနောက် ရန်သူပုဂ္ဂိုလ်၌လည်းကောင်း၊
- မိမိကိုယ်၌လည်းကောင်း၊

ဤသို့ အလုံးစုံသောသတ္တဝါတို့၌ လျစ်လျူရှုသည်၏ အစွမ်းအားဖြင့် အပိုင်းအခြား၏ ပျက်စီးခြင်းကိုပြု၍ ထိုသတ္တဝါနိမိတ်ကို အဖန်ဖန်မှီဝဲ၍၊ ပွားများ၍ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်၏။ ထိုသို့ ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းကြောင့် စတုတ္ထဈာန်သည် ဖြစ်ပေါ်လာ၏။ ထိုစတုတ္ထ

ရှာန်စိတ်ဖြစ်ပြီးနောက်၌ အမျိုးမျိုးအဖုံဖုံ တန်ခိုးဖန်ဆင်းခြင်းဟူသော အကျိုးဂုဏ်ရခြင်းကို မေတ္တာဘာဝနာတို့၌ ဆိုအပ်ပြီးသောနည်းဖြင့် ယုံမှားမရှိ သိအပ်၏။

## ပကိဏ္ဏကကထာ

အပွမညာတို့၌ လုံးပမ်းကြိုးကုတ် အားထုတ်ခြင်းကိုပြုသော ယောဂီပုဂ္ဂိုလ်သည် သက်ရှိပုဂ္ဂိုလ်ကို အာရုံကို ပြုအပ်၊ ပြုသင့်၊ ပြုထိုက်၏။
အာရုံ၏အစွမ်းအားဖြင့် အလိုရှိသော ပုဂ္ဂိုလ်သည် -

- တိရစ္ဆာန်သတ္တဝါကိုလည်းကောင်း
- သီလမရှိသောပုဂ္ဂိုလ်ကိုလည်းကောင်း
- သီလရှိသောပုဂ္ဂိုလ်ကိုလည်းကောင်း
- ငါးဖြာအာရုံ၌ ငြီးငွေ့သောစိတ်ရှိသော ဘုရားရှင်၏ သားသံဃာကိုလည်းကောင်း
- ပစ္စေကဗုဒ္ဓါ ကိုလည်းကောင်း
- သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုလည်းကောင်း ယူအပ်၊ ယူသင့်၊ ယူထိုက်၏။

အဘယ်ကြောင့် ရှေး၌ဖြစ်ကုန်သော သုံးပါးကုန်သော မေတ္တာ၊ ဂရုဏာ၊ မုဒိတာတို့၌ ရှေးအဖို့၌ ဈာန်သုံးပါးတို့သည်သာလျှင် ဖြစ်ကုန်သနည်း

စတုတ္ထဈာန်သည် မဖြစ်ကုန်သနည်း?

ဤသို့ တစ်စုံတစ်ယောက် မေးလာငြားအံ့။

သတ္တဝါဟူသောအမှတ်သညာသည် ရှိလတ်သော်-

- ပျက်စီးစေလိုခြင်း(ဗျာပါဒ)သည်လည်းကောင်း
- ညှင်းဆဲနှိပ်စက်ခြင်း(အဟိံ သ)သည်လည်းကောင်း

- ကြီးပွားချမ်းသာမှုတို့၌ မမွေ့လျော်ခြင်း (အာရတိ) သည် လည်းကောင်း ဖြစ်ခြင်းကြောင့်တည်း။

ထိုမေတ္တာ၊ ဂရုဏာ၊ မုဒိတာတို့၌ ထူးသောအကြောင်း ဖြစ်၍ကုန်သော တရားတို့သည် သောမနဿဝေဒနာနှင့်တကွ ဖြစ်ကုန်သည် ဖြစ်ကုန်၏။ ထို့ကြောင့် ရှေး၌ဖြစ်ကုန်သော မေတ္တာ၊ ဂရုဏာ၊ မုဒိတာတို့သည် သုံးပါး ကုန်သောဈာန်တို့သည်သာလျှင် ဖြစ်ကုန်၏။ စတုတ္ထဈာန်သည် မဖြစ်။ ထိုမှ တစ်ပါး ဥပေက္ခာဝေဒနာ၏ ဖြစ်ရာသည် စတုတ္ထဈာန်သည်သာတည်း။

ဤအပ္ပမညာတို့သည် လေးပါးတို့သာ ဖြစ်ကုန်သနည်း? အဘယ်ကြောင့် သုံးပါးတို့သည်လည်းကောင်း၊ ငါးပါးတို့သည်လည်းကောင်း မဖြစ်ကုန်သနည်း?

ပျက်စီးစေလိုခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း(စည်းစိမ်ချမ်းသာနှင့် ပြည့်စုံမှု၊ တိုးတက်ကြီးပွားခြင်း၌) မမွေ့လျော်ခြင်း၊ မုန်းခြင်း၊ ချစ်ခြင်းတို့၏ဆန့်ကျင် ဘက်၏ အစွမ်းအားဖြင့် လေးပါးတို့သည်သာလျှင် ဖြစ်ကုန်၏ဟု မှတ်အပ်၏။ လေးပါးအပြားရှိသည်လည်းဖြစ်သော ဤအပ္ပမညာတို့၏အပြစ်ကို မျက်လှဲ့ သည်၏အဖြစ်လည်းကောင်း၊ သက်ရှိသတ္တဝါလျှင် အာရုံရှိသည်အဖြစ်လည်း ကောင်း၊ စီးပွားချမ်းသာကို အလိုရှိခြင်းလည်းကောင်း ဤဆက်ဆံသော လက္ခဏာတို့သည် ဖြစ်ကုန်၏။ အသီးသီး တစ်ပါးစီ၊ တစ်ပါးစီ ဆန့်ကျင်ဘက် အာရုံပြုခြင်းသည်လည်းကောင်း၊ စီးပွားချမ်းသာကို အလိုရှိခြင်း၏ ပျံ့နှံ့ခြင်း သည်လည်းကောင်း ဝိသေသလက္ခဏာသည်ဖြစ်၏။

ဇဇဇဇဇ

## စတုဓာတုဝ ဝတ္တာန်

၈၅။ နာမ်ရုပ်တို့၌ ဆက်စပ်နေသောသဘောကို ဆောင်ထားတတ်ကုန်၏။ ထိုကြောင့် ဓာတုတို့ မည်ကုန်၏။

ထိုမှတစ်ပါး ပထဝီအစရှိကုန်သော ဓာတ်တို့၏သဘာဝလက္ခဏာ၊ မှတ်သားကြောင်း လက္ခဏာအစရှိသည်တို့၏ အစွမ်းအားဖြင့် ဆုံးဖြတ်မှုကို ပြုခြင်းသည် ဝဝတ္တနာမည်၏။

ထိုစတုဓာတုဝဝတ္တာန် ကမ္မဋ္ဌာန်းကိုပိုင်းခြားမှတ်သားလိုသော ယောဂီသည် -

ဥပမာသော်---ကျွမ်းကျင်လိမ္မာသော နွားသတ်သမားဆရာကြီးနှင့် တပည့်သည်လည်းကောင်း၊ နွားမကိုသတ်ပြီး၍ လမ်းဆုံလမ်းမ လမ်းလေးခွ၌ အစုအပုံအားဖြင့် ဝေဖန်၍နေသည် ဖြစ်ရာသကဲ့သို့၊ ဤအတူသာလျှင် ဘာဝနာအလုပ် အားထုတ်ကြိုးပမ်းသောယောဂီသည် တစ်လံပမာဏ တိုင်းတာရသည့် လေးပါးဓာတ်ရှိ ဤခန္ဓာကိုယ်၌-

- ပထဝီဓာတ်ဟူ၍လည်းကောင်း
- အာပေါဓာတ်ဟူ၍လည်းကောင်း
- တေဇောဓာတ်ဟူ၍လည်းကောင်း
- ဝါယောဓာတ်ဟူ၍လည်းကောင်း အမှန်စင်စစ် ထင်ရှားရှိ၏။

ဤသို့ တည်မြဲတိုင်းသော၊ ထားမြဲတိုင်းသော၊ ရူပကာယခေါ် ဤခန္ဓာကိုယ်ကိုသာလျှင် ဓာတ်အားဖြင့် နလုံးသို့တင် ရှုမှတ်ဆင်ခြင်၏။

- ဤသို့ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ သတ္တဝါဟူ၍ မှတ်ထင်ထားသော သညာသည် ကွယ်ပျောက်၏။
- ယောဂီ၏စိတ်သည် ပထဝီအစရှိသော လေးပါးသောဓာတ်၏ အစွမ်းအားဖြင့် စွဲမြဲစွာတည်၏။
- အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ပထဝီဓာတ်သည်ရှိ၏။

- ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ပထဝီဓာတ်သည်ရှိ၏။
- ထို(၂)မျိုးသော ပထဝီဓာတ်တို့တွင် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ပထဝီဓာတ်ဟူသည် အဘယ်နည်း?
- အကြောင်ရုပ်သည် မိမိသန္တာန်၌ဖြစ်၏။ မိမိကိုစွဲ၍ဖြစ်၏။ ကြမ်းတမ်း၏။ ခက်ထန်၏။ ကာ၊ ကိလေသာတို့သည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၏။

အဇ္ဈတ္တိကပထဝီဓာတ်ဟူသည်ကားအဘယ်နည်း?

- ဆံပင်
- အမွေး
- ခြေသည်၊ လက်သည်း
- သွား
- အရေထူး၊ အရေပါး
- အသား
- အကြော
- အရိုး
- ရိုးတွင်းခြင်ဆီ
- အညှို့
- နှလုံးသား
- အသည်း
- အမြှေး
- အဖျင်း
- အဆုပ်
- အူမ
- အူသိမ်

- အစာသစ်
- အစာဟောင်း
- ဦးနှောက်

ထိုမှတစ်ပါး ဆိုအပ်ပြီးသော အဇ္ဈတ္တိကပထဝီဓာတ်တို့မှတစ်ပါး ဖြစ်ကုန်သော အဇ္ဈတ္တသန္တာန်၌ဖြစ် သောမိမိကိုစွဲ၍ဖြစ်သော ကြမ်းတမ်းသော၊ ခက်မာသော၊ ကံ၊ ကိလေသာတို့သည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော အမှတ်မထား တစ်ပါးပါးသောရုပ်သည် ရှိ၏။

ဤဆိုအပ်ပြီးသောရုပ်အပေါင်းကို အဇ္ဈတ္တသန္တာန်၌ဖြစ်သော ပထဝီဓာတ် ဟူ၍ ဆိုအပ်၏။

၈၆။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော အာပေါဓာတ်သည်ရှိ၏။ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော အာပေါဓာတ်သည်ရှိ၏။ ထို(၂)ပါးသော အာပေါဓာတ်တို့တွင်-

အဇ္ဈတ္တိသန္တာန်၌ဖြစ်သော အာပေါဓာတ်ဟူသည် အဘယ်နည်း?

- မိမိသန္တာန်၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော အကြင်ဖွဲ့စည်းတတ်သောသဘော
- အကြင်ရေသည် ရေဖွဲ့စည်းတတ်သောသဘော ပါဝင်သောရုပ်သည် ရှိ၏။

အဇ္ဈတ္တကအာပေါဓာတ်ဟူသည်အဘယ်နည်း?

- သည်းခြေ
- သလိပ်
- ပြည်
- သွေး
- ချွေး
- အဆီခဲ

- မျက်ရည်
- ဆီကြည်
- တံတွေး
- နှပ်
- အစေး
- ကျင်ငယ် တို့သည်ရှိ၏။

ဤသို့ဆိုအပ်ပြီးသော အဇ္ဈတ္တိကအာပေါဓာတ်တို့မှတစ်ပါးလည်းဖြစ်သော ရုပ်တို့ကို ဖွဲ့စည်းတတ်သော၊ သဘောရှိပါဝင်သော၊ အကြွင်းကံ၊ ကိလေသာတို့၏ အကျိုးအဖြစ်ဖြင့်ယူအပ်သောရုပ်သည် အလုံးစုံသော ရေဖွဲ့စည်းခြင်း သဘောရှိသောရုပ်သည်ရှိ၏။

ဤဆိုအပ်သော ရုပ်အပေါင်းကို အဇ္ဈတ္တိကသန္တာန်၌ဖြစ်သော အာပေါဓာတ်ဟု ဆိုအပ်၏။

- အဇ္ဈတ္တိသန္တာန်၌ဖြစ်သော တေဇောဓာတ်သည်ရှိ၏။
- ဗဟိဒ္ဓသန္တာန်၌ဖြစ်သော တေဇောဓာတ်သည်ရှိ၏။

အဇ္ဈတ္တိသန္တာန်၌ဖြစ်သော တေဇောဓာတ်ဟူသည်အဘယ်နည်း?

မိမိသန္တာန်၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော အကြင်အပူအအေး မီးဓာတ်၌ အကျုံးပါဝင်သောရုပ်သည် အကြွင်းကံ၊ ကိလေသာတို့၏ အကျိုးအဖြစ်ဖြင့် ယူအပ်သောရုပ်သည် ရှိ၏။

အဇ္ဈတ္တိက တေဇောဓာတ်ဟူသည်အဘယ်နည်း?

အကြင်အပူအအေး (မီး)ဓာတ်ဖြင့်လည်း ပြင်းစွာပူလောင်၏၊ ဆွေးမြေ့ ရင့်ကျက်၏၊ ထက်ဝန်းကျင်ပူလောင်၏။

အကြင် အပူအအေး(မီး)ဓာတ်ဖြင့်လည်း စားအပ်၊ သောက်အပ်၊ ခဲအပ်၊ လျက်အပ်သော အစားအစာသည် ကောင်းစွာကျေညက်ခြင်းသို့ရောက်၏။

ထိုမှတစ်ပါး ဆိုအပ်ပြီးသော အဇ္ဈတ္တိက တေဇောဓာတ်မှတစ်ပါးလည်း ဖြစ်သော မိမိသန္တာန်၌ဖြစ်သော၊ မိမိကိုစွဲ၍ဖြစ်သော အပူအအေးဓာတ်ဖြစ်သော အပူအအေး(မီး)ဓာတ်၌အကျုံးဝင်သော ကံ၊ ကိလေသာတို့သည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော အလုံးစုံသော တေဇောဓာတ်သည်ရှိ၏။

ဤသို့ဆိုအပ်ပြီးသော အလုံးစုံသော တေဇောဓာတ်ကို အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တေဇောဓာတ်ဟူ၍ ဆိုအပ်၏။

- အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝါယောဓာတ်သည်ရှိ၏။
- ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဝါယောဓာတ်သည်ရှိ၏။

<u>အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝါယောဓာတ်ဟူသည်အဘယ်နည်း။</u>

- မိမိသန္တာန်၌ဖြစ်သော မိမိကိုစွဲဖြစ်သော အကြောင်တွန်းကန်လှုပ်ရှားမှု (လေ)ဓာတ်၌ အကျုံးဝင်သောရုပ်သည်-
- အကြောင်ကံ ကိလေသာတို့၏ အကျိုးအပြစ်ဖြင့်ယူအပ်သော တွန်းကန်လှုပ်ရှားမှု(လေ)ဓာတ် သည်ရှိ၏။

<u>အဇ္ဈတိက ဝါယောဓာတ်ဟူသည်အဘယ်နည်း။</u>

- အထက်သို့ဆန်တက်သောလေ
- အောက်သို့စုန်ဆင်းသောလေ
- ဝမ်းဗိုက်အတွင်း၌ဖြစ်သောလေ
- အူအတွင်း၌ဖြစ်သောလေ
- အင်္ဂါကြီးငယ်အသွယ်သွယ်တို့၌ အစဉ်လျှောက်သောလေ
- ထွက်သက်လေ
- ဝင်သက်လေ တို့တည်း။

ထိုမှတစ်ပါးဆိုအပ်ပြီးသော လေတို့မှတစ်ပါးတည်းဖြစ်ကုန်သော မိမိသန္တာန်၌ဖြစ်သော၊ မိမိကိုစွဲ၍ဖြစ်သော၊ တွန်းကန်လှုပ်ရှားခြင်းသဘော ရှိသော၊ တွန်းကန်လှုပ်ရှားမှု၌ အကျုံးဝင်သော-

- ကံ-ကိလေသာတို့သည် အကျိုးအဖြစ်ဖြင့်ယူအပ်သော

- အလုံးစုံသော တွန်းကန်လှုပ်ရှားမှုသဘောသည်ရှိ၏။

ဤဆိုအပ်ပြီးသော အလုံးစုံသော တွန်းကန်လှုပ်ရှားမှုလေဓာတ်ကို အဇ္ဈတ္တိကသန္တာန်၌ဖြစ်သော ဝါယောဓာတ်ဟူ၍ ဆိုအပ်၏။

ပွားများပုံနည်းကို ပြဦးအံ့-

- ဤစတုဓာတုဝဝတ္ထန်ကမ္မဋ္ဌာန်း၌ ပွားများပုံနည်းကို ဤသို့ သိအပ်၏။
- ဆံပင်တို့သည် ပထဝီဓာတ်တည်း
- အမွေးတို့သည် ပထဝီဓာတ်တည်း

ဤသို့ အစရှိသောနည်းဖြင့် အကျယ်ဖြစ်သော နည်း၏အစွမ်းအားဖြင့် သော်လည်းကောင်း၊ ခက်မာကြမ်းတမ်းသော သဘောလက္ခဏာရှိသော အကြင်ရုပ်သည်ရှိ၏။

- ဤ ကြမ်းတမ်းခက်မာခြင်းသဘောရှိသောရုပ်သည် ပထဝီဓာတ်ပေတည်း။
- ဖွဲ့စည်းခြင်းလက္ခဏာရှိသော အကြင်ဖွဲ့စည်းခြင်းသဘောရှိသော ရုပ်သည်ရှိ၏။
- ထိုရုပ်သည် အာပေါဓာတ်ပေတည်း။
- ပူမှု, အေးမှုသဘော ရင့်ကျက်ခြင်းသဘောလက္ခဏာရှိသော အကြင်ရုပ်သည်ရှိ၏။
- ထိုရုပ်သည် တေဇောဓာတ်ပေတည်း။
- တွန်းကန်ခြင်း၊ လှုပ်ရှားခြင်းသဘောရှိသော အကြင်ရုပ်သည်ရှိ၏။

ထိုရုပ်သည် ဝါယောဓာတ်ပေတည်း။

ဤသို့ နှလုံးသွင်းအပ်၏။

၈၈။ ဤသို့ အကျဉ်းအားဖြင့် ဓာတ်တို့ကို ဉာဏ်ဖြင့် သိမ်းဆည်းရှုမှတ်၍ အကြိမ်ကြိမ် အဖန်ဖန် ပထဝီဓာတ်,အာပေါဓာတ် ဤသို့အစရှိသောနည်းဖြင့် ဓာတ်မျှသာဖြစ်သော သဘောအားဖြင့် သတ္တဝါမဟုတ်သောအားဖြင့်

အသက်,လိပ်ပြာ,ဝိညာဉ်ကောင် မဟုတ်သောအားဖြင့် နလုံးသို့ ထင်,ရှုဆင်ခြင်အပ်၏။ နလုံးသွင်းအပ်၏။

ဤဆိုအပ်ပြီးသောနည်းဖြင့် လုံးပမ်းကြိုးကုတ်အားထုတ်သော ထိုယောဂီပုဂ္ဂိုလ်အား ဓာတ်အထူးအပြားကို ပြောဆိုသိမြင်သော ပညာသည် ဖြစ်၏။

ထိုမှနောက် ထိုယောဂီပုဂ္ဂိုလ်အား သဘာဝဓမ္မအာရုံ၌ အပ္ပနာစျာန်သို့ မရောက်သေးဘဲ ဥပစာရ သမာဓိသာဖြစ်၏။

- အကျဉ်းမှ အကျယ်နည်းကို ဆိုဦးအံ့-
- (၂၀)သောပထဝီဓာတ်
- (၁၂)ပါးကုန်သော အာပေါဓာတ်
- (၄)ပါးသော တေဇောဓာတ်
- (၆)ပါးသော ဝါယောဓာတ်

ဤသို့(၄၂)ပါးသော အခြင်းအရာတို့ဖြင့် ဓာတ်တို့ကို သင်ယူပြီး၍

- (၂၀)သောပထဝီအဖို့အစုတို့၌ ခက်တမ်းကြမ်းတမ်းသောအခြင်းအရာကို ပိုင်းခြားမှတ်သားပြီး၍-
- (၁၂)ပါးကုန်သော အာပေါဓာတ်အစုတို့၌ အရည်အဖြစ်သို့ ရောက်သောရေဟု ဆိုအပ်သော ဖွဲ့စည်းသောအခြင်းအရာရှိသော အာပေါဓာတ်ကို ပိုင်းခြားမှတ်သားပြီး၍-
- (၄)ပါးကုန်သော တေဇောဓာတ်အဖို့အစုတို့၌ ရင့်ကျက်ခြင်းသဘောကို ပိုင်းခြားမှတ်သားပြီး၍
- (၆)ပါးကုန်သော ဝါယောဓာတ်အဖို့အစုတို့၌ တွန်းကန်လှုပ်ရှားခြင်းအခြင်းအရာကို ပိုင်းခြားမှတ်သားအပ်၏။

ဤဆိုအပ်ပြီးသောနည်းဖြင့် ပိုင်းခြားမှတ်သားအပ်သော ထိုယောဂီပုဂ္ဂိုလ်အား လေးပါးသောဓာတ်တို့သည် ထင်ရှားလာကုန်သည်ဖြစ်ကုန်၏။

- ကြမ်းတမ်းသောသားရဲ၊ ဘီလူးရက္ခိုက် အစရှိသော အထူးကြံစည် ခြင်းသို့ မရောက်တော့ဘဲ မိန်းမ-ယောကျ်ားဟူသော အထူး ကြံစည် ခြင်းကို စွန့်ပစ်၏။
- သတ္တဝါဟူသော အမှတ်သညာ၊ ပုဂ္ဂိုလ်ဟူသော အမှတ်သညာကို ပယ်စွန့်၍ ဓာတ်လေးပါး အမှတ်သညာ စသည်သာလျှင် ဉာဏ်၌ ထင်ရှားသည်ဖြစ်၏။
- ထိုဓာတုသညာကိုသာလျှင် အဖန်ဖန်အထပ်ထပ် နှလုံးသွင်းသော ယောဂီအား ဥပစာရသမာဓိ သည်ဖြစ်၏။

ဤသို့ဓာတုမနသိကာရကို အဖန်ဖန်အထပ်ထပ် နှလုံးသွင်းပါသော် လည်း အကြင်ယောဂီပုဂ္ဂိုလ်အား အကယ်၍ ဥပစာရသမာဓိ အပြည့်စုံ သည်ဖြစ်အံ့။

ထိုသို့မပြည့်စုံသော်လည်း ထိုယောဂီပုဂ္ဂိုလ်သည် ကာယဂတာသတိ၌ ဆိုအပ်ပြီးသော ပွားများပုံနည်းဖြင့် ခုနစ်ပါးအပြားအားဖြင့် သင်ယူခြင်း၌ လိမ္မာသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သောဉာဏ်အကျိုးငှါ လည်းကောင်း၊ ဆယ်ပါးသောအပြားအားဖြင့် နှလုံးသွင်းခြင်း၌ လိမ္မာသော ပုဂ္ဂိုလ်ဖြစ်ကြောင်းဖြစ်သော ဉာဏ်အကျိုးငှါလည်းကောင်း၊ မယုတ်လျော့ စေမူ၍ ပဋ္ဌကနည်း, ဆတ္တနည်းအစရှိသည်တို့ကို အနုလုံ-ပဋိလုံ (အပြန်အလှန်)တို့၏အစွမ်းအားဖြင့် သရဇ္ဈာယ်ခြင်းကိုပြု၍ အဆင်း (ဂုဏ်)၊ ပုံသဏ္ဍာန်၊ အရပ်မျက်နှာတည်ရာအရပ်အပိုင်းအခြားတို့၏ စွမ်းအားဖြင့် နှလုံးသွင်းအပ်-နှလုံးသွင်းသင့်-နှလုံးသွင်းထိုက်-နှလုံးသွင်း ရမည်။

ထိုမှတစ်ပါး ပထဝီဓာတု အစရှိသော သဒ္ဒါတို့၏အနက်အားဖြင့် လည်းကောင်း၊ အများနှင့်ဆက်ဆံသော အနက်,အထူးဖြစ်သော အနက် အားဖြင့်လည်းကောင်း၊ ကြီးသည်အဖြစ် ထင်ရှားသည်၏ အဖြစ်အားလည်း

ကောင်း၊ ပရမတ္ထအားဖြင့်မမှန်ကန်ခြင်း မှန်ကန်ခြင်းသဘော၏ အတု အယောင်အားဖြင့် လည်းကောင်း။

လူ-တိရစ္ဆာန်-မိန်းမ-ယောကျ်ား၊ အရှည်-အတို-သစ်ပင်-တော-တောင် အစရှိသော အခြင်းအရာ တို့ဖြင့် တွေ့မြင်ကြရကုန်၏။

ထိုသို့ပင် တွေ့မြင်ရသော အခြင်းအရာတို့သည် ပရမတ္ထအားဖြင့် မှန်ကန်သည် မဖြစ်ကုန်၊ မှန်ကန်သော အတုယောင်တို့သာတည်း။

- အသီးသီးသောရုပ်ကလာပ်၌တည်သောအားဖြင့်လည်းကောင်း
- သတ္တိဟူသော ဂုဏ်အားဖြင့်လည်းကောင်း
- လေးပါးဓာတ်ကို ဉာဏ်ခန္ဓာကိုယ်၌ အလယ်အလတ်ဖြစ်သော အတိုင်းအရှည်အားဖြင့် အသီးသီးခွဲခြမ်းစိတ်ဖြာ ဝေဖန်မရသော အားဖြင့် လည်းကောင်း
- သဟဇာတသတ္တိ အစရှိသော ကျေးဇူးပြုတတ်သော ပစ္စယသတ္တိ အားဖြင့်လည်းကောင်း
- လက္ခဏာ,ရသ,ပစ္စုပ္ပန်အားဖြင့်လည်းကောင်း
- ရှေ့ဓာတ်နှစ်ပါး၏ ဂရုက၊ နောက်ဓာတ်နှစ်ပါး၏ လဟုကဟူသော သဘာဝ၊ ထိုနှစ်ပါးစီသော ရှေ့ဓာတ်, နောက်ဓာတ်တို့၏ ဂရုက, လဟုကအားဖြင့် မတူခြင်းဟူသော ဝိသဘာဝအားဖြင့် လည်းကောင်း
- ရှေ့၌ဖြစ်ကုန်သော နှစ်ပါးကုန်သော ပထဝီဓာတ်၊ အာပေါဓာတ် တို့သည် လေးလံသည်၏အဖြစ်ဟူသော သဘောအားဖြင့် တူသော အဖို့ရှိကုန်၏။ သဘောတူကုန်၏။
- နောက်ဖြစ်ကုန်သော နှစ်ပါးကုန်သော ဝါယော၊ တေဇောဓာတ် တို့သည် ပေါ့ပါးသည်၏အဖြစ်ဟူသော သဘောအားဖြင့် အဖို့ရှိ ကုန်၏။ သဘောတူကုန်၏။

ကိုယ်ပိုင်လက္ခဏာအားဖြင့် အသီးသီးကွဲပြားသည့်၏ အဖြစ်၊ ရူပ, မဟာဘူတ, ဓာတု, ဓမ္မ, အနိစ္စ, အစရှိသောအားဖြင့် တူသောသဘောရှိသည့်၏ အဖြစ်အားဖြင့်လည်းကောင်း။

- သမုဋ္ဌာန်အားဖြင့် ထူးထွေကွဲပြားခြားနားမှု မရှိခြင်းကြောင့် ကမ္မသမုဋ္ဌာန်ဖြစ်သော ပထဝီဓာတ်နှင့် ကမ္မသမုဋ္ဌာန်ဖြစ်ကုန်သော အခြားဓာတ်သုံးပါးတို့ကို တပေါင်းတည်း ယူခြင်းအားဖြင့် လည်းကောင်း
- ကဠမှုခမြွေ အစရှိသော မြွေလေးမျိုးတို့နှင့်တူသော သဘောအားဖြင့်လည်းကောင်း

ဤသို့ ခွဲခြားသရုပ်အားဖြင့် (၁၀)ပါးကုန်သော အခြင်းအရာတို့ဖြင့် နလုံးသို့တင် ရှုဆင်ခြင်သောယောဂီပုဂ္ဂိုလ်သည် သတ္တသညာ၊ ဇီဝသညာ၊ ပုဂ္ဂလသညာတို့ကို ပယ်အပ်နိုင်ကုန်၏။

- နာမ်တရား-ရုပ်တရားသည်သာလျှင် ဉာဏ်၌ထင်လာ၏။ နာမ်တရား-ရုပ်တရားတို့သည် တဏှာလျှင် အကြောင်းရှိကုန်၏။
- တဏှာကို ပယ်ခြင်းသည် ဒုက္ခကိုပယ်ခြင်းသည်သာလျှင်ဖြစ်၏။
- ရှစ်ပါးအင်္ဂါရှိသော အရိယာမဂ်သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော အကျင့်ပေတည်း။
- အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာတို့သည် ဖြစ်ပေါ်လာကုန်၏။

ဤသို့ ဖြစ်သည်ရှိသော်-

- ဒုက္ခ၏ကုန်ဆုံးရာ နိဗ္ဗာန်၌ အမြဲယှဉ်နေသည်ဖြစ်၏၊
- သဒ္ဓါ အစရှိသော ဣန္ဒြေတို့၌လည်းကောင်း၊
- သဒ္ဓါ အစရှိသော ဗိုလ်တို့၌လည်းကောင်း၊
- သတိဗောဇ္ဈင် အစရှိသော ဗောဇ္ဈင်တို့၌လည်းကောင်း စွဲမြဲစွာတည်နေ၏။

ထိုယောဂီပုဂ္ဂိုလ်၏ စိတ်သည် သခါရနိမိတ်မှ ထ,၏၊ အမတဓာတ်ကို ကိုယ်ထိလက်ရောက် မျက်မှောက်ပြုနိုင်၏။

## အာဟာရေ ပဋိကုလသညာ

၉၀။ အကြင်သဘောတရားသည် ဩဇဋ္ဌမကရုပ် အစရှိသော မိမိ အကျိုးတရားကို ဆောင်တတ် ဖြစ်စေတတ်သောကြောင့် အာဟာရမည်၏။

အာဟာရဟူသည် အဘယ်နည်း။

- အလုပ်အလွေ့မဟုတ်သော်လည်း အလုပ်အလွေ့ကဲ့သို့ ပြုအပ်သော အာဟာရ လည်းကောင်း
- ဖဿဟာရလည်းကောင်း
- မနောသဉ္စေတနာဟာရလည်းကောင်း
- ဝိညာဏာဟာရလည်းကောင်း ဤလေးပါးတို့တည်း။

အဘယ်ကိုဆောင်တတ်ဖြစ်တတ်ကုန်သနည်း။

- ကာဗဠီကာရအာဟာရသည် ဩဇာလျှင်(၈)ခုမြောက်ရှိသော ရုပ်တရားကို ဆောင်တတ် ဖြစ်စေတတ်၏
- ဖဿဟာရသည် သုံးပါးကုန်သော ဝေဒနာတို့ကို ဆောင်တတ် ဖြစ်စေတတ်၏
- မနောသဉ္စေတနာဟာရသည် (ဝါ) မနောသဉ္စေတနာအာဟာရဟု ဆိုအပ်သော လောကီ ကုသိုလ်- အကုသိုလ်ကံသည် သုံးပါးသော ကာမ၊ ရူပ၊ အရူပ ဟူသော ဘဝတို့၌ ပဋိသန္ဓေကိုဆောင်၏။
- ဝိညာဏာဟာရဟူသော ပဋိသန္ဓေဝိညာဉ်သည် ပဋိသန္ဓေအခါ၌ နာမ်-ရုပ်တို့ကိုဆောင်၏။

ဤသို့ ဩဇာဋ္ဌမကရုပ် အစရှိသော မိမိ၏အကျိုးတရားတို့ကို ဆောင်တတ် ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် အာဟာရမည်၏။

၉၁။ ထိုလေးပါးသော အာဟာရတို့၌ ဘေးသည်အဘယ်နည်း။

- ကဗဠီကာရအာဟာရ၌ တပ်မက်ခင်မင်တတ်သော ရသတဏှာ ဟူသော ဘေးသည်ဖြစ်၏။
- ဖဿာဟာရ၌ အာရုံသို့ ကပ်ရောက်ခြင်းကြောင့်ဖြစ်သော ဘေးသည် ဖြစ်၏။
- မနောသဉ္စေတနာဟာရ၌ ဘဝထိုထို၌ဖြစ်ကြောင်း၊ ပဋိသန္ဓေ ဟူသော ဘေးသည်ဖြစ်၏။
- ဝိညာဏာဟာရ၌ တစ်ပါးတစ်ခြားသော ဘဝတို့၌ ဆက်စပ်သော ဘေးသည်ဖြစ်၏။

ဤသို့ ဘေးနှင့်တကွဖြစ်ကုန်သော အာဟာရလေးပါးတို့၌ အဘယ်ဥပမာ တို့ဖြင့် နှိုင်းယှဉ်အပ်ပါသနည်း။

- ကဗဠီကာရအာဟာရကို သား၏အသားကို စားခြင်းလျှင် (ပုတ္တမံ သူပမာသုတ်) နှိုင်းယှဉ်ဖွယ်ရာ ဥပမာရှိသော အဆုံးအမတော်ဖြင့် နှိုင်းခိုင်းအပ်၏။
- ဖဿဟာရကို အရေမရှိသော နွားမဥပမာဖြင့် နှိုင်းခိုင်းအပ်၏။
- မနောသဉ္စေတနာဟာရကို မီးကျီးတွင်းဥပမာဖြင့် နှိုင်းခိုင်းအပ်၏။
- ဝိညာဏာဟာရကို အသွားမြမြ ထက်လှစွာသော လှံသွားတရား ဥပမာအားဖြင့် နှိုင်းယှဉ်အပ်၏။

၉၂။ ဤသို့ အပြားရှိကုန်သော လေးပါးကုန်သော အာဟာရတို့တွင် စားအပ်၊ သောက်အပ်၊ ခဲအပ်၊ လျက်အပ်သော အပြားရှိသော ကဗဠီ ကာရအာဟာရကိုသာ ဤအာဟာရေပဋိကူလသညာအရာ၌ အာဟာရ၏ အစွမ်းအားဖြင့်ယူအပ်၏။

- အလုပ်အလွေ့မဟုတ်သော်လည်း အလုပ်အလွေ့ကဲ့သို့ပြုအပ်သော ထိုအာဟာရ၌ စက်ဆုပ်ရွံ့ရှာဖွယ်၏ အစွမ်းအားဖြင့် ဖြစ်သော သညာသည် အာဟာရေပဋိကူလသညာမည်၏။
- ထိုအာဟာရေပဋိကူလသညာကို ပွားများခြင်းငှာအလိုရှိသော ယောဂီသည် ကဗဠီကာရ အာဟာရ၌လည်းကောင်း
- စိတ်အားဖြင့်လည်းကောင်း (အာဟာရရရှိရန် အကျိုးငှါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲသွားရခြင်း ပြန်လာရခြင်းအားဖြင့် လည်းကောင်း(ဝိသုဒ္ဓိမဂ္ဂ)
- ဝေဖန်ရသောအားဖြင့်လည်းကောင်း (အာဟာရကို သုံးဆောင်မှုနှင့်ဆက်စပ်၍ စက်ဆုပ်ရွံ့ရှာဖွယ်ရှိသောအားဖြင့်လည်းကောင်း (ဝိသုဒ္ဓိမဂ္ဂ)
- အကြောင်းအားဖြင့်လည်းကောင်း (စုဝေးတည်နေရာ အစာအိမ်အားဖြင့်လည်းကောင်း)
- အကျိုးဆက်အားဖြင့်လည်းကောင်း(ဝါ)ခန္ဓာကိုယ်မှ ရွံ့ရှာစက်ဆုပ်ဖွယ်အဖြစ်ဖြင့် များစွာသောအပေါက်တို့မှ ယိုစီးထွက်ကျသောအားဖြင့်လည်းကောင်း
- အစာအာဟာရကြောင့် စက်ဆုပ်ဖွယ်ဖြစ်သော အကျိုးအားဖြင့် လည်းကောင်း
- သုံးဆောင်ရသောအခါ၌ စက်ဆုပ်ဖွယ်ရာ လိမ်းကျံပေရေသောအားဖြင့်လည်းကောင်း

ဤသို့ငါးပါးကုန်သော အခြင်းအရာတို့ဖြင့် စက်ဆုပ်ရွံ့ရှားဖွယ်ရှိသည်၏။ အဖြစ်ကို နလုံးသို့တင် ဆင်ခြင်ရှုအပ်၏။

- ဤဆိုအပ်ပြီးသောနည်းဖြင့် နလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား စက်ဆုပ်ရွံ့ရှားဖွယ်ရှိသည်၏အဖြစ်ဖြင့် ကဗဠီကာရအာဟာရသည် ဉာဏ်အားရှေ့ရှုထင်လာ၏။

- ထိုစက်ဆုပ်ရွံရှာဖွယ်ရှိသည့်အဖြစ်ကိုသာလျှင် အဖန်ဖန်အထပ်ထပ် ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။
- ဤဆိုအပ်ပြီးသောနည်းဖြင့် ပဋိကူလသည် ဖြစ်ပေါ်လာသည် ရှိသော် ဖြစ်ပေါ်စေအပ်သည်ရှိသော် နီဝရဏတို့သည် ပယ်ခွာကုန်၏၊ ကင်းကွာကုန်၏။
- သဘာဝဓမ္မတာအားဖြင့် နက်နဲသည်၏အဖြစ်ကြောင့် အပ္ပနာဈာန်သို့ မရောက်ပဲ ဥပစာရသမာဓိ ဖြင့် စိတ်ဖြင့် တည်ကုန်၏။
- အာဟာရ၌ တပ်မက်သောတဏှာကြောင့် ယောဂီပုဂ္ဂိုလ်၏ ဘာဝနာစိတ်သည် တွန့်ဆုတ်အံ့-ပြန့်လွင့်အံ့၊ ဆုတ်နစ်အံ့ ဤသို့ ဖြစ်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်သည် ခရီးခဲကိုကျော်လွန်ခြင်းငှါ အလိုရှိသောယောဂီသည် သား၏အသားကို လျှပ်ပေါ်လော်လီမှ ကင်းသည်ဖြစ်၍ စားမျိုသကဲ့သို့ ထိုအတူ လှပ်ပေါ်လော်လီခြင်းမှ ကင်းသည်ဖြစ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးငှါ အာဟာရကိုစားမျို၏။

ဤသို့ မှတ်သားအပ်၏။

- ကဗဠီကာရအာဟာရ၌ တပ်မက်မှုတဏှာပယ်ခြင်းကို အနီးမှုသဖြင့် ငါးဖြာအာရုံ ကာမဂုဏ်၌တပ်မက်တတ်သော ရာဂကိုပယ်ခွါခြင်းသို့ ရောက်ရ၏။

ထို့ကြောင့် ရူပက္ခန္ဓာကို ပိုင်းခြား၍ သိ၏။

- မရင့်ကျက်သေးသော ဘာဝနာ အစရှိသော ဘာဝနာသည် လည်းကောင်း၊
- စက်ဆုပ်ရွံ့ရှာဖွယ်၏ အစွမ်းအားဖြင့် ကာယာဂတာသတိဘာဝနာ သည် လည်းကောင်း ပြည့်စုံလုံလောက်ခြင်းသို့ရောက်၏။
- အသုဘသညာကို နလုံးသွင်းခြင်းဟူသောအကျင့်ကို ကျင့်သည် ဖြစ်၏။

- မျက်မှောက်ဘဝ၌ပင်လျှင် အမြိုက်နိဗ္ဗာန်ဟူသော အဆုံးသို့ မရောက်မမှီသည်ရှိသော် သုဂတိဘဝဟူသော လည်လျောင်းရာ ရှိသည်ဖြစ်၏။

ဤတွင်အာဟာရသညာပြီး၏။

## အရူပ္ပါ

### အာကာသာနဉ္စာယတနသမာဓိ

၉၃။ အရူပသမာပတ်လေးပါးတို့သည်လည်းကောင်း

-အရူပဈာန်၌ဖြစ်သော သမာဓိသည်လည်းကောင်း၊ အရူပ္ပတို့မည်ကုန်၏။

-ကသိုဏ်းအာရုံသည် ရုပ်မည်၏။

-အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း(၉)ပါး တို့တွင် တစ်ပါးပါးကိုခွာသဖြင့် ရအပ်သော ကောင်းကင် ပညာတ်ကို-

``ကောင်းကင်သညာတ်သည် ဥပါဒ်-ဘင်ဟူသော အပိုင်းအခြားမရှိ´´ ဤသို့ဖြစ်သော သညာသည်လည်း အနန္တာကာသမည်၏။

- အဆုံးအပိုင်းအခြားရှိသော ကောင်းကင်ပညတ်ဖြစ်သော သညာ၌ ဖြစ်သော သမာဓိသည် အာကာသာနန္တာယတနမည်၏။
- ထိုအနန္တာကာသသညာ၌ဖြစ်သော ထိုဈာန်သည် ပထမာရုပ္ပ ဝိညာဏ် မည်၏။
- အနန္တာကာသလျှင် အာရုံရှိသော ပထမာရုပ္ပဝိညာဏ်သည် အဆုံး အပိုင်းမရှိ။

ဤသို့ဖြစ်သော ပညာရှိသော ပထမာရုပ္ပဝိညာဉ်ဖြင့်ရအပ်သော သမာဓိသည် အာကာသကို အာရုဏ်ပြု၍ဖြစ်သော ပထမာရုပ္ပဝိညာဉ်လျှင် အဖြစ်ရှိသော အာရုဏ်သည် ဝိညာဏဉ္စ ယတနမည်၏။ ပထမာရုပ္ပဝိညာဉ်၏ စိုးစဉ်အနည်းငယ်ပင်မျှ အကြွင်းအကျန်သည်မရှိ၊ ဤသို့ဖြစ်သော ထိုပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်သည် အာကိဉ္စည မည်၏။

- ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်အနည်းငယ်မျှမရှိခြင်းဟူသော နတ္ထိဘောပညတ်၌ဖြစ်သော သညာကြောင့်ရအပ်သော ဈာန်သည် အာကိဉ္စညယတနမည်၏။
- ထိုအာကိဉ္စညာယတနဈာန်လျှင် အာရုံရှိသည်ဖြစ်၍ဖြစ်သော ရုန့်ရင်းသောသညာလည်း မရှိတော့ခြင်းကြောင့် နေဝသညာ မည်၏။
- သိမ်မွေ့သောသညာမရှိသည်-မဟုတ် ရုန့်ရင်းသောသဘာကား မရှိ၊ သိမ်မွေ့သော သညာမရှိသည်မဟုတ်သော စတုတ္ထာရုပ္ပဈာန်၌ ဖြစ်သော သမာဓိသည် နေဝသညာနာသညာယတနမည်၏။

ပွားပုံနည်းကို ဆိုဦးအံ့-

ထိုအရူပဈာန်တို့ကို ပွားများခြင်းငှါ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည်-

- ရုပ်၌ လွန်စွာဆိုးညစ်အပြစ်ရှိပုံကို တွေ့မြင်၏။
- ရုပ်တရားလျှင် တည်ရာရှိသော တုတ်,လှံတံ,ကိုဆွဲကိုင်ခြင်း၊ လက်နက်ကို စွဲကိုင်ခြင်း၊ ငြင်းခုံခြင်း၊ ဆန့်ကျင်ဘက်ကိုပြုခြင်း၊ ဆန့်ကျင်ဘက်ကို ပြောဆိုခြင်းတို့သည် အာရုပ္ပဈာန်၌ အချင်းခပ်သိမ်းမရှိ။

ဤသို့ မှတ်သားချင်း မျက်စိရောဂါ အစရှိသော ထောင်ပေါင်းမက များစွာသော အနာရောဂါတို့၏အစွမ်းအားဖြင့် ရုပ်တရား၌ အပြစ်ကိုမြင်၍ လွန်မြောက်ခြင်းငှာ အလိုရှိသည်ဖြစ်၍...

- ရူပါဝစရ စတုတ္ထဈာန်လျှင် အာရုံရှိသော ရုပ်တရားကို လည်းကောင်း၊
- ကသိုဏ်းရုပ်ကိုလည်းကောင်း၊ လွန်မြောက်ခြင်းငှာ အလိုရှိသည် ဖြစ်၏။
- အာကာသာနဉ္စာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် သိမြင်၍- အလိုရှိသော အတိုင်းအရှည်ရှိသော ကသိုဏ်းကို ဖြန့်ကြက်၍ ထိုကသိုဏ်းရုပ်ဖြင့် ပျံ့နှံ့သောကောင်းကင်ပညာတ်ကို အာကာသ အနန္တောဟူ၍ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်သည်-

``ကသိုဏ်းရုပ်ကို ပယ်ခွါ၏၊ နှလုံးမသွင်းခြင်းကြောင့်၊ မဆင်ခြင် တော့ခြင်းကြောင့်၊ အာကာသောအနန္တော ဟူ၍ အကြိမ်ကြိမ်အဖန်ဖန် နှလုံး သွင်းသော ယောဂီပုဂ္ဂိုလ်အား နီဝရဏတို့သည် ကင်းကွာကုန်၏။

- သတိသည် အာရုံ၌ ကပ်၍ထင်လာ၏။
- ဥပစာရသမာဓိဖြင့် ပရိကံစိတ်သည် တည်ကြည်၏။
- ကောင်းကင်ပညတ်အာရုံ၌ အာကာသာနဉ္စာယတနစိတ်သည် အပ္ပနာ၏ အစွမ်းဖြင့်ဖြစ်၏။
- ထိုယောဂီပုဂ္ဂိုလ်သည် အကြွင်းမဲ့ ရူပါဝစရဈာန်၊ ရူပါဝစရဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်သညာတို့ကို တပ်မက်ခြင်းကင်းသော အားဖြင့် ကောင်စွာလွန်မြောက်ခြင်းကြောင့်လည်းကောင်း၊
- ပဉ္စဝိညာဏ်နှင့် ပဉ္စာရုံတို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာတို့၏ ကွယ်ပျောက်ခြင်းကြောင့်လည်းကောင်း။
- အထူးထူးသော သဘောရှိသော အာရုံတို့၌ဖြစ်ကုန်သော ၄၄-ပါး သော ကာမသညာတို့ကို နှလုံးမသွင်းတော့ခြင်းကြောင့် လည်းကောင်း။

- အာကာသကသိုဏ်းသည် ကြည်အပ်သော ကသိုဏ်း(၉)ပါးတို့တွင် တစ်ပါးပါးကိုခွာသဖြင့် ရအပ်သော ကောင်းကင်ပညာတ်သည် ဥပါဒ်-ဘင် ဟူသော အဆုံးအပိုင်းအခြားမရှိ။
- ဤသို့ နှလုံးသွင်းခြင်းကြောင့် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။

ဝိညာဏဉ္စာယတနသမာဓိ

၉၄။ အာကာသသည် ကြည်အပ်သောကသိုဏ်း(၉)ပါးတို့တွင် တစ်ပါးပါးကို ခွါသဖြင့် ရအပ်သောကောင်းကင်ပညာတ်လျှင် အာရုံရှိသည်ဖြစ်၍ ဖြစ်သော မနောဝိညာဏ် မည်သည်ရှိ၏။

ပထမာရုပ္ပဝိညာဏ်သည် ဥပါဒ်-ဘင် ဟူသော အပိုင်းအခြားမရှိ၊ ဤသို့ ဖြစ်သော သမာဓိသည် ဝိညာဏဉ္စာယတနမည်၏

- ထိုဝိညာဏဉ္စာယတနစျာန်ကို ပွားခြင်းငှါအလိုရှိသော ကျွမ်းကျင်စွာ လေ့လာအပ်သည်၏အဖြစ်သို့ ရောက်ပြီးသော အာကာသာနဉ္စာ စျာန်ရှိသော ယောဂီပုဂ္ဂိုလ်သည် အာကာသာနဉ္စာစျာန်၌ နီးကပ်သော ရူပါဝစရစျာန်ရှိသည်၏အဖြစ် အစရှိသောအပြစ်ကိုလည်းကောင်း။
- ဝိညာဏဉ္စာယတနစျာန်၌ ငြိမ်သက်သည်အဖြစ်ဖြင့် မွန်မြတ်သည်၏အဖြစ် အစရှိသော အကျိုးဂုဏ်ကိုလည်းကောင်း၊ သိမြင်၍ အာကာသသည် ကြည်အပ်သော ကသိုဏ်း(၉)ပါးတို့တွင် တစ်ပါးပါးကိုခွာသဖြင့် ရအပ်သော ကောင်းကင်ပညာတ်အာရုံ၌ဖြန့်၍ ပျံ့နှံ့စေ၍တည်သော ပထမရုပ္ပဝိညာဏ်သည် ဥပါဒ်-ဘင် ဟူသော အဆုံးအပိုင်းအခြားမရှိ။

ဤသို့ အဖန်ဖန် အထပ်ထပ် နှလုံးသွင်းအပ်၏။ နှလုံးသွင်းဆင်ခြင်အပ်၏။

ဤဆိုအပ်ပြီးသောနည်းဖြင့် ကောင်းကင်ပညာတ်လျှင် အာရုံရှိသော ထိုပထမာရုပ္ပဝိညာဏ် ဟူသောအာရုံ၌ စိတ်ကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်အား နီဝရဏတို့သည် ကင်းကွာကုန်၏။

သတိသည် အာရုံ၌ ကပ်၍တည်လာ၏။

ဥပစာရသမာဓိဖြင့် ပရိကံစိတ်သည် တည်ကြည်၏။

ထိုပထမာရုပ္ပဝိညာဏ်ဟူသော နိမိတ်ကိုပင်လျှင် ကြိမ်ဖန်များစွာ မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။

ကောင်းကင်ပညာတ်လျှင် အာရုံရှိသည်ဖြစ်၍ဖြစ်သော ပထမာရုပ္ပဝိညာဏ်၌ ပရိကံစိတ်ကိုဖြစ်စေ၏။

အလုံးစုံသော အခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနဈာန်ကို ကောင်းစွာလွန်မြောက်၍ ပထမာ ရုပ္ပဝိညာဏ်သည် ဥပါဒ်-ဘင် ဟူသော အဆုံးအပိုင်းအခြားမရှိ။

ဤသို့ပွားများခြင်းကြောင့် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏။

<u>အာကိဉ္စညာယတနသမာဓိ</u>

၉၅။ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်းအနည်းငယ်ဘင်မျှ အကြွင်းအကျန်သည် မရှိ။

- ဤသို့ဖြစ်သော ဈာန်သည် အကိဉ္စနမည်၏။
- ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်းအငယ်ဘင်မျှအကြွင်းအကျန် မရှိသည် ဖြစ်ဟူသောစိတ်ဖြင့် ရအပ်သောသမာဓိသည် အာကိဉ္စညာယတနမည်၏။
- ပွားပုံပွားနည်းဆိုဦးအံ့-
- ဝိညာဏဉ္စာယတနသမာဓိ၌ ကျွမ်းကျင်စွာ လေ့လာအပ်ပြီးသော အစွမ်းသတ္တိရှိသည်၏ အဖြစ်သို့ရောက်ပြီးသော ထိုအာကိဉ္စညာယတနသမာဓိကို ပွားများခြင်းငှါ အလိုရှိသောယောဂီပုဂ္ဂိုလ်သည်

ဝိညာဏဉ္စာယတနစျာန်၌ နီးသောအာကာသာနဉ္စာယတနစျာန် ရှိသော အပြစ်ကိုလည်းကောင်း။

- အာကိဉ္စညာယတနစျာန်၌ ငြိမ်သက်ခြင်း၊ မွန်မြတ်ခြင်း အစရှိသော အကျိုးဂုဏ်ကို လည်းကောင်း။

သိမြင်ခြင်းကြောင့် ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်းအနည်းငယ် ဘင်မျှ အကြွင်းအကျန်မရှိခြင်းဟု ဆိုအပ်သော ဆိတ်သုဉ်းခြင်းကို ကင်းဆိတ်ပုံ အခြင်းအရာကို နှလုံးသွင်းအပ်၏။

- ဆိတ်သုဉ်း၏၊ ဆိတ်သုဉ်း၏ ၏ ဟူ၍သော်လည်းကောင်း။
- စိုးစဉ်းအနည်းငယ်မျှ အကြွင်းအကျန်သည်မရှိ- ဤသို့သော် လည်းကောင်း။
- ကင်းဆိတ်၏၊ ကင်းဆိတ်၏ ဟူ၍သော်လည်းကောင်း။

အဖန်ဖန် အထပ်ထပ် နှလုံးသွင်းအပ်၏။

- ဆင်ခြင်ခြင်းကို ပေါင်းစုခြင်းကို နှလုံးသို့ . တင်-ရှုဆင်ခြင်ခြင်းကို ပြုသင့်-ပြုအပ်-ပြုထိုက်၏။

ဤသို့ ဆင်ခြင်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်အား နီဝရဏတို့သည် ကင်းကွာကုန်၏။

- သတိသည် အာရုံသို့ ကပ်၍ ထင်လာ၏။
- ဥပစာရသမာဓိဖြင့်ပင်လျှင် ပရိကံစိတ်သည် တည်ကြည်၏။

ထိုယောဂီပုဂ္ဂိုလ်သည် ထိုနတ္ထိဘောပညတ်ဟူသော အာရုံကိုပင်လျှင် အဖန်ဖန် အထပ်ထပ် မှီဝဲ၏။ ပွားများ၏။ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။

- ဤသို့ ကောင်းကင်ပညတ်ကို ဖြန့်၍ဖြစ်သော မဟဂ္ဂုတ်ပထမာ ရုပ္ပဝိညာဏ်၏ ဆိတ်သုဉ်းသည်၏အဖြစ်ဖြင့် ကင်းဆိတ်သည်၏ အဖြစ်၌ အာကိဉ္စညာယတနစိတ်သည် အပ္ပနာ၏အစွမ်းအားဖြင့် ဖြစ်၏။

- ဤအာကိဉ္စညာယတနစိတ်သည် ပထမာရုပ္ပဝိညာဏ်မှ ကင်းဆိတ်၏။ ဤသို့ ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်းအနည်းငယ်ဘင်မျှ အကြွင်းအကျန်မရှိသည်အဖြစ်ဟူသော နတ္ထိဘောပညတ်ကိုသာလျှင် သိမြင်လေ၏။
- အလုံးစုံသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနစျာန်ကို ကောင်းစွာလွန်မြောက်ခြင်းကြောင့် စိုးစဉ်း အနည်းငယ်ဘင်မျှ အကြွင်းအကျန်သည်မရှိ။
- ဤသို့ ပွားများခြင်းကြောင့် အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေ၏။

<u>နေဝသညာနာသညာယတနသမာဓိ</u>

၉၆။ နတ္ထိကိဉ္စိ ဟူ၍ဖြစ်သော နတ္ထိဘောပညတ်သညာ၏ မဖြစ်ခြင်းသည် နေဝသညာမည်၏။

- အဘာဝမညတ်လျှင် အာရုံရှိသော သိမ်မွေ့သောသညာကို ဆင်ခြင်ခြင်းကြောင့် သိမ်မွေ့သောသညာမရှိသည် မည်သည်-မဟုတ်၊ သိမ်မွေ့နူးညံ့သောသညာ၏ဖြစ်ခြင်းကို ပြတော်မူအပ်ပြီး။

ပွားများပုံနည်းကို ပြဦးအံ့-

- အာကိဉ္စညာယတနသမာပတ်၌ ကျွမ်းကျင်စွာ လေ့လာအပ်ပြီးသော အစွမ်းသတ္တိရှိသည်၏အဖြစ်သို့ရောက်သော ထိုနေဝသညာနာသညာယတနသမာဓိကို ပွားများခြင်းငှါ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် အာကိဉ္စာညာယတနစျာန်၌ ဝိညာဏဉ္စာယတနစျာန် ဟူသော နီးကပ်နေသော ရန်သူရှိသည်၏အဖြစ် အစရှိသော အပြစ်ကိုလည်းကောင်း။
- အကြင်နေဝသညာ နာသညာယတနစျာန်သည်ရှိ၏။

ထိုစျာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏။

ဤသို့သော အကျိုးဂုဏ်ကိုလည်းကောင်း၊ သိမြင်ခြင်းကြောင့် ထိုအာကိဉ္စညာယတနစျာန်ကိုသာလျှင် မရှိခြင်းကို နှလုံးသွင်းခြင်းကြောင့် နှလုံးသို့တင်-ရှုဆင်ခြင်အပ်၏။

ဤသို့ ထိုတတိယာရုပ္ပဝိညာဏ်ဟူသော အာရုံကို နှလုံးသွင်းသည်ရှိသော် နီဝရဏတို့သည် ကင်းကွာ ကုန်၏။

- သတိသည် အာရုံသို့ကပ်၍ တည်လာ၏။
- ဥပစာရသမာဓိဖြင့်သာလျှင် ပရိကံစိတ်သည် တည်ကြည်၏။
- ထိုယောဂီပုဂ္ဂိုလ်သည် ထိုတတိယာရုပ္ပဝိညာဏ်ဟူသော အာရုံကို ပင်လျှင် မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။
- ဝိညာဏဉ္စာယတနစျာန်ကို ပယ်ခြင်းကြောင့် အာကိဉ္စာညာယတန စိတ်သည် အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်သကဲ့သို့ ထိုအတူ အာကိဉ္စ ညာယတနစျာန်ကိုပယ်ခြင်းကြောင့် နေဝသညာ နာသညာယတန စိတ်သည် အပ္ပနာ၏ အစွမ်းဖြင့်ဖြစ်၏။
- ထိုယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော အခြင်းအရာအားဖြင့် အာကိဉ္စ ညာယတနစျာန်စိတ်ကို ကောင်းစွာလွန်မြောက်ခြင်းကြောင့် နေဝ သညာ နာသညာစျာန်သို့ ရောက်၍နေ၏။

# နဝမပိုင်း
# အဘိဉာဏ်ငါးပါး

(၁) ဣဒ္ဓိဝိဓအဘိညာဉ်

သမာဓိ၌ ကျွမ်းကျင်လိမ္မာသော ယောဂီပုဂ္ဂိုလ်သည် စတုတ္ထဈာန်၏ အစွမ်းဖြင့် ငါးပါးကုန်သော အဘိညာဉ်တို့ကို ဖြစ်စေ၏။

- ဣဒ္ဓိဝိဓဉာဏ်
- ဒိဗ္ဗသောတဉာဏ်
- ပရစိတ္တဝိဇာနနဉာဏ်
- ပုဗ္ဗေနိဝါသာနုဿတိဉာဏ်
- ဒိဗ္ဗစက္ခုဉာဏ်

ဤငါးပါးတို့သည် အဘိဉာဏ်တို့မည်ကုန်၏။

တန်ခိုးအဖို့အစုတို့သည် ဣဒ္ဓိဝိဓမည်၏။

သိမ်မွေ့သေးငယ်ခြင်း၊ ကြီးကျယ်ခြင်း အစရှိကုန်သော တစ်ယောက်သည်ဖြစ်၍ များသောအပြားရှိသည်ဖြစ်၏။ ဤသို့ အစရှိသော ဆယ်ပါး အပြားရှိကုန်သော ပြီးစီးပြည့်စုံခြင်းတို့သည် ဣဒ္ဓိဝိဓ မည်ကုန်၏။

- ဣဒ္ဓိတို့သည် အဘယ်မျှ အပြားရှိကုန်သနည်း။
- အဘယ်ပုဂ္ဂိုလ်တို့သည် ဖြစ်စေကုန်သနည်း။
- အဘယ်သို့ ဖြစ်စေကုန်သနည်း။

တန်ခိုးသည်

- အဓိဋ္ဌာန် ဖန်ဆင်းခြင်းဟူသော တန်ခိုးလည်းကောင်း။
- ပကတိအသွင်ကိုဖျောက်၍ တစ်မျိုးတမည် ဖန်ဆင်းခြင်း တန်ခိုး လည်းကောင်း။

- စိတ်ဖြင့်ပြီးသော (မိမိနှင့်ပုံတူ) ဖန်ဆင်ခြင်းဟူသော တန်ခိုးလည်းကောင်း။

ဤသို့ (၃)ပါး အပြားရှိပါ၏။

- အရိယာပုဂ္ဂိုလ်တို့၏ ပြည့်စုံပြီးမြောက်သော တန်ခိုးလည်းကောင်း။
- ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုးလည်းကောင်း။
- ထူးခြားသော ကောင်းမှုရှင်တို့ကို မှီ၍ပြီးမြောက်ပြည့်စုံသော တန်ခိုးလည်းကောင်း။

ဤသို့လည်း (၃)ပါးအပြားရှိ၏။

- စတုတ္ထဈာန်ရသော ပုဂ္ဂိုလ်တို့သည် တန်ခိုးကိုဖြစ်စေနိုင်ကုန်၏။

ဗုဒ္ဓမြတ်စွာသာသနာတော်၌ သာသနာတာဝန်ကို ကြိုးပမ်းဆောင်ရွက်သော ရဟန်းသည်-

- ဆန္ဒဟူသော အကြောင်းရှိသော သမာဓိ၊
- ပြင်းစွာအားထုတ်မှု သင်္ခါရနှင့်ပြည့်စုံသော (ဝါ) ဆန္ဒလွန်ကဲသော သမာဓိ ဣဒ္ဓိပါဒ်ကို ပွားများ၏။
- ဝိရိယလွန်ကဲသောသမာဓိ,
  ပြင်းစွာအားထုတ်မှုသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။
- စိတ်လွန်ကဲသော သမာဓိ၊ ပြင်းစွာအားထုတ်မှုသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။
- ဝီမံသလွန်ကဲသောသမာဓိ၊ ပြင်းစွာအားထုတ်မှုသင်္ခါရတို့နှင့် ပြည့်စုံသောဣဒ္ဓိပါဒ်ကို ပွားများ၏။
- အဓိဋ္ဌာန်ဖန်ဆင်းခြင်း၏အစွမ်းဖြင့် ပြီးစီးခြင်း၌ဖြစ်သော ပညာသည် တန်ခိုးဖန်ဆင်းခြင်း၌ ဉာဏ်ဟူ၍ ဆိုအပ်၏။
- အဓိဋ္ဌာန်ဖန်ဆင်းခြင်းဟူသော တန်ခိုးဖန်ဆင်းခြင်း၌ ပင်ကိုယ်ပုံသဏ္ဍာန်အဆင်းကို မပယ်မစွန့်ဘဲ အဓိဋ္ဌာန်ဖန်ဆင်း၏။

- ပကတိအသွင်ကိုဖျောက်၍ တစ်မျိုးတစ်ဖုံ ဖန်ဆင်းခြင်းဟူသော တန်ခိုးဖန်ဆင်းခြင်း၌ ပင်ကိုယ်ပုံသဏ္ဍာန်၊ ပင်ကိုယ်အဆင်းကို ပယ်စွန့်၏။

ဤသို့ အဓိဋ္ဌာနိဒ္ဓိနှင့် ဝိကုဗ္ဗနိဒ္ဓိတို့၏ အထူးသည်ဖြစ်၏။

## ပကိဏ္ဏကကထာ

- ဣဒ္ဓိဝိဓအဘိညာဉ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ တန်ခိုးရှင်သည်၊ တန်ခိုးဖြင့် ဖန်ဆင်းအပ်သောအရာဝတ္ထုသည် အဓိဋ္ဌာန်ဖန်ဆင်းခြင်းကိုစ ပြီးဆုံးရာအခါ၌ ကွယ်ပျောက်၏။
- ပိုင်းခြားသတ်မှတ်ခြင်းမရှိသောအရာ၌ ကြံစီပြီးရာ ခဏ၌သာလျှင် ကွယ်ပျောက်၏။
- ဣဒ္ဓိဝိဓအဘိညာဉ်ကို ပရိတ္တ-မဟဂ္ဂတဟူ၍ မဆိုအပ်၊ မဆိုသင့်၊ မဆိုထိုက်။
- အတိတ်, အနာဂါတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်ကုန်သော နှစ်ဆယ်သော အာရုံတို့တွင် ခုနစ်ပါးသော တရားတို့သည်သာလျှင် ဣဒ္ဓိဝိဓဉာဏ်၏ အကြောင်းသည်ဖြစ်၏။

## ဒိဗ္ဗသောတ

၉၉။ ကျွမ်းကျင်စွာလေ့လာအပ်ပြီးသော လေးပါးသော ဣဒ္ဓိပါဒ်ရှိသော ဝသီဘော်အဖြစ်သို့ ရောက်ပြီးသော စတုတ္ထဈာန်ရှိသောယောဂီပုဂ္ဂိုလ်သည် နတ်၌ဖြစ်သော သောတပသာဒနှင့်တူသော အဘိညာဉာဏ်ဖြင့် ပရိကံစိတ်ကို ရှေ့ရှုညွှတ်အပ်၏။

- မပျက်စီးသော သောတပသာဒရှိသော ယောဂီပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော, တိုးကုန်, ကျယ်လောင်ကုန်

သော, ဝေးသောအရပ်၌ တည်ရှိကုန်သော အသံတို့ကို လည်းကောင်း။

- နီးသောအရပ်၌ တည်ရှိကုန်သော အသံတို့ကိုလည်းကောင်း၊ ကြားနိုင်၏။
- အလုံးစုံသောအသံတို့မှ ရှေးဦးစွာ မိမိ၏ကိုယ်ခန္ဓာ၌ မှီတွယ်နေကုန်သော သတ္တဝါတို့၏ အသံကို ကြား၏။
- ထိုနောက် အနီးဖြစ်သော လူ-နတ်တို့၏ အသံကိုကြား၏။
- အာဒိကမ္မိကပုဂ္ဂိုလ်သည် ရှေးဦးစွာ အဈွတ္တိက၌ ရှိကုန်သော သတ္တဝါ တို့၏ အသံကို မကြားနိုင်။

အဘယ်ကြောင့်နည်းဟူမူ မိမိ၏အသံကို အာရုံပြုခြင်းဖြင့် ကြားခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း။

- ပရိတ္တအာရုံလည်းကောင်း။
- ပစ္စုပ္ပန်အာရုံလည်းကောင်း။
- ဗာဟိရအာရုံလည်းကောင်း။

ဤသို့ သုံးပါးလျှင်ဖြစ်ကုန်သော အာရုံတို့သည် ဒိဗ္ဗသောတဓာတ်၏ အကြောင်းသည်ဖြစ်၏။

- သောတပသာဒသည် ပျက်စီးသည်ရှိသော် ဒိဗ္ဗသောတဓာတ်သည်လည်း ပျက်စီး၏။
- သာဝကတို့၏ ဒိဗ္ဗသောတဓာတ်သည် စကြဝဠာတစ်ထောင်အပိုင်းအခြားရှိသည်ဖြစ်၏။
- ပစ္စေကဗုဒ္ဓ, သမ္မာသမ္ဗုဒ္ဓတို့၏ ဒိဗ္ဗသောတဓာတ်သည် အဆုံးအပိုင်းအခြားမရှိသည်သာလျှင် ဖြစ်၏။

<u>ပရိစိတ္တဝိဇာနန</u>

၁၀၀။ သူတစ်ပါးတို့၏ စိတ်ကိုသိနိုင်သော အဘိညာဉ်ကို ပွားများခြင်းငှါ အလိုရှိသော ကျွမ်းကျင်စွာ လေ့လာအပ်သော ဣဒ္ဓိပါဒ်လေးပါးရှိသော

ယောဂီပုဂ္ဂိုလ်သည် အာလောကကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ကျွမ်းကျင်စွာ လေ့လာအပ်သည်ကိုပြု၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်ကို သုတ်သင်အပ်၏။

လေးပါးကုန်သော ဣဒ္ဓိပါဒ်တို့၌ ကျွမ်းကျင်စွာ လေ့လာအပ်ပြီးသော အစွမ်းသတ္တိရှိသည်အဖြစ်ကို ရောက်ပြီးသည်ရှိသော် ဣဒ္ဓိပါဒ်လေးပါး၌ လေ့လာအပ်သည်အဖြစ်နှင့် ပြည့်စုံသည်ဖြစ်၍ အာလောက ကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကိုဝင်စားပြီး၍ မိမိကိုယ်ခန္ဓာကို အရောင်အလင်းဖြင့် ဖြည့်သည်ကိုပြု၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သူတစ်ပါး၏ အသက်ရှင်နေသော ပုဂ္ဂိုလ်၏ နှလုံးသားကိုမှီနေသော သွေး၏အဆင်းကို ကြည့်ရှုအပ်၏။

သွေး၏ အဆင်းကိုသိသော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ဣန္ဒြေသဘောရှိခြင်းကြောင့် သူတစ်ပါးတို့၏ စိတ်ကိုလက်ခံအပ်၏။

- နှလုံးသား၌တည်သော သွေးသည်-
- နီစိမ်းအဆင်းရှိသော်လည်းကောင်း။
- ဆီဦးအဆင်းရှိသော်လည်းကောင်း။

အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် သောမနဿိန္ဒြေရှိကုန်သော ပုဂ္ဂိုလ်တို့၏စိတ်သည်ဖြစ်၏။

အာရုဏ်အဆင်းနှင့်တူသော စဥ့်ငယ်နီမြန်းသော အဆင်းရှိသည် အကယ်၍ ဖြစ်အံ့၊ သောမန သိန္ဒြေယှဉ်သောစိတ်ရှိကုန်သောပုဂ္ဂိုလ်တို့၏ စိတ်သည်ဖြစ်၏။

- တင်လဲရေးနှင့်တူသော အဆင်းရှိသည်ဖြစ်အံ့၊ ဥပေက္ခိန္ဒြေနှင့် ယှဉ်သော စိတ်ရှိကုန်သော ပုဂ္ဂိုလ်တို့၏ စိတ်သည်ဖြစ်၏။
- ဖန်ရည်နှင့်တူသော အဆင်းရှိသည်ဖြစ်အံ့၊ လောဘနှင့်ယှဉ်သော စိတ်သည်ဖြစ်၏။
- မည်းနက်သော အဆင်းရှိသည်ဖြစ်အံ့၊ ဒေါသနှင့်ယှဉ်စိတ်သည် ဖြစ်၏။

- မွှေနှောက်အပ်သော ညွှန်နှင့်တူသောအဆင်းရှိအံ့၊ မောဟနှင့်ယှဉ်သောစိတ်ရှိသည်ဖြစ်၏။
- နီမြန်းသောသွေးသည် ပင်ညောင်သီးမှည့်နှင့် အဆင်းတူသော အဆင်း ရှိ၏။
- မည်းနက်သောသွေးသည် သပြေသီးမှည့်နှင့်အဆင်းနှင့်တူသော အဆင်းရှိ၏။
- ကြည်လင်သောသွေးသည် ကြည်လင်သောနင်းဆီအဆင်းနှင့် တူသောအဆင်းရှိ၏။ ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သည်၊ နောက်ကျုခြင်းအလျဉ်းမရှိသည်ဖြစ်အံ့၊ သဒ္ဓါနှင့်ယှဉ်သောစိတ်, ဉာဏ်နှင့်ယှဉ်သောစိတ်သည်ဖြစ်၏။

၁၀၁။ ဤသို့ နှလုံးသွေးကိုမှီသော အဆင်ဓာတ်ကိုမှတ်သားပြီး၍ မိမိ၏ ကသိုဏ်း အရောင်အလင်းကိုဖြန့်၍ သူတစ်ပါးတို့၏စိတ်ကို မိမိ၏စိတ်ဖြင့် ပိုင်းခြား၍ ယူသည်ရှိသော်-

- ရာဂနှင့်တကွဖြစ်သောစိတ် - ရာဂမရှိသောစိတ်
- ဒေါသနှင့်တကွဖြစ်သောစိတ် - ဒေါသမရှိသောစိတ်
- မောဟနှင့်တကွဖြစ်သောစိတ်-မောဟမရှိသောစိတ်ရှိသူ အစရှိသည်တို့ကိုလည်းကောင်း ကောင်းစွာအမှတ်ပြုသိ၏။
- ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အဘိညာဉ်တို့ဖြင့် ရဟန္တာတို့၏ စိတ်ဖြစ်ပုံကို သိခြင်းငှါမတတ်နိုင်။
- အရူပါဝစရပြဟ္မာတို့၏ စိတ်ဖြစ်နေပုံကို သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ ပရစိတ္တဝိဇာနနအဘိညာဉ် ဖြင့်သာလျှင် မြင်ခြင်းငှါတတ်ကောင်း၏။

ဘုရားရှင်မှတစ်ပါးကုန်သောပုဂ္ဂိုလ်တို့၏ ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့် သိခြင်းငှါမတတ်နိုင်။

- ပရစိတ္တဝိဇာနနအဘိညာဉ်ကိုရသောပုဂ္ဂိုလ်သည်-
- ပုထုဇဉ်ပုဂ္ဂိုလ်တို့၏လည်းကောင်း။

- ဘုရားရှင်၏ တပည့်သာဝကတို့၏လည်းကောင်း။
- ပစ္စေကဗုဒ္ဓါနှင့်ဘုရားရှင်တို့၏ ပရိစ္ဆိဇာနနခေတ်သည် ပုထုဇဉ် ဗုဒ္ဓသာဝကတို့၏ ပရိစ္ဆိဇာနနခေတ်သည် တစ်သောင်းသော စကြာဝဠာလောကဓာတ်သည် ဖြစ်၏။ ပရိစ္ဆိဇာနနခေတ်ထက် ပိုလွန်၏။ အပိုင်းအခြားသည်မရှိပါ။
-

## ပုဗ္ဗေနိဝါသာနုဿတိ

၁၀၂။ ရှေးဘဝ၌ နေအပ်ဘူးသော ခန္ဓာအစဉ်ကို အဖန်ဖန်အောက်မေ့ခြင်းငှါ အလိုရှိသော လေးပါးကုန်သောဈာန်ပါဒ်တို့၌ ကျွမ်းကျင်စွာ လေ့လာအပ်ပြီးသော အစွမ်းသတ္တိရှိသည်အဖြစ်သို့ရောက်ပြီးသော ရှေးဦးစွာ လေ့ကျက်အပ်၊ ကောင်းစွာ အဖန်ဖန်လေ့ကျက်အပ်ပြီးသော စတုတ္ထဈာန်ရှိသော ယောဂီ ပုဂ္ဂိုလ်သည်-

- စတုတ္ထဈာန်ဝင်စားပြီးနောက် လွန်လေပြီးသော အတိတ်ဘဝကို အဖန်ဖန်အောက်မေ့အပ်၏။
- အတိတ်အဖို့အစုသို့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို စေလွှတ်ပြီး၍ ရှေ့ခြေရာ၊ နောက်ခြေရာ အစဉ်ကဲ့သို့သော ရှေ့ဘဝ, နောက်ဘဝ အစဉ်အားဖြင့် ဆန့်ကျင်ဘက် (ပဋိလုံ)အားဖြင့် နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့် အဖန်ဖန် အထပ်ထပ် အောက်မေ့အပ်၏။
- ရှေးဦးစွာသော ရှေးဘဝအစဉ်ကို အောက်မေ့ခြင်းဖြင့် (၇)ပါးကုန် သော ဘဝတို့ကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏။
- နှစ်ခုမြောက်ဖြစ်သော အစဉ်လျှောက်၍ အောက်မေ့ခြင်းဖြင့် (၁၄) ဘဝဖြစ်ကုန်သောဘဝတို့ကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏။
- တတိယမြောက်ဖြစ်သော အစဉ်လျှောက်၍ အောက်မေ့ခြင်းဖြင့် ပရိကမ္မသမာဓိနှင့်ယှဉ်သော ဉာဏ်ဟုဆိုအပ်သော ဣဒ္ဓိဝိဓ

အဘိညာဏ်ဖြင့် ထိုအတိတ်အဖို့အစုဖြစ်သော ဉာဏ်ကို ပွားများသင့်၊ ပွားများအပ်၊ ပွားများထိုက်၏။

- ဤသို့ ပုဗ္ဗေနိဝါသနုဿတိအဘိညာဏ်တို့သည် သုံးပါးတို့တည်း။
- အချို့သောဆရာတို့သည် ထိုတတိယ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ပုဗ္ဗေနိဝါသာနုဿတိ မဖြစ်-ဟုဆိုကြပါသည်။
- ပရိကမ္မသမာဓိဉာဏ်နှင့်ယှဉ်သော ဉာဏ်ဖြင့်ထားအပ်သော ပထမဝါရ၌ ရှေ့ဘဝ၌နေအပ်ဘူးသော ခန္ဓာအစဉ်ကို အဖန်ဖန် မအောက်မေ့နိုင်။
- တစ်ဖန် သမာပတ်ကိုဝင်စား၍ သမာပတ်မှထ၍ အဖန်ဖန် အောက်မေ့အပ်၏။
- ကြေးမုံ (မှန်)ပြင်၌ ကြည့်ရှုကာမျှဖြင့် မျက်နှာရိပ်သည် အကယ်၍ မထင်သည်ဖြစ်အံ့။

ဤသို့ မထင်သည်ရှိသော် ကြေးမုံ (မှန်)ပြင်ကို ပြောင်စဉ်အောင် ပွတ်တိုက်၍ ကြည့်ရှုရသကဲ့သို့ ဤနည်းတူသာလျှင် အဖန်ဖန် အထပ်ထပ် အားထုတ်အပ်၏၊ အရှင်သောဘိတမထေရ်ကဲ့သို့တည်း။

၁၀၃။ သာသနာပြင်ပ တိတ္ထိတို့သည် အစဉ်အားဖြင့် အစဉ်လျှောက်၍ အောက်မေ့ကြကုန်သည်ရှိသော် ကမ္ဘာ(၄၀)တို့ကိုအစဉ်လျှောက်၍အောက်မေ့နိုင်၏။

- သာသနာပြင်ပ တိတ္ထိတို့၏ ပုဗ္ဗေနိဝါသကို အောက်မေ့မှု သိမြင်မှုတစ်ပါး ဘုရားရှင်တို့၏ အောက်မေ့သိမြင်ပုံကို ပြဦးအံ့။
- ဘုရားရှင်တို့သည် အလိုတော်အားလျော်စွာ အလိုရှိသလောက် အမျိုးဇာတ်၊ အဆင်း-ပုံပုံသဏ္ဍာန်၊ အနွယ်၊ အစာအာဟာရ၊ ချမ်းသာ၊ ဆင်းရဲ အစရှိသော ဖြစ်ပျက်ခဲ့ပုံ၊ အလုံးစုံကို အကုန်အစင် သိမြင်တော်မူကြကုန်၏။

- အစဉ်အတိုင်း အောက်မေ့ခြင်းကိစ္စသည် မရှိသကဲ့သို့ စင်စစ်ကေန် အားဖြင့် ဘုရားရှင်တို့သည်
- ကိုယ်တော်၏ ပုဗ္ဗေနိဝါသကိုသော်လည်းကောင်း။
- သူတစ်ပါးတို့၏ ပုဗ္ဗေနိဝါသကိုသော်လည်းကောင်း။
- သမာဓိကို ဖြစ်စေ၍သော်လည်းကောင်း။
- မဖြစ်စေဘဲသော်လည်းကောင်း။

အောက်မေ့တော်မူကြကုန်သည်သာ။

- ဘုရားရှင်တို့အတူ သာသနာပြင်ပ တိတ္ထိတို့သည် မအောက်မေ့ နိုင်ကြကုန်။

ဘုရားရှင်၏ တပည့်သာဝကတို့သည် သမာဓိကို ဝင်စားကုန်ပြီးမှသာလျှင်

- မိမိ၏သော်လည်းကောင်း။
- သူတစ်ပါး၏သော်လည်းကောင်း

အဆင်း၊ ပုံပဟန်၊ အနွယ်၊ အစာအာဟာရ၊ အသက်အပိုင်းအခြား အစ ရှိသည်တို့ကို အသီးအခြား သမာပတ်ကို ဝင်စားကုန်ပြီးမှသာလျှင် အစဉ် လျှောက်၍ အောက်မေ့တော်မူကြကုန်၏။

ဤကား ပုဗ္ဗေနိဝါသာနုဿတိ အပြီးတည်း။

<u>ဒိဗ္ဗစက္ခုဉာဏ်</u>

၁၀၄။ ဤဒိဗ္ဗစက္ခု အဘိညာဉ်စွမ်းအားကို ဖြစ်စေခြင်းငှာ အလိုရှိသော မပျက်မစီးသော စက္ခုပသာဒရှိသော ယောဂီပုဂ္ဂိုလ်သည် အာလောက ကသိုဏ်းကိုဖြစ်စေ၍ ပွားများ၍၊ အဘိညာဉ်အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်၏။

ထိုမှတစ်ပါး ထိုဒိဗ္ဗစက္ခု အဘိညာဉ်သည် ကုသိုလ်ကံ၏ အကျိုးဝိပါက် ကြောင့်ဖြစ်သော ဒိဗ္ဗစက္ခု အဘိညာဉ်ကိုလည်းကောင်း။

- ဘာဝနာ၏ အစွမ်းကြောင့်ဖြစ်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကို လည်းကောင်း။

ဤသို့ (၂)ပါးသာ ပြားရှိ၏။

ထိုနှစ်မျိုးသော ဒိဗ္ဗစက္ခုအဘိညာဉ်တို့တွင်-

- ရှေးဦးစွာ ရတနာတို့ကို သိမ်းဆည်းထားအပ်သော ရတနာ အမျိုးမျိုးသည် ရှိ၏ဟူသော် လည်းကောင်း။
- မရှိ၏ဟူ၍သော်လည်းကောင်း စုံစမ်းသည်နှင့်တူစွာ လေးပါးကုန် သော ဣဒ္ဓိပါဒ်တို့၌ ကျွမ်းကျင်စွာလေ့အပ်သည်အဖြစ်ကိုရောက်၍ အာလောကကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်သို့ ဝင်စား ပြီး၍ နေ့-ညဉ့်ကို အာလောကသညာဖြင့် အကြားမရှိသည်ကိုပြု၏။
- ထိုယောဂီပုဂ္ဂိုလ်၏စိတ်သည် တစ်စုံတစ်ခုသောအရပ်၌ မဆန့်ကျင်
- တစ်စုံတစ်ခုသောအရပ်၌ အမိုက်တိုက် အမိုက်မှောင်ကို မတွေ့ မမြင်။
- နေ့-ညဉ့်သည် ထိုဒိဗ္ဗစက္ခုအဘိညာဉ်ကို ကျော်လွန်သွား၏။
- ထိုယောဂီပုဂ္ဂိုလ်သည် အစဉ်သဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်၏၊ စင်ကြယ်စေ၏။
- ထိုဒိဗ္ဗစက္ခုအဘိညာဉ်ရသော ယောဂီပုဂ္ဂိုလ်သည် နတ်၌ဖြစ်သော ပသာဒစက္ခုနှင့်တူသော (ဝါ) ဒိဗ္ဗဝိဟာရ၏ အစွမ်းကြောင့် ရအပ် သော ဥဠေဒအယူ၊ နစသတ္တပါတုဘာဝအယူတို့မှ အထူးအားဖြင့် သန့်ရှင်းစင်ကြယ်သော လူတို့၏ဥစ္စာဖြစ်သော ဒဿနပစာကို လွန်၍ ရူပါရုံကိုမြင်ခြင်းငှာစွမ်းနိုင်သော ပသာဒစက္ခုနှင့်တူသော အဘိညာဉ်ဉာဏ်ဖြင့် စုတေခါနီးဖြစ်သောသတ္တဝါတို့ကို လည်းကောင်း။
- ပဋိသန္ဓေနေပြီးကာစဖြစ်ကုန်သော သတ္တဝါတို့ကိုလည်းကောင်း။

- မောဟ၏ အငွေ့အသက်အကျိုးဆက်နှင့်ယှဉ်သည်ဖြစ်၍ ယုတ်ညံ့-အောက်ကျ- အောက်တန်းစား ဖြစ်ကုန်သောသတ္တဝါတို့ကို လည်းကောင်း။
- အမောဟ၏ အငွေ့အသက်အကျိုးဆက်နှင့် ယှဉ်သည်ဖြစ်၍ မြင့်မြတ်သော အထက်တန်းစားဖြစ်ကုန်သော သတ္တဝါတို့ကို လည်းကောင်း။
- အဒေါသ၏ အငွေ့အသက်အကျိုးဆက်နှင့် ယှဉ်သည်ဖြစ်၍ ကောင်းသောအဆင်းရှိ (အဆင်းလှ)ကုန်သော သတ္တဝါတို့ကို လည်းကောင်း။
- ဒေါသ၏ အငွေ့အသက်အကျိုးဆက်နှင့်ယှဉ်သည်ဖြစ်၍ မကောင်းသောအဆင်းရှိ(အဆင်းမလှ)ကုန်သောသတ္တဝါတို့ကိုလည်းကောင်း
- အလောဘ၏ အငွေ့အသက်အကျိုးဆက်နှင့် ယှဉ်သည်ဖြစ်၍ ကောင်းသောလာဘ်ရေးဂတိရှိ-ကြွယ်ဝချမ်းသာကုန်သော သတ္တဝါတို့ကို လည်းကောင်း။
- လောဘ၏ အငွေ့အသက်အကျိုးဆက်နှင့် ယှဉ်သည်ဖြစ်၍ မကောင်းသောလာဘ်ရေးဂတိရှိ ဆင်းရဲနွမ်းပါးကုန်သော သတ္တဝါတို့ကိုလည်းကောင်း တွေ့မြင်ရ၏။
- မိမိတို့ ကုသိုလ်ကံ,အကုသိုလ်ကံအားလျော်စွာ ဘုံဘဝသို့ရောက်ကုန်သော အလုံးစုံသော သတ္တဝါတို့ကို ကွဲကွဲပြားပြားသိနိုင်၏။
- ဤသို့ သုတ်သင်အပ်ပြီးသော ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော ထိုယောဂီပုဂ္ဂိုလ်သည် နီဝရဏတရားတို့ကိုလည်းကောင်း။
- သံယောဇဉ်တို့ကိုလည်းကောင်း။
- ပယ်စွန့်၏၊ မပယ်စွန့်နိုင်သော ကိလေသာရှိသော ယောဂီပုဂ္ဂိုလ်သည် အဘိညာဉ်၏ အခြေခံဖြစ်သော စတုတ္ထဈာန်သမာဓိမှ ယုတ်လျော့၏။

- သမာဓိသည် ယုတ်လျော့သည်ရှိသော် အရောင်အလင်းသည် ယုတ်လျော့သည်သာ။
- အရောင်အလင်းသည် ကွယ်ပျောက်၏။
- ထိုအရောင်အလင်းသည် ကွယ်ပျောက်သည်ရှိသော် ရုပ်ါရုံသည် လည်း ကွယ်ပျောက်၏။

ဒိဗ္ဗစက္ခုအဘိညာဉ်၏ ကိလေသာပယ်ပုံမှာ-
- ဝိစိကိစ္ဆာလည်းကောင်း။
- မိစ္ဆာနသသတိလည်းကောင်း။
- ထိန-မိဒ္ဓလည်းကောင်း။
- မာနလည်းကောင်း။
- ယုတ်မာသော မိစ္ဆာဝါစာလည်းကောင်း။
- သမ္ဖပ္ပလာပလည်းကောင်း။
- နာနတ္တသညာ အစရှိကုန်သော ကိလေသာတို့ကို ပယ်အပ်ကုန်သည်သာ။

ထိုကိလေသာတို့ကို ပယ်အပ်ပြီးသည်၏ အခြားမဲ့၌-
- ရှာန်၌ ကျွမ်းကျင်စွာ လေ့လာအပ်သည်အဖြစ်သည်မတည်။

ထိုယောဂီပုဂ္ဂိုလ်၏ ဒိဗ္ဗစက္ခုဉာဏ်သည် သေးငယ်၏။
- အရောင်အလင်းသည် - သေးငယ်၏။
- သမာဓိအပေါင်းသည် သေးငယ်တော့သည်သာ။

ဤဒိဗ္ဗစက္ခုအဘိညာဉ်၌-
- ပရိတ္တအာရုံ
- ပစ္စုပ္ပန္နအာရုံ
- အဇ္ဈတ္တအရုံဗဟိဒ္ဓအာရုံ
- အဇ္ဈတ္တ-ဗဟိဒ္ဓအာရုံ

ဟူသော ငါးပါးသာလျှင် ဖြစ်သောအာရုံတို့သည် ဖြစ်ကုန်၏။

ဒွိပဉ္စဝိညာဉ်ကို ဖြစ်စေခြင်း၌-
- အနာဂတံသဉာဏ်
- ကမ္မဿကတဉာဏ်
- ယထာကမ္မူပဂဉာဏ်
- ကမ္မဝိပါကဇလဉာဏ်

ဤသို့လေးပါးသော အကြောင်းဖြစ်ကုန်သော ဉာဏ်တို့သည် ဖြစ်ကုန်၏။
- လောကီအဘိညာဉ်တို့သည် အာသဝေါတရားတို့၏ အာရုံသာ ဖြစ်ကုန်၏။
- ထိုအဘိညာဉ်မှ အသီးအခြားဖြစ်ကုန်သော လောကုတ္တရာ အဘိညာတို့သည် ဖြစ်ကုန်၏။
- ထိုမှတစ်ပါး ပုထုဇဉ်တို့၏ အဘိညာဉ်တို့သည် ရုပ်တရားနှင့် ဆက်စပ်ကုန်သည် ဖြစ်ကုန်၏။
- သေက္ခပုဂ္ဂိုလ်တို့၏ အဘိညာဉ်တို့သည်လည်းကောင်း။
- ပုထုဇဉ်တို့၏ အဘိညာဉ်တို့သည်လည်းကောင်း။
- ကုသိုလ်အဘိညာဉ်တို့သည် ဖြစ်ကုန်၏။
- အရူပါဝစရရျာန်၌ (ဝါ) အရူပဘုံ၌ အဘိညာဉ်သည် မဖြစ်နိုင်သည် သာ။
- ရဟန္တပုဂ္ဂိုလ်၏အဘိညာဉ်သည် အဗျာကတတ်ဖြစ်သတတ်။

# ဒသမပိုင်း

ပညာဟူသည် အဘယ်နည်း။
အဘယ်သို့သော အနက်သဘောသတ္တိကြောင့် ပညာမည်ပါသနည်း။
ထိုပညာ၏ လက္ခဏာ- ရသ -ပစ္စုပ္ပန်တို့သည် အဘယ်နည်း။

- ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိပဿနာဉာဏ်သည် ပညာမည်၏။
- အပြားအားဖြင့် သိတတ်သည်၏ အဖြစ်ဟုဆိုအပ်သော အနက်သဘောသတ္တိကြောင့် ပညာမည်၏။
- အမှတ်ပြု၍သိခြင်း၊ ထူးခြားသောသိခြင်းတို့ထက် ပိုလွန်သော အပြားအားဖြင့် သိခြင်းသည် (ဝါ) သိရမည့်အရာတို့ကို ခွဲခြမ်းစိတ်ဖြာဝေဖန်၍ သိခြင်းသည် ပညာမည်၏။
- ပညာသည် ရုပ်-နာမ်တို့၏ ဓမ္မသဘာဝကို ထိုးထွင်း၍ သိခြင်းဟူသော မှတ်ကြောင်း လက္ခဏာရှိ၏။
- မောဟဟူသော အမိုက်တိုက်ကို ဖျက်ဆီးခြင်းကိစ္စရှိ၏။
- တွေဝေတတ်သော မောဟ၏ ဆန့်ကျင်ဘက်ဟူသော အခြင်းအရာအားဖြင့် ယောဂီတို့၏ဉာဏ်အား ရှေ့ရှုထင်လာတတ်၏(ပစ္စုပဋ္ဌာန)
- သမာဓိလျှင် ဦးစွာသောအကြောင်းရှိ၏။

<u>ပညာသည် အဘယ်မျှ အကျိုးအာနိသင် ရှိပါသနည်း။</u>

- ပညာသည် (၁၁)မျိုးသော အကျိုးဂုဏ်အင်ရှိပါ၏။
- ပညာသည် သိခြင်းလက္ခဏာရှိ၏။
- သူတော်ကောင်းတရားတို့ ဝင်ရောက်ခြင်းကိစ္စရှိ၏။
- အဝိဇ္ဇာဟူသော အမိုက်တိုက်၊ အမိုက်မှောင်ကို ဖျက်ဆီးခြင်း အခြင်းအရာအားဖြင့် ယောဂီတို့၏ဉာဏ်အား ရှေ့ရှုထင်လာသော အခြင်းအရာရှိ၏။

- ပဋိသမ္ဘိဒါဉာဏ်လေးပါးဟူသော ဦးစွာသော အကြောင်းရှိ၏။
- အပြားအားဖြင့် သိခြင်း၊ သိရမည့်အရာတို့ကို ခွဲခြမ်းစိပ်ဖြာဝေဘန်၍ သိတတ်သော သဘောသည်
- အနိစ္စ စသည်တို့ကို စိစစ်တတ်သောသဘောသည်
- အနိစ္စ အစရှိသည်တို့ကို ခွဲခြမ်းစိပ်ဖြာဝေဖန်စီစစ်တတ်သော သဘောသည်
- သစ္စာလေးပါးတရားတို့ကို စီစစ်တတ်၊ သိမြင်တတ်သော သဘောသည် ပညာမည်ပါ၏။

<u>ပညာသည် အဘယ်မျှ အပြားရှိသနည်း</u>

- ပညာသည် ရုပ်-နာမ်တို့၏ ဓမ္မသဘာဝကို ထိုးထွင်း၍သိခြင်း၏ အစွမ်းအားဖြင့် တစ်ပါးသာအဖိုးရှိ၏။
- လောကီမဂ်နှင့်ယှဉ်သောပညာ၊ လောကုတ္တရာမဂ်နှင့် ယှဉ်သော ပညာတို့၏အစွမ်းအားဖြင့်----(၂)ပါးရှိ၏။
- မိမိ၏ ကြံစီတွေးဆသောအားဖြင့် သိတတ်သောပညာ လည်းကောင်း။
- ကြားနာသင်ယူသောအားဖြင့် သိတတ်သောပညာလည်းကောင်း။
- ပွားများသောအားဖြင့် အပ္ပနာသို့ရောက်၍ သိတတ်သောပညာ လည်းကောင်း။

ဤသို့အားဖြင့် (၃)ပါးအပြားရှိ၏။

- ကြီးပွားတိုးတက်ခြင်း၌ ကျွမ်းကျင်လိမ္မာသောပညာ
- (ဝါ) ကုသိုလ်တရားတို့၌ ကျွမ်းကျင်လိမ္မာသောပညာ
- ဆုတ်ယုတ်ပျက်စီးခြင်း၌ ကျွမ်းကျင်လိမ္မာသောပညာ
- (ဝါ) အကုသိုလ်တရားတို့၌ ကျွမ်းကျင်လိမ္မာသောပညာ
- သင့်မြတ်သော အကြောင်းနည်းလမ်းတို့၌ ကျွမ်းကျင်လိမ္မာသော ပညာ

- (ဝါ)ထိုထိုကိစ္စတို့၌ အကြောင်းမှန်နည်းလမ်းဥပါယ်တို့၌ ကျွမ်းကျင်လိမ္မာသောပညာ

ဤသို့အားဖြင့် (၃)ပါးအပြားရှိ၏။

- စုတိ-ပဋိသန္ဓေရောက်ကြောင်းဖြစ်သော ကာမ-ရူပ-အရူပဟူသော ဘုံသုံးပါး၌ဖြစ်သော ကုသိုလ် စိတ်နှင့် ယှဉ်သောပညာ
- နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော လေးပါးကုန်သော လောကုတ္တရာမဂ်တို့၌ ဖြစ်သော ပညာ
- စုတိပဋိသန္ဓေသို့ရောက်ကြောင်းလည်းမဟုတ်သော ကာမ-ရူပ-အရူပ-အဝတ္ထအားဖြင့် လေးပါးကုန်သောဘုံတို့၌ အကျိုးဝိပါက်တို့၌ ဖြစ်သောပညာ
- ကာမ-ရူပ-အရူပအားဖြင့် သုံးပါးကုန်သောဘုံတို့၌ ကိရိယာ အဗျာကတ ဖြစ်သောပညာ

ဤပညာတို့၏ အစွမ်းဖြင့် (၃)ပါးအပြားရှိပါ၏။

- လေးပါးကုန်သော အရိယာသစ္စာတရားတို့၌ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သောပညာလေးပါး
- လေးပါးကုန်သော ပဋိသမ္ဘိဒါမဂ်ဉာဏ်တို့၌ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သောပညာလေးပါး
- အတ္တိဒိန္န(ပေးလှူခြင်းသည်အကျိုးရှိ၏) အစရှိသောအားဖြင့် ဆယ်ပါးကုန်သော အရာတို့၌ မှန်ကန်စွာသိမြင်ခြင်းဟူသော ကမ္မဿကတဉာဏ်(ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည် အဖြစ်ကို) သိတတ်သောဉာဏ်
- ခန္ဓာတို့သည် အနိစ္စ-ဒုက္ခ-အနတ္တတို့တည်း။ ဤသို့ အစရှိသော အမှုအရာ အစရှိသည်တို့နှင့်လျော်စွာ ရှုစွမ်းနိုင်သော ခန္တီဉာဏ် ဟူသော သစ္စာနုလောမဉာဏ်

- မဂ်ဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ (မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏) လေးပါးကုန်သော မဂ်တို့၌ အပြားအားဖြင့် သိမြင်တတ်သောမဂ်ဉာဏ်
- ဖိုလ်လေးပါးနှင့်ပြည့်စုံသော ဖလဋ္ဌာန်ပုဂ္ဂိုလ်၏ သိမြင်တတ်သော လေးပါးသောဖိုလ်တို့၌ ဖိုလ်ဉာဏ်လေးပါး

ဤသို့အားဖြင့် (၄)ပါးစီ ရှိပါ၏

- ကာမာဝစရတရားတို့ကို အာရုံပြု၍ ဖြစ်သောပညာ
- ရူပါဝစရတရားတို့ကို အာရုံပြု၍ ဖြစ်သောပညာ
- အရူပါဝစရတရားတို့ကို အာရုံပြု၍ ဖြစ်သောပညာ
- ဝဋ္ဋတရားတို့၌ အကျုံးမဝင်သောပညာ

ဤသို့အားဖြင့် (၄)ပါး အပြားရှိ၏။

- ရုပ်-နာမ်ဓမ္မတို့ကို သိတတ်သောဉာဏ်
- အနုလောမဉာဏ်
- ပရစိတ္တဝိဇနနဉာဏ်
- ပညတ်တရားတို့ကို သိတတ်သောဉာဏ်

ဤသို့အားဖြင့် (၄)ပါး အပြားရှိ၏။

- နိဗ္ဗာန်သို့ရောက်ကြောင်းမဟုတ်သော စုတိပဋိသန္ဓေသို့ရောက်ကြောင်း ဒါနကုသိုလ်၊ သီလကုသိုလ်နှင့် ယှဉ်သောပညာ
- အာစယဂါမိမဟုတ်သော အပစယဂါမိလည်းဖြစ်သော မဂ်ပညာ
- အစယဂါမိလည်းဖြစ်သော အပစယဂါမိလည်းဖြစ်သော ဘာဝနာကုသိုလ်နှင့်ယှဉ်သော ပညာ
- အာစယဂါမိလည်းမဟုတ် အပစယဂါမဟုတ်သော အဗျာကတစိတ်နှင့်ယှဉ်သောပညာ

ဤသို့ (၄)ပါး အပြားရှိ၏။

- ထိုးထွင်း၍ သိတတ်သော ဉာဏ်မဟုတ်သော လောဘ အစရှိသော တရားတို့ကို ဖေါက်ခွဲ၍ သိတတ်သောမဂ်ဉာဏ်
- နိဗ္ဗေဓဂါမိမဟုတ်သော ထိုးထွင်း၍ သိသောဉာဏ်
- လောဘ အစရှိသော တရားတို့ကို ဖေါက်ခွဲ၍ သိတတ်သော မဂ်ဉာဏ်၊ ထိုးထွင်း၍လည်း သိသောဉာဏ်
- လောဘ အစရှိသော တရားတို့ကို ဖေါက်ခွဲ၍ သိတတ်သော မဂ်ဉာဏ်လည်းမဟုတ် ထိုးထွင်း၍ သိတတ်သောဉာဏ်လည်း မဟုတ်သော ဉာဏ်

ဤသို့အားဖြင့် (၄)ပါးသော အပြားရှိ၏။

- အတ္ထပဋိသမ္ဘိဒါဉာဏ်
- ဓမ္မပဋိသမ္ဘိဒါဉာဏ်
- နိရုတ္တိပဋိသမ္ဘိဒါဉာဏ်
- ပဋိဘာနပဋိသမ္ဘိဒါဉာဏ်

ဤသို့အားဖြင့် (၄)ပါး အပြားရှိ၏။

- အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား၌ သိတတ်သောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။
- အကျိုးကိုဖြစ်စေတတ်သော အကြောင်းတရား၌ သိတတ်သော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။
- အတ္ထဓမ္မ၌ ဖြစ်ကုန်သော မှန်ကန်သော ဘာသာသဒ္ဒါတို့ကို ပြောဆိုခြင်း၌ သိတတ်သော ဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏
- အတ္ထ၊ ဓမ္မ၊ နိရုတ္တိတို့ကို ဆင်ခြင်၍ သိတတ်သောဉာဏ်တို့၌ ကျက်စားရာအာရုံတို့နှင့်တကွ ကိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့် အကျယ်ချဲ့မှုကို သိသောဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် မည်၏။
- ဒုက္ခသစ္စာ နိရောဓသစ္စာကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ

- သမုဒယသစ္စာ-မဂ္ဂသစ္စာကို သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ
- ဘာသာ-သဒ္ဒါပြောဆိုခြင်း၌ သိသောဉာဏ် နိရုတ္တိပဋိသမ္ဘိဒါ
- ဉာဏ်တို့ကို သိသောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါ
- ဒုက္ခနှင့်ယှဉ်၍ သိသောဉာဏ်သည် ဒုက္ခသစ္စာ၌ဉာဏ်မည်၏
- ထိုဒုက္ခသမုဒယနှင့်ယှဉ်၍ သိသောဉာဏ်သည် သမုဒယသစ္စာ၌ ဉာဏ်မည်၏။
- ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ဟူသော သစ္စာ၌ ယှဉ်၍သိသောဉာဏ်သည် ဒုက္ခနိရောဓသစ္စာ၌ ဉာဏ်မည် ၏။
- ဘာဝနာနှင့်ယှဉ်သော ပဋိပဒါဉာဏ်သည် မဂ်နှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်၏ မဂ္ဂသစ္စာ၌ ဉာဏ် မည်၏။

# ကေဒသမပိုင်း

# ပထမဓာဘာဂေါ

**ပဥ္စဥပါယာ**

ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲတို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသော၊ ပဋိသန္ဓေနေရခြင်း သေဆုံးရခြင်း၏ အကြောင်းဖြင့်ဖြစ်သော အဝိဇ္ဇာသံယောဇဉ်၊ တဏှာသယောဇဉ်တို့ကို လွှန်မြောက်ခြင်းငှာအလိုရှိသော၊ အရိယာပုဂ္ဂိုလ်တို့၏ ဉစ္စာဖြစ်သော မဂ်ပညာ၊ ဖိုလ်ပညာတို့ လက်ရပိုင်ပိုင်ရခြင်းငှာအလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်ဉ် တရား၊ အရိယာသစ္စာဟု ဆိုအပ်သော ငါးမျိုးသော နည်းလမ်းဥပါယ်တို့ကို ရှာမှီးရာ၏။

**ခန္ဓာ**

**ရူပက္ခန္ဓာ**

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့၏ အပြားအားဖြင့် (၅)ပါးတို့သည် ဖြစ်ကုန်၏။

**ရူပက္ခန္ဓာဟူသည် အဘာယ်နည်း**

- လေးပါးကုန်သော မဟာဘုတ်တို့လည်းကောင်း ထိုမဟာဘုတ် လေးပါးကို မှီဖြစ်ကုန်သောရုပ်တို့လည်းကောင်း--ဤသည်တို့သည်
- ထိုရုပ်အပေါင်းတို့တွင် ဘူတရုပ်သည်-
- ပထဝီဓာတ်
- အာပေါဓာတ်
- တေဇောဓာတ်
- ဝါယောဓာတ်

ခွဲခြားသရုပ်အားဖြင့် (၄)ပါးအပြားရှိသည်ဖြစ်၏-

| | |
|---|---|
| ၁။ စက္ခာယတန | ၂။ သောတာယတန |
| ၃။ ဃာနာယတန | ၄။ ဇိဝှာယတန |
| ၅။ ကာယာယတန | ၆။ ရူပါယတန |
| ၇။ သဒ္ဒါရုံ | ၈။ ဂန္ဓာရုံ |
| ၉။ ရသာရုံ | ၁၀။ ဣတ္ထိန္ဒြေ |
| ၁၁။ ပုရိသိန္ဒြေ | ၁၂။ ဇီဝိတိန္ဒြေ |
| ၁၃။ ဟဒယဝတ္ထု | ၁၄။ ကာယဝိညတ် |
| ၁၅။ ဝစီဝိညတ် | ၁၆။ အာကာသဓာတ် |
| ၁၇။ လဟုတာ | ၁၈။ မုဒုတာ |
| ၁၉။ ကမ္မညတာ | ၂၀။ ဥပစယ |
| ၂၁။ သန္တတိ | ၂၂။ ဇရတာ |
| ၂၃။ အနိစ္စတာ | ၂၄။ ကဗဠီကာရအာဟာရ |
| ၂၅။ ဇာတိရုပ် | ၂၆။ မိဒ္ဓရုပ် |

ဤသို့(၂၆)ပါးအပြားရှိသည် ဖြစ်၏။

ဤသို့ (၃၀)သော ရုပ်တို့သည် ရူပက္ခန္ဓာမည်၏။

- တေဇောဓာတ် လွန်ကဲသော မဟာဘုတ်တို့၏ ကြည်လင်ခြင်းသည် စက္ခုပသာဒမည်၏။
- အာကာသဓာတ်၊ ဝါယောဓာတ်၊ အာပေါဓာတ်၊ ပထဝီဓာတ် လွန်ကဲကုန်သော မဟာဘုတ်တို့၏ ကြည်လင်ခြင်းသည် အစဉ်အတိုင်း သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ တို့ မည်ကုန်၏။
- စက္ခုပသာဒသည် - သုံးမျိုးသော အဝန်းအဝိုင်းရှိ၏။
  - ငါးမျိုးသော အထပ်အလွှာနှင့်ယှဉ်၏။

- အသားဓာတ်၊ သွေးဓာတ်၊ လေဓာတ်၊
သလိပ်ဓာတ်တို့နှင့်ယှဉ်၏။

- အကြြင်စက္ခုပသာဒဖြင့် လူသည် ရူပါရုံအမျိုးမျိုးတို့ကို မြင်၏။

ဤစက္ခုပသာဒသည် သေးငယ်၏၊ သိမ်မွေ့နူးညံ့၏၊ သန်းဦးခေါင်းနှင့် တူသော အတိုင်းအရှည် ပမာဏရှိ၏။

၁၀၈။ ငါးပါးကုန်သော ပသာဒရုပ်တို့သည် အချင်းချင်း ကျေးဇူးပြုကုန်လျက် ဖြစ်ကုန်၏။

သုံးဆယ်အပြားရှိသော ဘူတရုပ်-ဥပါဒါရုပ်ကို ထင်ရှားစေလျက် ယောဂီပုဂ္ဂိုလ်သည် ငါးပါးသော အကြောင်းတို့ဖြင့် အဖန်ဖန် စူးစမ်းဆင်ခြင်း၏။

<u>အကျယ်ပြုပါဦးအံ့</u>

- ဤရုပ်တရားတို့သည် သမုဋ္ဌာန်အားဖြင့် ကံ၊ ဥတု၊ စိတ်၊ အာဟာရ ဟူသော ဖြစ်ကြောင်းရှိကုန်သည်ဖြစ်၍ အညမညပစ္စယသတ္တိ၊ သဟဇာတပစ္စယာသတ္တိဖြင့် ကျေးဇူးပြုကုန်သည်ဖြစ်၏။
- ကလာပ်စည်းအားဖြင့်
- စက္ခုဒသကကလာပ်
- သောတဒသကကလာပ်
- ဃာနဒသကကလာပ်
- ဇိဝှါဒသကကလာပ်
- ဣတ္ထိန္ဒြိယဒသကကလာပ်
- ဝတ္ထုဒသကကလာပ်
- ဇီဝိတိန္ဒြိယဒသကကလာပ်- အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ကုန်၏။

ဤ(၃၀)သောရုပ်တို့တွင်-

-ကံကြောင့်ဖြစ်ကုန်သောရုပ်တို့သည် ဤမျှ အတိုင်းအရှည်ရှိကုန်၏။

-စိတ်ကြောင့်ဖြစ်ကုန်သော ရုပ်တို့သည် ဤမျှအတိုင်း အရှည်ရှိကုန်၏။

-ဥတုကြောင့်ဖြစ်ကုန်သော ရုပ်တို့သည် ဤမျှအတိုင်းအရှည်ရှိကုန်၏။

-အာဟာရကြောင့်ဖြစ်ကုန်သော ရုပ်တို့သည် ဤမျှအတိုင်းအရှည် ရှိကုန်၏။

ဤသို့ဝိပဿနာရှု၏။
ပုံစံပြုရသော်--စက္ခုပသာဒနှင့်ဆက်စပ်၍ ဖြစ်သောရုပ်အစဉ်သည် -
-မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း
-ဆီမီးအလျှံကဲ့သို့လည်းကောင်း အဆက်မပြတ်ဖြစ်နေ၏။
ကာမဘုံ၌ ရုပ်ကလာပ်အစဉ်သည်-
- ဆီမီးအလျှံကဲ့သို့လည်းကောင်း၊
- ဖြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း အဆက်မပြတ်ဖြစ်နေ၏။
ပဋိသန္ဓေ (မျိုးရိုးဗီဇ)အားဖြင့် ကာမဘုံ၌ -
-ဩပပါတိကသတ္တဝါတို၌ ဖြစ်သောရုပ်
-ဒုဂ္ဂတိသတ္တဝါတို့ ဖြစ်သောရုပ်
-အရူပဗြဟ္မာဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ရုပ်အစွမ်းအားဖြင့်ဖြစ်ကုန်၏
အထူးထူးသော သဘော၏အစွမ်းအားဖြင့်-
-ဩဠာရိကရုပ်---သုခုမရုပ်
-အဖျတ္တသန္တာန်၌ ဖြစ်သောရုပ်--- ဗဟိဒ္ဓသန္တာန်၌ဖြစ်သောရုပ်
-သက်ရှိသတ္တဝါတို့သန္တာန်၌ဖြစ်သောရုပ်---သက်မဲ့ဒြပ်ဝတ္ထုတို့၌
ဖြစ်သောရုပ်
ဤသို့အပြားအားဖြင့် (၂)ပါးစီရှိကြသည်။
-ဥပါဒါရုပ်
-အနုပါဒါရုပ်
-ဝိကာရရုပ်--တို့အစွမ်းဖြင့်(၃)ပါးအပြားရှိသည်။
-သနိဒဿနသပ္ပဋိဃရုပ်
-သနိဒဿနသပ္ပဋိဃရုပ်
-အနိဒဿနအပ္ပဋိဃာရုပ်---တို့၏အစွမ်းဖြင့်(၃)ပါးအပြားရှိ၏
-သဘာဝရုပ်
- အာကာရရုပ်

- ဝိကာရရုပ်
- လက္ခဏာရုပ်- တို့၏အစွမ်းဖြင့်((၄)ပါးအပြားရှိ၏။

တစ်ခုတည်းသောသဘောရှိသော အပိုင်းအခြားအားဖြင့် အလုံးစုံသောရုပ်သည် ဟိတ်မမည် သမ္ပယုတ်ဟိတ်မရှိ သမ္ပယုတ်ဟိတ်နှင့်မယှဉ်

## ဝေဒနာ

၁၀၉။ ဝေဒနာသည် အာရုံခံစားခြင်းဟူသော ပရမတ္ထဥသဘောအားဖြင့် တစ်ပါးသောအဖို့ အစုရှိသည် လည်းဖြစ်၏။

- တည်ရာဌာနအားဖြင့် ကာယိကဝေဒနာ စေတသိကဝေဒနာတို့၏ အပြားအားဖြင့် (၂)ပါး အပြားရှိ၏

အာရုံခံစားပုံသဘာဝအားဖြင့် ---

- သုခဝေဒနာ
- ဒုက္ခဝေဒနာ
- အဒုက္ခသုခဝေဒနာ - တို့၏အပြားဖြင့်(၃)ပါးရှိ၏
- ဓမ္မအားဖြင့်
- ကုသိုလ်ဝေဒနာဖြစ်သောဝေဒနာ (ကုသိုလ်ဓမ္မနှင့်ယှဉ်သောဝေဒနာ)
- အကုသိုလ်ဓမ္မဖြစ်သောဝေဒနာ (အကုသိုလ်ဓမ္မနှင့်ယှဉ်သောဝေဒနာ)
- ဝိပါကဓမ္မဖြစ်သောဝေဒနာ
- ကိရိယာဓမ္မဖြစ်သောဝေဒနာ

ဤသို့ အစွမ်းအားဖြင့် (၄)ပါးအပြားရှိ၏။

ဣန္ဒြိယဒေသနာနည်းဖြင့်

- သုခိန္ဒြေနှင့်ယှဉ်သောဝေဒနာ
- ဒုက္ခိန္ဒြေနှင့်ယှဉ်သောဝေဒနာ

- ဒေါမနဿိန္ဒြေနှင့်ယှဉ်သောဝေဒနာ
- ဥပေက္ခိန္ဒြေနှင့်ယှဉ်သောဝေဒနာ

ဤသို့သရုပ်အားဖြင့် (၅)ပါးအပြားရှိ၏။

- တဏှာပက္ခဝေဒနာ
- သုက္ကပက္ခဝေဒနာအားဖြင့်
  - တဏှာပက္ခဝေဒနာ
  - သုက္ကပက္ခဝေဒနာ
  - အာသဝတရားတို့၏ အာရုံဖြစ်သောဝေဒနာ
  - အနာသဝတရားတို့၏ အရုံဖြစ်သောဝေဒနာ

တို့၏ အပြားအားဖြင့် (၄)ပါးအပြားရှိ၏။

<u>ဖြစ်ရာဒွါရအားဖြင့်</u>

- စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ
- သောတသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ
- ဃာနသမ္ဖဿကောင့်ဖြစသော ဝေဒနာ
- ဇိဝှါသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ
- ကာယသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ
- မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ
- မနောဝိဉာဏဓာတုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ

ဤသို့အားဖြင့် (၇)ပါးအပြားရှိ၏။

- အလုံးစုံသောအခြင်းအရာအားဖြင့် (၁၀၈)ပါးသော ဝေဒနာတို့သည် ဖြစ်ကုန်၏။

<u>သညာ</u>

သညာသည် အမှတ်ဖြစ်၍ သိသည်၏အဖြစ်ဟူသော အနက်သဘော အားဖြင့် တစ်ပါးသာအဖို့အစုရှိ၏

- ကဏှပက္ခသညာ
- သုက္ကပက္ခသညာ-- အားဖြင့်(၂)ပါး အပြားရှိ၏။
- ဖေါက်ပြန်သောသညာ
- မဖေါက်ပြန်သောသညာ-- အားဖြင့်(၂)ပါးအပြားရှိ၏။
- အကုသိုလ်မှရာဂနှင့် ယှဉ်သောသညာ
- ဒေါသနှင့်ယှဉ်သော သညာ
- သတ္တဝါတို့ကို ညှင်းဆဲနှိပ်စက်မှုနှင့် ယှဉ်သောသညာ
- ဤသို့(၃)ပါးအပြားရှိ၏။
- ကုသိုလ်မှ- ကာမမှထွက်မြောက်မှုနှင့်ယှဉ်သောသညာ
  - မေတ္တာနှင့်ယှဉ်သောသညာ
  -သတ္တဝါတို့ကိုမညှင်းဆဲမနှိပ်စက်မှု ကရုဏာနှင့်ယှဉ်သော သညာ

ဤသို့ (၃)ပါး အပြားရှိသည်

- သုဘဖြစ်သောသညာ
- ဒုက္ခဖြစ်သော ခန္ဓာငါးပါး၌ သုခဖြစ်သောသညာ
- ခန္ဓာငါးပါး၌ နိစ္စဖြစ်သောသညာ
- အတ္တမဟုတ်သော ခန္ဓာငါးပါး၌ အတ္တာဖြစ်သောသညာ

ဤသို့ (၄)ပါး အပြားရှိ၏။

အသုဘ၌

- အသုဘဖြစ်သောသညာ
- ဒုက္ခဖြစ်သော ခန္ဓာငါးပါး၌ ဒုက္ခဖြစ်သောသညာ
- အနိစ္စဖြစ်သော ခန္ဓာငါးပါး၌ အနိစ္စသညာ
- အတ္တမဟုတ်သော ခန္ဓာငါးပါး၌ အနတ္တဖြစ်သောသညာ

ဤသို့ (၄)ပါး အပြားရှိ၏။

ဝိနည်းပိဋကတ၌ သညာတို့သည်

| | |
|---|---|
| အသုဘဖြစ်သော အာရုံ၌ | ----သုဘသညာလည်းကောင်း |
| အသုဘဖြစ်သော အာရုံ၌ | ----အသုဘဖြစ်သောသညာလည်းကောင်း |
| သုဘဖြစ်သော အာရုံ၌ | ----အသုဘဖြစ်သောသညာလည်းကောင်း |
| သုဘဖြစ်သော အာရုံ၌ | ----သုဘသညာသည်လည်းကောင်း |
| | ----ဝိစိကိစ္ဆာသညာလည်းကောင်း |

ဤသို့ (၅)ပါး အပြားရှိ၏။

- အာရုံအားဖြင့်သညာ သညာတို့သည်-
- ရူပါရုံ၌ဖြစ်သောသညာ
- သဒ္ဒါရုံ၌ဖြစ်သောသညာ
- ဂန္ဓာရုံ၌ဖြစ်သောသညာ
- ရသာရုံ၌ဖြစ်သောသညာ
- ဖောဋ္ဌဗ္ဗာရုံ၌ဖြစ်သောသညာ
- ဓမ္မာရုံ၌ဖြစ်သောသညာ-- ဤသို့(၆)ပါး အပြားရှိ၏။

ဖြစ်ရာ ဒွါရအားဖြင့် သညာတို့သည်-

- စက္ခုသမ္ဖဿကြောင့်ဖြစ်သောသညာ
- သောတသမ္ဖဿကြောင့်ဖြစ်သောသညာ
- ဃာနသမ္ဖဿကြောင့်ဖြစ်သောသညာ
- ဇိဝှါသမ္ဖဿကြောင့်ဖြစ်သောသညာ
- ကာယသမ္ဖဿကြောင့်ဖြစ်သောသညာ
- မနောဓာတုသမ္ဖဿကြောင့်ဖြစ်သောသညာ
- မနောဝိညာဏဓာတုသမ္ဖဿကြောင့်ဖြစ်သောသညာ

ဤသို့ အထူးထူးသော သဘောရှိသော သညာတို့ကို သိအပ်ကုန်၏။

<u>သင်္ခါရ</u>

ပြုပြင်စီရင်တတ်၏သောကြောင့် သင်္ခါရတို့မည်ကုန်၏။

သင်္ခါရတို့သည် - ပြုပြင်စီရင်ခြင်း

- အားထုတ်ခြင်း
- ပေါင်းစုမှုကိုပြုခြင်း ဟူသော သဘောလက္ခဏာအားဖြင့် တစ်ပါးသာ အဖို့အစု ရှိသည်
-

ပုညာဘိသင်္ခါရ
- အပုညာဘိသင်္ခါရ
- အဗျာကတသင်္ခါရ---တို့ဟူ၍ (၃)ပါး အပြားရှိ၏။
- ကုသိုလ်စိတ်နှင့်ယှဉ်ကုန်သော သင်္ခါရတို့သည် ပုညာဘိသင်္ခါရ မည်ကုန်၏။
- အကုသိုလ်စိတ်နှင့်ယှဉ်ကုန်သော သင်္ခါရတို့သည် အပုညာဘိ သင်္ခါရ မည်ကုန်၏။
- ကုသိုလ်-အကုသိုလ်တို့၏ အစွမ်းအားဖြင့် မဆိုအပ်သော သင်္ခါရ တို့သည် အာနေဉ္ဇာဘိသင်္ခါရတို့ မည်ကုန်၏။

သင်္ခါရဟူသော ထိုပုဒ်၌
- ကာမဝစရ ပထမကုသိုလ်စိတ်နှင့်ယှဉ်ကုန်သော ဝေဒနာသညာ သည် ကြဉ်အပ်ကုန်သော ခပ်သိမ်းကုန်သော-
  - (၃၂)ပါးသော တရားတို့သည်လည်းကောင်း၊
  - (၃၆)ပါးသော တရားတို့သည်လည်းကောင်း သင်္ခါရတို့ မည်ကုန်၏။

| | | | |
|---|---|---|---|
| ၁။ | ဖဿ | ၂။ | စေတနာ |
| ၃။ | ဝိတက် | ၄။ | ဝိစာရ |
| ၅။ | ပီတိ | ၆။ | ဝိရိယ |
| ၇။ | ဇိဝိတိန္ဒြိယ | ၈။ | ဧကဂ္ဂတာ |
| ၉။ | သဒ္ဓါ | ၁၀။ | သတိ |
| ၁၁။ | ဟိရီ | ၁၂။ | ဩတ္တပ္ပ |

၁၃။ အလောဘ
၁၄။ အဒေါသ
၁၅။ အမောဟ
၁၆။ နှစ်ပါးသောကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိ
၁၇။ နှစ်ပါးသော ကာယလဟုတာ- စိတ္တလဟုတာ
၁၈။ နှစ်ပါးသော ကာယမုဒုတာ-စိတ္တမုဒုတာ
၁၉။ နှစ်ပါးသော ကာယကမ္မညတာ- စိတ္တကမ္မညာဏ
၂၀။ နှစ်ပါးသော ကာယုဇုကတာ-စိတ္တုဇုကတာ
၂၁။ အဓိမောက္ခ
၂၂။ မနသိကာရ
၂၃။ တတြမဇ္ဈတ္တတာ
၂၄။ ကရုဏာ
၂၅။ မုဒိတာ
၂၆။ မှားယွင်းသောအသက်မွေးမှုဟူသော ကာယဒုစရိုက်၊ ဝစီဒုစရိုက် ဝစီဒုစရိုက်မှ ရှောင်ကြဉ်သော ဝိရတီစေတသိတ်(၃)ပါး

ဤ(၂၆)ပါးသော စေတသိတ်အပေါင်းတို့သည် တစ်ခါတရံ ဖြစ်ကုန်၏ ထိုသို့ပင် တစ်ခါတရံဖြစ်ပါသော်လည်း တစ်ပေါင်းတည်းအတူတကွမဖြစ်ကုန်။

ဝိညာဏ

၁၁၂။ သညာမှ ထူးသောအားဖြင့် သိတတ်သောကြောင့် ဝိညာဏမည်၏။
ဝိညာဏ်သည် - စက္ခုဝိညာဏ်
သောတဝိညာဏ်
ဃာနဝိညာဏ်

ဇိဝှါဝိညာဏ်
ကာယဝိညာဏ်
မနောဝိညာဏ်
မနောဓာတုဝိညာဏ် အားဖြင့် (၇)ပါး အပြားရှိ၏။

တစ်ခုတစ်ခုသော ဝိညာဏ်ကို ဝိညာဏ်၊ ဝတ္ထုအာရုံ ဟူသော သုံးမျိုးစီ-သုံးမျိုးစီဟူသော အခြင်းအရာအားဖြင့် သိအပ်၏။

- ဝတ္ထုအာရုံအားဖြင့် ငါးပါးကုန်သော ဝိညာဏ်တို့၏
- ဝတ္ထုသည်လည်းကောင်း
- အာရုံသည်လည်းကောင်း
- အသီးသီး တစ်ပါးစီ တစ်မါးစီ ဖြစ်၏။
- မနောဓာတ်၊ မနောဝိညာဏ်ဓာတ်တို့၏ ရှေ့စိတ်အာရုံကို အာရုံပြု၍ ဖြစ်သော အစွမ်းသတ္တိရှိသော ထိုရှေးစိတ်နှင့်အတူဖြစ်သော ဟဒယဝတ္ထုပေတည်း။
- အာရုံတို့သည် ခြောက်ပါးတို့တည်း
- အရှုတ္တိက ဗာဟိရတို့၏ အစွမ်းအားဖြင့် (၂)ပါး အပြားရှိကုန်၏။

၁၁၃။ ဓမ္မအားဖြင့် ဤဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပေက္ခာတို့သည် ဗဟိဒ္ဓသန္တာန်၌ဖြစ်သော အထူးထူးသော အာရုံရှိခြင်းကြောင့် ယှဉ်သောစိတ်ဟူသော ဝိညာဏ်ရှိကုန်၏။

ပွားများပုံကို ဆိုဦးအံ့-

- ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ပွားများသောယောဂီပုဂ္ဂိုလ်သည် ပိုင်းခြားမှတ်သားအပ်သောအားဖြင့်လည်းကောင်း။
- သဘောလက္ခဏာအားဖြင့်လည်းကောင်း။
- အပိုင်းအခြားအရေအတွက်အားဖြင့်လည်းကောင်း။
- ဥပမာအားဖြင့်လည်းကောင်း

ဤသို့ လေးပါးကုန်သော အခြင်းအရာတို့ဖြင့် နှလုံးသွင်းအပ်ကုန်၏။

- သာသဝအနာသဝအားဖြင့် အလုံးစုံသော ငါးပါးသောခန္ဓာဟု ဆိုအပ်ကုန်သော တရားတို့လည်းကောင်း။
- အလုံးစုံကုန်သော အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော ငါးပါး ကုန်သော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်ကုန်သော တရားတို့ လည်းကောင်း။
- သီလက္ခန္ဓာလည်းကောင်း
- သမာဓိက္ခန္ဓာလည်းကောင်း
- ပညာက္ခန္ဓာလည်းကောင်း
- ဝိမုတ္တိက္ခန္ဓာလည်းကောင်း
- ဝိမုတ္တိဉာဏဒဿနက္ခန္ဓာလည်းကောင်း

ဤသို့သော တရားတို့ကို ပေါင်းယူသောအားဖြင့် အာယတနာ၊ ဓာတ်၊ သစ္စာတို့၌ ပေါင်းယူကုန်၏။

အာယတနာနိ

၁၁၄။ အကြင်သဘောတရားသည် ရှည်လျားစွာသော သံသရာဝဋ်ဆင်းရဲကို ချဲ့ထွင်သောကြောင့် အာယတနမည်၏။

- စက္ခာယတန
- သောတာယတန
- ဃာနာယတန
- ဇိဝှါယတန
- ကာယာယတန
- မနောယတန--ဤ(၆)ပါးတို့သည် အဇ္ဈတ္တိကာယတန မည်၏။
- ရူပါယတန
- သဒ္ဒါယတန
- ဂန္ဓာယတန

- ရသာယတန
- ဖောဋ္ဌဗ္ဗာယတန
- ဓမ္မာယတန-ဤ(၆)ပါးတို့သည် ဗဟိဒ္ဓါယတနတို့မည်၏။

ဤသို့အားဖြင့် အာယတန(၁၂)ပါးတို့ ဖြစ်ကုန်၏။

- အကြင်တရားသဘောသည် အဆင်းကိုသာယာသကဲ့သို့ ဖြစ်တတ်သောကြောင့် စက္ခုမည်၏။
- အကြင်တရားသဘောသည် အသံကို နားထောင်တတ်သောကြောင့် သောတမည်၏။
- အကြင်တရားသဘောသည် အနံ့ကို ယူတတ်သောကြောင့် ဃာနမည်၏။
- အကြင်တရားသဘောသည် အသက်ကိုခေါ်ဝေါသကဲ့သို့ ဖြစ်တတ်သောကြောင့် ဇိဝှါမည်၏။
- အကြင်တရားသဘောသည် စက်ဆုပ်အပ်ကုန်သော ဆံပင် အစရှိကုန်သော (၃၂)ပါးသော ကောဋ္ဌာသတို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယမည်၏။
- အကြင်တရားသဘောသည် အာရုံကို သိတတ်သောကြောင့် မနမည်၏။
- အကြင်တရားသဘောသည် ဖေါက်ပြန်ပျက်စီးခြင်းသို့ ရောက်တတ်သောကြောင့် ရုပ်မည်၏။
- အကြင်တရားသဘောသည် အသံတို့ကို ယိုစီးစေသကဲ့သို့ ဖြစ်တတ်သောကြောင့် သဒ္ဒမည်၏။
- အကြင်တရားသဘောသည် မိမိကိုယ်ကို (မိမိရှိရာကို) ထင်ရှားစွာပြတတ်သောကြောင့် ဂန္ဓ မည်၏။
- အကြင်တရားသဘောသည် ရသာရုံကို သာယာစေတတ်သောကြောင့် ရသမည်၏။

- အကြင်တရားသဘောသည် အာရုံကို တွေ့ထိတတ်သောကြောင့် ဖေါင္ဖ္ဗမည်၏။
- အကြင်တရားသဘောသည် မိမိ-မိမိတို့၏ ကိုယ်ပိုင်လက္ခဏာကို ဆောင်ထားတတ်သော ကြောင့် ဓမ္မမည်၏။
- အကြင်တရားတို့သည် ထိုထိုအာရုံတို့၌ ဖြစ်၍ဖြစ်ကုန်သော အာရုံဖြစ်ကုန်သော စိတ်၊ စေတသိက်တရားတို့ကို ဖြန့်ကြက်တတ် ကုန်သောကြောင့် အာယတနတို့မည်ကုန်၏။

တစ်နည်း-

- ရှည်လျားသည်ဖြစ်၍ဖြစ်သော သံသရာဝဋ်ဆင်းရဲကို ဆောင်တတ် ကုန်သောကြောင့် အာယတနတို့ မည်ကုန်၏။
- ဖြစ်ရာအရပ်ဟူသောအနက်
- နေရာအရပ်ဟူသောအနက်
- ပေါင်းဆုံရာအရပ်ဟူသောအနက်
- အကြောင်းဟူသောအနက်တို့ကြောင့် အာယတနတို့ မည်ကုန်၏။
- အာယတနတို့ကို ဝေဖန်လိုသော ယောဂီပုဂ္ဂိုလ်သည် ငါးပါးကုန် သော အခြင်းအရာတို့ဖြင့် ဝေဖန်အပ်၏။

၁၁၅။ အနက်အားဖြင့်လည်း ဝေဖန်အပ်၏။

- သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်သော နာမ်တရားသည် ဓမ္မ မည်၏။
- ခုနစ်ပါးသော ဝိညာဏဓာတ်တို့သည် မနမည်၏။
- အာရုံဖြစ်ရာအားဖြင့်လည်းကောင်း၊ အကြောင်းအားဖြင့်လည်းကောင်း၊ ဝေဘန်အပ်၏။
- စက္ခုဝိညာဏ်သည် (မျက်စိအသိသည်) အဆင်း၊ အလင်းရောင်၊ နလုံးသွင်းမှု ဟူသော အကြောင်းရှိကုန်၏။
- စိတ်သည် ဓမ္မာရုံ၊ ဆုံးဖြတ်မှု၊ နလုံးသွင်းမှုဟူသော ဖြစ်ရာရှိကုန်၏။

တရားတို့သည် ဓမ္မာရုံ၊ အဓိမောက္ခ၊ မနသိကာရ ဟူသော သုံးမျိုးသော အခြင်းအရာရှိကုန်၏။

- ဝိထိအပြား (စိတ်ပွားမှုအစဉ်)အားဖြင့်
- အတိမဟန္တာရုံဝီထိ (မြင်ကွင်းကြီးမားသောစိတ်)
- မဟာဂန္တာရုံဝီထိ(သာမန်အမြင်စိတ်အစဉ်)
- ပရိတ္တာရုံဝီထိ(မြင်ကွင်းသေးစိတ်အစဉ်)
- အတိပရိတ္တာရုံဝီထိ(အလွန်မြင့်ကွင်းသေး- မကွဲမပြားမြင်ရသောစိတ်အစဉ်)

(၄)ပါးသောစိတ်အစဉ်တို့သည် ဖြစ်ကုန်၏။

မဟန္တာရုံဝီထိသည်-

-ဘဝင်စိတ် -ငြိမ်သက်နေသောစိတ်

-ပဉ္စဒွါရာဝဇ္ဇန်းစိတ်- မျက်စိ စသော အပေါက်ငါးပေါက်တို့တွင် တစ်ပေါက်ပေါက်ဖြင့်ဆင်ခြင်သုံးသပ်နေသောစိတ်

-စက္ခုဝိညာဉ်စိတ် - မျက်စိမှ အသိစိတ်

-သမ္ပဋိစ္ဆိုင်းစိတ် - ထိုအဆင်းကို လက်ခံသောစိတ်

-သန္တီရဏာစိတ် - ထိုအသိကိုစုံစမ်းသောစိတ်

-ဝုဋ္ဌောစိတ် -ထိုအသိကိုကောင်းမကောင်းစသည်ဖြင့် ဆုံးဖြတ်သောစိတ်

-ဇောစိတ် -ထိုဆုံးဖြတ်ရသော ကောင်း,မကောင်းကို ခံစားသောစိတ်

-တဒါရုံစိတ် - ထိုခံစားမိသောစိတ်အစဉ်ကိုလိုက်နေမိသောစိတ်

-ဘဝင်စိတ် - ပြန်လည်ငြိမ်သွားသောစိတ်

ဤသို့အားဖြင့် (၇)ပါးအပြားရှိပါသည်

ပေါင်းယူခြင်းအားဖြင့်(၁၂)ပါးကုန်သောဤအာယတနတို့ကို ခန္ဓာတရားဓာတ်တရားတို့၌ ပေါင်းယူအပ်ကုန်၏ ။

စိတ်အစဉ်ဖြစ်ပုံကို ဥပမာပြဦးအံ့...

- တစ်ဦးသောမင်းသည် မိမိ၏ စက်တော်ခေါ်ရာဆောင်၌ အိပ်စက်နေ၏၊ ထိုမင်း၏ မိဖုရားခေါင်းကြီးသည် နားပင်းသောကျွန်မနှင့်အတူတကွ ထိုစက်တော်ခေါ်ရာအဆောင်သို့ ရောက်လာ၏။
- နားပင်းသော ကျွန်မသည် မင်း၏ခြေတို့ကို နှိပ်နယ်ပေး၏။ နားပင်းသောတံခါးစောင့်သည် မင်းနန်းတော်၌ နန်းတော်၏ နံဘေး၌ဖြစ်သော တံခါး၌စောင့်ရှောက်နေရသည်ဖြစ်၏။
- ဥယျာဉ်မှူးသည် မင်း၏ သုံးဆောင်ရန် အလို့ငှါ သရက်သီးတို့ကို ယူဆောင်၍ မင်းနန်းတော်သို့ ရောက်လာ၏။

ထိုဥယျာဉ်မှူးသည် ပိတ်ထားသော တံခါးကိုခေါက်သည်။ မင်းသည် တံခါးခေါက်သောအသံကို ကြားရ၍ အိပ်ရာမှနိုးကာ မင်းနန်းတော်တံခါးကို ဖွင့်ခြင်းငှါ နားပင်းသော မိန်းမကို စေခိုင်းသည်။

ထိုနားပင်းသောမိန်းမသည် လက်အမှတ်အသားဖြင့် တံခါးကိုဖွင့်ခြင်းငှါ တံခါးစောင့်ကို သိစေပြီး နန်းတော်တံခါးကို ဖွင့်လိုက်သည်။

ဥယျာဉ်မှူးသည် မိမိဆောင်ယူလာအပ်သော သရက်သီးတို့ကို မင်းအား ဆက်သလေသည်။ မင်းသည် သရက်သီးတို့ကို နားပင်းသောမိန်းမ၏ လက်၌ ထည့်၍ သားလှီးဓားငယ်ကိုယူ၏။

သရက်သီးလာပို့ရာ ထိုအခါ၌ တစ်ယောက်သော မင်းမှူးထမ်းယောက်ျားသည် ထိုသရက်သီးမှည့်တို့ကို မိဖုရားခေါင်ကြီး၏ လက်၌ထား၏။

မိဖုရားခေါင်ကြီးသည် ခွဲစိတ်ဆေးကြောပြီး၍ တစ်ပိုင်းစီ တစ်ပိုင်းစီသော သရက်သီးတို့ကို ထိုသရက်သီးတို့၏ ကောင်းစွာမှည့်သည်၏အဖြစ် မမှည့်သည်၏အဖြစ်ကို သိခြင်းငှါ မင်းနှင့်အကျွမ်းဝင်သော သူကိုပေး၏။ နောက်မှ မင်းအားဆက်သ၏။ မင်းသည် သရက်သီးတို့ကို သုံးဆောင်ပြီး၍ သရက်သီးအရည်ကို ချီးမွမ်းသော်လည်း ချီးမွမ်း၏။ ကဲ့ရဲ့သော်လည်း ကဲ့ရဲ့၏။

သရက်သီးအရသာကို သုံးဆောင်ပြီးသောမင်းသည် တစ်ဖန်လည်း အိပ်စက်လေ၏။

ထိုသရက်သီး သုံးဆောင်သောဥပမာ၌ ဥပမာ-ဥပမေယျ နှိုင်းယှဉ်ပုံမှာ-
အိပ်ပျော်နေသော မင်းကဲ့သို့- ဘဝင်စိတ်ကို သိအပ်၏။

သရက်သီးကို ဆောင်ယူလာသော ဥယျာဉ်မှူး၏ တံခါးခေါက်သံကြောင့် ဖြစ်သော အသံကဲ့သို့ မျက်စိအပေါက်၌ အဆင်းကိုထိခိုက်ခြင်းကို သိအပ်၏။

- နားမကြားသော မိန်းမ၏ တံခါးဖွင့်ခြင်းမှာ တံခါးစောင့်ယောကျ်ားအား လက်ဖြင့် အမှတ်အသားပေးခြင်းကဲ့သို့ မျက်စိ၌ဖြစ်သော အာဝဇ္ဇန်းစိတ်ကို သိအပ်၏။
- နားမကြားသော တံခါးစောင့်သည် တံခါးကို ဖွင့်လှစ်အပ်သည် ရှိသော် မင်း၏သရက်သီး ဆက်သလာသည်ကို မြင်ခြင်းကဲ့သို့ လက်ခံစိတ်(သမ္ပဋိစ္ဆိုင်း)ကို သိအပ်၏။
- မင်းသည် နားပင်းသော မိန်းမ၏လက်၌ သရက်သီးတို့ကိုထား၍ မိမိလက်ဖြင့် သားလှီးဓားငယ်ကိုယူခြင်း၊ မင်းမှုထမ်းယောကျ်ားလာခြင်းကဲ့သို့ စုံစမ်းစိတ်(သန္တီရဏ)ကို သိအပ်၏။
- မင်းမှုထမ်းယောကျ်ားသည် သရက်သီးတို့ကိုယူ၍ မိဖုရား၏လက်၌ ထားခြင်းကဲ့သို့ ဆုံးဖြတ်စိတ် (ဝုဋ္ဌော)ကို သိအပ်၏။
- မိဖုရားသည် ဆေးကြောလှီးအပ်ကုန်ပြီးသော သရက်သီးစိတ်တို့ကို ကောင်းစွာမှည့်သည် မမှည့်သည်၏အဖြစ်ကိုသိခြင်းငှါ မင်းမှုထမ်းအား သရက်သီးစိတ်တို့ကို ပေးခြင်းကဲ့သို့လည်းကောင်း၊ မင်းအား ဆက်သသကဲ့သို့လည်းကောင်း၊ မင်း၏သရက်သီးကို သုံးဆောင်ခြင်းကဲ့သို့လည်းကောင်း ဇောစိတ်ကို သိအပ်၏။
- မင်း၏ သရက်သီးအရသာကို ချီးမွမ်းခြင်းကဲ့သို့ လည်းကောင်း၊ ကဲ့ရဲ့ခြင်းကဲ့သို့လည်းကောင်း၊ တဒါရုံအကျိုးကို သိအပ်၏။

- မင်း၏ တစ်ဖန်ပြန်အိပ်ခြင်း၊ အိပ်ပျော်သွားခြင်းကဲ့သို့ ဘဝင်ပြန်ကျသောစိတ်ကို သိအပ်၏။

ဓာတုယော

ဓာတ်တို့သည်-

- စက္ခုဓာတ် ရူပဓာတ်
  စက္ခုဝိညာဏဓာတ်
- သောတဓာတ် သဒ္ဒဓာတ်
  သောတဝိညာဏဓာတ်
- ဃာနဓာတ် ဂန္ဓဓာတ်
  ဃာနဝိညာဏဓာတ်
- ဇိဝှါဓာတ် ရသဓာတ်
  ဇိဝှါဝိညာဏဓာတ်
- ကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏဓာတ်
- မနောဓာတ် ဓမ္မဓာတ်
  မနောဝိညာဏဓာတ်

ဤသို့အားဖြင့် ဓာတ်(၁၈)ပါး အပြားရှိသည်။

- ရူပါရုံကို မြင်တတ်သောကြောင့် စက္ခုမည်၏။
- ထင်စွာပြတတ်သောကြောင့် ရူပမည်၏။
- စက္ခုဒွါရ၌ဖြစ်သော ဝိညာဏ်သည် စက္ခုဝိညာဏ်မည်၏။
- မိမိ၏ကိုယ်ပိုင်သဘောကို ဆောင်ထားတတ်၏၊ ထားတတ်၏၊ စီရင်တတ်၏၊ ထို့ကြောင့် ဓာတ်မည်၏။
- ထိုတရားတို့သည် ခန္ဓာ၏အစွမ်းအားဖြင့် အပေါင်းအစုဟူသော လက္ခဏာအာယတန၏အစွမ်းအားဖြင့် ဒွါရလက္ခဏာဓာတ်၏အစွမ်းအားဖြင့် သဘာဝလက္ခဏာ ပြတတ်၏။

ထို့ကြောင့် သဘာဝလက္ခဏာကို ဆောင်ထားတတ်သောကြောင့် ဓာတ်မည်၏။

မြတ်စွာဘုရားသည် ထက်မြက်သော ပညာဣန္ဒြေရှိသောပုဂ္ဂိုလ်၏ သစ္စာလေးပါးကို သိမြင်နိုင်ရန် အကျိုးငါးခန္ဓာတို့ကိုလည်းကောင်း

- အလယ်အလတ်ဖြစ်သော နူးညံ့သော ပညာဣန္ဒြေရှိသောပုဂ္ဂိုလ်၏ သစ္စာလေးပါးကိုသိမြင်ရန်အကျိုးငါ အာယတနတို့ကိုလည်းကောင်း
- နုံနဲ့လေးလံသော ပညာဣန္ဒြေရှိသောပုဂ္ဂိုလ်၏ သစ္စာလေးပါးကို သိမြင်ရန်အကျိုးငါ ဓာတ်တို့ကို ပြတော်မူကုန်ပြီ။

ဤသို့ သိထားအပ်၏။

<u>ဟေတုပစ္စယော</u>

ရှေ့နောက်စဉ်လျက် ကြောင်းကျိုးဆက်၍ ဖြစ်နေပုံကို ထင်ရှားစွာပြခြင်းငှါ အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်အမည်တို့ဖြင့်လည်း ဘုရားရှင်သည် ဟောတော်မူအပ်ပြီ။

အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား-

- သစ္စာလေးသွယ် မသိလွယ်အောင် ဖုံးကွယ်တတ်သော မောဟဟူသော အကြောင်းကြောင့် ပုညာပုညအာနေဉ္ဇာဟု သုံးဝအပြားသင်္ခါရတရားတို့သည် ဖြစ်ကုန်၏။
- သင်္ခါရတရားဟူသော အကြောင်းကြောင့် ပဋိသန္ဓေဝိညာဏ်သည် ဖြစ်၏။
- နာမ်-ရုပ်ဝိညာဏ်ဟူသော အကြောင်းကြောင့် အဇ္ဈတ္တိကာယတန ခြောက်ပါးကြောင့် ဖဿခြောက်ပါးသည်ဖြစ်၏။
- အဇ္ဈတ္တိကာယတနခြောက်ပါးကြောင့် ဖဿခြောက်ပါးသည်ဖြစ်၏။
- ဖဿခြောက်ပါးဟူသော အကြောင်းကြောင့် စက္ခုသမ္ဖဿဇာ ဝေဒနာ အစရှိသော ဝေဒနာခြောက်ပါးသည်ဖြစ်၏။

- စက္ခုသမ္ဖဿဇာဝေဒနာ ခြောက်ပါးကြောင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သည် ဖြစ်၏။
- တဏှာသုံးပါးဟူသော အကြောင်းကြောင့် ဖားကို မြွေကို စွဲဖမ်းသကဲ့သို့ ပြင်းထန်စွာ စွဲလမ်းတတ်သော ဥပါဒါန်သည်ဖြစ်၏။
- ဥပါဒါန်ဟူသော အကြောင်းကြောင့် ပစ္စုပ္ပန်လောကီကုသိုလ်-အကုသိုလ်ကံဟူသော ကမ္မဘဝသည်ဖြစ်၏။
- ဘဝဟူသောအကြောင်းကြောင့် ပဋိသန္ဓေတည်နေခြင်းဟူသော ဥပပတ္တိဘဝသည်ဖြစ်၏။
- ဥပပတ္တိဘဝဟူသော အကြောင်းကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ပြောဆိုငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းထန်စွာ ရှိုက်ငိုကြွေးခြင်းတို့သည်ဖြစ်၏။
- သုခမဖက် သက်သက်သော ဤဆင်းရဲအစု၏ ဖြစ်ခြင်းသည် ထင်ရှား၏။

၁၁၉။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏

- သင်္ခါရချုပ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဏ်(ဝိပါက်ဝိညာဉ်)ချုပ်၏။
- ပဋိသန္ဓေဝိပါက်(ဝိပါက်ဝိညာဏ်)ချုပ်ခြင်းကြောင့် နာမ်-ရုပ်ချုပ်၏။
- နာမ်-ရုပ်ချုပ်ခြင်းကြောင့် သဠာယတနခြောက်ပါးချုပ်၏။
- သဠာယတနခြောက်ပါးချုပ်ခြင်းကြောင့် ဖဿချုပ်၏။
- ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏။
- ဝေဒနာချုပ်ခြင်းကြောင့် တဏှာချုပ်၏။
- တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။
- ဥပါဒါန်ချုပ်ခြင်းကြောင့် ကမ္မဘဝချုပ်၏။
- ကမ္မဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏။
- ဇာတိချုပ်ခြင်းကြောင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ချုပ်ကုန်၏။

ဤသို့ သက်သက်သော ဤဆင်းရဲအစု၏ ချုပ်ခြင်းသည် ထင်ရှား၏။

၁၂၀။ သစ္စာလေးပါးတို့၌ မှန်ကန်စွာ မသိတတ်မောဟသည် အဝိဇ္ဇာမည်၏။
ကောက်ပင်လျှင် နှိုင်းခိုင်းဖွယ်ရာ ဥပမာရှိကုန်၏။

- ကာယကံ၊ ဝစီကံ၊ မနောကံဟူသော အတိတ်ဖြစ်သော လောကီ ကုသိုလ်-အကုသိုလ် စေတနာတို့သည် သင်္ခါရတို့ မည်ကုန်၏။
- မျိုးစေ့လျှင် နှိုင်းခိုင်းဖွယ်ရာ ဥပမာရှိ၏။
- ပဋိသန္ဓေအခါ၌ ဖြစ်သောစိတ်သည် ဝိညာဏ်မည်၏။
- အညွန့်အညောက်လျှင် ဥပမာရှိ၏။
- စိတ်,စေတသိက်ဖြစ်ကုန်သော နာမ်ရုပ်တရားတို့သည်လည်းကောင်း၊ ကလာပ်စည်းရုပ်တို့သည် လည်းကောင်း နာမ်-ရုပ်မည်၏။
- အရွက်လျှင် ခိုင်းနှိုင်းဖွယ်ရာ ဥပမာရှိ၏။
- ခြောက်ပါးကုန်သော ဖဿအပေါင်းတို့သည် ဖဿမည်၏။ သစ်ပင်လျှင် နှိုင်းခိုင်းဖွယ်ရာ ဥပမာရှိ၏။
- ခြောက်ပါးကုန်သော ဝေဒနာအပေါင်းတို့သည် ဝေဒနာမည်၏။
- အပွင့်လျှင် နှိုင်းခိုင်းဖွယ် ဥပမာရှိ၏။
- ခြောက်ပါးကုန်သော တဏှာအပေါင်းတို့သည် တဏှာမည်၏။
- သာယာအပ်သော အရသာခြောက်ပါးလျှင် ဥပမာရှိ၏။
- ဥပါဒါန်လေးပါးတို့သည် ဥပါဒါန်မည်၏။
- သာလေဆန်လျှင် ဥပမာရှိ၏။
- ကာမ, ရူပ, အရူပဘဝကို ဖြစ်စေတတ်သော ပစ္စုပ္ပန်လောကီ ကုသိုလ်-အကုသိုလ်ကံသည် ကမ္မဘဝမည်၏။
- မျိုးစေ့လျှင် ဥပမာရှိ၏။
- ခန္ဓာတို့၏ အသစ်ဖြစ်သော ဥပပတ္တိဘဝသည် ဇာတိမည်၏။
- တစ်ဖန်ထွက်သော အညွန့်၊ အညောက်လျှင် ဥပမာရှိ၏။

- ခန္ဓာတို့၏ရင့်ကျက်ခြင်းသည် ဇရာမည်၏။
- မှည့်ရင်သောအသီးလျှင် ဥပမာရှိ၏။
- ခန္ဓာတို့၏ ပျက်စီးခြင်းအပိုင်းအခြားသည် မရဏမည်၏။
- ကြွေကျခြင်းလျှင် ဥပမာရှိ၏။

ဤဆိုအပ်ပြီးသောနည်းဖြင့် ရှေ့အစွန်း၊ နောက်အစွန်းတို့မှ ကင်းလွတ်သော ဤရှေ့နောက်စဉ်လျက် ကြောင်းကျိုးဆက်၍ ဖြစ်နေသောစက်သည် မျိုးစေ့၊ အညွန့်၊ အညောက်၊ အပင်၊ အသီး၊ မျိုးစေ့၊ အညောက်၊ အပင်တို့၏ အစွမ်းအားဖြင့် မရပ်မတည် ချာချာပတ်ပတ်လည်၍ဖြစ်ကုန်၏။

<u>အဘယ်ကြောင်းကြောင့် အဝိဇ္ဇာသည်ဖြစ်သနည်း?</u>

- အဝိဇ္ဇာသည်ပင်လျှင် အဝိဇ္ဇမည်၏၊ အကြောင်းသည်ဖြစ်၏။ အလုံးစုံသော ကိလေသာတို့သည် အဝိဇ္ဇာ၏အကြောင်းတို့သည် ဖြစ်၏။
- အာသဝဟူသော အကြောင်းတို့သည် အဝိဇ္ဇာ၏အကြောင်းသည် ဖြစ်၏။
- အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဟူသော သုံးပါးကုန်သော တရားတို့သည် ကိလေသာဝဋ္ဋတို့ပေတည်း။
- သင်္ခါရ၊ ကမ္မဘဝ ဟူသော နှစ်ပါးကုန်သောတရားတို့သည် ကမ္မဝဋ္ဋ တို့ပေတည်း။
- ဤဆိုအပ်ပြီးသော ငါးပါးမှတစ်ပါးကုန်သော ခုနစ်ပါးကုန်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏတရားတို့သည် ဝိပါကဝဋ္ဋတို့ပေတည်း။
- အဝိဇ္ဇာ-သင်္ခါရတို့သည် အတိတ်ဘဝ၌ဖြစ်သော အကြောင်းတည်း။
- ဇာတိ၊ ဇရာ၊ မရဏသည် အနာဂါတ်ဘဝ၌ ဖြစ်လတ့်သော အကြောင်းတည်း၊ ထိုမှတစ်ပါး အဝိဇ္ဇာ၊ သင်္ခါရ၊ ဇာတိ၊ ဇရာ၊

မရဏာတို့မှတစ်ပါးသော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့သည် ပစ္စုပ္ပန်ဘဝဖြစ်သော အကြောင်းတို့တည်း။

- အကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာကုန်သော အကျိုးတရားတို့သည် ပဋိစ္စသမုပ္ပါဒ် မည်၏။
- (၁၂)ပါးကုန်သော အကြောင်းအထောက်အပံ့ဖြစ်သော သင်္ခါရတို့သည်သာလျှင် ဖြစ်ပေါ်လာကုန်သော တရားတို့ပေတည်း။
- (၁၂)ပါးကုန်သော ဤတရားတို့ကို-
  - သင်္ခတတရားတို့ဟူ၍လည်းကောင်း
  - အသင်္ခတတရားတို့ဟူ၍လည်းကောင်းဆိုခြင်းငှါ မတတ်ကောင်း
- အကြောင်းဖြစ်ကုန်သော အထောက်အပံ့ဖြစ်ကုန်သော ထိုတရားတို့သည်ပင်လျှင် အကြောင်းတရားတို့ကိုစွဲ၍ ဖြစ်ပေါ်လာသော အကျိုးတို့သည် ဖြစ်ကုန်၏။
- ရှေးဦးစွာ ဖြစ်ကုန်သော ထိုတရားတို့သည် သင်္ခတတရားတို့သည် ဖြစ်ကုန်၏။
- အကြောင်းအထောက်အပံ့ဖြစ်သော တရားတို့သည် နက်နဲသော သဘောရှိကုန်၏။

  ထိုသို့ပင် နက်နဲသောသဘော ရှိပါကုန်သော်လည်း အကြောင်းအထောက်အပံ့ ဖြစ်ကုန်သော ဤတရားတို့ကို အစပ်(၃)စပ်၊ အလွှာ(၄)လွှာဟူသော (၇)ပါးသောအပြားအားဖြင့် ပိုင်းခြား၍ သိအပ်ကုန်၏။

၁၁၂။ အဆက်အစပ်အားဖြင့် အတိတ်အကြောင်း သင်္ခါရနှင့်ပစ္စုပ္ပန်အကျိုး ဝိညာဏ်တို့၏ ရှေးဦးစွာသော တစ်ခုသော အဆက်အစပ်သည်လည်းကောင်း

- ပစ္စုပ္ပန်အကျိုးဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း တဏှာတို့၏ နှစ်ခုမြောက်သော အဆက်အစပ်သည်လည်းကောင်း
- ပစ္စုပ္ပန်အကြောင်း ကမ္မဘဝနှင့် အနာဂါတ်အကျိုးဇာတိတို့၏ သုံးခုမြောက်ဖြစ်သော အဆက်အစပ်သည်လည်းကောင်း
- အကြောင်းအကျိုးအဆက်အစပ်
- အကျိုးအကြောင်းအဆက်အစပ်
- အကြောင်းအကျိုးအဆက်အစပ်

တို့၏ အပြားအားဖြင့်သာလျှင် (၃)ပါးသော အဆက်အစပ်တို့သည် ဖြစ်၏။

- ပထမနှင့်တတိယဖြစ်သော အကြောင်းအကျိုး ဆက်စပ်မှုသည် အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ, ပစ္စုပ္ပန်ဘဝနှင့် အနာဂါတ်ဘဝတို့ကို ဆက်စပ်ပေးခြင်းတည်း။
- ဒုတိယဖြစ်သော အကျိုးအကြောင်းဆက်စပ်မှုသည် ဘဝကို ဆက်စပ်ပေးမှုသည်မဖြစ်၊
- အဝိဇ္ဇာ, သင်္ခါရ, (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသော အတိတ်ကာလ၌ ဖြစ်သော ကံ-ကိလေသာတို့ကိုလည်းကောင်း

  (ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ပစ္စုပ္ပန်ကာလ၌ဖြစ်သော အကျိုး (ဝိပါက်)တို့ကိုလည်းကောင်း
- တဏှာ, ဥပါဒါန်, ကမ္မဘဝ (အဝိဇ္ဇာ, သင်္ခါရ)ဟူသော ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ကံ-ကိလေသာတို့ကိုလည်းကောင်း
- ဇာတိ, ဇရာ, မရဏ(ဝိညာဏ်) နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အနာဂါတ်ကာလ၌ဖြစ်သော အကျိုး(ဝိပါက်) တို့ကို လည်းကောင်း
- အလွှာ(၄)လွှာအားဖြင့် သိအပ်ကုန်၏။
- (၂၀)သော အခြင်းအရာတို့ဖြင့် ဤသို့သိအပ်၏။

၁၂၂။ ရေးဖြစ်သောကမ္မဘဝ၌ အမှန်အတိုင်းမသိသောမောဟသည် အဝိဇ္ဇာ မည်၏။

- ဘဝဖြစ်၍ အားထုတ်တတ်သော လောကီကုသိုလ်-အကုသိုလ်ကံသည် သင်္ခါရတို့ မည်ကုန်၏။
- ဘဝ၌ တပ်နှစ်သက်တတ်သော တဏှာသည် တဏှာမည်၏။
- ပြင်းပြင်းထန်ထန် တပ်မက်တပ်သော သဘောတရားသည် ဥပါဒါန် မည်၏။
- ဘဝ ရရန် အားထုတ်မှုစေတနာသည် ကမ္မဘဝမည်၏။

ဤသို့ ငါးပါးကုန်သော ရှေးအတိတ်ကံ-ကမ္မဘဝဟူသော အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေနေခြင်းသည် ဝိညာဏ်မည်၏။

- ပစ္စုပ္ပန်ဘဝ၌ သက်ဝင်၍ဖြစ်နေသောသဘောသည် နာမ်ရုပ်မည်၏။
- အာရုံတို့၏ထင်ရာ ရုပ်-နာမ်တရားတို့၏ ကြည်လင်ခြင်း၊ အဇ္ဈတ္တိက အာယတန(၆)ပါးသည် သဠာယတနမည်၏။
- ဗဟိဒ္ဓါယတနတို့၏ အဇ္ဈတ္တိကယတနတို့နှင့်ထိခြင်းသည် ဖဿ မည်၏။
- အဇ္ဈတ္တိကယတနတို့၌ ထင်လာသောအာရုံကို ခံစားခြင်းသည် ဝေဒနာ မည်၏။

ဤသို့ ငါးပါးသောတရားတို့သည် ရှေးအတိတ်ကံဟူသော သင်္ခါရတို့၏ အကြောင်းကြောင့်ဖြစ်ပေါ်လာသောအကျိုးတရားတို့လည်းကောင်း၊ ဤပစ္စုပ္ပန် ဘဝ၌ အမှန်အတိုင်း မသိခြင်းသည် သဘောသည် အဝိဇ္ဇာမည်၏။

- အားထုတ်ခြင်းသည် -- သင်္ခါရတို့မည်ကုန်၏
- တပ်မက်ခြင်းသည် -- တဏှာမည်၏
- စွဲလမ်းခြင်းသည် -- ဥပါဒါန်မည်၏
- အားထုတ်ခြင်းကြောင့် ကံသည်-ကမ္မဘဝမည်၏။

ဤသို့ အနာဂါတ်ဘဝ၌ အကြောင်းဖြစ်ကုန်သော ငါးပါးသောတရားတို့ လည်းကောင်း-

- ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူကုန်သော, ငါးပါးကုန်သော အကျိုးတရားတို့သည် အနာဂါတ်ဘဝ၏ ပစ္စုပ္ပန် အကြောင်းကြောင့် ဖြစ်ပေါ်လာသောတရားတို့ကို လည်းကောင်း

ဤသို့ (၂၀)သောအခြင်းအရာတို့ဖြင့် မရပ်မတည် ခြာခြာလည်နေသော သံသရာစက်သည် အကြောင်းအကျိုး-အကျိုးအကြောင်း-အကြောင်းအကျိုးတို့၏ အစွမ်းအားဖြင့် စက်အနေအားဖြင့် လည်ပတ်၍ ဖြစ်ပေါ်နေ၏။

အဝိဇ္ဇာဟူသော အကြောင်းကြောင့် - သင်္ခါရတို့သည် ဖြစ်ကုန်၏။

(ပ)

ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏသည်ဖြစ်၏။

ဤသို့ သက်သက်သော ဤဝဋ်ဆင်းရဲ၏အကြောင်းသည် ထင်ရှား၏-

- အပိုင်းအားဖြင့် လောကီလောကုတ္တရာတို့၏ အပြားအားဖြင့် (၂)ပါး အပြားရှိ၏။
- ရှေး၌ဖြစ်သော အဝိဇ္ဇာသည် နောက်၌ဖြစ်သော အဝိဇ္ဇာ၏ အကြောင်းသည်ဖြစ်၏။
- ရှေး၌ဖြစ်သော ဆင်းရဲသည် နောက်၌ဖြစ်သောဆင်းရဲ၏အကြောင်း သည်ဖြစ်၏။
- ရှေး၌ဖြစ်သော သဒ္ဓါသည် နောက်၌ဖြစ်သော သဒ္ဓါ၏အကြောင်း သည်ဖြစ်၏။
- ဤသို့ အကြောင်းအကျိုးအဖြစ်သို့ရောက်၏။
- ရှေးဘဝ၌ဖြစ်သော အဝိဇ္ဇာသည် ပစ္စုပ္ပန်မျိုးစေ့အားဖြင့် အကြောင်း သည်ဖြစ်၏။

ဤသို့ မျိုးစေ့, အညွန့်, အညောက်တို့၏အဖြစ်အားဖြင့် ဆက်စပ်နေ၏။

- ဘဝဌီတပ်မက်ခြင်း၊ ပဋိသန္ဓေရုပ် အတူတကွဖြစ်တတ် အကြောင်းကြောင့် မြေကြီး၊ တောင်၊ ဆီနှင်း၊ လ၊ သမုဒ္ဒရာ၊ နေ အစရှိသော ဝတ္ထုတို့သည် ဖြစ်ပေါ်လာကုန်၏။
- လက္ခဏာတူပေါင်းယူသောအားဖြင့် (၁၂)ပါးကုန်သော ဤပဋိစ္စသမုပ္ပါဒ်တရားတို့ကို-
  - ခန္ဓာငါးပါးတို့၌လည်းကောင်း
  - အာယတနတို့၌လည်းကောင်း
  - ဓာတ်တို့၌လည်းကောင်း
  - သစ္စာတို့၌လည်းကောင်း-ပေါင်းယူအပ်ကုန်၏ဟု သိအပ်ကုန်၏။

<u>ကောဒသက</u>

<u>ဒုတိယဘာဂသစ္စာ</u>

ဒုက္ခ

၁၂၅။ အရိယာသစ္စာတို့သည်

- ဒုက္ခအရိယသစ္စာ
- ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယအရိယသစ္စာ
- ဒုက္ခ၏ချုပ်ရာဖြစ်သော နိရောဓအရိသစ္စာ
- ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့သွားရောက်ကြောင့်ဖြစ်သော မဂ္ဂအရိယသစ္စာ

ဤသို့ အရိယာသစ္စာတို့သည် (၄)ပါး ဖြစ်ကုန်၏။

- များစွာသော ဘေးရန်တို့၏ တည်ရာဖြစ်သောကြောင့် စက်ဆုပ်အပ်သော သဘောသည် လည်းကောင်း၊
- သသနာပြင်ပတိတ္ထိယတို့သည် ကြံဆအပ်သော ခိုင်မြဲခြင်း၊ တင့်တယ်ခြင်း၊ ချမ်းသာခြင်း၊ အတ္တမှကင်းဆိတ်ခြင်းကြောင့် အနှစ်မရှိ အချည်းနှီးသောသဘောသည် လည်းကောင်း၊
- ဖြစ်ခြင်း၊ ပျက်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းသဘော၊

- ပေါင်းစုပြုအပ်သောသဘော၊
- နှစ်ပါးသောဇရာ၊ မရဏတို့သည် ဖေါက်ပြန်စေအပ်သောသဘော၊
- ကိလေသာအပူတို့ဖြင့် ပူလောင်မှုကိုပြုခြင်းသဘော ဟူသော မှန်ကန်ခြင်း၊ ဤသဘောတို့မှ အခြားတစ်ပါးသေ သဘောမဖြစ်ခြင်း သဘောသည် ဒုက္ခသစ္စာမည်၏။
- ထိုဒုက္ခသစ္စာနှင့် ပေါင်းဆုံခြင်း၊ ဖြစ်ခြင်း၊ ဒုက္ခ၏အကြောင်းဟူသော သဘောသည် အားထုတ်ခြင်းသဘော
- ဆင်းရဲနှင့်ယှဉ်စေခြင်းသဘော
- ဆင်းရဲ၏အကြောင်းသဘော
- နှောင့်ယှက်တားမြစ်ခြင်းကို ပြုခြင်းသဘောတို့၏ မှန်ကန်ခြင်း အခြားသဘောအားဖြင့် မဖြစ်ခြင်းသဘောသည် သမုဒယသစ္စာ မည်၏။
- ဒုက္ခဖြစ်ခြင်း၏ မရှိခြင်းသဘောသည်-
- ဆင်းရဲမှထွက်မြောက်ခြင်းသဘော
- သင်္ခါရတို့မှ ကင်းဆိတ်ခြင်းသဘော
- အကြောင်းတရားတို့သည် မပြုပြင်အပ်သောသဘော
- မသေမပျက်ခြင်းသဘောတို့၏ မှန်ကန်းခြင်း၊ မချွတ်မယွင်း၊ မဖေါက်ပြန်ခြင်းသဘောသည် နိရောဓသစ္စာမည်၏။
- ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟုဆိုအပ်သော-
    - သံသရာမှ ထွက်မြောက်ခြင်းသဘော
    - နိဗ္ဗာန်သို့ ရောက်ကြောင်းသဘော
    - နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သိမြင်ခြင်းသဘော
    - အကြီးအမှူးဖြစ်ခြင်းသဘောဟူသောမှန်ကန်ခြင်း၊ မဖေါက်မပြန်ခြင်းသဘောသည် ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာသစ္စာမည်၏။

- အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍သိအပ်သော သစ္စာဖြစ်သော ကြောင့် အရိယသစ္စာ ဟူ၍ ဆိုအပ်၏။
  -တစ်ဖန် ဘဝသစ်ဖြစ်ခြင်းသည်လည်း
  -အိုမင်းရင့်ရော်ခြင်းသည်လည်း
  -မကျန်းမမာ ဖျားနာခြင်းသည်လည်း
  -စုတိပျက်ကြွေသေရခြင်းသည်လည်း
  -စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ သက်ကြီးရှိုက်ငင်ပြင်းစွာ ပင်ပန်းဆင်းရဲခြင်းတို့ သည်လည်း
  -မချစ်မနှစ်သက်သော ပုဂ္ဂိုလ်တို့နှင့် ပေါင်းဆုံယှဉ်တွဲနေရခြင်း သည်လည်း
  -ချစ်ခင်သောသူတို့နှင့် ကွေးကွင်းနေရခြင်းသည်လည်း
  -အလိုရှိအပ်သော ဝတ္ထုကို မရခြင်းသည်လည်း
  -အလိုမရှိအပ်သော ဝတ္ထုကို ရခြင်းသည်လည်း
- အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဆင်းရဲခြင်း ဒုက္ခသစ္စာ တို့ပေတည်း။

၁၂၆။ အသစ်ဖြစ်သော ခန္ဓာတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် ဇာတိမည်၏။

- ဓာတ်သဘောတို့၏ ရင့်ကျက်ခြင်းသဘောသည်လည်းကောင်း
- အင်အား-ရုပ်တရား၊ စက္ခု အစရှိသော ဣန္ဒြေ၊ သတိ၊ ပညာတို့၏ ယုတ်လျော့ခြင်းသဘော သည်လည်းကောင်း၊ ဇရာမည်၏။
- တစ်ခုသောဘဝ၌ အကျုံးဝင်သော ရုပ်-နာမ် နှစ်ထွေ၊ ဇီဝိန္ဒြေ အစဉ် ပြတ်စဲခြင်း သဘောသည် မရဏမည်၏။

- ဆွေမျိုးတို့၏ ပျက်စီးခြင်းသဘော အစရှိသည်တို့ဖြင့် နှိပ်စက်ခံရသောပုဂ္ဂိုလ်၏ စိတ်၏ အလွန်ပြင်းထန် ပူလောင်ခြင်းသဘောသည် သောကမည်၏။
- ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသည်တို့ဖြင့် နှိပ်စက်ခံရသော ပုဂ္ဂိုလ်၏နှုတ်ဖြင့် ရောင်ရမ်း မြည်တမ်း ပြောဆို ငိုယိုခြင်းသည် ပရိဒေဝ မည်၏။
- ကိုယ်၌ဖြစ်သော ဆင်းရဲသည် ဒုက္ခမည်၏။
- စိတ်၌ဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် ဒေါမနဿ မည်၏။
- ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသည်တို့ဖြင့် နှိပ်စက်ခံရသော ပုဂ္ဂိုလ်၏ လွန်ကဲသော စိတ်ဆင်းရဲခြင်းကြောင့်ဖြစ်သော စိတ်၏ ပူပန်ခြင်းသည် ဥပါယာသမည်၏။
- မနှစ်သက် မလိုလားအပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းဆုံ ယှဉ်တွဲ မှီဝဲနေထိုင်ရခြင်းကြောင့်ဖြစ်သော စိတ်၏ပင်ပန်းဆင်းရဲ ခြင်း အခြင်းအရာသည် အပ္ပိယေဟိသမ္ပယောဂ ဒုက္ခမည်၏။
- အလိုရှိအပ်, နှစ်သက်အပ်, မြတ်နိုးအပ်သော သတ္တဝါသင်္ခါရတို့နှင့် ရှင်ကွဲ-သေကွဲ တစ်မျိုးမျိုး ကွေကွင်းကွဲကွာရခြင်းသည် ပိယေဟိ ဝိပ္ပယောဂဒုက္ခမည်၏။
- မရသင့်-မရထိုက်-မရနိုင်သော ပဋိသန္ဓေမနေရခြင်း၊ မအိုခြင်း၊ မသေခြင်း အစရှိသောအရာတို့၌ ဆန္ဒ၏ပျက်စီးခြင်းသည် (လိုလား သည့်အတိုင်း မဖြစ်ခြင်းသည်) ဣစ္ဆိတာလာဘ ဒုက္ခမည်၏။
- အလုံးစုံသော ဒုက္ခတို့ဖြင့် ပေါင်းယှုအပ်ကုန်သော ဥပါဒါနက္ခန္ဓာ ငါးပါး၏ အာရုံဖြစ်ကုန်သောခန္ဓာတို့သည် ဒုက္ခပေတည်း။
- သောကဒုက္ခ, ပရိဒေဝဒုက္ခ, ဒုက္ခ ဒုက္ခ၊ ဒေါမနဿဒုက္ခ, ဥပါယာသ ဒုက္ခ ဟူသော ဤဒုက္ခတို့သည် သဘာဝနှင့်စပ်သော ဒုက္ခတို့ မည်ကုန်၏။

- ကာယိကဒုက္ခ, စေတသိကဒုက္ခတို့သည် ဒုက္ခ ဒုက္ခ မည်ကုန်၏။
- အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော
    - သုခဝေဒနာတို့သည်လည်းကောင်း
    - ဖေါက်ပြန်ပြောင်းလဲသော ဝဋ္ဋသည်လည်းကောင်း ဝိပရိဏာမဒုက္ခမည်၏။
    - ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော ခန္ဓာဟု ဆိုအပ်သော ဒုက္ခသစ္စာသည် သင်္ခါရဒုက္ခ မည်၏။
- ဇာတိဒုက္ခ, မရဏဒုက္ခ, အပ္ပိယာနံ သမ္ပယောဂဒုက္ခ, ဝိပ္ပယောဂ ဒုက္ခ, ယမ္ပိစ္ဆံနလဘတိ တမ္ပိဒုက္ခံ, သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ- ဤသို့ ဒုက္ခအသီးသီးသည် ဝဋ္ဋဒုက္ခတို့ မည်ကုန်၏။

ဒုက္ခသမုဒယ

အကြင်တဏှာသည်- တစ်ဖန် ဘဝသစ်ဖြစ်စေတတ်၏၊

-နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွဖြစ်၏။

-ထိုထိုဖြစ်ရာဘဝ ရရာအာရုံတို့၌ အလွန်နှစ်သက် ပျော်မွေ့တတ်၏။

ဤတဏှာဟူသည် အဘယ်နည်း?

- ကာမတဏှာ- ငါးဖြာအာရုံကာမဂုဏ်၌ လိုချင်မှုတဏှာ
- ဘဝတဏှာ- အမြဲရှိနေသည့်အနေဖြင့် ဘဝကို လိုချင်နှစ်သက်မှု တဏှာ
- ဝိဘဝတဏှာ- သေပြီးနောက် အလိုလို ဘဝပြတ်စဲခြင်းကို လိုချင် နှစ်သက်မှုတဏှာ

ဤ(၃)မျိုးသောတဏှာကို ဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာ ဟူ၍ ဆိုအပ်၏။

- အကြင်တဏှာသည် တစ်ဖန် ဘဝသစ်ကို ပြုတတ်လေ့ရှိ၏။
- နှစ်သက်ခြင်းဟု ဆိုအပ်သော တပ်မက်ခြင်းနှင့် အတူတကွဖြစ်၏။

- ဘဝ, ယောနိ, ဂတိ, သတ္တဝါသတို့၌ အလွန်နှစ်သက်ပျော်မွေ့လျက် ငါးဖြာအာရုံကာမဂုဏ်နှင့် ဆက်စပ်နေပါ၏။
- သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်၏။
- ထိုတဏှာကို သမုဒယ ဟူ၍ ဗုဒ္ဓသည် ဟောတော်မူအပ်ပြီး။

<u>ဒုက္ခနိရောဓ</u>

ထိုတဏှာ၏ပင်လျှင် အကြွင်းအကြွင်းမဲ့တပ်မက်မှုကင်းရာ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်-

- အကြွင်းစွန့်လွှတ်ရာ နိဗ္ဗာန်သည်
- အကြွင်းလွတ်မြောက်ရာ နိဗ္ဗာန်သည်
- အကြွင်းကပ်ငြိတွယ်တာမှုမရှိရာ နိဗ္ဗာန်သည်ရှိ၏။

ဤနိဗ္ဗာန်ကို ဒုက္ခ၏ချုပ်ရာ နိရောဓ အရိယာသစ္စာဟူ၍ ဆိုအပ်၏။

- သမုဒယ ဟုဆိုအပ်သော တပ်မက်မှု တဏှာ၏
- အကြွင်းမဲ့ တက်မက်မှုကင်းရာဖြစ်သော
- အကြွင်းမဲ့ ချုပ်ငြိမ်းရာဖြစ်သော
- အပြီးတိုင် ပယ်ရာဖြစ်သော
- နိဗ္ဗာန်သည် ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယာသစ္စာမည်၏။

ဒုက္ခနိရောဓမဂ္ဂေါ

မြတ်သော ကိလေသာတို့မှ စင်ကြယ်သော ရှစ်ပါးသော အင်္ဂါရှိသော မဂ်သည် ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့သွားရောက်ကြောင်းပေတည်း။

- လေးပါးကုန်သော သစ္စာတရားတို့၌ ဉာဏ်သိမြင်တတ်သော မဂ်ဉာဏ်သည်လည်းကောင်း၊
- နိဗ္ဗာနဓာတ်၌ သိမြင်တတ်သော မဂ်ဉာဏ်သည်လည်းကောင်း သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။
- သုံးပါးအပြားရှိသော ကုသလဝိတက်သည်လည်းကောင်း နိဗ္ဗာန၌ ကြံစည်ခြင်းသည် လည်းကောင်း သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

- ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း မိစ္ဆာဝါစာကိုပယ်ခြင်းသည် လည်းကောင်း သမ္မာဝါစာမဂ္ဂင်မည်၏။
- ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း မိစ္ဆာကမ္မန္တကိုပယ်ခြင်းသည် လည်းကောင်း သမ္မာကမ္မန္တမဂ္ဂင်မည်၏။
- မှားယွင်းသော ကာယဒုစရိုက်တို့၌ အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊
- မိစ္ဆာဇီဝကို ပယ်ခြင်းသည်လည်းကောင်း၊ သမ္မာအာဇီဝမဂ္ဂင်မည်၏။
- လေးပါးကုန်သော သမ္မပ္ပဓာန်တို့ကိုလည်းကောင်း၊ မိစ္ဆာဝိရိယတို့ကို ပယ်ခြင်းသည် လည်းကောင်း၊ သမ္မဝါယမမဂ္ဂင်မည်၏။
- လေးပါးကုန်သော သတိပဋ္ဌာန်တို့ကိုလည်းကောင်း၊ နိဗ္ဗာန်၌ အောက်မေ့ခြင်းသည်လည်းကောင်း၊ သမ္မာသတိမည်၏။
- လေးပါးကုန်သော ရူပါဝစရဈာန်တို့သည်လည်းကောင်း၊ နိဗ္ဗာန် အာရုံ၌ စိတ်ကိုတည်ကြည်ခြင်းသည်လည်းကောင်း၊ သမ္မာသမာဓိမည်၏။
- (၃၇)ပါးကုန်သော ဗောဓိပက္ခိယတရားတို့သည် ကိလေသာဖြူစင်သော ရှစ်ပါးသောအင်္ဂါရှိသော မဂ်၌သာလျှင် အကျုံးဝင် ပါဝင်ကုန်၏။
- သဒ္ဒါအနက်အားဖြင့်လည်းကောင်း
- လက္ခဏာအားဖြင့်လည်းကောင်း
- အစဉ်အားဖြင့်လည်းကောင်း
- အကျဉ်းချုပ်အားဖြင့်လည်းကောင်း
- ဥပမာအားဖြင့်လည်းကောင်း
- မျက်မှောက်ပြုအပ်သည်၏ အဖြစ်ဟူသော အနက်အားဖြင့် လည်းကောင်း အဆုံးအဖြတ်ကို သိအပ်၏

အကျဉ်းအားဖြင့်--

ဒုက္ခသစ္စာသည်- သက္ကာယဒိဋ္ဌိဟူသော အပါယ်တံခါးကို ပိတ်ပင်ခြင်းငှါစွမ်းနိုင်၏။

သမုဒယသစ္စာသည်- ဥစ္ဆေဒဒိဋ္ဌိဟူသော အပါယ်တံခါးကို ပိတ်ခြင်းငှါစွမ်းနိုင်၏။

နိရောဓသစ္စာသည်-သဿတဒိဋ္ဌိဟူသော အပါယ်တံခါးကို ပိတ်ခြင်းငှါစွမ်းနိုင်၏။

ဥပမာအားဖြင့်-- ဝိသရုက္ခဥပမာစတုက္က
ဩဒိရိမတိရစတုက္က
ဘာရဥပမာစတုက္က တို့ကို သိအပ်၏။

အပိုင်းအားဖြင့်-- သမ္မုတိသစ္စာ
-ပစ္စေကသစ္စာ
-မဂ္ဂသစ္စာသည်- မိစ္ဆာဒိဋ္ဌိ ဟူသော အပါယ်တံခါးကို ပိတ်ခြင်းငှာစွမ်းနိုင်၏။
-ပရမတ္ထသစ္စာ
-အရိယသစ္စာ-သစ္စာလေးပါးတို့သည် ဖြစ်ကုန်၏။

ဤသစ္စာကထာ၌ ထိုအရိယာသစ္စာကို အလိုရှိအပ်၏။

- အရေအတွက်အားဖြင့်လည်းကောင်း
- ကေတ္တနည်းအာဖြင့်လည်းကောင်း
- မှန်ကန်သောအားဖြင့်လည်းကောင်း
- မချွတ်မယွင်း မဖေါက်မပြန်သောအားဖြင့်လည်းကောင်း
- ဓမ္မတို့၏သဘာဝအားဖြင့်လည်းကောင်း
- အတ္တ, ဇီဝမှကင်းဆိတ်သောသဘောအားဖြင့်လည်းကောင်း
- နာနတ္တနည်းအားဖြင့်လည်းကောင်း အဆုံးအဖြတ်ကို သိအပ်၏။

လောကီသစ္စာသည်...

-အာသဝေါတရားတို့၏အာရုံဖြစ်၏။

-သံယောဇဉ်တရားတို့၏အာရုံဖြစ်၏

-ကိလေသာတို့၏အရုံဖြစ်၏။

လောကုတ္တရာသစ္စာသည်...

-အာသဝေါတရားတို့၏ အာရုံမဟုတ်

-သံဒယာဇဉ်တရားတို့၏ အာရုံမဟုတ်

-ကိလေသာတို့၏ အာရုံမဟုတ်

- ဒုက္ခ၊ သမုဒယ၊ မဂ္ဂအားဖြင့် သုံးပါးကုန်သော သစ္စာတို့သည် သခ်တသစ္စာမည်၏။
- နိရောဓသစ္စာသည် အသခ်တသစ္စာမည်၏။

၁၃၂။ သမုဒယ၊ နိရောဓ၊ မဂ္ဂအားဖြင့် သုံးပါးကုန်သောသစ္စာတို့သည် နာမ်သစ္စာတည်း။

- ဒုက္ခသစ္စာသည် ရုပ်နှင့်တကွဖြစ်သော သစ္စာတည်း။
- ရုပ်နာမ်အားဖြင့် (၂)ပါးအပြားရှိ၏။
- သမုဒယသစ္စာသည် အကုသိုလ်သစ္စာတည်း။
- မဂ္ဂသစ္စာသည် ကုသိုလ်သစ္စာတည်း။
- နိရောဓသစ္စာသည် အဗျာကတသစ္စာတည်း။
- ဒုက္ခသစ္စာသည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတာသစ္စာတည်း။
- ဒုက္ခသစ္စာသည် ပိုင်းခြား၍ သိအပ်သောသစ္စာတည်း။
- သမုဒယသစ္စာသည် ပယ်အပ်သောသစ္စာတည်း။
- နိရောဓသစ္စာသည် ကိုယ်ထိလက်ရောက် မျက်မှောက်ပြုအပ်သော သစ္စာတည်း။
- မဂ္ဂသစ္စာသည် ပွားများအပ်သောသစ္စာတည်း။

ဤသို့ လေးပါးအပြားရှိ၏။

အကျယ်ဖြစ်သော အစဉ်အားဖြင့်...

- သက်ရှိပုဂ္ဂိုလ်တို့၏ ကိုယ်ခန္ဓာဖြစ်သော...
  - ဒုက္ခသစ္စာလည်းကောင်း
  - သမုဒယသစ္စာလည်းကောင်း
  - အလွန်မြတ်နိုးအပ်သော နိရောဓသစ္စာလည်းကောင်း
- သမုဒယကိုပယ်ခြင်းကြောင့်ဖြစ်သော ကာယဂတာသတိ ဟူသော မဂ္ဂသစ္စာလည်းကောင်း
- တစ်ပါးစီသော အဖို့အစုရှိ၏
- နာမ်-ရုပ်၊ အဝိဇ္ဇာ၊ ဘဝ၊ တဏှာ၊ သမထ၊ ဝိပဿနာအားဖြင့် (၂)ပါးအပြားရှိ၏။
- ဒုက္ခ၊ ဒုက္ခ အစရှိသော ဒုက္ခ(၃)ပါးလည်းကောင်း
- သုံးပါးအပြားရှိသော အကုသိုလ်မူလတို့ကိုလည်းကောင်း
- သီလ၊ သမာဓိ ပညာတို့လည်းကောင်း

ဤသို့(၃)ပါးအပြား ရှိ၏။

- သက္ကာယဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော လေးပါးကုန်သော ဝိပ္ပလ္လာသတို့ လည်းကောင်း
- လေးပါးကုန်သော သတိပဋ္ဌာန်တို့သည်လည်းကောင်း

ဤသို့ လေးပါးအပြားစီရှိကုန်၏။

- ဂတိငါးပါးတို့သည်လည်းကောင်း
- နီဝရဏကာငါးပါးတို့လည်းကောင်း
- က္ခန္ဓာငါးပါးတို့လည်းကောင်း

ဤသို့ (၅)ပါးအပြားရှိ၏။

- ခြောက်ပါးကုန်သော ဖဿအာယတနတို့သည်လည်းကောင်း

- ခြောက်ပါးကုန်သော တဏှာကာယတို့သည်လည်းကောင်း
- ခြောက်ပါးကုန်သော ပဋိနိဿဂ္ဂဓမ္မတို့လည်းကောင်း

ဤသို့ (၆)ပါးအပြားစီရှိ၏။

- ခုနစ်ပါးကုန်သော ဝိညာဏဋ္ဌိတိတို့လည်းကောင်း
- ခုနစ်ပါးကုန်သော အနုသယ(၇)ပါးတို့သည်လည်းကောင်း
- ခုနစ်ပါးကုန်သော ဗောဇ္ဈင်တို့လည်းကောင်း

ဤသို့ (၇)ပါးစီအပြားရှိ၏။

- ရှစ်ပါးကုန်သော လောကဓမ္မတို့လည်းကောင်း
- ရှစ်ပါးကုန်သော မိစ္ဆတ္တတို့လည်းကောင်း
- ရှစ်ပါးကုန်သော အင်္ဂါရှိသော အရိယာမဂ်တို့လည်းကောင်း

ဤသို့ (၈)ပါးစီအပြားရှိ၏။

- ကိုးပါးကုန်သော သတ္တာဝါသတို့လည်းကောင်း
- ကိုးပါးကုန်သော တဏှာ၏ အကြောင်းရင်းဖြစ်ကုန်သော တရားတို့လည်းကောင်း
- ကိုးပါးကုန်သော သညာမနသိကာရ၏ အကြောင်းရင်းဖြစ်ကုန်သောတရားတို့ လည်းကောင်း

ဤသို့ (၉)ပါးအပြားရှိ၏။

- ဆယ်ပါးသော ဒိသာစရိယတို့လည်းကောင်း
- ဆယ်ပါးသော သံယောဇဉ်တို့လည်းကောင်း
- ဆယ်ပါးကုန်သော သညာတို့လည်းကောင်း

ဤသို့ (၁၀)ပါးစီအပြားရှိ၏။

- ပေါင်းယူသောအားဖြင့် ခန္ဓာဒေသနာ၀ယ် ပေါင်းယူရာ၌ ဒုက္ခသစ္စာကို ခန္ဓာငါးပါးတို့၌ ပေါင်းယူအပ်၏။
- သမုဒယသစ္စာ မဂ္ဂသစ္စာတို့ကို သင်္ခါရက္ခန္ဓာ၌ ပေါင်းယူအပ်ကုန်၏။
- နိရောဓသစ္စာကို ခန္ဓာတို့၌ မပေါင်းယူ မရေတွက်အပ်
- အာယတန၀ယ် ပေါင်းယူရာ၌-
- ဒုက္ခသစ္စာကို (၁၂)ပါးသော အာယတနတို့၌လည်းကောင်း
- ဒုက္ခသစ္စာမှ တစ်ပါးသောသစ္စာ(၃)ပါးတို့ကို ဓမ္မာယတနတို့၌လည်းကောင်း ပေါင်းယူအပ်ကုန်၏။
- ဓာတုသင်္ဂဟာ၌ ဒုက္ခသစ္စာကို (၁၈)ပါးသော ဓာတ်တို့၌လည်းကောင်း၊ ဤမှတစ်ပါး ဓမ္မတို့ ဓာတ်တို့၌လည်းကောင်း ပေါင်းယူအပ်၏။

ဤသို့ အရိယာသစ္စာတို့ကို သိခြင်းအကြောင်းတို့သည် (၁၁)ပါးတို့တည်း။

## ဉာဏဒဿနဝိသုဒ္ဓိကဏ္ဍ

ပရိစ္ဆေဒဉာဏ

ဒိဋ္ဌိဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် အကြင်အခါ၌ ခန္ဓာ, အာယတနဓာတ်တို့ကို ပိုင်းခြားထင်ထင် သိမြင်ကုန်၏-

- ပဋိစ္စသမုပ္ပါဒ်, အရိယာသစ္စာတို့ကို ထိုးထွင်း၍ သိ၏။

- ဓမ္မသဘာဝတို့ကို ထိုးထွင်း၍သိမြင်ရာ ထိုအခါ၌ ထိုယောဂီပုဂ္ဂိုလ်သည် ဤခန္ဓာ, အာယတန, ဓာတ် စသောတရားတို့၌ ခန္ဓာ အစ ရှိသော ဓမ္မမျှကို ကြည့်၍``သတ္တဝါသည် မရှိ၊ အသက်, လိပ်ပြာ, ဝိညာဉ်သည် မရှိ´´

ဤသို့ ထူးထူးခြားခြား သိမြင်နိုင်၏။

- ဤခန္ဓာ စသော တရားတို့၌ နာမ်-ရုပ်မျှသည်သာလျှင်ဖြစ်၏။
- ဤသို့ နာမ်-ရုပ်နှစ်ပါးတို့သည် အချင်းချင်းမှီကုန်၍သာလျှင် ဖြစ်နေကုန်၏။
- ဥပမာမည်သည်ကား.. -စည်ကြိုးသံကဲ့သို့လည်းကောင်း
  -မျက်မမြင်,လက်ခြေမသန်သူတို့ကဲ့သို့ လည်းကောင်း

  နာမ်ကို အမှီပြု၍ ရုပ်တရားသည် ဖြစ်နေ၏။
- ရုပ်တရားကို အမှီပြု၍ အမှီပြု၍ နာမ်တရားသည်လည်း ဖြစ်နေ၏။
- ထိုနာမ်-ရုပ်တရားတို့ကို ကြည့်၍ ကိုယ်ခန္ဓာသည်မရှိ။
- ထိုသို့ပင် မရှိသော်လည်း ယောဂီပုဂ္ဂိုလ်မှတစ်ပါး အခြားသော ပုဂ္ဂိုလ်တို့သည်-

  ``ငါသည်သွားနေ၏ --ဤသို့လည်းကောင်း

  ``ငါသည်ရပ်နေ၏ -- ဤသို့လည်းကောင်း

  ``ထိုသူသည်သွားနေ၏ -- ဤသို့လည်းကောင်း

  ``ထိုသူသည်ရပ်နေ၏ -- ဤသို့လည်းကောင်း ပြောဆိုနေကြ၏။

လူအများ ပြောဆိုနေကြသော ထိုစကားသည် မသင့်မြတ်သည်သာ-

- နာမ်-ရုပ်သည်သာလျှင် သွားနေ၏
- နာမ်-ရုပ်သည်သာ ရပ်နေ၏
- နာမ်-ရုပ်သည်သာ အိပ်၏
- နာမ်-ရုပ်သည်သာ စား၏

ဤသို့လျှင် နာမ်ရုပ်ကိုသာလျှင် ပိုင်းခြားမှတ်သား၏။

ဒုက္ခဖြစ်သော နာမ်ရုပ်တရား၌-

- နာမ်-ရုပ်ဟု သိမြင်တတ်သောဉာဏ်သည်
- အမှန်အတိုင်း သိမြင်တတ်သောဉာဏ်သည်

သံသရာမှ စင်ကြယ်ကြောင်းဖြစ်သော လမ်းစဉ်ပေတည်း။

နာမ်-ရုပ်ကို ပိုင်းခြားမှတ်သားခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

အကြောင်းအထောက်အပံ့ကို သိမ်းဆည်းခြင်း၌ (ပဋိစ္စသမုပ္ပါဒ်ကို သိမ်းဆည်းခြင်း၌ သိတတ်သောဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏)

ရအပ်ပြီးသော သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိတို့နှင့်တကွဖြစ်သော ယောဂီပုဂ္ဂိုလ်၏စိတ်၌ သတ္တဝါသညာဟူသော အမှတ်သညာကို မပယ်အပ်နိုင်သေးသည်၊ အကယ်၍ ဖြစ်ငြားအံ့၊ ထိုယောဂီပုဂ္ဂိုလ်သည် ဒုက္ခ၏အကြောင်းကို (ရုပ်-နာမ် ခန္ဓာအကြောင်းကို) ရှာမှီးအပ်၏။

ပဋိစ္စသမုပ္ပါဒ် ဝေဘန်ခြင်းကို အနုလုံ-ပဋိလုံကို (အပြန်အလှန်ကို) နှလုံးသွင်းအပ်၏။

ဝေဒနာပစ္စယာတဏှာ ဤသို့ အစရှိသောနည်းဖြင့် အနုလုံအားဖြင့် ပိုင်းခြား၍သိအပ်ပြီးသည် ဖြစ်ငြားအံ့၊ ဤသို့ ပဋိစ္စသမုပ္ပါဒ်အနုလုံကို ပိုင်းခြား၍ သိပြီးသော ယောဂီပုဂ္ဂိုလ်သည်-

- အဝိဇ္ဇာဟူသောအကြောင်းကြောင့်- သင်္ခါရတို့သည်ဖြစ်ကုန်၏။
- သင်္ခါရဟူသောအကြောင်းကြောင့်- ဝိညာဏ်တို့သည်ဖြစ်ကုန်၏။
- ဝိညာဏ်ဟူသောအကြောင်းကြောင့်- နာမ်ရုပ်တို့သည်ဖြစ်ကုန်၏။
- နာမ်ရုပ်ဟူသောအကြောင်းကြောင့်-
  သဠာယတနတို့သည်ဖြစ်ကုန်၏။
- သဠာယတနဟူသောအကြောင်းကြောင့်-
  ဖဿတို့သည်ဖြစ်ကုန်၏။
- ဖဿဟူသောအကြောင်းကြောင့်- ဝေဒနာတို့သည်ဖြစ်ကုန်၏။
- ဝေဒနာဟူသောအကြောင်းကြောင့်- တဏှာတို့သည်ဖြစ်ကုန်၏။
- တဏှာဟူသောအကြောင်းကြောင့်- ဥပါဒါန်တို့သည်ဖြစ်ကုန်၏။
- ဥပါဒါန်ဟူသောအကြောင်းကြောင့်-ဘဝတို့သည်ဖြစ်ကုန်၏။
- ဘဝဟူသောအကြောင်းကြောင့်- ဇာတိတို့သည်ဖြစ်ကုန်၏။
- ဇာတိဟူသောအကြောင်းကြောင့်- ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည်ဖြစ်ကုန်၏။

ဤသို့ ဒုက္ခဟူသော နာမ်ရုပ်ဖြစ်ခြင်းသည် ထင်ရှား၏။

ဤသို့ အနုလုံ၏ အစွမ်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ပိုင်းခြားသိခြင်းကို ပြအပ်-ပြသင့်-ပြထိုက်၏။

၁၃၅။ ဤဆိုအပ်ပြီးသောနည်းဖြင့် ပဋိစ္စသမုပ္ပါဒ်တို့ကို (အကြောင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားတို့ကို ပိုင်းခြား၍ သိမ်းဆည်းရှုမှတ်ယူသော ယောဂီပုဂ္ဂိုလ်က ဖြစ်ပေါ်လာသောဉာဏ်သည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

- အကြောင်းကြောင့်ဖြစ်ပေါ်သော အကျိုးကို သိမ်းဆည်းရှုမှတ်ခြင်း၌ သိသောဉာဏ်ကို ကင်္ခါ ဝိတရဏဝိသုဒ္ဓိဟူ၍ သိမှတ်အပ်၏။
- အကြင်အခါ၌ ယောဂီပုဂ္ဂိုလ်သည် ဤဆိုအပ်ပြီးသောနည်းဖြင့် အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရားကို အဖန်ဖန်သိ၏။

- ထိုသို့သိမြင်သောအခါ၌ ထိုယောဂီပုဂ္ဂိုလ်သည် ပဋိလုံ၏ အစွမ်းအားဖြင့် အကြောင်းအကျိုးဖြစ်ရာ (ပဋိစ္စသမုပ္ပါဒ်)ကို ပိုင်းခြား၍ သိမြင်၏။
  - အဝိဇ္ဇာချုပ်ခြင်းကြောင့်- သင်္ခါရချုပ်၏။
  - သင်္ခါရချုပ်ခြင်းကြောင့်- ဝိညာဏ်ချုပ်၏။
  - ဝိညာဏ်ချုပ်ခြင်းကြောင့်- နာမ်-ရုပ်ချုပ်၏။
  - နာမ်-ရုပ်ချုပ်ခြင်းကြောင့်- သဠာယတနချုပ်၏။
  - သဠာယတနချုပ်ခြင်းကြောင့်- ဖဿချုပ်၏။
  - ဖဿချုပ်ခြင်းကြောင့်- ဝေဒနာချုပ်၏။
  - ဝေဒနာချုပ်ခြင်းကြောင့်- တဏှာချုပ်၏။
  - တဏှာချုပ်ခြင်းကြောင့်- ဥပါဒါန်ချုပ်၏။
  - ဥပါဒါန်ချုပ်ခြင်းကြောင့်- ဘဝချုပ်၏။
  - ဘဝချုပ်ခြင်းကြောင့်- ဇာတိချုပ်၏။
  - ဇာတိချုပ်ခြင်းကြောင့်- ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့သည် ချုပ်ကုန်၏။

ဤယောဂီပုဂ္ဂိုလ်သည်-ပဋိလောမပဋိစ္စသမုပ္ပါဒ်ကို ပိုင်းခြားထင်ထင် သိမြင်တတ်သော သညာဖြင့် ဆင်းရဲ၏ (ဝါ) ဆင်းရဲဖြစ်စေသော ခန္ဓာငါးပါး၏ အကြောင်းရင်းကို ပိုင်းခြားထင်ထင်သိမြင်၏။

ဤသို့သော ထိုယောဂီပုဂ္ဂိုလ်သည် ခန္ဓာ၌တပ်မက်မှုတဏှာကို ပယ်ခြင်းအကြောင်းကို ရှာမှီး၏။

ထိုအခါ၌ ထိုယောဂီပုဂ္ဂိုလ်သည် ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာငါးပါး လောကီတရားတို့၌ တရားရှုစ်ဆယ်သောအစဉ်တို့ဖြင့် တပ်မက်မှု တဏှာကို ရှောင်ကြဉ်၏။

- အတိတ်ဖြစ်သော ရုပ်သည်ရှိ၏၊
- အနာဂါတ်ဖြစ်သော ရုပ်သည်ရှိ၏၊

- ပစ္စုပ္ပန်ဖြစ်သော ရုပ်သည်ရှိ၏။
- အဇ္ဈတ္တဖြစ်သောရုပ်သည်ရှိ၏။
- ဗဟိဒ္ဓဖြစ်သော ရုပ်သည်ရှိ၏။
- ကြီးသောရုပ်သည်ရှိ၏၊ သေးငယ်သောရုပ်သည်ရှိ၏။
- ရုပ်ရင်းကြမ်းတမ်းသော ရုပ်သည်ရှိ၏၊ သိမ်မွေ့နူးညံ့သောရုပ်သည် ရှိ၏၊
- ဝေးသောအရပ်၌ ရှိသောရုပ်သည်ရှိ၏၊ နီးသောအရပ်၌ရှိသော ရုပ်သည်ရှိ၏။
- အလုံးစုံသော ရုပ်တရားတို့ကို မမြဲဟူ၍ ရှု၏။
- ရူပက္ခန္ဓာ၌ နလုံးသို့ တင်ရှုဆင်ခြင်သကဲ့သို့ ဤအတူ ကြွင်းခန္ဓာ လေးပါးတို့၌လည်း နလုံးသို့ တင်ရှုဆင်ခြင်၏။

ဤရူပက္ခန္ဓာ အတူသာလျှင် ဤရူပက္ခန္ဓာမှတစ်ပါးကုန်သော နာမက္ခန္ဓာ လေးပါးတို့၌လည်း တဏှာကို ရှောင်ကြဉ်၏။

- တစ်ပါးစီ တစ်ပါးစီသောခန္ဓာ၌ (၁၂)မျိုးတို့၏ အစွမ်းအားဖြင့် (၆၀) အပြားရှိ၏။
- ထို(၆၀)အပြားရှိသော အနိစ္စဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခပေ တည်း၊ ဒုက္ခ၊ အနတ္တ နှစ်ပါးဖြင့် မြောက်ပွားအပ်သည်ရှိသော် (၁၈၀)သော အခြင်းအရာအပြားတို့သည် ဖြစ်ကုန်၏။
- ထိုမှ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာတို့သည် တဏှာ၏ အစွမ်းအားဖြင့်-
    - အဇ္ဈတ္တာယတန - ၆ ပါး
    - ဗဟိဒ္ဓါယတန - ၆ ပါး
    - ဝိညာဏကာယ - ၆ ပါး
    - ဖဿကာယ - ၆ ပါး
    - ဝေဒနာကာယ - ၆ ပါး

- သညာကာယ - ၆ ပါး
- စေတနာကာယ - ၆ ပါး
- တဏှာကာယ - ၆ ပါး
- ဝိတက် - ၆ ပါး
- ဝိစာရ - ၆ ပါး

ဤသို့လျှင် (၁၈၀)သော အခြင်းအရာတို့ကို ပိုင်းခြားထင်ထင် သိမြင်ခြင်းတို့သည် ဖြစ်ကုန်၏။

- ယောဂီပုဂ္ဂိုလသည် အလုံးစုံသော သင်္ခါရတို့သည် ခဏတိုင်း၊ ခဏတိုင်း ဖြစ်နေသော အခြင်းအရာမှတစ်ပါးသော အခြင်းအရာ အဖြစ်သို့ ရောက်ကုန်၏။

ဤသို့ မှတ်ကုန်၏။

- အလုံးစုံသော သင်္ခါရတို့သည် အမြဲအသစ်အသစ်တို့သာတည်း။ ဤသို့ မှတ်သားအပ်ကုန်၏။
- ဆီမီးလျှံကဲ့သို့ အမြဲအသစ်အသစ်တို့သည် အသစ်အသစ်တို့သာလျှင် ဖြစ်ကုန်၏။
- ထိုမှတစ်ပါး အလုံးစုံကုန်သော သင်္ခါရတို့သည် ပြောင်းလဲ၍ ဖြစ်နေကုန်၏။
- အမြဲထာဝရ အနှစ်သာရရှိသော အတ္တတို့မဟုတ်ကုန်။

ဤသို့ မှတ်သားအပ်၏။

- အနိစ္စာနုပဿနာကြောင့် နိစ္စနိမိတ်မရှိခြင်းသဘောသည် ဖြစ်၏။
- ဒုက္ခာနုပဿာနာကြောင့် တဏှာဟူသော တောင့်တခြင်းမရှိသော သဘောသည် ဖြစ်၏။
- အနတ္တာနုပဿနာကြောင့် အတ္တမှကင်းဆိတ်ခြင်း သဘောသည် ဖြစ်၏။
- သုံးပါးကုန်သော ဘဝတို့ကိုလည်းကောင်း

- ငါးပါးကုန်သော ဂတိတို့ကိုလည်းကောင်း
- ခုနစ်ပါးကုန်သော ဝိညာဏဋ္ဌိတိတို့ကိုလည်းကောင်း
- ကိုးပါးကုန်သော သတ္တာဝါသတို့ကိုလည်းကောင်း
- အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ သိ၏။

ဥဒယဗ္ဗယဉာဏ်

ဤသို့ ငါးပါးကုန်သော ဥပါဒါနဲ၏ အာရုံဖြစ်ကုန်သောခန္ဓာ၌ လက္ခဏာ သုံးပါး၏သဘောကို သိပြီးသောယောဂီပုဂ္ဂိုလ်သည် ထိုဥပါဒါနက္ခန္ဓ၌ ဖြစ်ကုန်သော ကိလေသာတို့ကို ပယ်စွန့်ခြင်းငှါသာလျှင် တောင့်တအလိုရှိအပ်၏။

ထိုယောဂီပုဂ္ဂိုလ်သည် ဥပါဒါနဲတို့ကို ပယ်ခြင်းအကျိုးငှါ ကိလေသာ နိမိတ်၊ သမထနိမိတ်၊ ဝိပဿနာနိမိတ်တို့အားဖြင့် သုံးပါးကုန်သော နိမိတ်တို့ဖြင့် ခန္ဓာငါးပါး၏ဖြစ်ခြင်း-ပျက်ခြင်းကို ပိုင်းခြား၍ ယူအပ်၏၊ သိမ်းဆည်း ရှုမှတ်၏။

ကိလေသာ၊ သမထ၊ ဝိပဿနာအားဖြင့် သုံးပါးကုန်သော အာရုံနိမိတ် ယူခြင်းတို့တွင် ကိလေသာ၏အာရုံနိမိတ်ကိုယူခြင်း၊ သိခြင်းသည် ဖေါက်ပြန် စွာယူခြင်း၊ သိခြင်းကို ပယ်နိုင်ခြင်းသည်ဖြစ်၏။

မမြဲသောသဘော မခိုင်ခန့်သောသဘော၊ မတင့်တယ်သောသဘော၊ ဆင်းရဲသောသဘော ရှိကုန်သော တည်ရာခန္ဓာတို့၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နိစ္စ သညာ၊ ဓုဝသညာ၊ သုဘသညာ၊ သုခတ္တသညာတို့ကို ပယ်နိုင်ခြင်းသည် ဖြစ်၏။

ဆီကို လောင်းထည့်လိုက်သည်ရှိသော် ဆီမီးရောင်၏ အမိုက်တိုက်၊ အမိုက်မှောင်ကို ပယ်စွန့်သကဲ့သို့ အလားတူ ကိလေသာတည်းဟူသော အမိုက်တိုက်အမှောင်ကို ပယ်စွန့်၏။

ဤဆိုအပ်ပြီးသည်ကား ကိလေသာနိမိတ်ကိုယူခြင်း၊ သိခြင်းပေတည်း။

အာလောက၊ အာကာသသည် ကြဉ်အပ်သော (၃၇)ပါးသော အာရုံ ဖြစ်၍ ဖြစ်ကုန်သော ကမ္မဋ္ဌာန်းတို့၌ တစ်ခုသောအာရုံနိမိတ်ကို ပွားများသည် ရှိသော် စိတ်ကို နီဝရဏတို့မှ သုတ်သင် စင်ကြယ်စေ၏။ ချီးမြှောက်၏။

ချွန်ဖြင့် ဆင်ကိုကောင်းစွာ တည်စေသကဲ့သို့ အလားတူ ကမ္မဋ္ဌာန်း အာရုံ၌ စိတ်ကိုကောင်းစွာ တည်စေ၏။

ဤသည်ကား နှစ်ခုမြောက်ဖြစ်သော သမာဓိအာရုံနိမိတ် သိခြင်းပေ တည်း။

သုံးခုမြောက်သော ဝိပဿနာဉာဏ်၏ အာရုံနိမိတ်ယူခြင်းကို ဤသို့ သိအပ်၏။

ခန္ဓာငါးပါးတို့၌ဖြစ်ခြင်း၊ ပျက်ခြင်းကို သဘောတရားတို့ကို မှန်ကန်စွာ ထူးထူးသိမြင်ခြင်းသည် ဝိပဿနာနိမိတ္တဂ္ဂဟဏမည်၏။

ကြမ်းတမ်းသော လတ်တလော လက်ငင်းချက်ချင်း သေစေတတ်သော အဆိပ်ရှိသောမြွေကို(အဆိပ်ပြင်းထန်သောမြွေကို)ဖမ်းယူမိသော ယောကျာ်း သည် စွန့်ပစ်ခြင်းငှါ အလိုရှိသည်ဖြစ်သကဲ့သို့ အလားတူ ကိလေသာ၊ သမထ၊ ဝိပဿနာအားဖြင့် (၃)ပါးကုန်သော အာရုံနိမိတ်ယူခြင်း- သိခြင်းတို့ဖြင့် ပိုင်းခြား၍ သိအပ်ပြီးသော လက္ခဏာရှိသော ခန္ဓာငါးပါး၌-

- အာရုံအားဖြင့်လည်းကောင်း
- နှလုံးသို့ တင်-ရှုဆင်ခြင်ခြင်းဖြင့်လည်းကောင်း

ဤသို့ (၂)ပါးကုန်သော လက္ခဏာတို့ဖြင့် ထိုကိလေသာတရားတို့ကို ပယ်စွန့်နိုင်၏။

- အကြောင်းအားဖြင့်လည်းကောင်း
- အထောက်အပံ့အားဖြင့်လည်းကောင်း
- မိမိ, မိမိတို့၏ ကိစ္စလက္ခဏာအားဖြင့်လည်းကောင်း

ဤသို့ သုံးပါးကုန်သော အကြောင်းတို့ဖြင့် ခန္ဓာတို့၏ ဖြစ်ခြင်း-ပျက်ခြင်း ကို ပိုင်းခြား၍ ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်သည်-

- တူသောလက္ခဏာရှိကုန်သော တရားတို့ကိုလည်းကောင်း
- အထူးထူးသော သဘောရှိကုန်သော တရားတို့ကိုလည်းကောင်း
- ပြုပြင်ခြင်းသဘောမရှိကုန်သော တရားတို့ကိုလည်းကောင်း
- မှန်ကန်သော တရားတို့လည်းကောင်း

ဤတရားတို့ကို အကြောင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်-နာမ်အစဉ်၏ မပြတ်မစဲသိခြင်းကို သိသော ဧကတ္တနည်း-

- အဝိဇ္ဇာ အစရှိသောတရားတို့၏ မိမိတို့ဆိုင်ရာ သဘောလက္ခဏာကို ပိုင်းခြား၍သိသော နာနတ္တနည်း
- ဓမ္မသဘာဝတို့၏ ကြောင့်ကြဗျာပါရ မရှိဘဲ သဘာဝအတိုင်း ဖြစ်နေသည်ကို သိသော အဗျာပါရနည်း
- သဘာဝနိယာမအတိုင်း သဘာဝဓမ္မတို့ဖြစ်နေပုံကို သိသော ဧဝံဓမ္မတာနည်း

ဟူသော လေးပါးသော အကြောင်းတို့ဖြင့် ပယ်စွန့်၏။

ဤသို့ ခန္ဓာတို့၏ဖြစ်ခြင်း အစွမ်းအားဖြင့် သင်္ခါရတို့ကို ပိုင်းခြားထင်ထင် သိမြင်တတ်သောဉာဏ်ကို ဖြစ်စေ၏။

<u>ဘင်္ဂါနုပဿနာဉာဏ်</u>

၁၃၉။ ရုပ်-နာမ် နှစ်သင်း-ဖြစ်ပျက်ခြင်းကို သိမြင်ပြီးသော-

- သင်္ခါရတို့၏အပြစ်ကို သုံးသပ်ရှုမှတ်ဆင်ခြင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် ရုပ်-နာမ်တို့၏ ဖြစ်ခြင်းကိုပယ်၍ ပျက်ခြင်းသဘောမျှကို သာလျှင် အဖန်ဖန်ရှု၏။

ထိုယောဂီပုဂ္ဂိုလ်သည် -အပေါင်းအစည်းအားဖြင့်လည်းကောင်း
-အစုံအစုံအားဖြင့်လည်းကောင်း
-အပိုင်းအခြားအားဖြင့်လည်းကောင်း

ဤသို့ (၃)ပါးသောလျှင်ဖြစ်သောအခြင်းအရာတို့ဖြင့် ပျက်ခြင်းသဘောကို ရှု၏။

- ဖေါက်ပြန်ခြင်းသဘောရှိကုန်သော
- ဖြစ်ခြင်းသဘောရှိကုန်သော
- ရင့်ရော်ဆွေးမြေ့ခြင်းသဘောရှိကုန်သော
- ပျက်စီးခြင်းသဘောရှိကုန်သော အလုံးစုံသော သင်္ခါရတရားတို့ကို ဉာဏ်ဖြင့် ရှုမြင်ထင်၏။

ဝိပဿနာစိတ်ကြောင့်ဖြစ်သော

- အရောင်အလင်းလည်းကောင်း
- ဝိပဿနာဉာဏ်လည်းကောင်း
- ဝိပဿနာနှင့်ယှဉ်သော နှစ်သက်သော ပီတိ(၅)မျိုးလည်းကောင်း
- ဝိပဿနာနှင့်ယှဉ်သော ကိုယ်စိတ်တို့၏ ငြိမ်းအေးမှုလည်းကောင်း
- ဝိပဿနာနှင့်ယှဉ်သော ချမ်းသာခြင်းလည်းကောင်း
- ဝိပဿနာနှင့်ယှဉ်သော စိတ်,စေတသိက်တို့ကို အလွန်အကဲ ကြည်လင်စေတတ်သော အားကြီးသောယုံကြည်မှု ဆုံးဖြတ်မှု လည်းကောင်း
- ဝိပဿနာနှင့်ယှဉ်သောမလျော့လွန်း-မတင်းလွန်းသော ကောင်းစွာ ချီးမြှောက်တတ်သော အားထုတ်မှုလည်းကောင်း
- ဝိပဿနာနှင့်ယှဉ်သော ကောင်းစွာထင်သော၊ ကောင်းစွာ တည်တံ့သော မလှုပ်ရှားသော အမှတ်ရမှု (သတိ)လည်းကောင်း
- ဝိပဿနာနပေက္ခာ၊ အာဝဇ္ဇနာနပေက္ခာ အစရှိသော လျစ်လျူရှုမှု တို့လည်းကောင်း
- ဝိပဿနာ၌ ငြိကပ်တွယ်တာခြင်း(နိကန္တိ)လည်းကောင်း

ဝိပဿနာ၏ ဘေးရန်တို့ကိုလည်း ပယ်အပ်ကုန်၏။

- ကာမမှထွက်မြောက်ခြင်း လွတ်မြောက်ခြင်း၊ တစ်ဖန် စွန့်လွှတ်ခြင်း သည်ဖြစ်၏။
- လောကီတရားတို့သည် သင်္ခါရတရားလျှင် အာရုံရှိကုန်၏။
- လောကုတ္တရာတရားတို့သည် နိဗ္ဗာန်လျှင် အာရုံရှိကုန်၏၊ အာရုံပြု ကုန်၏။
- ဟုတ်မှန်တိုင်းသော သဘောအစွမ်းအားဖြင့် ရှုမြင်သောယောဂီ ပုဂ္ဂိုလ်သည် ဖြစ်ပျက်သင်္ခါရတို့၏ အလုံးစုံသော ဤပျက်ခြင်း သဘောကိုသာလျှင် ရှု၏။
- ပျက်စီးခြင်းကို အဖန်ဖန်ရှုတတ်သော ဤဉာဏ်သည် အလုံးစုံပြီး ပါ၏။

<u>ဘေရဿမ နိဗ္ဗာနကဏ္ဍ</u>

<u>ဿစ္စဝိဘာဂ၊ ဘယတုပဋ္ဌာနဉာဏ်</u>

၁၄၀။ သင်္ခါရတို့၏ ပျက်ခြင်းကို အဖန်ဖန်ရှုမြင်သော ယောဂီပုဂ္ဂိုလ်သည် ပျက်ခြင်းသဘောကို အမှီပြု၍-
- ခန္ဓာတို့မှလည်းကောင်း
- သင်္ခါရတို့မှလည်းကောင်း ကြောက်၏။
- ကာမ၊ ရူပ၊ အရူပ ဟူသော သုံးပါးသော ဘဝတို့ကိုလည်းကောင်း
- ဒေဝ၊ မနုဿ၊ နိရယနှင့် ပေတ၊ နိရစ္ဆာန ငါးဖြာကုန်သော ဂတိ တို့ကိုလည်းကောင်း
- ခုနစ်ပါးကုန်သော ဝိညာဏဋ္ဌိတိတို့ကိုလည်းကောင်း
- ကိုးပါးကုန်သော သတ္တာဝါသတို့ကိုလည်းကောင်း
- ဒါနောရကျိုက်ဘီလူးသည် သိမ်းပိုက်ထားအပ်သော တောအုပ်ကဲ့ သို့လည်းကောင်း၊ သံလျက်ကိုချိမိုးလျက် အစဉ်တစိုက် နောက်က

တကောက်ကောက်လိုက်နေသော ရန်သူရှိသော ကြောက်လန့်နေသော ယောကျ်ားကဲ့သို့လည်းကောင်း၊

- ကြမ်းတမ်းသော လတ်တလောလက်ငင်း သေစေတတ်သော အဆိပ်ရှိသောမြွေကဲ့သို့လည်းကောင်း(အဆိပ်ပြင်းသော မြွေကဲ့သို့လည်းကောင်း) ရှုမြင်၏။
- ကြောက်လန့်နေသော သဘောရှိသော ယောကျ်ားကဲ့သို့ အနိမိတ္တာနုပဿနာဖြင့် စိတ်သည် တည်နေ၏။
-

## မုစ္စိတုကမျတာဉာဏ

၁၄၁။ အကြင်အခါ၌ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတရားတို့ကို ကြောက်ဖွယ်လီလီ ဘေးအတိဖြင့် ရှုမြင်၏။

- ထိုယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတို့မှ ထက်ဝန်းကျင်မှ လွတ်မြောက်ခြင်းငှါ အလိုရှိသည်ဖြစ်၏။
- မီးဖြင့် ထက်ဝန်းကျင်မှ တဟုန်းဟုန်းတောက်လောင်နေသော အိမ်၌ အသက်ရှင်ခြင်းငှါ အလိုရှိသော အိမ်သူ-အိမ်သားတို့ကဲ့သို့လည်းကောင်း
- ခိုးသူစားပြတို့ ဝိုင်းခံထားရသော ယောကျ်ားကဲ့သို့လည်းကောင်း
- အလုံးစုံသော သင်္ခါရတို့မှ လွတ်မြောက်ခြင်းငှါ အလိုရှိသည်ဖြစ်၏။
- အာဒိနဝါနုပဿနာဉာဏ်၊ ဘယတုပဋ္ဌာနဉာဏ် အစရှိသည်တို့သည် ဤမုစ္စိတုကမျတာ ဉာဏ်၌သာလျှင် အကျုံးဝင် ပါဝင်ကုန်သည်သာ

<u>အနုလောမဉာဏ</u>

- အကြင်အခါ၌ ယောဂီပုဂ္ဂိုလ်သည် မုစ္စိတုကမျတာဉာဏ်ကို ဖြစ်စေ၏၊
- အလုံးစုံသော သင်္ခါရတို့မှ လွတ်မြောက်ခြင်းကို မြင်၏။
- ပဋိသင်္ခါနုပဿနာဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်တို့၏ အခြားမဲ့၌ အနုလောမဉာဏ်ကို ဖြစ်စေ၏။
- ခပ်သိမ်းကုန်သော သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ အတ္တမဟုတ်ကုန်။
- ထိုသင်္ခါရတရားတို့၏ မြဲသောသဘောရှိသည်အဖြစ်၊ ချမ်းသာသော သဘောရှိသည်အဖြစ်
  မဖေါက်ပြန်သောသဘောရှိသည်အဖြစ်သည် မရှိပါပေ။

ဤသို့ ကောင်းစွာမှတ်၏။

- (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ကို နှလုံးသွင်း၏။
- သတိပဋ္ဌာန် အစရှိကုန်သော (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့၌ သိသောဉာဏ်သည် သစ္စာနုလောမဉာဏ်နှင့်တကွသော အနုလောမဉာဏ်မည်ပါ၏။

<u>ဂေါတြဘူဉာဏ</u>

၁၄၃။ ပုထုဇဉ်တို့၏ အနွယ်အဆက်ကို လွှမ်းမိုးဖြတ်တောက်တတ်၏။ အရိယာတို့၏ အနွယ်အဆက်ကို ပွားစေတတ်၏။ သို့အတွက် ဂေါတြဘူဉာဏ်မည်ပါ၏။

- ထိုဂေါတြဘူဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်ပါ၏။
- မဂ်ဉာဏ်လည်းမဖြစ်။
- ကိုးပါးကုန်သော မဟာဝိပဿနာဉာဏ်တို့၏ အဆုံး၌ မဂ်ဉာဏ်ထက် အထူးသဖြင့် ရှေးဦးစွာ ဖြစ်၏။

- မဂ်ဉာဏ်၏ အာဝဇ္ဇာန်းအရာ၌ တည်သည်ဖြစ်၏။
- ဝိပဿနာဉာဏ်ယာဉ်၏အဆုံး၌ ကျရောက်သည်၏ အဖြစ်ကြောင့် ဝိပဿနာဉာဏ် ဟူသော အရေအတွက်သို့ရောက်၏။
- မဂ်ဉာဏ်ကို ဆင်ခြင်တတ်သော အရာမည်သည်ဖြစ်၏။
- ဂေါတြဘူဉာဏ်၏ အခြားမဲ့၌သာလျှင် ဒုက္ခသစ္စာ၌ သိခြင်းသည် ဖြစ်၏။
- ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို ပယ်စွန့်၏။
- ဒုက္ခချုပ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြု၏။
- မဂ္ဂသစ္စာကို ပွားများ၏။
- သောတာပတ္တိမဂ်ဉာဏ်သည်ဖြစ်၏။
- အလုံးစုံလည်းဖြစ်ကုန်သော မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်ကုန် သော တရားတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။
- မရှေ့မနှောင်း တစ်ပြိုင်နက် သစ္စာကို ပိုင်းခြား၍ သိခြင်းကိုပြု၏။

ဥပမာပြရမူ-

- ဤသစ္စာလေးပါးကို ပိုင်းခြား၍ သိသောဉာဏ်သည်၊ လှေသည် အပြောကျယ်စွာ သမုဒ္ဒရာပင်လယ်ကို ကူးမြောက်စေသကဲ့သို့ ထိုအတူ အပြောကျယ်စွာ သံသရာတည်းဟူသော သမုဒ္ဒရာကို လွန်မြောက်စေနိုင်၏။
- အမိုက်တိုက်၊ အမိုက်မှောင်ကို ဖျက်ဆီး၍ အရောင်အလင်းကို ဖြစ်စေသော ဆီမီးကဲ့သို့ ကိလေသာတည်းဟူသော အမိုက်တိုက် အမိုက်မှောင်ကိုဖျက်ဆီး၍ ဝိဇ္ဇာဉာဏ်တည်းဟူသော အလင်းရောင် ကိုဖြစ်စေလျက် နေထွက်လာသကဲ့သို့ လောကုတ္တရာတရားကို ထွန်းလင်းတောက်ပစေလျက်ဖြစ်၏။

ဥပမာ တစ်နည်းကား-

- ဂေါတြဘုဉာဏ်ကို ကိလေသာတည်းဟူသော မီးတောက်မီးလျှံဖြင့် တဟုန်းဟုန်း တောက်လောင်နေသော ကာမ၊ ရူပ၊ အရူပဟူသော ဘဝသုံးဖြာ မြို့မဟာကို မခင်မတွယ် စွန့်ပစ်ပြီး၍ ပြေးလာသော ဘေးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်မြို့တံခါး၌ တစ်ဘက်သော ခြေတောက်ကိုထား၍ ရပ်တည်သောယောကျာ်းကဲ့သို့ မှတ်အပ်၏။
- ခြေနှစ်ဖက်လုံးကိုသာလျှင် အန္တရာယ်တို့ကုန်ရာ မြို့တံခါး၏ အတွင်းတို့၌ တည်နေသော ယောကျာ်းကဲ့သို့လည်း မဂ်ဉာဏ်ကို မှတ်သားအပ်သည်သာ။
- ထိုမှတစ်ပါး ဂေါတြဘုဉာဏ်သည် ခြေတစ်ဘက်ဖြင့် ဘေးမရှိရာ ဖြစ်သော နိဗ္ဗာန်မြို့တော်ကို တစ်ဘက်ထောက်ခြေဖြင့် လွန်မြောက် နိုင်ခဲသော ဘဝသုံးပါးတည်းဟူသော မြို့ကိုနင်း၍ တည်သော ယောကျာ်းကဲ့သို့ ကောင်းစွာလွန်မြောက်ပြီးမှုသည် မဟုတ်သေး။
- မဂ်ဉာဏ်သည် နှစ်ဖက်လုံးလည်းဖြစ်ကုန်သော ခြေတို့ဖြင့် ဘေးတို့၏ ကုန်ရာ နိဗ္ဗာန်မြို့တော်၌ အလုံးစုံသော ဘေးအန္တရာယ်တို့ကို တားဆီးလျက် သွားသောယောကျာ်းကဲ့သို့ ထိုအတူ အလုံးစုံသော ဘဝသုံးပါးတို့၌ ဖြစ်သော ဘေးရန်တို့ကို တားမြစ်လျက် တည်နေ သည်ဖြစ်၏။ ဤသို့ မှတ်အပ်၏။

၁၄၄။ သစ္စာလေးပါးကို ပိုင်းခြား၍ သိတတ်သောဉာဏ်ကို ရပြီး သောယောဂီပုဂ္ဂိုလ်သည်-

- သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော သုံးပါး ကုန်သော သံယောဇဉ်တို့ကို အပြီးတိုင် ပယ်စွန့်၍ နိဗ္ဗာန် ဟူသော လမ်းကြောင်းအယာဉ်သို့ ရောက်သည်ဖြစ်၍ အရိယာ ပုဂ္ဂိုလ်ဟူ၍ ရေတွက်ခြင်းသို့ရောက်၏။
- သက္ကာယဒိဋ္ဌိကို ပယ်ခြင်းကြောင့် အလုံးစုံဖြစ်ကုန်သော (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိအယူတို့ကို ပယ်စွန့်ပြီးသည်သာလျှင်ဖြစ်၏။

- သက္ကာယဒိဋ္ဌိသည် အလုံးစုံသောလျှင်ဖြစ်ကုန်သော မိစ္ဆာဒိဋ္ဌိတို့၏ အမြစ်ကဲ့သို့ဖြစ်၏။
- ထိုသောတာပန်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်တိုင်အောင် အစဉ်အားဖြင့် မဂ်-ဖိုလ်တို့ကို ပွားများ၏။
- သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသည်ရှိသော် ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်ပေါ်လာ၏။
- သောတာပန်ပုဂ္ဂိုလ်တို့သည်-
    - နသောက္ကန္ဒြေရှိသော ခုနစ်ကြိမ်သောဘဝတို့၌ ဖြစ်ခြင်းရှိသော သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်လည်းကောင်း
    - အလယ်အလတ်က္ကန္ဒြေရှိသော အမျိုးမြတ်တစ်ခုမှ အမျိုးမြတ်တစ်ခု၌ဖြစ်သော ကောလံကောလ သောတာပန်ပုဂ္ဂိုလ်လည်းကောင်း
    - ထက်မြက်သော က္ကန္ဒြေရှိသော ဘဝမျိုးစေ့တစ်ခုသာရှိသော ဧကဗီဇသောတာပန်ပုဂ္ဂိုလ်လည်းကောင်း

ဤသို့ (၃)မျိုးတို့သည် ဖြစ်ကုန်၏။

- သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသအားဖြင့် သုံးပါးကုန်သော သံယောဇဉ်တို့ကို ပယ်ခြင်းကြောင့် ကာမရာဂ-ဗျာပါဒတို့၏ အဖြစ်နည်းကုန်သည်၏အဖြစ်ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်သည်ဖြစ်၏။
- တစ်ကြိမ်သာလျှင် ကာမဓာတ်ဟူသော ဘဝသို့ (ပဋိသန္ဓေအားဖြင့်) ပြန်လာခြင်း ရှိသည်ဖြစ်၏။
- ငါးပါးကုန်သော အောက်ကာမဘုံဟူသော အဖို့အစု၌ ဖြစ်ကုန်သော သံယောဇဉ်တို့ကို ပယ်ခြင်းကြောင့် ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာခြင်းကြောင့် အနာဂါမ်ပုဂ္ဂိုလ်သည် ဖြစ်၏။

- မူလဘုံ၌ ဖြစ်ကုန်သော အောက်ဘုံလေးဘုံတို့တွင် တစ်ခု တည်းသောဘုံ၌ အလွန်အကဲ အားမထုတ်ရဘဲ ချမ်းသာ လွယ်ကူစွာဖြင့် ရဟန္တာဖြစ်လတ့်သော အသင်္ခါရပရိ နိဗ္ဗာယီ အနာဂါမ်လည်းကောင်း
- အားထုတ်မှုနှင့်တကွ ကိလေသာငြိမ်းသော သသင်္ခါရပရိနိဗ္ဗာ ယီအနာဂါမ်ပုဂ္ဂိုလ် လည်းကောင်း
- သုဒ္ဓါဝါသဘုံ၌ဖြစ်၍ အသက်တမ်း၏ အလယ်သို့ မရောက်မီ ကိလေသာငြိမ်းသော ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်ပုဂ္ဂိုလ် လည်းကောင်း
- အကြား၌ ကိလေသာငြိမ်းသော အန္တရာပရိနိဗ္ဗာယီအနာဂါမ် ပုဂ္ဂိုလ်သည်လည်းကောင်း
- အထက်သို့ ဆန်တက်၍ အကနိဋ္ဌဘုံသို့သွားသော ဥဒ္ဓံ သောတာအနိဋ္ဌဂါမိအနာဂါမ် ပုဂ္ဂိုလ်သည်လည်းကောင်း

ဤသို့ ငါးယောက်စီ၏အစွမ်းအားဖြင့် (၂၀)သော အနာဂါမ် ပုဂ္ဂိုလ်တို့လည်းကောင်း-

- အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတအကနိဋ္ဌဂါမိဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်ကို ပယ်စွန့်၍ လေးယောက်တို့လည်းကောင်း

ဤသို့ (၂၄)ယောက်သော အနာဂါမိပုဂ္ဂိုလ်တို့သည် ဖြစ်ကုန်၏။

- စင်ကြယ်သော အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့နေရာ သုဒ္ဓါဝါသဘုံ တို့သည်-
  - အဝိဟာဘုံ
  - အတပ္ပါဘုံ
  - သုဒဿာဘုံ
  - သုဒဿီဘုံ
  - အကနိဋ္ဌာဘုံ ဟူ၍ (၅)ဘုံတို့သည် ဖြစ်ကုန်၏။

- သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော အနာဂါမ်ပုဂ္ဂိုလ်တို့သည် ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန် စံဝင်တော်မူကြကုန်သည် ဖြစ်ကုန်၏။
- ထိုသုဒ္ဓါဝါသအနာဂါမ်ပုဂ္ဂိုလ်တို့သည် အလုံးစုံသော ကိလေသာဟူသော ပူပန်ခြင်းတို့ကို ပယ်ဖျောက်ကြကုန်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

<u>ပကိဏ္ဏကဓမ္မ</u>

၁၄၅။ နှစ်မျိုးသောဝိပဿနာတို့လည်းကောင်း
- ဝိတက်လည်းကောင်း
- ပီတိလည်းကောင်း
- ဝေဒနာလည်းကောင်း
- ဖြစ်ရာအခိုက်အတန့်လည်းကောင်း
- သုံးပါးသော လောကုတ္တရာဏ္ဏဝေ်တို့လည်းကောင်း
- ဝိမောက္ခလည်းကောင်း
- ကိလေသာတို့လည်းကောင်း
- သမာပတ်နှစ်မျိုးတို့ကိုဝင်စားခြင်းလည်းကောင်း
- ထိုရောပြွမ်းသော တရားတို့ကို သိအပ်၏၊ သိသင့်-သိထိုက်၏။
- အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ အဘယ်သို့ အားထုတ်မှုပြုသနည်း?

ဤသို့ ဤပကိဏ္ဏကတရားတို့ကို ထင်ရှားစေခြင်းငှါ သိအပ်ကုန်သည်သာ။

ဝိပဿနာ

၁၄၆။ ဝိပဿနာတို့သည်-

- ရာနဝိပဿနာလည်းကောင်း
  ရာန်တည်းဟူသော အဆီ၊ အစေးခန်းခြောက်သော ဝိပဿနာသက်သက် လည်းကောင်း

ဤသို့ (၂)မျိုးရှိ၏။

- ယောဂီပုဂ္ဂိုလ်သည် သမာဓိ၏ အစွမ်းအားဖြင့် ငါးပါးကုန်သော နီဝရဏတို့ကို အကယ်၍ ပယ်စွန့်သည်ဖြစ်အံ့။
- ထိုယောဂီပုဂ္ဂိုလ်သည် သမာဓိလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများ၏။

မိမိ၏ပညာအစွမ်းအားဖြင့် နီဝရဏတို့ကို အကယ်၍ ပယ်စွန့်သည်ဖြစ်အံ့။

- ဝိပဿနာရှေ့သွားရှိသော သမထကို ပွားများ၏။
- ဝိတက်ကို သုက္ခဝိပဿနာ၏ အစွမ်းအားဖြင့် ချုပ်၍ပြအပ်ပြီး-

ဤယောဂီပုဂ္ဂိုလ်သည်-

- ရအပ်ပြီးသော ဓမ္မကိုလည်းကောင်း
- မရအပ်သေးသော ဓမ္မကိုလည်းကောင်း

အဘယ်နည်း-အဘယ်နည်း-ဘာလဲ-ဘာလဲ ဟူ၍ ပြ၏။

- ဝိတက်နှင့်တကွဖြစ်သော ပထမရာန်ဖြစ်ရာ အခိုက်အတန့် လည်းကောင်း
- ဝိတက်မရှိသော ဒုတိယရာန်၏ဖြစ်ရာ အခိုက်အတန်းလည်းကောင်း
- ပီတိနှင့်တကွဖြစ်သော တတိယရာန်ဖြစ်ရာ အခိုက်အတန့် လည်းကောင်း
- ပီတိမရှိသော စတုတ္ထရာန်-ပဉ္စမရာန် အခိုက်အတန့်လည်းကောင်း

ဤသည်တို့ကို သောတာပတ္တိမဂ်သည် ဒဿနဘူမိမည်၏။
တစ်နည်းကား--မိစ္ဆဒိဋ္ဌိတည်း-သက်ပ္ပဘူမိမည်၏။
- သောတာပတ္တိမဂ်မှကြွင်းကုန်သော
အထက်မဂ်သုံးပါးတို့သည်လည်းကောင်း
- ဖိုလ်လေးပါးတို့သည်လည်းကောင်း
- အနိစ္စအားဖြင့် နှလုံးသွင်းခြင်းသည်လည်းကောင်း၊ သက်ပ္ပဘူမိ
မည်၏။
- လေးပါးကုန်သော မဂ်ဉာဏ်တို့သည်လည်းကောင်း၊ သုံးပါးသော
အောက်ဖိုလ်တို့သည် လည်းကောင်း၊ သေခဘူမိမည်၏။
- အရဟတ္တဖိုလ်သည် အသေခဘူမိမည်၏။
၁၄၇။ အနညာတညဿာမိတိန္ဒြေလည်းကောင်း
-အညိန္ဒြေလည်းကောင်း
-အညာတာဝိန္ဒြေလည်းကောင်း
ဤသို့ (၃)ပါးကုန်သော လောကုတ္တရာဣန္ဒြေတို့သည် ဣန္ဒြိယတို့
မည်ကုန်၏။
- သောတာပတ္တိမဂ်ဉာဏ်သည် အနညာတညဿာမိတိန္ဒြိယံမည်၏။
- သောတာပတ္တိမဂ်မှ ကြွင်းကုန်သော အထက်မဂ်(၃)ခု အပေါင်း၌
ဉာဏ်သည် လည်းကောင်း၊ သောတာပတ္တိဖိုလ်သည်လည်းကောင်း
- သောတာပတ္တိဖိုလ်မှ ကြွင်းကုန်သော အောက်ဖိုလ်(၃)ခု အပေါင်း
သည် လည်းကောင်း၊ အညိန္ဒြိယမည်၏။
- အရဟတ္တဖိုလ်ဉာဏ်သည် အညာတာဝိန္ဒြိယံမည်၏။
 - အနိမိတ္တာဝိမောက္ခ
 - အပ္ပဏိဟိတဝိမောက္ခ
 - သုညတဝိမောက္ခ တို့သည် ဝိမောက္ခမည်၏။
- ကိလေသာတို့ကို ဤသို့သိအပ်၏။

- လောဘ, ဒေါသ, မောဟ-(၃)ပါးကုန်သော အကုသိုလ်မူလတို့ လည်းကောင်း
- ကာမကိုရှာမှီးခြင်း-ဘဝကို ရှာမှီးခြင်း- ဗြဟ္မစရိယကို ရှာမှီးခြင်း (၃)ပါးကုန်းသော ရှာမှီးခြင်းတို့လည်းကောင်း
- ကာမသဝ-ဘဝါသဝ-ဒိဋ္ဌာသဝ-အဝိဇ္ဇာသဝ (၄)ပါးကုန်သော အာသဝတို့ လည်းကောင်း
- အဘိဇ္ဈာကာယဂန္ထ-ဗျာပါဒကာယဂန္ထ-သီလဗ္ဗတပရာမာသကာယန္ထ-ဣဒံသစ္စာ ဘိနိဝေသကာယဂန္ထ (၄)ပါးကုန်သော ဂန္ထတို့လည်းကောင်း
- ကာမောဃ-ဘဝေါဃ-ဒိဋ္ဌောဃ-အဝိဇ္ဇောဃ (၄)ပါးကုန်သော ဩဃတို့လည်းကောင်း
- ကာမယောဂ ဘဝယောဂ ဒိဋ္ဌာယောဂ အဝိဇ္ဇာယောဂ (၄)ပါးကုန်သော ယောဂတို့ လည်းကောင်း
- ကာမုပါဒါန်-ဒိဋ္ဌုပါဒါန်-သီလဗ္ဗတုပါဒါန်--အတ္တဝါဒုပါဒါန်ဟူသော (၄)ပါးသော ဥပါဒါန် တို့လည်းကောင်း
- ဆန္ဒဂတိ-ဒေါသဂတိ-ဘယာဂတိ-မောဟာဂတိ ဟူသော (၄)ပါးသော အာဂတိတရားတို့လည်းကောင်း
- အာဝါသမစ္ဆရိယ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ၊ ဝဏ္ဏမစ္ဆရိယ၊ ဓမ္မမစ္ဆရိယ ဟူသော (၅)ပါးသော မစ္ဆရိယတို့လည်းကောင်း
- ကာမစ္ဆန္ဒနီဝရဏ-ဗျာပါဒနီဝရဏ-ထိနမိဒ္ဓနီဝရဏ-ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ-ဝိစိကိစ္ဆ နီဝရဏ ဟူသော (၅)ပါးသော နီဝရဏတို့လည်းကောင်း
- ကောဓေ-စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း
- မက္ခော-ပြုအပ်ဖူးသော သူ့ကျေးဇူးကို ချေဖျက်ခြင်း
- ဣဿာ-သူတစ်ပါးစည်းစိမ်ချမ်းသာကို မလိုလားခြင်း၊ ငြူစူခြင်း

- သာဌေယျ- ကောက်ကျစ်စဉ်းလဲခြင်း
- ပါပိစ္ဆတာ- ယုတ်မာသောအလိုဆိုးရှိခြင်း
- သန္နိဋ္ဌိပရာမာသကာ-မိမိ၏အယူဝါဒကို များများယွင်းယွင်း သုံးသပ်ခြင်း

ဤသို့ (၆)ပါးကုန်သော ငြင်းခုန်ခြင်း၏ အကြောင်းတို့သည် လည်းကောင်း

- ကာမရာဂနုသယ
- ပဋိဃာနုသယ
- မာနာနုသယ
- ဒိဋ္ဌာနုသယ
- ဝိစိကိစ္ဆာနုသယ
- ဘဝရာဂါနုသယ
- အဝိဇ္ဇာနုသယ

ဤသို့ (၇)ပါးသော အနုသယတို့သည်လည်းကောင်း

- လာဘော--လာဘ်ရခြင်း
- အလာဘော--လာဘ်မရခြင်း
- ယသော--ကျေးရူးဂုဏ်သတင်းကျော်စောပျံ့နှံ့ခြင်း- အခြံအရံများခြင်း
- အယသော--ဂုဏ်သတင်းကျော်စောမှုမရှိခြင်း-အခြံအရံမရှိခြင်း
- သုခ--ချမ်းသာအမျိုးမျိုးနှင့်ပြည့်စုံခြင်း
- ဒုက္ခ--ဆင်းရဲအမျိုးမျိုးနှင့်ကြုံတွေ့ရခြင်း
- နိန္ဒာ--ကဲ့ရဲ့ရှုတ်ချခံရခြင်း
- ပသံသ--ချီးမွမ်းခံရခြင်း

ဤသို့ (၈)ပါးကုန်သော လောကဌ် ကြုံတွေ့ရတတ်သော တရားတို့လည်းကောင်း

- အမျိုးဇာတ် စသည်ဖြင့် မြင့်မြတ်သောပုဂ္ဂိုလ်၏ ငါသည်အမျိုး ဇာတ် အစရှိသောအားဖြင့် မြင့်မြတ်သောသူသည်ဖြစ်၏၊ ဤသို့ ထောင်လွှားတက်ကြွသော မာန်သည် ဖြစ်၏။
- ငါနှင့် အမျိုးဇာတ် အစရှိသည်အားဖြင့်တူသောသူ
- ငါအောက်အမျိုးဇာတ် အစရှိသောအားဖြင့် ယုတ်ညံ့သောသူ

ဟု မာန်တက်ခြင်း (၃)မျိုးသည်လည်းကောင်း

- အလယ်အလတ်တန်းစားပုဂ္ဂိုလ်-
  - သေယျမာန်
  - သဒိသမာန်
  - ဟီနမာန် အားဖြင့် မာန်(၃)ပါးတက်ခြင်းလည်းကောင်း
- အမျိုးဇာတ် အစရှိသောအားဖြင့် ယုတ်ညံ့သောပုဂ္ဂိုလ်၏-
- အမျိုးဇာတ်အားဖြင့်..ငါထက်မြင့်မြတ်သောသူ

ငါနှင့်တူသူ

ငါအောက်ယုတ်ညံ့သူ--ဖြစ်၏

ဤသို့အားဖြင့် (၃)မျိုးသော မာန်တက်ခြင်းလည်းကောင်း

ဤသို့အားဖြင့် (၉)ပါးသော မာန်တက်ခြင်းတို့လည်းကောင်း

လောဘ ဒေါသ

မောဟ မာန

ဒိဋ္ဌိ ဝိစိကိစ္ဆာ

ထိန ဥဒ္ဓစ္စ

အဟိရိက အနောတ္တပ္ပ

ဤသို့ (၁၀)ပါးသော ကိလေသာဝတ္ထုတို့လည်းကောင်း

- (၁၀)ပါးသော အာဃာတဝတ္ထုတို့လည်းကောင်း
- ပါဏာတိပါတ အဒိန္နာဒါန

- ကာမေသုမိစ္ဆာစာရ မုသာဝါဒ
- ပိသုဏာဝါစာ ဖရုသဝါစာ
- သမ္ဖပ္ပလာပ အဘိဇ္ဈာ
- ဗျာပါဒ မိစ္ဆာဒိဋ္ဌိ

ဤသို့ (၁၀)ပါးသော အကုသလကမ္မပထတရားတို့လည်းကောင်း

ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်

မာနသံယောဇဉ် ဒိဋ္ဌိသံယောဇဉ်

ဝိစိကိစ္ဆာသံယောဇဉ် ဘဝရာဂသံယောဇဉ်

အဝိဇ္ဇာသံယောဇဉ် သီလဗ္ဗတပရာမာသသံယောဇဉ်

ဣဿာသံယောဇဉ် မစ္ဆရိယသံယောဇဉ်

ဤသို့ (၁၀)ပါးသော သံယောဇဉ်တရားတို့သည်လည်းကောင်း

- (၁၀)ပါးသော မိစ္ဆတ္တတို့လည်းကောင်း
- (၁၂)ပါးသော ဝိပ္ပလ္လာပတို့လည်းကောင်း
- (၁၂)ပါးသော အကုသိုလ်စိတ္တုပ္ပါဒ်တို့လည်းကောင်း

ဤသို့ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်ကုန်သော (၁၃၄)ပါးသော ကိလေသာ တို့ကို ပယ်စွန့်အပ်ကုန်၏။

<u>ဖလသမာပတ္တိကထာ</u>

- ပုထုဇဉ်မဟုတ်သော အရိယာပုဂ္ဂိုလ်တို့သည်သာ မှီဝဲအပ်သော ဖလသမာပတ် လည်းကောင်း
- သညာ၊ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်လည်းကောင်း

ဤသို့ သမာပတ်တို့သည် (၂)ပါးတို့တည်း။

ဖလသမာပတ်မည်သည် အဘယ်နည်း?

ဤသာမညဖိုလ်သည် စိတ်၌ နိဗ္ဗာန်ကိုတည်စေခြင်းအားဖြင့် အရိယာဖိုလ်၏ နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် သက်ဝင်၍ ဖြစ်ခြင်းဖြစ်၏။

ဤနိဗ္ဗာန်ကို အာရုံပြု၍ အရိယာဖိုလ်စိတ်၏ သက်ဝင်၍ဖြစ်နေခြင်းသည် ဖလသမာပတ္တိ မည်၏။

ထိုဖလသမာပတ်ကို အဘယ်အကြောင်းကြောင့် ဖလသမာပတ္တိဟူ၍ ဆိုအပ်သနည်း?

- ဤဖလသမာပတ္တိသည် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်၊ ကိရိယစိတ်လည်း မဟုတ်၊ လောကုတ္တရာမဂ်-ဖိုလ်တို့၏ အကျိုးတရားမျှသာလျှင်ဖြစ်၏။

ထို့ကြောင့် ဖလသမာပတ္တိဟူ၍ ဆိုအပ်၏။

အဘယ်ပုဂ္ဂိုလ်သည် ဖလသမာပတ္တိကို ဖြစ်စေသနည်း?

- ထိုအနာဂါမ်-ရဟန္တာပုဂ္ဂိုလ်တို့၏ သမာပတ်စွမ်းအားနှင့် ပြည့်စုံခြင်းသို့ ရောက်ခြင်းကြောင့် လွတ်လွတ်လပ်လပ် ရဟန္တာပုဂ္ဂိုလ်တို့သည် လည်းကောင်း။
- အနာဂါမ်ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဖလသမာပတ်ကိုဖြစ်စေနိုင်ကြကုန်၏။
- အလုံးစုံလည်း ဖြစ်ကုန်သော အရိယာဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် မိမိတို့ မိမိတို့ဥစ္စာဖြစ်သော ဖလသမာပတ်ကို ဝင်စားနိုင်ကြကုန်၏၊ ဤကား အဖြေတည်း။

၁၄၉။ အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ငါသည် ဆိုအပ်၏။

- သောတာပတ္တိမဂ်ကိုရခြင်းအကျိုးငါ ဘဝဖြစ်ပေါ်စေမှုကံကို လွှမ်းမိုးတတ်သောကြောင့် ဂေါ်ဘြဘူမည်၏။
- အလုံးစုံသော မဂ်-ဖိုလ်တို့၌ ဤနည်းအတူဖြစ်ပါ၏။
- ဝါဒအထူးကို ဆိုပါဦးမည်-
- အချို့သော ဆရာတို့သည် သောတာပန်ပုဂ္ဂိုလ်-သကဒါဂါမ်ပုဂ္ဂိုလ်သည်ကား သမာပတ် မဝင်စားနိုင်ကုန်။

- အထက်၌ ဖြစ်ကုန်သော အနာဂါမ်ပုဂ္ဂိုလ်-ရဟန္တာပုဂ္ဂိုလ်နှစ်ပါး တို့သည်သာလျှင် ဖလသမာပတ် ဝင်စားနိုင်ကုန်၏ဟု ဆိုကြကုန်၏။
- ထိုအနာဂါမ်-ရဟန္တာပုဂ္ဂိုလ်တို့သည် သမာဓိတရား၌ ဆည်းပူးမှုကို ပြုကြကုန်၏။

ဤစကားသည် ထိုကေစိဆရာတို့၏ အကြောင်းပြချက်တည်း။

- ပုထုဇဉ်မဟုတ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိထားသော လောကိယသမာပတ်ကို ဝင်စားခြင်းငှါ စွမ်းနိုင်ကြကုန်၏။
- အလုံးစုံလည်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့အား မိမိတို့၏ ဖလသမာပတ္တိကို ဝင်စားခြင်းငှါ တတ်ကောင်းကုန်သည် ဖြစ်ထိုက် ၏။
- ထိုသို့ပင်ဖြစ်ထိုက်ပါသော်လည်း သမာပတ်ကို ရကုန်သောပုဂ္ဂိုလ်တို့သည်သာလျှင် ဝင်စားနိုင်ကုန်၏။
- ဥပမာဆောင် ထင်ရှားအောင်ဆိုရသော်-
- နွေအပူဖြင့် ပူလောင်နေသော ပင်ပန်းနွမ်းနယ်နေသော၊ ရေဆာနေသောယောကျ်ားသည် နက်လှစွာ ရေကိုခပ်ယူနိုင်သော ရေငင်ကြိုးမရှိသော ရေတွင်း၌ ရေကိုတွေ့မြင်ရ၏။

ထိုယောကျ်ားသည် ရေဆာနေခြင်းကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်သည် မဖြစ်နိုင်သကဲ့သို့ ဤနည်းတူ ရေငင်ကြိုးနှင့်တူသော သမာဓိမှကင်းကုန်သော ရဟန္တာတို့သော်လည်း ဖလသမာပတ်ကို ဝင်စားနိုင်ခြင်းသည် မဖြစ်နိုင်သာ တည်း။

<u>အဘယ်အကျိုးငှါ အရိယာပုဂ္ဂိုလ်တို့သည် ဖလသမာပတ်ကို ဝင်စားကုန်ကြသနည်း?</u>

- မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်းအကျိုးငှါ အရိယာပုဂ္ဂိုလ်တို့သည် ဖလသမာပတ္တိကို ဝင်စားကြကုန်၏။

သာဓကကို ဆိုဦးအံ့-

`` အာနန္ဒာ ရူပနိမိတ် အစရှိသည်တို့ မရှိသော စိတ်၏ကိလေသာတို့မှ လွတ်မြောက်၍နေခြင်းသည် ကိုယ်၌ဖြစ်သော ချမ်းသာစွာနေခြင်းသည်ဖြစ်၏။

<u>အဘယ်သို့ဝင်စားသနည်း?</u>

အလုံးစုံသော ရူပနိမိတ် အစရှိသည်တို့ကို နှလုံးမသွင်းခြင်းကြောင့် ရူပ နိမိတ် အစရှိသည်တို့ မရှိရာဖြစ်သော နိဗ္ဗာနဓာတ်၌ နှလုံးသွင်းခြင်းကြောင့် ဝင်စားနိုင်ပါ၏။

<u>အဘယ်တရားကိုလည်း နှလုံးသွင်းသနည်း?</u>

အသခ်တဖြစ်သော အမတဓာတ်ကို ငြိမ်းအေးသောအားဖြင့် နှလုံးသွင်း ၏။

<u>အဘယ်သို့သော အခြင်းအရာအားဖြင့် ဝင်စားသနည်း?</u>

<u>အဘယ်သို့ သမာပတ်၌နေသနည်း?</u>

<u>အဘယ်သို့ သမာပတ်မှ ထ,ပါသနည်း?</u>

ဤအကြောင်းအရာများကိုလည်း သိသင့်-သိအပ်-သိထိုက်၏။

<u>ဖလသမာပတ်သည် လောကီလော သို့မဟုတ် လောကုတ္တရာလော</u>

ဤဖလသမာပတ္တိသည် လောကုတ္တရာသာတည်း၊ လောကီမဟုတ်

<u>အဘယ်အခါ၌ အဘယ်သို့လည်း အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဖလသမာပတ္တိကို ဖြစ်စေကုန်သနည်း?</u>

<u>အဘယ်ကြောင့် ဂေါတြဘူဉာဏ်သည် သောတာပတ္တိကို မဖြစ်စေနိုင်သနည်း?</u>

<u>ဤကား အမေးတည်း။</u>

<u>အဘယ်ကြောင့် အခြားမဲ့၌သာလျှင်ဖြစ်သော အရဟတ္တမဂ်သည် ဂေါတြဘူဉာဏ်ကို ဝိပဿနာဉာဏ် အမြင်သည် မဖြစ်သနည်း?</u>

ထိုဂေါတြဘူဉာဏ်သည် သမာပတ်သို့ ညွတ်သည်၊ အားအစွမ်းရှိသည် လည်း မဖြစ်သောကြောင့် မဖြစ်။

အကြွင်ဆရာတို့သည် သောတာပန်ပုဂ္ဂိုလ်သည် ဖလသမာပတ်ကို ဝင်စားအံ့ဟု ဝိပဿနာကို ဖြစ်စေခြင်းကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်သည်ဖြစ်၏ ဟု ဤသို့ မိန့်ဆိုကြသည်။

ထိုပုဂ္ဂိုလ်တို့ကို ဤသို့ဖြစ်သည်ရှိသော် အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်သည် ဖြစ်လိမ့်လတံ့လော?

ရဟန္တာ ပစ္စေကဗုဒ္ဓါတို့ကော ဖြစ်လိမ့်လတံ့လော?

ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓတို့ကော ဖြစ်လတံ့လော?

ဤသို့ ပြောဆိုအပ်ကုန်၏။

ထိုဆရာတို့ ပြောဆိုသောစကားသည် မဖြစ်နိုင်ပါ။

အကျိုးထူးတို့သည် (၂)ပါးအပြားရှိကုန်၏၊ (၂)ပါးသော အခြင်းအရာ တို့ဖြင့် ဝိမုတ္တိရသကို ခံစားခြင်းသည် ဖြစ်ပါ၏။

နိရောဓသမာပတ္တိကထာ

၁၅၀။ သညာ, ဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်သည် ဤဖလသမာပတ်၏အနီး၌ တည်ရှိသည် ဖြစ်ပါ၏။

သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်သည်ကား အဘယ်နည်း?

စိတ်, စေတသိကို့ မဖြစ်ခြင်းပေတည်း။

အဘယ်ပုဂ္ဂိုလ်သည် ထိုနိရောဓသမာပတ်ကို ဝင်စားနိုင်ပါသနည်း?

အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့ ဝင်စားနိုင်ပါသည်။

ထိုအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သည် သမာဓိကို ကျွမ်းကျင်လိမ္မာစွာ ပွားများအပ်ပြီး ဖြစ်နေပါ၏။

သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အရူပါဝစရဘုံ၌ ဖြစ်ကုန်သော အနာဂါမ်ရဟန္တာတို့သည်လည်းကောင်း သညာဝေဒယိတ နိရောဓသမာပတ်ကို ဝင်စားခြင်းငှါ မတတ်နိုင်ကြကုန်။

အဘယ်အစွမ်းသတ္တိဖြင့် ဝင်စားနိုင်ပါသနည်း?

သမထ, ဝိပဿနာဘာဝနာတို့၏ အစွမ်းအားဖြင့် ဝင်စားနိုင်၏။

အဘယ်သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ထိုနိရောဓသမာပတ်ကို ဝင်စားသနည်း?

ကာယသင်္ခါရ၊ စိတ္တသင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဝင်စားနိုင်ပါ၏။

ပုဗ္ဗကိစ္စ(ရှေးဦးဆောင်ရွက်ရမည့်ကိစ္စ)တို့သည် အဘယ်တို့နည်း?

- ဘုရားရှင်က ခေါ်တော်မူခြင်း
- သံဃာတော်က ခေါ်တော်မူခြင်း
- ပိုင်းခြားအပ်သော အချိန်ကိုမလွန်ခြင်း
- မိမိ၏ ပစ္စည်းပရိက္ခရာတို့ မပျက်စီးစေခြင်း

ဟူသော အဓိဋ္ဌာန်ခြင်းတို့ပေတည်း။

အဘယ်အကျိုးငှါ ဝင်စားတော်မူကြပါသနည်း?

- မျက်မှောက်ဘဝ၌ ချမ်းသာစွာနေနိုင်ခြင်းအကျိုးငှါ ဝင်စားကုန်၏။
- အနာဂါမ်၊ ရဟန္တာအရိယာအရှင်မြတ်တို့၏ အလုံးစုံသော သမာပတ်တို့၏ နောက်ဆုံး၌ဖြစ်သော ဤအာနေဥ္စသမာပတ်သည် အဘိညာဉ်၏ ပျံ့နှံ့ခြင်းအကျိုးရှိသော သမာဓိပေတည်း။

အဘယ်သို့ ထ,ခြင်းသည်ဖြစ်သနည်း?

- မိမိ၏ ခန္ဓာကိုယ်ကို စောင့်ရှောက်ခြင်းအကျိုးငှါ အရှင်သဥ္စိဝမထေရ် ကဲ့သို့တည်း။

``ငါသည် နိရောဓသမာပတ်မှ ထ, အံ့ ဟု နှလုံးသွင်းခြင်းသည်မရှိ သမာပတ်မဝင်စားမီ ရှေးအဖို့၌ ပြုအပ်ပြီးသော ဆုံးဖြတ်ချက် အပိုင်းအခြား၏ အဆုံး၌သာလျှင် သမာပတ်မှ ထ, ခြင်း သည် ဖြစ်သည်သာ။

အဘယ်စိတ်ဖြင့် သမာပတ်မှ ထ,သနည်း?

အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်စိတ်ဖြင့် ရဟန္တာသည် အရဟတ္တဖိုလ် စိတ်ဖြင့် ထ, ပါ၏။

<u>အဘယ်မျှလောက်သော ဖဿတို့သည် တွေ့ထိကုန်သနည်း?</u>

သုညဖဿ၊ အနိမိတ္တဖဿ၊ အပ္ပဏိဟိတဖဿ ဟူသော (၃)ပါးသော ဖဿတို့သည် တွေ့ထိပါ ကုန်၏။

<u>အဘယ်သင်္ခါရတို့သည် ရှေးဦးစွာ ထင်ရှားဖြစ်ကုန်ပါသနည်း?</u>

ရှေးဦးစွာ ကာယသင်္ခါရတို့သည်လည်းကောင်း၊ အခြားမဲ့၌ ဝစီသင်္ခါရတို့သည်လည်းကောင်း ထင်ရှားဖြစ်ကုန်၏။

<u>နိရောဓသမာပတ်သို့ ဝင်စားသောပုဂ္ဂိုလ်၏လည်းကောင်း၊ သေသောပုဂ္ဂိုလ်၏လည်းကောင်း အသီးသီး ကွဲပြားအောင် ပြကြောင်းဖြစ်သော အထူးသည် အဘယ်နည်း?</u>

ရူပကာယကိုယ်ခန္ဓာ၏ တစ်ပါးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကား မရှိ၊ ဟဒယရုပ်နှင့် ဆက်စပ်နေ၏၊ ဝင်လေ-ထွက်လေတို့သည် မထင်ရှားကုန်၊ ဤကားအထူးတည်း။

<u>ဤနိရောဓသမာပတ်သည် သင်္ခတလော-အသင်္ခတလော?</u>

ဤနိရောဓသမာဓိကို သင်္ခတ-အသင်္ခတ ဟု ဆိုခြင်းငှါ မထိုက်ပါ။ သင်္ခတတရားတို့သည် မရှိကုန်၊ အသင်္ခတတရားတို့သည်လည်း မဖြစ်ကုန်။

နိရောဓသမာပတ်သည် ပြီးပါပြီ။

သံဖယ်သာဇည် ဥဒါန်နှင့်တကွသော ဆယ်ဂါထာတို့ဖြင့်

ဤဝိမုတ္တိကျမ်းသည် ပြီးဆုံးပါပြီ။

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (မော်စရိယ၊ဘီ.အေ)

နှစ်မပါ ဗလာသုံး၊ အကာဖြုန်း စင်စင်
မသာတုံး ပြင်ပြင်၊ ထင်မြင်ဖွယ် မှန်စွ
အနတ္တ ဤရုပ်ကောင်ငယ်
ညှီပုပ်ဟောင် ဆိုးညစ်တန်လှ။

ခြောက်ဝတ္ထု အသားဆိုင်မှာ၊ အများပိုင်ခိုကြ
နာမ်ဝိညာဏ် ထိုမျှက၊ အိုဇရာ့ဖြစ်ပုံ
ထောင့်ငါးရာ ညစ်အကြေးတွေက
ရစ်အမြှေး လွှမ်းအုပ်လို့ခြုံ။

စိုးမရ တရားစုံကို၊ ဇယားပုံ တင်ဖွဲ့လို့
မြင်တဲ့အောင် မတွယ်တာ၊ ခဲသင့်လှပါ
ရှင်သေမင်းက အတင်းလာလျှင်
မငြင်းသာ ပါရချေလိမ့်လေး။

လယ်တီဆရာတော်

